www.burmeseclassic.com




**စိတ်ကူးချိုချိုအနုပညာ**

(၈၅) ၁၆၄-လမ်း၊
တာမွေ၊ ရန်ကုန်။
ဖုန်း + ၇၂၆၆၂၄

www.burmeseclassic.com

www.burmeseclassic.com

### ဒို့အာရေးအရေး သုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည် ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**စိတ်ကူးချိုချို**

# ရောဝတီ

## တိုက်စိုး

၂၀၀၃ ခုနှစ် အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၀၁၄/ ၂၀၀၃(၇) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၂၅၆/ ၂၀၀၃ (၁၀) |
| မျက်နှာဖုံး | m.s.o |
| စာအုပ်ချုပ် | ကိုမြင့် |

ပုံနှိပ်သူ
ဦးထွန်းထွန်းဦး
အင်ကြင်းဦးပုံနှိပ်တိုက်
ကျွန်းတောလမ်း၊ ရန်ကုန်။

ထုတ်ဝေသူ
ဦးထွန်းထွန်းဦး
နှင်းဦးလွင်စာပေ
ပြည်လမ်း၊ ကမာရွတ်
ရန်ကုန်။

| | |
|---|---|
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | ဒီဇင်ဘာလ၊ ၂၀၀၃ |
| တန်ဖိုး | ၁၀၀၀ ကျပ် |

# မာတိကာ

- အမှာစာ ၇
- ဒုတိယနှိပ်စာအုပ်နိဒါန်း ၉

အပိုင်းတစ်

၁။ ဧရာဝတီအစ ၁၃
၂။ ပထမမြစ်ကျဉ်းသို့ ၁၅
၃။ ဗန်းမော်မှ ကသာအထိ ၁၇
၄။ ကသာမှ မင်းကွန်းအထိ ၂၂
၅။ မန္တလေး ၂၅
၆။ စစ်ကိုင်းအလွန် ၂၈
၇။ ပုဂံကျက်သရေ ၃၁
၈။ ရေနံမြေမှပြည်သို့ ၃၅
၉။ မြစ်ဝကျွန်းပေါ် ၃၉

အပိုင်းနှစ်

၁။ သမိုင်းအစ ၄၇
၂။ အရိယန်ယဉ်ကျေးမှု ၅၀
၃။ ပျူ [illegible]
၄။ အရိမဒ္ဒနပုဂံပြည် ၆၄
၅။ အဝ၊ တောင်ငူ၊ ပဲခူး ၈၂

www.burmeseclassic.com

www.burmeseclassic.com

၆။ ကုန်းဘောင်ခေတ်ဦး ၁၀၄
၇။ မြန်မာနှင့် အင်္ဂလိပ်တို့၏ ပဋိပက္ခ ၁၂၁
၈။ မြန်မာ နှစ်နိုင်ငံ ၁၃၃
၉။ အောက်ပြည်ကိုစုန် ၁၆၇
၁၀။ လွတ်လပ်ရေးသို့ ၁၉၃

အပိုင်းသုံး

၁။ ရှောဝတီ၏ စွမ်းအား ၂၀၅
- မှဆက်စုများ ၂၁၁

# အမှာစာ

ဤစာအုပ် ရေးဖြစ်သည်မှာ သူငယ်ချင်း ကိုစံဝင်းကြောင့် ဖြစ်ပါ၏။

သူက -

"ဂျာမန်အတ္ထုပ္ပတ္တိရေးဆရာ **Emil Luswing** တို့ အင်္ဂလိပ်သတင်းစာဆရာ **Alan Moor-head** တို့ နိုင်းမြစ်အကြောင်းရေးသလို ဧရာဝတီမြစ်အကြောင်း ရေးစမ်းပါလား"

ဟု စပြောပါသည်။ ရေးမည်ဆိုလျှင် ဧရာဝတီနှင့် စပ်ဆိုင်ရာ အကြောင်းအရာ အမျိုးမျိုးကို စည်းရုံး၍ လိုမည်ဖြစ်၍ -

"ရေးရခက်မယ်"

ဟု ကျွန်တော်က ပြောပါသည်။

"ရေးကြည့်ပေါ့"

ဟု သူကထပ်ပြောပါသည်။

ထို့ကြောင့် ကျွန်တော် ရေးကြည့်ပါ၏။ ရေးရင်း သမိုင်းပညာရှင် ဒေါက်တာရီရီ၊ သတင်းစာဆရာ ဦးညိုမြ၊ စာရေးဆရာ ဆရာမာယနှင့် မြသန်းတင့်၊ တရားသူကြီးဟောင်း စလင်းဦးဘသန်း၊ စာပေဗိမာန် ဦးအောင်ကျော်တို့က ပါသင့်ပါထိုက်သော အချက်အလက်များအတွက် အကြံဉာဏ် ပေးကြပါသည်။ ကျေးဇူးတင်ပါသည်။ ကျွန်တော်သည် သူတို့၏ အကြံဉာဏ်ကို ယူသည်လည်းရှိ၊ မယူသည်လည်း ရှိပါသည်။ မယူသည့်အချက်အတွက် ခွင့်လွှတ်ကြပါရန် ဤစာအုပ်မှနေ၍ တောင်းပန်ပါ၏။

စိတ်ကူးချိုချို

www.burmeseclassic.com

www.burmeseclassic.com

ဤစာတွင်

- ရောဝတီရှုခင်း
- ရောဝတီမြစ်ဝှမ်း လူ့မြစ်စဉ်
- ရောဝတီမြစ် အကောင်းအဆိုး

သုံးပိုင်းခွဲ၍ ရေးပါသည်။ စာဖတ်သူ ညာဏ်ကြီးရှင်များက ချင့်ချိန်ဖတ်ရှုကြရန် ဖြစ်ပါသည်။

ဤစာအုပ်အတွက် ကိုးကားရန်လိုသော စာအုပ်စာတမ်းများကို ကျွန်တော်နှင့်ကျောင်းနေဖက် ကိုစန်မြင့်၊ ကျွန်တော်နှင့် စာပို့ချဖက် ကိုသော်ကောင်း၊ ကျွန်တော်နှင့်အလုပ်လုပ်ဖက် ကိုကြိုင်လှိုင်တို့က ရှာပေးပါသည်။ ဓာတ်ပုံကို ပန်းချီအကျော် ကိုမင်းနိုင်က ရိုက်ကူးပေးပါသည်။ စာမူကို မဝင်းမာက လက်နှိပ်စက် ရိုက်ပေးပါသည်။ စာမူ အပြီးသတ်ဖြစ်အောင် ကျွန်တော့်ဇနီး တက္ကသိုလ်မြမိမ်းက အမြဲတမ်း တိုက်တွန်းပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

**တိုက်စိုး**

## ဒုတိယနှိပ် စာအုပ်နိဒါန်း

ကျွန်တော်သည် ရောဝတီမြစ်နှင့် နီးနွယ်၍ ရှေးသူဟောင်းတို့၏ မိုးရာပုံပြင်မှအစ၊ ရေမြေအလိုက် မြို့ရွာနယ်ပယ် အနေအထားနှင့် တိုင်းရင်းသားတို့၏ သမိုင်းစဉ်လာကို နှစ်ဆယ်ရာစုနှစ် နှောင်းအထိ ထည့်သွင်း၍ စာအုပ်ပြုစုခဲ့ပါသည်။ တစ်နည်းဆိုရသော် ရောဝတီမြစ်၏ ကြောင်းခြင်းရာကို ယေဘုယျသဘော ဖော်ထုတ်ခြင်းဖြစ်ပါသည်။ တိုးတက်ဖြစ်ထွန်းမှု မှန်သမျှကို နောက်ဆုံးအချိန်ကာလအထိပါသော သတ္တရာဇ် စဉ်မှတ်တမ်း မဟုတ်ပါ။


ထိုစာအုပ်ကို ၁၉၈၀ ပြည့်နှစ်တွင် ထုတ်ခဲ့သည်ဖြစ်ရာ ယခုအခါအနှစ် နှစ်ဆယ်ကျော်ကြာပြီ ဖြစ်ပါသည်။ ထို့ကြောင့် ရောဝတီမြစ်နှင့် မြန်မာတို့၏ ယဉ်ကျေးမှု ဆက်စပ်ပုံကို ပြန်လည်သဘောပေါက်စေရန် ပြန်လည်ထုတ်ဝေလိုက်ပါသည်။ ပုံနှိပ်ရေးအတွက် ကူညီကြသောသူများကို အထူးကျေးဇူးတင်ပါသည်။

**တိုက်စိုး**


**၉-၁-၂၀၀၃**

www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီရေကြီးချိန်



ဧရာဝတီရေကျချိန်

# အပိုင်းတစ်

ယဉ်ရော ဖြူဖြူဖွေးရယ်က
တောင်ဘေးမှာ ခွေကာလည်တော့
စီးသည် ဟိုအကွေ့ကိုဖြင့်
ကျော်၍သာ မမြင်ရသော်လဲ
မျှော်၍သာ အထင်ဖြင့်လှခဲ့ပေါ့ ...

ဇော်ဂျီ

www.burmeseclassic.com

www.burmeseclassic.com



SIR ARTHUR PHAYER



The first Marquis of Dufferin and Ava

www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပုဂံမြို့ခင်း



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့တော် ၁၈၆၉ ခုနှစ် ကုန်သည်လမ်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



Hariot, lady Dufferin

# ဧရာဝတီ အစ

ကချင်ရိုးရာပုံပြင်တွင် စကြဝဠာ တည်ဆောက်ပုံအကြောင်းအရာ ပါလေသည်။

ပါပုံမှာ ပထမဦး စကြဝဠာကြီးသည် လဟာပြင်အတိသာ ဖြစ်လေသည်။ ထိုလဟာပြင်တွင် အဖိုခတ် အမခတ်နှစ်မျိုး ပေါ်ပေါက်လာခဲ့ပေ၏။ ထိုခတ်နှစ်ခုသည်လည်း တစ်ခုနှင့်တစ်ခု ပေါင်းစပ်ရောနှောမိပြီးလျှင် အင်ဂေါင်ဝမက်နတ်မင်းကြီးဟူ၍ ဖြစ်ပေါ်လာတော့သည်။

တစ်ဖန် ထိုနတ်မင်းကြီး၏ ခန္ဓာကိုယ်မှ မောဒလန်၊ မောဒလင္ဂတ်၊ လင်ယူလဝဟူသော နတ်ညီနောင်သုံးဦး ပေါက်ဖွားလာကြပြန်၏။ ထိုနတ်ညီနောင်တို့သည်လည်း မိုးကောင်းကင်၊ နေလနက္ခတ်၊ အဏ္ဏဝါရေပြင်၊ ပထဝီမြေကြီးတို့ကိုလည်းကောင်း၊ သက်မဲ့သစ်ပင် ဝါးပင် ပန်းမန်၊ သက်ရှိလူသတ္တဝါ အခြားသတ္တဝါတို့ကိုလည်းကောင်း ဖန်ဆင်းခဲ့ကြလေသည်။

ကာလအတန် ကြာသွားလေသည်။ ထို့နောက် အင်ဂေါင်ဝမက်နတ်မင်းကြီးသည် ညာလက်ဖြင့် ရွှေခွက်ကိုကိုင်ကာ၊ ဘယ်လက်ဖြင့် ငွေခွက်ကိုကိုင်ကာ မဟာအဏ္ဏဝါအတွင်းမှ ရေတစ်ခွက်စီ ခပ်ယူလေသည်။ ပြီးသော် ထိုရေများဖြင့် မြောက်ဘက်ရှိ တောင်ထိပ်များပေါ်သို့ လောင်းချလိုက်ရာ ညာဘက်မှ မေခမြစ် ဘယ်ဘက်မှ မလိခမြစ်ဟူ၍ ပေါ်ပေါက်လာလေသည်။ ထိုမြစ်နှစ်သွယ်သည် အစဉ်အတိုင်း စီးဆင်းသွားကြ၍ ချင်ခရုန်ဂါဒေသအနီးတွင် ပေါင်းဆုံမိကာ ဧရာဝတီမြစ်ဟူ၍ ဖြစ်လာခဲ့လေသည်။ ဧရာဝတီမြစ်သည် အရပ်ဒေသပေါင်းစုံ ဖြတ်သန်း၍ ပင်လယ်ထဲသို့ စီးဝင်လေသည်။

နတ်မင်းကြီးသည် ရွှေခွက် ငွေခွက်တို့ဖြင့် အဏ္ဏဝါရေကို ခပ်ယူ၍ မြေကြီးပေါ်သို့ အကြိမ်ကြိမ်လောင်းပြန်၏။ ထိုအခါ ကမ္ဘာမြေပြင်ပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးမြစ်ငယ်များ၊ အင်းကြီးအိုင်ငယ်များ ဖြစ်လာကြသည်။

ရောဝတီကား၊ ကမ္ဘာလောက၏ အစအဦးဆုံးမြစ်ပေတည်း။ ထို့ကြောင့် အခြားဒေသရှိ မြစ်များထက် ထူးခြားသော အခြင်းအရာများကို တွေ့နိုင်လေသည်။

ထူးခြားချက်များမှာ အခြားမဟုတ်၊ ထိုမြစ်တွင်းမှ ရွှေမှုန်များနှင့် ငါးအမျိုးမျိုး ရနိုင်ရုံမက ရောဝတီ စီးဆင်းရာဒေသ ဝဲယာ၌လည်း သစ်ပင်ဝါးပင်များ စည်ပင်လျက်လည်းကောင်း၊ ကောက်ပဲသီးနှံများ မွှေးပြုံးမွှားများလျက်လည်းကောင်း ရှိနေခြင်းပင်။ ထို့ပြင် မြစ်တစ်လျှောက် ဝဲယာကမ်းခြေတွင် အဖိုးတန် ရေနံလည်း အမြောက်အမြား ရှိနေခြင်းပင်။ (၁)

ဤသည် ကချင်ရိုးရာပုံပြင်အရ ရောဝတီမြစ် ပေါ်ထွန်းလာပုံအကြောင်း ဖြစ်လေသည်။

## ၂။ ထထမြစ်ကျွင်းသို့

မျက်မြင်ကိုယ်တွေ့ ရောဝတီမြစ်ကြောင်း ခရီးစဉ်သည်လည်း ကချင်ပြည်နယ်မှပင် စရပေလိမ့်မည်။

ကချင်ပြည်နယ်အစွန်ရှိ နှင်းဖုံးတောင်များမှ မေခဟူသော မြစ်ငယ်သည်လည်းကောင်း၊ မလိခဟူသော မြစ်ငယ်သည်လည်းကောင်း မြစ်ဖျားခံကြလေသည်။ ထိုမြစ်နှစ်သွယ်သည် တောင်ဘက်သို့ စီးဆင်းလာခဲ့ရာ မြစ်ကြီးနားမြို့အထက် နှစ်ဆယ့်ရှစ်မိုင်လောက် အရောက်တွင် ပေါင်းဆုံမိကြသည်။

မြစ်ဆုံသည် ရောဝတီမြစ်၏ အစပေတည်း။

ရေသည် အေးစိမ့်လှ၏။ တိမ်လည်း တိမ်၊ ကြည်လည်းကြည်လင်၏။ ရေထဲသို့ ငုံ့ကြည့်လိုက်လျှင် ငါးကြီးငါးငယ် သွားလာနေကြသည်ကို မြင်ရလောက်အောင် ကြည်လင်ပါပေသည်။

မြစ်သည် မြစ်ကြီးနားတစ်ဝိုက် အရောက်တွင် ကိုက်ငါးရာမျှ ကျယ်ပြန့်ပေ၏။ ကမ်းခြေတစ်လျှောက်မှာကား ဆေးကြိတ်ကျောက်လုံးတွေ ပြန့်ကျဲလျက်ရှိနေကြသည်။ ရွှေကျင်နေကြသော ကချင်ရွာသားတွေလည်း ပြိုးပြိုးပြောက်ပြောက် ရှိတတ်ကြသည်။

ဤတွင် ကမ်းပါးသည် အတန်မတ်စောက်လေသည်။ ထိုအပေါ်တွင် သစ်တောကိုင်းတောများ စိမ်းစိမ်းစိုစို ပေါက်နေလေသည်။ အဝေးတွင် တောင်တန်းပြာများကို မြင်နိုင်လေသည်။

လှေသဘောသည် မြစ်ကြောင်းအတိုင်း စုန်ခဲ့၍ မြစ်ကြီးနားမှ လေးဆယ်ခြောက်မိုင်အကွာ တာပိုနားရွာကို ဖြတ်ကျော်လိုက်ပြီဆိုအံ့။ ကျောက်စိမ်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပယင်းထွက်ရာ အနောက်ဘက် မိုးကောင်းတောင်စဉ်တောင်တန်းမှ တသွင်သွင်စီးဆင်း၍ ဧရာဝတီနှင့် လာပေါင်းသော ချောင်းကလေးကို ဆုံတွေ့ရပေလိမ့်မည်။ မြစ်ကမ်းတစ်လျှောက်တွင် ရှမ်းတံငါများ လှေငယ်နှင့် ငါးရှာနေသည်ကို တွေ့ရပေလိမ့်မည်။

မြစ်သည် အကွေ့အကောက်တွေ များလာ၏။ မန်ဖွာရွာအနီး၌ ကျောက်ဆောင်ကြီးများသည် မြစ်လယ်တွင် ပေါ်နေ၏။ ဝဲဂလုတ်တွေကလည်း မရှား။

ဆင်ဘိုရွာလွန်သော်ကား ရေစီးသည် သန်လာတော့သည်။ မြစ်ကြောင်းကျဉ်းမြောင်းလာသည်။ ကျဉ်းမြောင်းလာလေလေ ရေများသည် စုရုံးစုရုံးလာလေလေဖြစ်သည်။ ကမ်းနှစ်ဖက် အကွာအဝေးသည် ကိုက်ငါးဆယ်ခန့်သာရှိတော့သည်။ ထိုအခါ တရကြမ်းထိုးဆင်းလာသော ရေသည် ရေ၌ ကာဆီးလျက်ရှိသော ကျောက်ဆောင်ကြီးများကို အဟုန်ပြင်းပြင်းနှင့် တိုက်မိုက်သဖြင့် ရေမှုန်ရေမွှားများ တဖွားဖွား ပြန့်စင်နေ၏။ တဝေါဝေါမြည်သံများကိုလည်း တစ်မိုင်လောက်အထိ ကြားနိုင်ကောင်းသည်။

ကမ်းတစ်ဖက်တစ်ချက်ရှိ ကျောက်တောင်နံရံများသည် ဖွတ်အတင်းထိုးဆင်းသော မြစ်ရေလုံးကို ပိတ်မှာဆီး သည့်မှာတားနေသည့်နှယ်ရှိလေသည်။ တစ်ခါတစ်ရံ ရေ့တည့်တည့်တွင် တောင်ကြီးကာဆီးနေသည်ကို မြင်လိုက်ရသည်။ မြစ်ကြောင်း လုံးဝပျောက်သွားသကဲ့သို့ ထင်လိုက်ရသည်။ စုန်ဆင်းလာသော လှေသင်္ဘောသည် တောင်ကို ဆောင့်မည်ဆဲဆဲ ရှိနေရာမှ လက်ယာဘက်ကသော်လည်းကောင်း၊ လက်ဝဲဘက်ကသော်လည်းကောင်း ရေကြောင်းကလေးပေါ်လာ၍ ထိုဘက်သို့ ဆတ်ခနဲလှည့်ကာ ကွေ့ချိုးလိုက်ရလေသည်။

သမိုင်းကြီးရွာသည် ဧရာဝတီ၏ အရှေ့ဘက်ကမ်းထိပ်တွင် တည်ရှိ၏။ ထိုရွာနား အရောက်တွင် မြစ်ကျဉ်းသည် ကိုက်ရှစ်ရာခန့်အထိ ကျယ်ပြန့်လာခဲ့လေသည်။ ရှခင်းကား မြုတွေအကြား ရေးရေးပေါ်နေသော ရှမ်း၊ ပလောင်တောင်တန်းတွေ ဖြစ်လေသည်။

ဤသည် မိုင်သုံးဆယ်ခြောက်မိုင်ခန့် ရှည်လျားလာခဲ့သော ပထမမြစ်ကျဉ်း အဆုံးပေတည်း။ ဗန်းမော်အနီးသို့ ဧရာဝတီ ရောက်သောအခါ မြေနုချိုင့်ဝှမ်းကို ဖြတ်သန်းလာတော့သည်။ မြစ်ပြင်သည် နှစ်မိုင်နီးပါး ကျယ်လေသည်။

# ၃။ ဗန်းမော်မှ ကသာအထိ

ဗန်းမော်မြို့သည် ယခုအခါ ကချင်ပြည်နယ်တွင် တည်ရှိ၏။ သို့ရာတွင် ကချင်အများစုသည် ဧရာဝတီမြစ်ဝှမ်းနှင့် အနောက်ဘက် ချင်းတွင်းမြစ်ဝှမ်း အကြားတွင်လည်းကောင်း၊ တောင်ပေါ်တွင်လည်းကောင်း နေကြလေသည်။ ဗန်းမော်တစ်ပိုက်တွင်ကား ရှမ်း၊ ပလောင်နှင့် တရုတ်စပ်တွေ အနေများလေသည်သာဖြစ်သည်။ ဗန်းမော်မြို့ အထက်နားကလေးတွင် ရှမ်းအကြီးအကဲများ၏ မြို့တော်ရာဖြစ်သော စမ္ပာယ်နဂိုရ်ရွာ ရှိခဲ့ပေ၏။ တစ်ဖန် အရှေ့ဘက်ယူနန်ကုန်းပြင်မြင့်မှ တာပိန်မြစ်သည် ဧရာဝတီမြစ်ထဲသို့ စီးဝင်လေသည်။

ထိုအခါ တရုတ်နိုင်ငံဘက်မှ ကုန်းလမ်းခရီးဖြင့် လားဝန်တင်သုံး၍လည်းကောင်း၊ တာပိန်မြစ်ကြောင်း စုန်၍လည်းကောင်း ဘောင်းဘီအပြာဝတ် တရုတ်များသည် ပိုးချည်ရှိင်း၊ ကတ္တီပါ၊ စက္ကူ၊ ပြဒါး၊ ဆေးဒန်း၊ ရွှေဆိုင်း၊ အိုးခွက်၊ လက်ဖက်ခြောက် စသည်ဖြင့် သယ်ဆောင်ကာ (ရှေးက) ဗန်းမော်သို့ ရောက်လာတတ်လေသည်။ (အပြန်ခရီးတွင် မြန်မာနိုင်ငံမှ ဝါဂွမ်း၊ ကျောက်စိမ်း စသည်ကို ပြန်ယူတတ်ကြသည်) တရုတ်အချို့လည်း မြန်မာမင်းများလက်ထက်ကတည်းက ဗန်းမော်၌ အခြေချခဲ့၊ အိုးအိမ်ထူထောင်ခဲ့ကြသည်။ တစ်ဖန် ခမောက်ဆောင်း ရှမ်းတို့သည် အရှေ့ဘက်ရှမ်းကုန်းပြင်မြင့်မှ ဤဒေသအထိ တိုးချဲ့ပျံ့နှံ့ခဲ့သည်မှာ ကြာပြီ။ လင်းကင်းဓားလွယ်ကချင်တို့ကား နေရင်းတောင်များပေါ်မှ ဈေးဆင်းဝယ်ခြမ်းသာ များ၏။

မြစ်ကြောင်းကို ပြန်ကောက်ပါဦးအံ့။ ဗန်းမော်မှ စင်းကန်းရွာအထိ ဆယ့်ရှစ်မိုင် ဝေးလေသည်။ မြစ်ကြောင်း ကျယ်လာ၍ အနောက်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်း၏။ စင်းကန်းရွာအလွန်တွင်ကား ဒုတိယမြစ်ကျဉ်း စလေတော့သည်။

ပေရှစ်ရာခန့် မြင့်မြင့်မတ်မတ် ကျောက်တောင်ကြီး ထီးတည်းသည် မြစ်ကျဉ်း၏ ဘယ်ဘက်အဝတွင် ဆီးခံလျက်ရှိပေ၏။ ထိုကျောက်တောင်ကြီးပေါ်တွင်မူ ခြုံနွယ်သစ်ပင်များ ဖုံးလွှမ်းနေလေသည်။ အောက်ခပ်နိမ့်နိမ့် တောင်ပူစာထိပ်တွင် စေတီကလေး ပေါက်ထားသည်။

ဤကျောက်တောင်ကြီးနှင့်စပ်၍ လူကြီးသူမများ ပြောကြသော ပုံပြင် တစ်ခု ရှိလေသည်။

စမှာယ်နဂိုရ်တွင် ရှေးက ရှမ်းမင်းအုပ်စိုးနေ၏။ ထိုမင်း၏ အရိုက်အရာကို ညီဖြစ်သူက မတရားလုယူလေ၍ မင်းနှင့်မိဖုရားသည် ထွက်ပြေးတိမ်းရှောင်ရလေသည်။ သို့ရာတွင် ထိုမင်းမှာ ပြန်အဖမ်းခံရကာ မိဖုရားမှာလည်း ဝီလာတောင်တွင် နိုအောင်းခဲ့ရလေသည်။

ထိုမိဖုရားမှ နောင်အခါ ဝီလာသ အမည်တွင်မည့် သားမင်းသား ဖွားလေသည်။ သားမင်းသား နှစ်နှစ်အရွယ်ခန့်ရှိသော် သူ့မယ်တော်ကို အကြောင်းစာစ်မြစ် မေးမြန်းသိရှိရလေသည်။ သားမင်းသားသည် ဖခင်အကျဉ်းခံရာ စမှာယ်နဂိုရ်သို့ ရောက်လာခဲ့လေသည်။ ရောက်မဆိုက်ပင် ဖခင်အား သတ်ရန် အကျဉ်းထောင်မှ ထုတ်ယူလာသည်ကို တွေ့ရ၏။ ထိုအခါ ဖခင်ကိုယ်စား မိမိ အသေခံမည်ဟု ဘတွေးဖြစ်သူ နန်းလုမင်းကို လျှောက်လေသည်။

ဤတွင် နန်းလုမင်းက တူမင်းသားကို မြစ်ထဲသို့ လွှင့်ပစ်သတ်ဖြတ်စေရန် သူသတ်တို့အား အမိန့်ပေးလေသည်။ မြစ်ပြင်တစ်ခုလုံးမှာ လှိုင်းတွေ နုံးထလာ၏။ သူသတ်တို့လည်း မင်းသားကို မထိရဲမကိုင်ရဲ။

ထို့နောက် ဆင်နှင့် နင်းသတ်နိုင်းပြန်သည်။ ဆင်များက ဦးစီး၏ ရွှန်းချက်ကို မနာခံ။

ထို့နောက် တွင်းတူး၊ တွင်းထဲသို့ မီးကျီးခဲများထည့်စေ၍ မင်းသားအား ပစ်ချနိုင်းပြန်သည်။ မင်းသား၏ကိုယ်ကို မီးတောက်များ ထိသည်နှင့်တစ်ပြိုင်နက် ငြိမ်းသွားပြန်၏။

နောက်ဆုံး၌ ကျောက်တောင်ထိပ်မှ ပစ်ချနိုင်းလေတော့သည်။ သို့ရာတွင် နဂါးက မင်းသားကို ကယ်တင်၍ ဘေးကင်းရာသို့ ဆောင်ယူသွားလေသည်။



ထိုအခါ မြေငလျင်လှုပ်၊ တော်လည်း၊ ဧရာဝတီမြစ်မှာ လှိုင်းလုံးတွေ ထကာ၊ ကမ်းပြိုနှင့် ထိတ်လန့်စရာတွေ ဖြစ်လာသည်။ နန်းလုမင်းလည်း ကြောက်အားကြီး၍ နန်းတော်မှ ထွက်ပြေးလေရာ မြို့တံခါးဝတွင် မြေမျိုခံရလေသည်။ (၂)

ထိုကျောက်တောင်ကြီးမှ ရွှေဂူမြို့ အထက်နားအထိ ဒုတိယမြစ်ကျဉ်းနေရာ ဖြစ်လေသည်။ ဆယ့်သုံးလေးမိုင်ခန့် ရှည်၍ ကိုက်တစ်ရာငါးဆယ်ကျော်သာကျယ်၏။ မြစ်ကြောင်းသည် တောင်မြင့်ကမ်းပါးကြားတွင် စီးရ၏။ ကမ်းပါး ကပ်လှသဖြင့် သစ်ပင်အုပ်ကြားတွင် ဆော့နေသော မျောက်များ၊ ဟိုမှသည်မှ ပျံနေသော ရွှတ်သီးနက်နက်နှင့် ငှက်များကို နီးနီးမြင်ရတတ်လေသည်။

ရွှေဂူမြို့အနားရောက်လျှင် မြစ်လယ်ရှိ သောင်ကျွန်းကိုလည်းကောင်း၊ သောင်ကျွန်းပြည့် တည်ထားသော ဘုရားစေတီများကိုလည်းကောင်း တွေ့နိုင်လေပြီ။ ရွှေဂူအနေအထားသည် မြန်မာပိုဆန်လာ၏။ ထိုဒေသတွင် အရောင်ခြယ်မြေအိုးတွေထွက်သည်။ ရေယာဉ်ပုံသဏ္ဌာန် ပြောင်းလာသည်ကိုလည်း သတိထားမိရာသည်။ ဇန်းမော်အထက်တွင် ဧရာကို သစ်လုံးနှင့်ထွင်းလုပ်ထားသော လောင်းကိုယ်တွေ အသုံးများလေသည်။ ရွှေဂူအောက်တွင်ကား စက်သမ္ဗန်များ၊ ဦးကော့ပဲ့ထောင်ပိန်းကောများကို ပိုမြင်လာရပေသည်။

မြစ်ကြောင်းသည် အနောက်ဘက် ဆက်လက်စီး၏။ မြစ်ပြင်တွင် ကျွန်းတွေ၊ သောင်တိမ်တွေ ပေါ်နေ၏။ သောင်တိမ်ပေါ်တွင် မြူးနေကြသော လင်းပိုင်တွေ၊ အစာရှာနေသော ပိန်ညှင်းငှက်တွေ၊ ငှက်ကုလားတွေမှာ မြစ်ပြင်ရှုခင်း ဖြစ်တော့သည်။ ထိုရှုခင်းတစ်လျှောက် လှေသင်္ဘော တရွေ့ရွေ့ရုန်းလာခဲ့သော် အနောက်ဘက်ကမ်းပေါ်ရှိ ကသာမြို့သို့ ရောက်ပေတော့မည်။

ကသာအောက်နားတွင် အရှေ့ဘက်မှ ရွှေလီမြစ်သည် ဧရာဝတီမြစ်ထဲသို့ စီးဝင်လေသည်။ ထိုအခါ သစ်ဖောင်ဝါးဖောင် အများအပြား မျှောချလာသည်ကို မြင်ရဦးမည်။ ကသာဒေသတစ်ဝိုက်သည် ကိုလိုနီခေတ်က အင်္ဂလိပ်ဘိဘိတိစ်ကုမ္ပဏီ (၃)၊ စတီးဘရားသားကုမ္ပဏီ (၄) ကဲ့သို့ လိုင်စင်ရ သစ်ထုတ်လုပ်ရေး ကုမ္ပဏီများအဖို့ သစ်ထုတ်ရာစခန်း ဖြစ်လေသည်။ အစိုးရသစ်တောဌာနဘက်က သင်ပြီးသားကျွန်းသစ်တွေကို သူတို့ ခုတ်ယူကာ ဆင်ဖြင့်မြစ်ဆိပ်

www.burmeseclassic.com



အရှေ့ဘက် ဆွဲ၊ ဖောင်ဖွဲ့၊ ရန်ကုန်သို့ မျှောချလေ့ရှိသည်။

ကသာဘက်ရှိ နမ်းပေါင်းတောကား ကျွန်းသစ်၊ ပျဉ်းကတိုး၊ ယမနေ ထူထပ်လှသော တောကြီးပေတည်း။ ထိုတောကြီးတွင် ဆင်၊ ကျား၊ ဒရယ်၊ စိုင်၊ ဆတ်စသည်ဖြင့် တိရစ္ဆာန်ရိုင်းများ ပေါလည်းပေါ၊ စုံလည်းစုံသည်။ ထို့ကြောင့် မုဆိုးများ၏ နတ်ဘုံဟုပင် ဆိုကြလေသည်။

အလျဉ်းသင့်၍ ကိုလိုနီခေတ်က အဖြစ်အပျက်တစ်ခုကို ပြရပေဦးမည်။

တစ်ထောင့်ကိုးရာ ဆယ့်ရှစ်ခုနှစ်လောက်က ဆာဘွဲ့ခံ ဟာကုတ်ဘတ် တလာ (၅)သည် မြန်မာနိုင်ငံ၌ ဒုတိယဘုရင်ခံ လုပ်ခဲ့ဖူး၏။ ထိုသူသည် အပေါင်းအသင်းများနှင့်အတူ ခရစ်စမတ်ပွဲတော်ရက်အတွင်း ကသာနယ် နမ်းပေါင်း(ရွာ) ဗိုလ်တဲ၌ စတည်းချကာ အမဲပစ်ရန် အစီအစဉ်လုပ်ခဲ့ဖူးလေသည်။ ထိုအတွက် သစ်တောဘက်ဆိုင်ရာ တောကြပ်၊ တောခေါင်း၊ တောအုပ်၊ ဝန်ထောက်စသူတို့က ကြိုတင်စီမံပေးရသည်။

တောကြပ်တောခေါင်းများသည် နိုဝင်ဘာလကတည်းက နမ်းပေါင်းရွာ ပတ်လည် မိုင်ပေါင်းများစွာအတွင်း ဆားများစုပုံချထားကြရ၏။ သဘောမှာ အငန်ကို တောရိစ္ဆာန်များ ကြိုက်တတ်သည်ဖြစ်၍ နမ်းပေါင်းရွာအနီးသို့ ထိုနယ်တစ်ဝိုက်ရှိသော တိရစ္ဆာန်များ စုရုံးရောက်ရှိစေရန် ဆားပုံများဖြင့် သွေးဆောင်ခြင်းပင်။ တောတိရစ္ဆာန်များလည်း ဆားကို လာလျက်ကြသည်တွင် ဆိုင်ရာတို့က မကြာခဏ ကြည့်၍ ဖြည့်ပေးရလေသည်။

ဒီဇင်ဘာလ အလယ်လောက်အရောက်တွင် တောတိရစ္ဆာန်ကောင်များ သည် နမ်းပေါင်းရွာပတ်ဝန်းကျင်၌ စုပြုံနေကြလေပြီ။ ထိုတောကောင်များ ထိတ်လန့်ထွက်ပြေးမည် စိုးသဖြင့် ကြက်ကလေး ငှက်ကလေးများကိုပင် ဘေးလုတွေ့ မပစ်ရဟု ဆိုင်ရာတို့က တားဆီးထားကြသည်။ ဧည့်သည်တော်များ တည်းခိုရန် ဗိုလ်တဲလည်း ပြောင်စင်အောင် ရှင်းလင်းထားရလေသည်။ ထိုဗိုလ်တဲမှာ ဝင်းကျယ်သည်။ အခေခံတဲပါသည်။ အိပ်ခန်းနှစ်ခန်း၊ ရေချိုး ခန်းတစ်ခန်းအပြင် ကျယ်ပြန့်သော ဝရန်တာလည်းရှိသည်။ တစ်ဖန် ဗိုလ်တဲနှင့် နေရာမလှမ်းလောက်၍ ယာယီမိုးကာတဲများကိုလည်း ထူထောင်ထားရသည်။

ဒီဇင်ဘာလ နှစ်ဆယ်လေးရက်နေ့တွင် အစိုးရသင်္ဘော သုံးလေးစင်း သည် ဧရာဝတီမြစ်ကမ်းပေါ်ရှိ ရေပုံ့ရွာသို့ ဆိုက်ကပ်ရာ ဒုတိယဘုရင်ခံနှင့်



အတူ သေနတ်ပစ်ဝါသနာပါသော အရာရှိကြီးများ ပါလာကြသည်။ သူတို့၏ ပစ္စည်းများကိုလည်း အစိုးရပိုင်ဆင်၊ စတီးဘရားသားပိုင်၊ ဘိဘိတ်စီပိုင်ဆင် များဖြင့် သယ်ဆောင်ကြရလေသည်။

ဒုတိယဘုရင်ခံနှင့် အဖွဲ့လည်း ဗိုလ်တဲနှင့် မိုးကာတဲများ၌ စခန်း ချကြလေသည်။ ထိုရက်အတွင်း ထိုအဖွဲ့ကို မြတောင်၊ ထီးချိုင့် စသော အနီး အနားမြို့ရွာများမှ ယိမ်းအကဖြင့် ဖျော်ဖြေကြရသည်။

တောတိရစ္ဆာန်ကောင်များသည် ထိုနေရာတစ်ဝိုက်တွင် စုရုံးနေလေပြီ။ အဆင်သင့်သောနေ့တွင် ရွာသားများက သေနတ်သမားများရှိရာသို့ တောခြောက် ပေးလိုက်ရသည်။ ထိုအခါ သူတို့က ကုလားထိုင်ပေါ်မှ အေးအေးထိုင်၍ တစ်ကောင်ပြီးတစ်ကောင် ပစ်ချလေတော့သည်။

ပွဲတော်ရက် ပြီးဆုံး၍ ရန်ကုန်သို့ ဒုတိယဘုရင်ခံတို့ လှည့်ပြန်သွား သောအခါ နမ်းပေါင်းဗိုလ်တဲတစ်ဝိုက်သည် သားကောင်များ၏ သင်္ချိုင်းကုန်းမှာ ဖြစ်နေတော့သည်။ ပုပ်စော်နံ ကျန်ရစ်လေသည်။ ရွာသားတို့မှာမူ စေစုရ အသားများကို ကျပ်တင်ခြောက်လုပ်၊ အမဲခြောက်လုပ်၊ နေလှန်းစသည်ဖြင့် အတော်စီးပွားဖြစ်၊ အတော်ပျော်ကြလေသည်။ (၆)

*

www.burmeseclassic.com

# ၄။ ကသာမှ မင်းကွန်းအထိ

ကသာမြို့ကို လွန်သောအခါ ဧရာဝတီသည် တောင်ဘက်သို့ ကွေ့ဆင်းလေသည်။ ကသာမှ ထီးချိုင့်မြို့၊ ထို့နောက် မျက်နှာချင်းဆိုင် ကမ်းပေါ်ရှိ အဖျံ့ချောင်တွေပေါရာ မြတောင်ရွာ၊ ထို့နောက် မဇ္ဈိမဒေသ–သကျသာကီဝင်မင်းများ လာရောက်နန်းစိုက်ခဲ့ဖူးသည်ဆိုသော တကောင်းမြို့ဟောင်း။ ထိုနေရာများသည် မြေနုလွင်ပြင်များ ဖြစ်ကြလေသည်။

တစ်ဖန် တကောင်းမှ မလည်ရွာအထိ မိုင်လေးဆယ်ရှိလေသည်။ မလည်ရွာအောက် ရောက်လာသော် တောင်တန်းနိမ့်နိမ့်တွေ ကမ်းစပ်နှင့်နီးလာတော့သည်။ အရှေ့ဘက်ကမ်းတွင်လည်း ရှမ်းကုန်းပြင်မြင့်၏ အဆက်ဖြစ်သော မိုးကုတ်တောင်တန်း မှိုင်းမှိုင်းညိုညိုကို လှမ်းမြင်နိုင်လေသည်။

မိုးကုတ်မြို့သား ပင်လယ်ပြင်မှ ပေနှစ်ထောင်အမြင့်တွင် တည်ရှိ၍ နာမည်ကျော် နီလာ၊ ပတ္တမြားထွက်ရာ ဖြစ်သည်။ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းပေါ်ရှိ သပိတ်ကျင်းမြို့သည် မိုးကုတ်၏ဆိပ်ကမ်းမြို့ ဖြစ်လေသည်။

တတိယမြစ်ကျဉ်းသည် သပိတ်ကျင်းအထက် မလည်ရွာမှစ၍ ကျောက်မြောင်းမြို့အနီးတွင် ဆုံးလေသည်။ မြစ်တစ်ဖက်တစ်ချက်တွင်ကား တောင်များသည် ကမ်းစပ်နားရောက်နေလေသည်။ သပိတ်ကျင်းအောက် နှစ်မိုင်လောက်ရောက်လာမိပြီဆိုအံ့။ မြစ်လယ်၌ သစ်ပင်အုပ်အုပ်နှင့် သံဃာတော်ကျွန်းတော်ကို တွေ့ရပေတော့မည်။

ကျွန်းပေါ်ရှိ သံဃာတော်ဘုရားသည် အညာတစ်ခွင်တွင် အမိကရဖြစ်လေ



သည်။ ထိုကျွန်းသို့ အထက်သပိတ်ကျင်းဘက်၊ အောက် ရွှေဂူ–ကျောက်မြောင်းဘက်မှ လူအများသည် ဘုရားပွဲတော်အခါသမယတွင် လှေကြီးလှေငယ်ဖြင့် ဘုရားလာဖူးတတ်ကြသည်။ ရှေးမင်းများလက်ထက်က ထိုကျွန်းနှင့် သုံးမိုင်အကွာအဝေးအတွင်း သားငါး ဘေးမဲ့ပေးသည့် အမိန့်တော် ထုတ်ပြန်ထားခဲ့ဖူးသည်။ သို့ဖြစ်ရာ ငါးများမှာ ဘေးအန္တရာယ်မရှိ၊ ယဉ်ပါးနေလေသည်။ ဘုရားဖူးများက ခေါ်လိုက်လျှင် အနီးလာတတ်ကြသည်။ ဘုရားဖူးများကလည်း ငါးခေါင်းနှင့် ပါးဟက်ကို ရွှေချပေးတတ်ကြသည်။ (၇)

တတိယမြစ်ကျဉ်းသည် ကျောက်မြောင်းအထိ မိုင်သုံးဆယ်နီးပါးရှည်လျား၏။ ကျောက်မြောင်းဘက်တွင်ကား ကမ်းစပ်မှ တောင်တွေ နောက်ဆုတ်လာသည်။ မြစ်ပြင် ကျယ်ပြန့်လာ၍ ကိုက်လေးရာ၊ လေးရာငါးဆယ်ခန့်ရှိသည်။ ကျောက်မြောင်းသည် အနောက်ဘက် ရွှေဂူ၏ဆိပ်ကမ်း ဖြစ်လေသည်။ အရှေ့ဘက် စကျင်တောင်များနှင့်လည်း မဝေး။

ဤတွင် ရွှေဂူဆိုလျှင် မြန်မာနိုင်ငံကို တတိယအကြိမ် စည်းရုံးခဲ့သော အလောင်းမင်းတရား၏ ချက်မြှုပ်ဖြစ်ပေ၏။

'ရွှေဂူသနပ်ခါးတုံးများ ရန်ကုန်လီမ်းဖို့ယူ။

ဘယ်လိုအသားအမည်းမည်း ဝါဝါညက်ညက်ဖြူ'

ဆိုသည့်တေးသွားကိုလည်း သတိရစေ၏။

တစ်ဖန် ကျောက်မြောင်းတစ်ဝိုက်တွင် စဉ့်အိုးအမျိုးမျိုးလုပ်၏။ စကျင်တောင်မှလည်း ကျောက်ဆစ်သမားတွေ ထုခွဲကာ ဘုရားဆင်းတုလုပ်၏။ ထို့နောက် ဧရာဝတီမြစ်ကြောတွင် ရာဝင်အိုးကြီးတွေကို ဖောင်ဖွဲ့၍လည်းကောင်း၊ အိုးကြီးအိုးငယ်ကို ဝါးဖောင်ပေါ်တင်၍လည်းကောင်း မျှောချကာ မြစ်ကမ်းတစ်လျှောက် မြို့ရွာများ၌ ဝင်ထွက်ရောင်းချလေသည်။ ထိုအခါ ဖောင်များပေါ်တွင် စကျင်ကျောက်ဆင်းတုတော်များလည်း ပါလာတတ်လေသည်။

ကျောက်မြောင်း–ရွှေဂူဒေသတွင် ရှုခင်းသည် ခြောက်သွေ့လာပေသည်။ သစ်ပင်ချုံနွယ်များ ကျဲလာသည်။ တောင်များ ညိုပုပ်ပုပ်အရောင်ပြောင်းလာသည်။ မြစ်ကြောင်းကား မြေပြန့်လွင်ပြင်ကို ဖြတ်သန်းစီးဆင်း၍ မြစ်ပြင်ကျယ်သည် မှန်၏။ သို့ရာတွင် စည်းသောင်တိမ်သောင်များ အွန်း၍ ရေကြောင်းများ ကျဲလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မြောင်းမှ ရှိန်းမကား၊ တစ်ဖန် ရှိန်းမကားမှ စုန်လာပြီး အနောက်ဘက် ကမ်းခြေတစ်ကွေ့တွင် အုတ်ထုထည်ကြီးကြီးနှင့် ပုထိုးပျက်ကြီးကို လှမ်းမြင်မိပေတော့မည်။

ထိုအရပ်ကား မင်းကွန်းတည်း။ ပုထိုးပျက်ကား တစ်ထောင့်နှစ်ရာကိုးဆယ်ပြည့်နှစ်တွင် ဗဒုံမင်း တည်ခဲ့၍ အပြီးမသတ်ခဲ့သော ပေလေးရာငါးဆယ်ပတ်လည်နှင့် ပေတစ်ရာခြောက်ဆယ် အမြင့်ရှိ ပုထိုးတည်း။ ထိုပုထိုးကြီး၏ ရှေ့တွင် ဧရာဝတီမြစ်ကို မျက်နှာမူထိုင်နေသော ခြသေ့ရုပ်ကြီးများလည်း ရှိသည်။ ထိုပုထိုးကြီး၏ မြောက်ဘက်တွင် တန်ချိန်ကိုးဆယ်ရှိ ခေါင်းလောင်းကြီးလည်း ဆွဲထားသည်။ တစ်ဖန် မင်းကွန်းသည် ဒေါ်ဦးခွန်း လူအိုရုံရှိရာ ဖြစ်ပြန်လေသည်။

ထို့ကြောင့် တစ်ဖက်ကမ်း မြောက်ဖိုင်အောက်နားက မန္တလေးမြို့နှင့် အကူးအသန်း အဆက်အသွယ် များလှပေသည်။

# ၃။ မန္တလေး

မန္တလေးနယ်သည် ပထဝီဝင်ဆရာများ၏ အခေါ်အဝေါ်အရ (အထက်ရွှေဘိုမှ အောက်သရက်မြို့ အထိဖြစ်သော) မိုးနည်းဒေသ၌ ပါဝင်လေသည်။ ထို့ကြောင့် ဒေသတွင်း အခြားအရပ်များနည်းတူ ဧရာဝတီမြစ်မကြီးကို အမှီပြု၍ တူးမြောင်းများဖြင့် ရေသွင်းကာ လယ်ယာလုပ်ကြရသည်။ မြစ်တွင်းကျွန်းသောင်များပေါ်တွင် ကိုင်း၊ ဥယျာဉ် လုပ်ကြရသည်။ မိုးတွင်းအခါ မြစ်ရေလျှံ၍ ကမ်းနှစ်ဖက် တင်ကျန်ရစ်သော မြေနုများဖြင့်လည်း စိုက်ပျိုးမှုများ ဖြစ်ထွန်းကြရသည်။

ဤသည် ယေဘုယျ ပထဝီဝင်သဘော ဖြစ်သည်။

မန္တလေးမြို့ သက်သက်အကြောင်းကို ဆိုရသော် ထိုမြို့သည် မန္တလေးတောင်ခြေရင်း၌ တည်ရှိလေသည်။ တစ်ထောင့်ရှစ်ရာ ငါးဆယ့်နှစ်ခုနှစ်က မင်းတုန်းမင်း တည်ခဲ့သောမြို့ဖြစ်၍ ရှေးက ရတနာပုံ နေပြည်တော်ဟု အမည်တွင်ခဲ့လေသည်။ ထို့ကြောင့် ခေတ်ရုံးအဆောက်အအုံ၊ ခေတ်တက္ကသိုလ်ကျောင်း၊ ခေတ်လူနေတိုက်၊ ခေတ်ဈေးရုံမျိုးနှင့်ယှဉ်၍ မြို့ရိုးနှင့်ကျုံး၊ တစ်ဖန်ထောင့်မှန်ကျကျ ဖြောင့်တန်းနေသော လမ်းများနှင့် လူကုံထံတို့၏ ဝင်းများကို ယနေ့တိုင် တွေ့နိုင်လေသည်။

ပြောစရာတစ်ခုရှိ၏။ ရွှေလ်ကျွန်းသစ်များဖြင့် တည်ဆောက်ခဲ့သော နန်းတော်အဆောက်အအုံကား (ဂ)၊ ဒုတိယ ကမ္ဘာစစ်ဒဏ်ကြောင့် ပျက်စီးခဲ့လေပြီ။ သို့ရာတွင် ရှေးမန္တလေးပုံသွင်အတိုင်း ကုသိုလ်တော်ဘုရား၊ မဟာမုနိ



www.burmeseclassic.com

www.burmeseclassic.com


ရုပ်ပွားကဲ့သို့ ဘုရားစေတီများသည်လည်းကောင်း၊ ပန်းပုရုပ်ကြွ ခြူးပန်းခြူးနွယ် လက်စွမ်းပြ ရွှေနန်းတော်ကျောင်းကဲ့သို့ ဘုန်းကြီးကျောင်းများသည်လည်းကောင်း ရှိတန်သလောက် ရှိလေသေးသည်။ ရွှေဆိုင်းရွှေချည်ထိုးလုပ်ငန်း၊ ကြေးသွန်း ကျောက်ဆစ်လုပ်ငန်း၊ မှန်စီရွှေချလုပ်ငန်း၊ ပိုးထည်ချည်ထည်လုပ်ငန်းများလည်း ထွန်းကားသည်။

တစ်ဖန် မြန်မာပညာများ ဖွံ့ဖြိုးနေသော ကိုလိုနီခေတ် အစပိုင်းကဆိုလျှင် စာကြီးပေကြီး တေးကြီးဘွဲ့ကြီးကို စနစ်တကျ လိုက်စားခဲ့သည်မှာ မန္တလေးမြို့သာ အဓိကဖြစ်သည်။ ထို့ကြောင့် မြန်မာပညာရှိများ၊ ရတုရကန် အဲ့အန်ချင်းဆိုတတ်သူများ ပေါ်ခဲ့၏။ မန္တလေးမြို့မှ ဇာတ်သမား ကောင်းကောင်း၊ အငြိမ့်မင်းသမီးကောင်းကောင်း ထွက်ခဲ့၏။ တဖန် ထိုခေတ်က မြန်မာစကားကို ယဉ်ယဉ်ကျေးကျေး ကျကျနန ပြောသံကြားလိုလျှင် မန္တလေး မြို့ကို သွားရပေလိမ့်မည်။ ပမာအားဖြင့်–

“မောင်ကြီးနှမ ကျားကိုက်ရပါစေရဲ့”

ဟု နှုတ်ချိုချိုနှင့် အပြောမျိုးကို ဈေးချိုသူများထံမှ ကြားရတတ်လေသည်။

မန္တလေးနှင့် တစ်ဆက်တည်းရှိနေသည်မှာ အမရပူရမြို့ ဖြစ်လေသည်။ ထိုမြို့သည် မန္တလေးတောင်ဘက် ခြောက်မိုင်အလွန်၊ တောင်သမန်အင်းနှင့် ယှဉ်လျက် သရက်ပင် မန်ကျည်းပင်အုပ်အုပ်တွေအကြား၌ တည်ရှိလေသည်။

ဤတွင် မြို့အစွန် တောင်ပူစာနှစ်ခုထိပ်၌ရှိသော ရွှေကြက်ယက်နှင့် ရွှေကြက်ကျစေတီနှစ်ဆူကို ဧရာဝတီမြစ်ပေါ်မှ လှမ်းမြင်နိုင်လေသည်။ ထိုဘုရား နှစ်ဆူသည်လည်း ဘုရားလောင်းကြက်မင်း ဖြစ်စဉ်က နေခဲ့ဖူးသောနေရာတွင် တည်ထားသော စေတီဘုရားများ ဖြစ်သည်ဟု ဆိုကြလေသည်။ လိုရာဆုတောင်း ပြည့်တတ်သည်ဟုလည်း ယုံကြည်ကြလေသည်။

အမရပူရ၏ အရှေ့တောင်ဘက်ကို လှမ်းမျှော်ကြည့်ပြန်သော် သပြေတန်း ခံတပ်ဟောင်း၊ ထို့နောက် ဧရာဝတီမြစ်ထဲသို့ စီးဝင်နေသော မြစ်ငယ်မြစ်၊ ထိုမြစ်၏ တစ်ဖက်ကမ်းတွင် အဝမြို့ဟောင်းကို မြင်ရပြန်ဦးမည်။

ဤသည် အရှေ့ဘက်ကမ်း၏ အနေအထားပေတည်း။

အနောက်ဘက်ကို ကြည့်ပါလေဦး၊ အမရပူရနှင့်တည့်တည့် တစ်ဖက်ကမ်း



တွင် စေယျာပူရခေါ် စစ်ကိုင်းမြို့ ရှိလေသည်။ အမရပူရနှင့် စစ်ကိုင်းအကြားတွင်လည်း စစ်ကိုင်း သို့မဟုတ် အင်းဝတံတားကြီးက ကူးဆက်ထားလေသည်။ စစ်ကိုင်းမြို့၏ အနောက်ဘက်တွင်မူ မှိုင်းမှိုင်းညိုညိုနှင့် စစ်ကိုင်းတောင်ရိုး၊ ဝါ၊ မင်းဝံတောင် ရှိပြန်လေသည်။ ထိုတောင်ရိုးတစ်လျှောက်တွင် ထုံဖြူဖွေးဖွေးနှင့် စေတီများသည်လည်းကောင်း၊ ရွှေဝါချောင်၊ ပိတောက်ချောင်၊ အနုရုဒ္ဒါချောင် စသည်ဖြင့် သုတော်စင်များ တရားအားထုတ်ရာ ချောင်များသည်လည်းကောင်း ပေါလှသည်။

နေရာအကွက်အကွင်း ကျလှ၏။ သည်တဘက်တွင် စစ်ကိုင်းမြို့နှင့် မင်းဝံတောင် မှိုင်းညိုညို၊ ဟိုတစ်ဖက်တွင် ရွှေကြက်ယက်နှင့် ရွှေကြက်ကျစေတီ ဖြူဖြူ၊ အလယ်ကောင်တွင် ဧရာဝတီမြစ် ရေယဉ်ဖွေးဖွေး ကြည့်နူးစရာရှုခင်း ပါပေတည်း။ ထို့ကြောင့် မဟုတ်လော။ စာဆိုသည် ထိုရှုခင်း၌ ဘဝင်ကျကာ သမီးရည်းစားများ သစ္စာထားဟန် စာဖွဲ့ခဲ့ဖူးလေသည်။ နားထောင်။

ကြက်ညီနောင် ရေဝယ်မျှောပါလို့
မြကြာ မင်းဝံရွှေတောင်
လဲတော့မရှောင်
အာကာသောင်၊ ကြယ်ပြောင်ကွဲ မြေလူး။
ပြည်စေယျာ
လေလာရင် မြေပါရွှေ့စေတော့
မအေ့ နောင်မဖုန်းတယ်
သုံးဘဝကူး။

*

www.burmeseclassic.com

www.burmeseclassic.com

# ၆။ စစ်ကိုင်းအလွန်

မန္တလေး ဂေါဝိန္ဒဆိပ်မှ ခွာခဲ့ပြီဆိုပါစို့။

စစ်ကိုင်းအလွန်တွင် မြစ်ကြောင်းသည် အနောက်ဘက်သို့ကွေ့၏။ မကြာမီ ရွာသစ်ကြီးကို ဖြတ်သန်းရလေသည်။ ထိုတစ်ပိုက်က လူတွေသည် ဓာရဲ့သဖြင့် အလုပ်နေ့ကန်တတ်သော သဘောကို ဧရာဝတီမြစ်ရိုး၌ သွားလာနေသော ငှက်သမှန်နှင့်နှိုင်း၍ စကားပုံ ထိုးထားလေသည်။

ထိုစကားပုံသည် ရွာသစ်ကြီးသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်သွားအဖို့ ပို၍ အဓိပ္ပာယ်ပေါ်၏။ ရွာသစ်ကြီးမှာ မန္တလေးနှင့် တစ်ဆယ့်ခြောက်မိုင် ဝေးသည်။ စကားပုံသည်လည်း အခြားမဟုတ်။

"ခတ်ကွင်းပြင်တာနဲ့ ရွာသစ်ကြီးရောက်" ဟုသတည်း။

ရွာသစ်ကြီးနှင့် မျက်နှာချင်းဆိုင်နေသည်ကား မြန်မာမင်းများလက်ထက်က ကင်းစခန်း လုပ်ထားခဲ့သော ကျောက်တစ်လုံးရွာ ဖြစ်လေသည်။

ရှေ့ဆက်သော် မြင်းမူ၊ ဆိမ်းခုံ၊ နဂါးဆောက်၊ ရန္တပိုစသော မြို့ရွာများကို ဖြတ်သန်းလာခဲ့ရပြန်၏။ ထို့နောက် တောင်ဘက်သို့ မြစ်ကြောင်းပြောင်း၍ ရုန်ဆင်းခဲ့လျှင် မန္တလေးမှ မိုင်ရှစ်ဆယ်ဝေးသော မြင်းခြံမြို့သို့ ဆိုက်ပေတော့မည်။

ဤတွင် မြင်းခြံဆိပ်ကမ်းသည် လွယ်လွယ်နှင့် လှေသင်္ဘောကပ်၍မရ။ ဆိပ်ကမ်းဝတွင် ရေမသဲသောင်ပြင်ကြီး ခံနေလေသည်။ မြင်းခြံဝန်းကျင်တွင်ကား ဝါခင်း၊ ပဲခင်း၊ နှမ်းခင်း၊ မြေပဲခင်း၊ ဆေးခင်းတွေ ပေါလှ၍





ဝါကြိတ်စက်၊ ဆီကြိတ်စက် စသည်တို့လည်း ရှိနေ၏။ ထန်းပင် မန်ကျည်းပင်တွေလည်း တစ်ပုံချည်းပင်။

ဖြည့်စရာတစ်ခု ရှိလေသည်။ ထိုတစ်ခုသည် သာသနာရေးနှင့် စပ်ဆိုင်နေ၏။ မြင်းခြံတွင် ငွှန်းလွှန်းဂူကျောင်း ရှိလေသည်။ ငွှန်းလွှန်းဆရာတော်ကပီသည် အာနာပါန (ရှုရှိုက်) ကမ္မဋ္ဌာန်းထိုင်၍ တရားထူးရခဲ့သည်ဟု ကျော်ကြား၏။ တစ်ထောင်ကိုးရာ ငါးဆယ့်နှစ်ခုနှစ်တွင် ပျံလွန်တော်မူသောအခါ၌လည်း ရုပ်ကလာပ်မှာ မပုပ်မသိုး ရှိသည်ဟု အများဆိုကြသည်။ ထို့ကြောင့် ဘာသာတရား ကိုင်းရှိုင်းသူများသည် မြင်းခြံသို့ သွားရောက်လေ့ရှိကြသည်။

ငွှန်းလွှန်းဆရာတော်ကား ပဋိပတ္တိသမားပေတည်း။ လယ်သမားဖြစ်၍ စာပေကျမ်းဂန် မသင်ခဲ့ရ။ သို့ရာတွင် ဆရာသင်ပြသည့်အတိုင်း မဆုတ်မနစ် တရားအားထုတ်ခဲ့သူ ဖြစ်သည်။ ယောဘုယျအားဖြင့်မူ ပဋိပတ္တိသာသနာသို့ ပရိယတ္တိမှ တစ်ဆင့်တက်ခဲ့ကြလေသည်။ ပရိယတ္တိအခြေခံဖြင့် တရားအားထုတ်က လွယ်လွယ်နှင့် လမ်းမှန်ရောက်နိုင်လေသည်။

မြင်းခြံအောက် အနောက်ဘက်ကမ်းခြေရှိ ပခုက္ကူမြို့ကား ပရိယတ္တိသာသနာ ထွန်းကားရာမြို့ ဖြစ်လေသည်။ မဟာဝိသုတာရာမ ကျောင်းတိုက်၊ မဟာဝိဇယာရာမကျောင်းတိုက်၊ သာသနဝိပုလာရာမ မန္တလေးကျောင်းတိုက်စသော သံဃာကျောင်းတိုက်များ၊ သီလရှင်ကျောင်းတိုက်များရှိ၍ စာချဆရာတော်တို့က ပါဠိပိဋကတ်ကို အဋ္ဌကထာဋီကာတို့ဖြင့် တွဲဖက်၍ ပခုက္ကူနည်းအတိုင်း စာချလေ့ရှိသည်။ စာဆိုစာလိုက် သံဃာများလည်း ရာချီနေပေသည်။

ပခုက္ကူသည် စာသင်ကျောင်းတိုက်အများ ဆောက်လုပ်လှူဒါန်းနိုင်ရအောင်၊ ရဟန်းသံဃာအများကို ဆွမ်းဝတ်၊ ကွမ်းဝတ်ဖြည့်နိုင်ရအောင် အရောင်းအဝယ်ကောင်း၍ စီးပွားရေးနယ် ကျယ်သည်ဟု ဆိုရပေမည်။ ထွက်ကုန်များမှာ မြင်းခြံထက် သာချင်သာမည်။ မလျော့။ အကြောင်းတစ်ခုမှာ ပခုက္ကူမြို့တည်ရာသည် အလုံမုံရွာဘက်မှ စီးဆင်းလာသော ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်မ ပေါင်းရာအောက်နားတွင် ရှိလေသောကြောင့် ချင်းတွင်းမြစ်ဝှမ်းဘက်မှ ကုန်ထုတ်ရာဇပို့ဌာန ဖြစ်နေသည်။ ထို့ပြင် အနောက်ဘက်ယောချောင်းနှင့် ချင်းတို့ဒေသ၊ ထိုဒေသများနှင့်လည်း အဆက်အသွယ် များလေသည်။ ထို့ကြောင့် အညာကုန် ထွက်ရိုးထွက်စဉ်အပြင် ယောလုံချည်၊ သနပ်ခါး၊ သားရေ၊ သစ်၊



www.burmeseclassic.com

www.burmeseclassic.com



ထန်းလျက်၊ မန်ကျည်းများများထွက်သည်။ တစ်ရံခါက ကုန်တင်လှေ အစုန်အဆန်များ၍ သစ်ကောင်းပေါလှသဖြင့် လှေစပ်လုပ်ငန်းသည်လည်း ပခုက္ကူ၌ ထွန်းကားခဲ့ပေသည်။ တစ်ဖန် သစ်ကောင်းကို အသုံးပြု၍ ရွှေကူဘုရားတံကဲမှ ဓာတ်ထုပ်များကဲ့သို့ ရှုချင်စရာပန်းပုလက်ရာမျိုးလည်း ပေါများခဲ့ပေသည်။

## ၅။ ပုဂံကျက်သရေ

ပခုက္ကူမှ ခရီးဆက်ရသော် တစ်နေ့တစ်လံ ပုဂံ ဘယ်ပြေးမလဲ။

တရွေ့ရွေ့နှင့် နှစ်ဆယ့်ငါးမိုင်ခန့် သွားရ၏။ ဟင်္သာမောင်နှံများ၊ ရေဘဲများ၊ ဆေသာလိဂိုင်းများ ပျော်မြူးနေကြသော သောင်ပြင်တွင် သောင်မတင်မိအောင် ရှောင်ရ၏။ ထိုနောက် ညာဘက်တွင် တန့်ကြည့်တောင်တန်းသည်လည်းကောင်း၊ ဘယ်ဘက်တွင် ညောင်ဦးမြို့ နတ်သမီးကမ်းပါးစောက်စောက်သည်လည်းကောင်း မြင်ကွင်းသို့ ဝင်လာပေတော့မည်။

ညောင်ဦးမြို့သည် ပုဂံမြို့ဟောင်း၏ ဆိပ်ကမ်းမြို့ ဖြစ်လေသည်။ ပုဂံမှာ သောင်ထွန်း၍ လှေသင်္ဘောမကပ်။ အလယ်ခေတ် မြို့ဟောင်းအဖြစ်ဖြင့်ကား ပြည်တွင်းပြည်ပ နာမည်အလွန်ကြီး၍ ခရီးသည် အလွန်ပေါ၏။

ဆယ်ခြောက်မိုင် စတုရန်းပတ်လည်၌ လက်ညှိုးထိုးမလွဲ မင်းနှင့်ပြည်သူတို့ တည်ဆောက်ခဲ့ကြသော မြေစိုက်ဘုရား၊ ဂူဘုရား စုံလှပါပေသည်။ အကောင်းလည်းရှိ၊ ပျက်စီးယိုယွင်းနေသည်လည်း မနည်း။ တောင်ကြီးရှင်မင်း မဟာဂီရိနတ်ကွန်းရှိရာ ပုပ္ပားတောင် မှိုင်းပြာပြာကို နောက်ကျောခံ၍ ညောင်ဦးကမ်းပါးမှစပြီး ကြည့်လိုက်ပါလေ။

ညောင်ဦးဈေး တောင်ဘက်တွင် သိဟိုဠ်ပုံစံ ဆပဒေစေတီ၊ ညောင်ဦးမှ ပုဂံဘက်အထွက်တွင် ကိုယ်လုံးပြည့်ပြည့် ရွှေစည်းခုံစေတီ၊ ပုဂံကမ်းနားဆိပ်တွင် စိန်တောင်ပတ်ပတ်လည် ဗူးဘုရား၊ ပုဂံမြို့ထဲတွင် မှန်လေးမှန်ပါ



www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒာ၊ ထို့နောက် လိုက်နှစ်ထပ်ရှိ သဗ္ဗညု၊ ထို့နောက် ဗိဿနိုးနတ်မင်း- နတ်လှောင်ကျောင်း၊ ထို့နောက် နရသီဟပတေ့မင်း၏ မင်္ဂလာစေတီ၊ ထို့နောက် နတ်လှေကားလေးသွယ်ဖြင့် ရွှေဆံတော်စေတီ။

မြင်းကပါရွာဘက်၊ သီရိပစ္စယာရွာဘက် ကြည့်ပါလေဦး။ ရာဇကုမာရအမတ် ကုသိုလ်တော် ဂူပြောက်ကြီး၊ သထုံမနုဟာမင်းကြီး နန်းဘုရား၊ မဟာယာန ဆေးရေးပန်းချီပြ အပယ်ရတနာ၊ ဓာတ်ငါးရာငါးဆယ် အုတ်ခွက်ထည့် ရွှေဖက်လိပ်၊ ငွေဖက်လိပ်၊ ပုဂံမြို့တောင်ဘက်စွန်းက လောကနန္ဒာစေတီ စသည် စသည်ဖြင့် ဘုရားစေတီတွေ ရှိကြသည်။

ထိုအခါ ထိုစေတီဂူဘုရားများမှ စုလစ်မွန်းချွန်တို့ကိုလည်းကောင်း၊ ခြူးပန်းခြူးနွယ်ရုပ်ကြွ အပြောက်အမွမ်းတို့ကိုလည်းကောင်း၊ ဆန်းကြယ်သော ပန်းချီဆေးရေးတို့ကိုလည်းကောင်း၊ အနုအရွတ် အာရုံခံနိုင်လေသည်။ ဤသည် ရှေးခေတ်ပုဂံပြည် ကြီးကျယ်ခဲ့ကြောင်း သက်သေခံပင်တည်း။

တစ်ခုတော့ရှိသည်။ ပုဂံပြည်သည် ရှေးသူဟောင်းများ အခေါ်အရ တတ္တဒေသ- ခြောက်သွေ့သောနေရာ ဖြစ်လေသည်။ ထို့ကြောင့် ရေမြေသီးနှံ မဖွံ့ဖြိုးလှ။ ပုဂံသည် ကျောထောက်နောက်ခံအဖြစ် ဆည်မြောင်းပေါသော ကျောက်ဆည်၊ ဝါ၊ မြစ်သား ဆယ်တစ်ခရိုင်ကို အားပြုခဲ့ရလေသည်။ တောင်ဘက် တစ်ဖက်ကမ်းရှိ မင်းဘူး ခြောက်ခရိုင်ကိုလည်း အားပြုခဲ့ရလေသည်။

ပုဂံရောက် ခရီးသည်သည် ရှေးဟောင်းလက်ရာများကို လှည့်လည်ကြည့်ရှုရုံသာ မဟုတ်သေး။ ကံကောင်းလျှင် ရွှေစည်းခုံဘုရားပွဲမျိုးနှင့် ကြုံရ၊ ဆုံရတတ်လေသည်။

ရွှေစည်းခုံဘုရားပွဲတော်အခါသည် ထွန်တုံးပိတ်ချိန်နှင့် တိုက်ဆိုင်နေသဖြင့် လူစည်ကားမြဲဖြစ်သည်။ သင်္ဘော၊ မော်တော်ကား ရှားပါးသေးသော ခေတ်မျိုးကဆိုလျှင် ပွဲတော်သို့ မြစ်ရိုးတစ်လျှောက်မှ လာကြသော လှေကြီးလှေငယ်များသည် မြစ်ဆိပ်ကမ်း၌ ပြည့်ကျပ်နေ၏။ ဘုရားဝန်းကျင်တွင် စခန်းချကြသော လှည်းဝိုင်းများသည် သစ်ပင်အောက်၌ တစ်မျိုး၊ ကွင်းပြင်၌တစ်ဖုံဖြစ်၏။ တစ်ဖန် ဘုရားဇောင်းတန်းကြီးများတွင် ဘုရားကန်တော့ရန် ဝင်ထွက်နေသူများ ပြည့်နှက်နေသလောက် ဘုရားတစ်ဝိုက်တွင် စားစရာ၊ ဝယ်စရာဈေးဆိုင်တွေ





ပြည့်နှက်နေ၏။

ထိုအခါ တန်ဆောင်းအတွင်း ပရိသတ်များလွန်းသဖြင့် တိုးရင်းခွေ့ရင်း အဖော်ကွဲသူများက မရှား။ ကလေးပျောက်၍ ကလေးနာမည် တကြော်ကြော် ခေါ်ကာ တငိုငို တယိုယို လိုက်ရှာနေသော အမေမျိုးကလည်း ရှိသေးသည်။ ပွဲတော်ဈေးအတွင်း အမေ့လက်ဆွဲကာ တကုကူ မျှော်လာသော ကလေးများ၊ ပလုတ်တုတ်တုတ်တီးလာသော ကလေးများကလည်း အပုံပင်။

ပွဲတော်ဈေးတန်းကြီးမှာ မျက်စိတစ်ဆုံး ဖြစ်တော့သည်။ အစွန်အဖျားဘက်က ပိုးထည်ချည်ထည်အမျိုးမျိုး ရောင်းသောဆိုင်များအတွင်း၌ ဈေးသည်များသည် အထည်များကို တရှမ်းရှမ်း တဖြန်းဖြန်း ရိုက်ခတ်ပွတ်သပ်ပြသနေကြသည်။ ယာသမားများကမူ ဆိုပါတော့ - အိမ်ကနွားပြာနီ ကလေးအဖို့ ကြေးဝါနဖားကြိုး ဖောင်းဖောင်းကလေးတွေ၊ ကြေးခလောက်ကလေးတွေ လိုက်ရှာနေကြသည်။ သူ့နေရာနှင့်သူ ပုံ၍ဆွဲ၍ရိုက်၍ပြသထားသော ငါးပိ၊ ငါးခြောက်၊ ကြက်သွန်၊ ငရုတ်သီး၊ ပဲ၊ ဆား၊ ဖက်၊ ရစ်၊ ထွန်တုံး၊ ခြင်းတောင်း၊ ဓားသွေးကျောက်၊ ကျောက်ပျဉ်ကဲ့သို့ အထက်အောက်ပစ္စည်းတွေကိုကား ကြည့်သူက ကြည့်၊ ဝယ်သူကဝယ်နှင့် ရှိနေကြသည်။

ညဘက် မီးရောင်တွေအကြား လှည့်ပါလေဦး။ ရုပ်သေးပွဲ၊ ဇာတ်ပွဲ၊ ကြက်တူရွေးဆပ်ကပ်ပွဲတွေ စုံလှပေသည်။ ကြည့်ချင်ပွဲ၊ ရုံပွဲနှစ်မျိုးစလုံး တွေ့နိုင်လေသည်။ ထိုအခါ နာမည်ကြီး ဇာတ်အဖွဲ့များက ရွက်ဖျင်ရုံကြီးများ ထိုးကာ ရုံဝင်ခယူ၍ ကပြကြလေသည်။ ဘုရားဒကာ ဦးဘိုးစိန်ကြီး၏ ရုံပွဲမျိုးဆိုလျှင် နှစ်ညမျှ ကသွားနိုင်ခဲ့လေသည်ဖြစ်သည်။ (၉)

ပြောစရာတစ်ခုရှိသည်။ ခေတ်ပြောင်း၍ ပွဲတော်အသွင်းကား ပြောင်းသလောက်ပြောင်းခဲ့ပြီ။ သို့ရာတွင် ဘုရားပွဲတော်အချိန်ကား နှစ်စဉ် ထွန်တုံးပိတ်ချိန်ပင် ဖြစ်သည်။ စည်ကားမြဲ စည်ကားလေသည်။

ဘုရားပွဲတော်နှင့် ဆုံမဆုံကံစွမှာ ခရီးသည်ရောက်သည့်အချိန် ကာလအပေါ် တည်နေပေသည်။ ဘယ်လိုပင်ဖြစ်စေ ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်း အနုလက်ရာများကိုမူ ကြည့်ကြည့်ရှုရှု မြင်တွေ့သွားရပေလိမ့်မည်။ တစ်ဖန် ဒေသထွက် ယွန်းထည်တစ်ခုနှစ်ခုနှင့် ပုံးရည်ကြီးတို့ကို အိမ်



www.burmeseclassic.com

www.burmeseclassic.com



အပြန်လက်ဆောင်အဖြစ် ပါသွားလိမ့်ဦးမည်မှုချဖြစ်သည်။

ဤတွင် လူအုပ်နှင့်အတူ ပုဂံသို့ အမှတ်တမဲ့ လိုက်လာခဲ့ဖူးသော မန္တလေးသား ခရီးသည်တစ်ဦးသည် ရှေးဟောင်းလက်ရာများကို ကြည့်ရှုပြီးသည့်နောက်–

"ပုဂံကို လာရမယ်ဆိုတော့ ကျွန်တော် မကြည့်နိုးမိပါဘူး၊ အခုရောက်လာလို့ အံ့ဩစရာတွေကို တွေ့ရတော့မှ မရောက်မိဘဲများ သေသွားရရင် ခက်ရချည်ရဲ့လို့ အောက်မေ့မိတယ်"ဟု ဝန်ခံစကား ပြောခဲ့လေသည်။ (၁၀)

# ၈။ ရေနံမြေမှ ပြည်သို့

ပုဂံနောက် တွေ့လာရမည့်ဒေသသည် မြေဆီမှ ရွှေရည်ထွက်ရာဖြစ်လေသည်။ မြစ်အနောက်ဘက်ကမ်းမှ ရေနံချောင်းနှင့် လမ်းရွာ၊ မြစ်အရှေ့ဘက်ကမ်းမှ စဉ့်ကူးနှင့်ချောက်၊ ထို့နောက် ချောက်မှ မိုင်လေးဆယ်ဝေးသော ရေနံချောင်းမြို့။ ဤနေရာတစ်လျှောက် မြစ်ကြောင်းသည် ဖြောင့်လိုက်ကောက်လိုက်ရှိလေသည်။ ကမ်းပါးတွေ မတ်စောက်လေသည်။ ကုန်းပေါ်တွင်မူ မျှော်စင်တွေနှင့် ရေနံတွင်းများ၊ စက်ရုံများသည် ကောင်းကင်သို့ ထိုးထွက်နေကြသည်။

ထိုရေနံတွင်းများ၊ စက်ရုံများကို ကိုလိုနီခေတ်က ဘီအိုစီ (၁၁)၊ အိုင်ဘီပီ (၁၂) စသော အင်္ဂလိပ်နှင့်ကုလား ရေနံကုမ္ပဏီများက အငှားရထား၊ အပိုင်ရထားခဲ့လေသည်။ မူလက လက်ယက်တွင်းများဖြင့် ရေနံတူးခဲ့ကြသော တွင်းစားများထံမှ သူတို့ လွယ်လွယ်နှင့် အငှားစာချုပ်ရ၊ သို့မဟုတ် ဈေးပေါပေါနှင့် ဝယ်၊ ထို့နောက် အမေရိကန်ပါရဂူတွေငှား၊ ထို့နောက် ခေတ်စက်ကိရိယာများဖြင့် ရေနံစိမ်း တိုးချဲ့တူးယူ၊ ထို့နောက် အောက်အရပ်ရှိ သန်လျင်ဘက်သို့ ပိုက်လိုင်းများဖြင့်ပို့ကာ ရေနံဆီ၊ ဖယောင်းတိုင်၊ ဓာတ်ဆီ၊ စက်ဆီ ထုတ်လုပ်ပြီးလျှင် နိုင်ငံခြားတင်ပို့ရောင်းချခဲ့ကြသည်။ အကြီးအကျယ်လည်း မြတ်စွန်းခဲ့၏။ ထိုအခါ မြန်မာနှင့် ကုလားလုပ်သားများအဖို့ အကျိုးအနည်းငယ်သာ ခံစားရပြီး မကြာခဏ သပိတ်မှောက်မှုများ ဖြစ်ပွားခဲ့လေသည်။ ယခုခေတ်တွင်ကား ရေနံလုပ်ငန်းကို အစိုးရကိုယ်တိုင် ဦးစီးလုပ်ကိုင်နေလေပြီ။

စကားချပ်ပါဦးအံ့။ ချောက်မြို့နှင့် သုံးမိုင်အကွာရှိ ရေလဲမြို့ကို



www.burmeseclassic.com

www.burmeseclassic.com



သတိပြုရန် လိုလေသည်။ စလေသည် ဆီးသီးအထွက်အပြု နာမည်ကြီး၏။ ထို့ပြင် စာဆိုဦးပုည၏ အရပ် ဖြစ်ခဲ့၍လားမသိ၊ လမ်းကလေးတွေက ကွေ့ကွေ့ ကောက်ကောက်ဖြစ်နေကာ သစ်ပင်ရိပ်ကလေးများလည်းရ၍ နေပြောက်ကလေး တွေက ဟိုတစ်ကွက် သည်တစ်ကွက်ထိုးနှင့် ကဗျာဆန်လှပေသည်။ ထို့အတူ စလေမှ ဆယ်ငါးမိုင်ဝေးသော ဆင်ဖြူကျွန်းမြို့သည် မြန်မာရှေးသမိုင်းနှင့် ဆက်စပ်နေပေ၏။ ရှေးက ထိုနေရာမှ စလင်းချောင်းအတိုင်း ရခိုင်ဘက်သို့ စစ်ချီတတ်လေသည်။ တစ်ဖန်–

ရေငန်ရေချို နှစ်နိုင်ငံအတွင်းမှာ
ကြိုင်လျှံသတင်း အမည်တူ မပေါ်ပါ၍
မဒီမှအကျော်မှာ ဒြပ်သတင်းကြီးလောက်အောင်
ဇာတ်မင်းသမီးမှာ တဆောင်တယောင်ကနိုင်သည်
မောင်အောင်ဗလ (၁၃)

၏ ဇာတိချက်မြှုပ်လည်း ဖြစ်ပေသည်။

ခရီးစဉ်ကို ပြန်ကောက်ပါဦးအံ့။ ရေနံချောင်းအောက် မိုင်အစိတ်အကွာ၊ အနောက်ဘက်ကမ်းပေါ်တွင် မင်းဘူးမြို့ ရှိလေသည်။ မင်းဘူးသည် စက်တော်ရာသို့ သွားရာစခန်းဖြစ်၍ တစ်ကြောင်း၊ အနီးအနားတွင် နဂါးထွက်တောင်၊ ဝါ၊ ရွှံ့မီးတောင် ရှိ၍တစ်ကြောင်းတို့ကြောင့် လူသိများလေသည်။ တစ်ဖန် မုန်းချောင်း၊ မန်းချောင်း၊ စလင်းချောင်းတို့မှ မြောင်းသွယ်ထားလေသဖြင့် စိုက်ပျိုးရေး ကောင်းကောင်း ဖြစ်ထွန်းလေသည်။ ထို့ပြင် ရေနံတွင်းများ အသစ်တူး၍ ရသဖြင့် စီးပွားရေး တိုးတက်နေသည်။

မင်းဘူးနှင့် ဓားလွယ်ခုတ် မြစ်ကမ်းပါးစောက်ပေါ်တွင်ကား ရွှေတဝင်းဝင်း နှင့် မြသလွန်ဘုရားကို မြင်နိုင်လေသည်။ ထိုဘုရားသည် မကွေးမြို့၏ ကျက်သရေဆောင် ဖြစ်တော့သည်။ စီးပွားရေးအရ ဆိုရပါသော် မကွေးသည် ဓားနှင့်ကွမ်းညှပ်အပြင် နောက်ခံနယ်များမှထွက်သော နှမ်းနှင့်မြေပဲ အကြီးအကျယ် ရောင်းဝယ်ရာမြို့ ဖြစ်လေသည်။ သမိုင်းကြောင်းအရ ဆိုရပြန်သော် ပေလေးပင် ရှင်လေးပါး ထွန်းကားရာမြို့ဟု စာပေလောက၌ ထင်ရှားခဲ့သော တောင်တွင်းကြီးမြို့သည် မကွေးနယ်ထဲ၌ ရှိလေသည်။

ထိုကမှ အရှေ့ဘက် မြစ်ကြောင်းကွေ့သည့်အတိုင်း လှေသဘော စုန်





ဆင်းလာပြန်သော် အနောက်ဘက် ရခိုင်ရိုးမမှ ဖြာထွက်သော တောင်ခွယ်သည် လည်းကောင်း၊ အရှေ့ဘက် ပဲခူးရိုးမမှ ဖြာထွက်လာသော တောင်ခွယ်သည်လည်း ကောင်း ကမ်းပါးအထိရောက်သည်ကို တွေ့ရလေသည်။

ခရီးစဉ်လိုက် မြို့ရွာများမှာမူ အနောက်ဘက်ကမ်းရှိ မင်းလှနှင့် မလွန်၊ ထို့နောက် အရှေ့ဘက်ကမ်းရှိ ဆင်ပေါင်ဝဲနှင့် အောင်လံမြို့များ ဖြစ်ကြလေသည်။

အောင်လံအကြောင်းကို အနည်းငယ်ဆိုရပေဦးမည်။ ထိုမြို့ကို မူလက အာလံဟု ခေါ်လေသည်။ ဖြစ်ပုံမှာ တစ်ထောင့်ရှစ်ရာ ငါးဆယ့်နှစ်ခုနှစ်တွင် အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ဒုတိယအကြိမ် စစ်တိုက်နိုက်ခဲ့ရာ မြန်မာဘက်က အရှုံးနိမ့်လေသည်။

ထိုအခါ အင်္ဂလိပ်တပ်သည် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ မြေထဲမြို့ အထိ ချီတက်ကာ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်ပိုင်နက်အဖြစ် ကြေညာလိုက် လေသည်။ မြေထဲမြို့ အထက် ခြောက်မိုင်အကွာတွင်လည်း နယ်ခြားကျောက်တိုင် စိုက်ထူ၍ နယ်နိမိတ် သတ်မှတ်လေသည်။ ထိုနယ်နိမိတ်သည် အရှေ့ဘက်တောင် ငူမြို့ အထက်မြို့လှနှင့် တစ်တန်းတည်းဖြစ်လေသည်။ နယ်နိမိတ်ကျောက်တိုင် စိုက်ခဲ့သူမှာ အခြားမဟုတ်။ ဗိုလ်မှူးဂရန်အာလံ ဖြစ်လေသည် (၁၄)။ မြေထဲ ဘက်မှ လူအများသည်လည်း မြို့ကို တစ်စစ စွန့်ခွာ၍ ကြေးချောင်းတောင်ဘက် တွင် ရွှေ့ပြောင်းနေထိုင်ကြသည်။ ထိုနေရာတွင် ဝါဂွမ်းနှင့်မြေပဲဆီစက်များ တည်ဆောက်ပြန်ရာ မြို့အဖြစ် ကြီးပွားတိုးတက်လာပြီး ကျောက်တိုင်စိုက်သူ အာလံအမည်ဖြင့် မြို့အမည် တွင်ခဲ့လေသည်။ ထိုအမည်ကိုပင် အောင်လံမြို့ ဟူ၍ တစ်ထောင်ကိုးရာ ငါးဆယ့်ရှစ်ခုနှစ်တွင် ပြောင်းလဲသမုတ်ခဲ့ကြသည်။

အောင်လံအောက် အနောက်ဘက်ကမ်းရှိမြို့မှာ ဘီလပ်မြေထုတ်လုပ် ရာ သရက်မြို့ ဖြစ်လေသည်။ သရက်ကိုကျော်သော် ညောင်ပင်ဆိပ်၊ တစ်ဖန် ဆေးရွက် များများစားစားစိုက်ရာ ကမ္မ၊ ထို့နောက် အနောက်ဘက်ကမ်းတွင် ဖိုးဦးတောင်ကိုလည်းကောင်း၊ အရှေ့ဘက်ကမ်းတွင် ပြည်မြို့ကိုလည်းကောင်း ချဉ်းကပ်လေတော့မည်။

ပြည်မြို့မှ ရွှေဆံတော်စေတီသည် ရှေးဟောင်းစေတီဘုရား ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြင် စီတ်ဝင်စားဖွယ်ကောင်းလေသည်မှာ ပြည်မြို့ အရှေ့တောင်ဘက် ငါးမိုင်အကွာရှိ မှော်ဇာရွာတစ်ဝိုက်သည် ပျူလူမျိုးများ နေထိုင်ခဲ့ရာ သရေခေတ္တရာမြို့တော်ဟောင်း ဖြစ်နေခြင်းပင်။ ယနေ့ခေတ်တွင်ကား ပြည်သည် ရေလမ်း၊ ကုန်းလမ်း၊ လေလမ်းစုံသည့်အပြင် အထက်ဒေသနှင့် အောက်အရပ် ကုန်ဖလှယ်ရာမြို့ဖြစ်၍လည်းကောင်း၊ ရခိုင်တောင်ကုတ်ဘက်သို့သွားရာ ကားလမ်းစခန်းဖြစ်၍လည်းကောင်း၊ အထည်ရက်လုပ်ရာ ရွှေတောင်နှင့်ဆက်သွယ်နေ၍လည်းကောင်း အရေးပါလှပေသည်။

ပြည်မှလှေသင်္ဘော စွာလေသော် မကြာမီ ထုံးဘိုရွာကို ဖြတ်သန်းရတော့မည်။ ထိုရွာအနီးတွင် မြစ်ကမ်းပါးအရှောက် ထိုးထွက်နေသော ကျောက်နံရံကျယ်ကြီးရှိလေသည်။ အကောက်တောင်ဟု ခေါ်၏။ ထိုအကောက်တောင်နံရံများတွင် ဘုရားဆင်းတုပုံတော် အမျိုးမျိုးကို ကြည့်ညိုစရာ ထွင်းထုထားသည်ကို မြစ်ထဲမှ မြင်နိုင်လေသည်။

ထိုအဖြစ်သနစ်နှင့်စပ်၍ လူကြီးသူမများ ပြောခဲ့သော စကားအစဉ်အလာရှိလေသည်။ ရှိပုံမှာ ဗဒုံမင်းလက်ထက်က ရခိုင်ဘက်သို့ စစ်ချီခဲ့လေသည်။ ထိုအခါ မြို့တော်မြောက်ဦးသို့ ရေတပ်က ရောက်ခဲ့လေသည်။ နောက်တပ်ကမူ အင်အားဖြည့်ရန် အကောက်တောင်ဘက်တွင် စောင့်ဆိုင်းနေရသည်။ တပ်သားများအထဲတွင်လည်း နဂိုက အမရပူရရှိ ကျောက်ဆစ်သမားများ ပါလာခဲ့ကြသည်။ သူတို့သည် အားလပ်နေသည့်အချိန်အတွင်း အကောက်တောင်နံရံများတွင် ဘုရားဆင်းတု စတင်ထွင်းထုခဲ့လေသည်ဟူ၏။ (၁၅)

# ၉။ မြစ်ဝကျွန်းပေါ်

ပြည်မြို့အောက် မိုင်ငါးဆယ်ခန့်ရှိ မြန်အောင်သို့ လှေသင်္ဘောရောက်သော် မိုးကောင်း၍ စိမ်းစိုသောဒေသကို မြင်နိုင်လာပြီ။ မြစ်ဝကျွန်းပေါ်အစကို တွေ့နိုင်လာပြီ။

မြစ်ဝကျွန်းပေါ်၏ မူလအဖြစ်ကို ဆိုရလျှင် ဧရာဝတီမြစ်သည် ရေစီးနှင့်အတူ နုန်းမြေများကို သယ်ဆောင်ရာက တဖြည်းဖြည်း ဖိုလာပြီး မြေနုကျွန်းပေါ်လာခြင်း ဖြစ်လေသည်။ ထိုအခါ ဧရာဝတီမြစ်သည် မြန်အောင်မြို့အောက်နားမှစ၍ ပုသိမ်မြစ်၊ ရွှေမြစ်၊ ဧရာဝတီမြစ်မကြီး၊ ဖျာပုံမြစ် စသည်ဖြင့် မြစ်ငယ်များ၊ ချောင်းများ ခွဲ၍ခွဲ၍ မုတ္တမပင်လယ်ထဲသို့ စီးဝင်ခဲ့လေသည်။ (ရန်ကုန်မြစ်မှာကား လှိုင်မြစ်၊ ပန်းလှိုင်မြစ်များမှနေ၍ ဧရာဝတီမြစ်မကြီးနှင့် ဆက်သွယ်ရလေသည် ဖြစ်သည်)

မြစ်ချောင်းတွေအကြားရှိ မြေပြင်အနေအထားသည်လည်း ကျွန်းကြီးများသဖွယ် ရှိလေသည်။ ထိုမြေပြင်အတွင်းပိုင်းရှိ ရေဆင်းမကောင်းသည့်နေရာများသည် အင်းအိုင်များ ဖြစ်နေကြသည်။ ထိုကျွန်းကြီးများ ပတ်လည်တွင် မိုးတွင်းအခါ မြစ်ချောင်းရေလျှံခြင်း ကာကွယ်ရန် တာရိုးများ တည်ဆောက်စိုက်ပျိုးမြေများအဖြစ် ပြုပြင်ထားခဲ့ရလေသည်။ (၁၆)

မြစ်ဝကျွန်းပေါ်ဒေသကား အထက်အညာနှင့် လူနေချင်းမတူ။ အထက်အညာတွင် မြန်မာများသာ အဓိက နေထိုင်ကြသည်။ ဤဒေသတွင်မူ မြန်မာများ၊ ကရင်များ၊ မွန်အဆက်အနွယ်များ၊ နိုင်ငံခြားသားများ ရောနှောနေထိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ကရင်ရွာတွေ၊ မွန်နာမည်နှင့် မြို့ရွာတွေလည်း ပေါ်များပါပေသည်။ အပင်တွေဆိုလျှင် ခနီပင်၊ ကနစိုပင်များသာမက မွန်များရှေးက အနေကြာခဲ့ဖူးသောကြောင့်ပေထင့်၊ မွန်သံပါသော အပင်အခေါ်အဝေါ် စသည်ဖြင့် ရှိနေလေသည်။

လွန်ခဲ့သော အနှစ်လေးငါးဆယ်က အောက်သားတွေကြားတွင် ပျံ့နှံ့နေခဲ့သော ပြက်လုံးတစ်ခုကို သာဓက ပြပါအံ့။

အထက်အညာမှ ဘုန်းကြီးတစ်ပါးသည် အောက်ရွာဒေသတွင် အခြေစိုက်ရန် လှေကြုံနှင့် လိုက်လာ၏။ လှေပေါ်မှ မျှော်ကြည့်ရင်း ရေလယ်ကောင်တွင် သောင်ဖွေးဖွေးမြင်၍ လှေသမားကို–

"ဟောဟိုဟာ ဘာလဲ ဒကာရဲ့"

ဟု မေးလေသည်။ လှေသမားက–

"လတာ ခေါ်ပါတယ်ဘုရား"

ဟု ပြန်လျှောက်လေသည်။ ဘုန်းကြီးသည် လတာ လတာဟု အဖန်ဖန် မှတ်သားထားပေ၏။ ထို့နောက် သစ်ပင်ကိုင်းကိုင်းတစ်ခုကို မြင်၍ မေးပြန်၏။

"လမုပင်ပါတဲ့ဘုရား"

ဟု လှေသမားက ဖြေပြန်၏။

"အင်း နုတင်က လတာ၊ အနုဟာ လမု၊ ကိုင်း ဆက်ပြီးလှော်ဦး" ဟု ဘုန်းကြီးက အမိန့်ရှိလေသည်။ ခရီးအတန်ရောက်လာသော် ဘုန်းကြီးက ကမ်းစပ်တစ်နေရာတွင် လှေအကပ်နိုင်းလေသည်။

"ကဲ ဒကာ၊ ဟိုသစ်ပင်ကလေးမှာ ကြိုးချည်ပေတော့"

ဘုန်းကြီး၏ အပြောကို နားမရှင်းသည်နှင့် လှေသမားက–

"ဘယ်သစ်ပင်လဲ ဘုရား၊ ဒီလမဲပင်မှာလား"

ဟု ပြန်လျှောက်လေသည်။ ဘုန်းကြီးလည်း လ အသုံးချည်းကြားနေရ၍ စိတ်တိုကာ–

"အေးအေး လ–မဲပင်မှာ လ–လှေဆိုက်ပြီး လ–ဆွမ်းစားမယ်"

ဟု ပြန်ပြောလိုက်လေသည်။ (၁၇)

ခရီးစဉ် ပြန်ဆက်ရသော်–



မြန်အောင်မှ စုန်ဆင်းလာသော လှေသဘော်သည် မြစ်ထဲတွင် တံငါပိုက်တွေကို ဖြတ်သန်းလာရပေလိမ့်မည်။ ဘေးဘီက သောင်တွေပေါ်တွင် ငှက်ရုတ်၊ ကြက်သွန် စိုက်ခင်းတွေကို မြင်ရပေလိမ့်မည်။ အဝေးတွင် ကောက်ပင်စိမ်းလဲ့လဲ့နှင့် လယ်ကွင်းတွေ လယ်ကွင်းတွေကို မျက်စိတစ်ဆုံး မြင်ရပေလိမ့်မည်။

အကယ်၍ ဧရာဝတီမြစ်မကြီးအတိုင်း စုန်ဆင်းလာသည်ဆိုအံ့။ ခနီပင်၊ ဒုန်းပင်တွေဖားဖား ဝေနေသော ကြံခင်း၊ ဟင်္သာတ၊ ဓနုဖြူ၊ ညောင်တုန်းမြို့များကို ရောက်ရတော့မည်။ ထိုမြို့များကမ်းပါးတွင် တာရိုးထားသည်ကို တွေ့ရပေဦးမည်။ ထိုအရပ်ကား ဒီရေ အတက်အကျရှိသောနေရာများ ဖြစ်ကြတော့သည်။ ဒီရေအတက်အကျနှင့်လိုက်၍ ဗေဒါအုပ်ပြာလဲ့လဲ့ ဝါတာတာသည်လည်း လှေသဘော်နှင့်ယှဉ်၍ အစုန်အဆန် မျောပါတတ်လေသည်။

ညောင်တုန်းမြို့အောက်တွင် ဧရာဝတီမြစ်မကြီးသည် မြစ်ငယ်၊ ချောင်းတို့များ ထပ်မံဖြာထွက်ပြန်လေသည်။ ထို့ကြောင့် ဝါးခယ်မ၊ မြောင်းမြ၊ မအူပင်၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဒေးဒရဲ စသည်ဖြင့် မြစ်ဝကျွန်းပေါ်တစ်ပြင်လုံး လှေသဘော် ကူးသန်းသွားလာနိုင်လေသည်။ ပြည်ပနိုင်ငံခြားနှင့် ရေလမ်းအဆက်အသွယ်မှာကား မြစ်ဝကျွန်းပေါ် အနောက်ဘက်ရှိ ပုသိမ်မြို့နှင့် အရှေ့ဘက်ရှိ ရန်ကုန်မြို့တို့မှတစ်ဆင့် ရနိုင်လေသည်။ ပုသိမ်မြို့သည် မြန်မာမင်းများလက်ထက်ကတည်းကပင် ပင်လယ်ဆိပ်ကမ်း ဖြစ်ခဲ့လေသည်။ ရန်ကုန်မြို့မှာမူ တံငါရွာငယ်အဖြစ်မှ ကိုလိုနီခေတ်တွင် မြို့တော်အဖြစ် ပြောင်းလဲခဲ့ပြီးလျှင် ပြည်တွင်းပြည်ပ ဆက်သွယ်ကူးသန်းရေးတွင် အရေးအပါဆုံး အခြေသို့ ရောက်လေသည်။

ဤတွင် ဧရာဝတီ မြစ်ရိုးတစ်လျှောက် အညာနှင့် အောက်အရပ် ကုန်ကူးကြပုံ တစ်စိတ်တစ်ဒေသ ပြပါဦးအံ့။

နှစ်ဆယ်ရာစု ရှေ့ပိုင်းကာလတွင် အင်္ဂလိပ်တို့၏ ဧရာဝတီ ဖလော်တီလာ မီးသင်္ဘောကုမ္ပဏီ (၁၈)ပိုင် မီးသင်္ဘောများသည် ရန်ကုန်နှင့် ဗန်းမော်မြို့အကြား မြစ်ရိုးတစ်လျှောက်တွင် ခရီးသည် တင်ကာချကာ ကုန်ပစ္စည်းတင်ကာချကာ သွားလာနေခဲ့ကြ၏။ ထိုမီးသင်္ဘောများနှင့် တစ်ချိန်တည်းပင် အညာနှင့် အောက်အရပ်မြို့ရွာများသို့ ဆိုက်ကပ်ကာ ကုန်ပစ္စည်း ရောင်းချသော မြန်မာပိုင်ကောလှေများ၏ အခန်းကဏ္ဍကလည်း မသေးလှပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုလှေမျိုးမှာ ဦးကောပဲထောင် ဖြစ်လေသည်။ ဦးပိုင်းတွင် ကြေးနီကြေးဝါပြား ပတ်ထားသဖြင့် ပြောင်လက်နေသည်။ ပဲဖျားတွင် အရုပ်အမျိုးမျိုး ပန်းအမျိုးမျိုး ထုထားသည်။ လှေပုံပန်းသည် ဧရာဝတီမြစ်နှင့် ပနံရ၏။ ဧရာဝတီမြစ် ရေပြင်ပေါ်တွင် အထက်အောက် စုန်ဆန်သွားလာသည့်အခါ အလွန်ကြည့်၍ကောင်းလေသည်။

အောက်မြို့ကျေးရွာ ဆိပ်ကမ်းကို အညာလှေကြီးဆိုက်လာပြီ ဆိုပါစို့။ အရပ်ထဲက မိန်းမ ယောကျ်ားတွေ ဝယ်ဖို့ခြမ်းဖို့ အုတ်အော်သောင်းတင်း ဆင်းလာကြလိမ့်မည်။ သူတို့နှင့်အတူ ကလေးတွေလည်း ပါလာလေ့ရှိသည်။

လှေသူကြီးမောင်နှံ ပုံပန်းကို ကြည့်ပါလေဦး။ သူတို့နှစ်ဦးစလုံး ကိုယ်ခပ်ဖိုင့်ဖိုင့် ရှိနေတတ်သည်။ လှေသူကြီးမှာ မျက်နှာခံ့ခံ့ညားညား ဖြစ်သည်။ ကွမ်းဝါးနေဖို့က များသည်။ ပဝါထုံးခြောက်ရောင်ပေါင်း၍ ပုဆိုး အချိတ်ရောင်ကန့်လန့်စင်း ဝတ်ထားကောင်း ဝတ်ထားမည်။ လှေသူကြီး ကတော်မှာမူ မျက်နှာဝိုင်းဝိုင်း၊ ဆံ့ထုံးနှင့် ဆံပင်ကြီးကို ခေါင်းတွင်ပတ်၍ ပိတ်အကျႌ လက်တိုအသားကြမ်းကြမ်းနှင့် ယောလုံချည်ဝတ်ထားကောင်း ဝတ်ထားမည်။ လှေသူကြီးကဲ့သို့ပင် ကွမ်းကြိုက်တတ်၍ သွားများ ရှားစေးရောင်ထနေစရာ အကြောင်းရှိသည်။ သူတို့နှစ်ဦးစလုံးပင် နှုတ်ချိုကြမည်မှာ သေချာပေသည်။

"အညာကုန်တွေ စုံပါရော၊ ကျောက်ပျဉ်၊ ယွန်းအစ်၊ ထန်းလျက်တို့၊ ပုံးရည်ကြီးတို့ ပါတယ်တဲ့ဟေ့"

ဤသို့ ကြော်ငြာသံတွေ ကြားလာရသည်။

"ကြည့်စမ်း သနပ်ခါးခေါက်ကြီးက ကောင်းလိုက်တာ။ ဟိုဖိုးဝရုပ်ကြီးက ချစ်စရာကြီး"

ဤသို့ ပြောသူတွေလည်း မရှား။

"ဒီကြေးစည်ကလေးက အသံ သာလိုက်တာ။ ဒီကတ်ကြေးကကော၊ ဒီဓားကကော၊ ဦးကြီးတို့မှာ ဆေး(စိမ်း)မှုန့်တွေပါလာသေးသလား၊ ဘာသဲမျိုးများ ပါသေးသလဲ"

ဤသို့မေးသူတွေလည်း အပုံပင်။

"မောင့်မေမေ ကြိုက်တတ်တဲ့ မကွေးနှမ်းဆီ ဆုံဆီစစ်ပါလာတယ်လို့ ပြောလိုက်ပါနော်"





ဤသို့ လှေသူကြီးထံမှ စကားဦးသန်းသံလည်း တစ်ခါတစ်ရံ ထွက်လာတတ်သည်။

"ဒီမယ် ဦးကြီးရဲ့၊ အမေက သူမှာလိုက်တဲ့ ဆေးရိုးကောင်းကောင်း ပါလာသလားတဲ့။ ပြီးတော့ အမေမှာလိုက်တဲ့ လက်ဖက်ခြောက်ရယ်၊ သကာရည်ရယ်၊ ထန်းလျက်ဖြူဆုပ်ကြီးတွေရယ်"

"သြော်... ဟုတ်တယ် လုံမလေးရဲ့၊ ဒါတွေလည်း အကုန်ပါတယ်၊ ပြောလိုက်ပါကွယ်၊ မင်းအမေကို"

ဤသို့ ဈေးသည်နှင့် ဈေးဝယ် အမေးအဖြေလုပ်ကြသည်လည်း ရှိပေ၏။ (၁၉)

အညာလှေကြီးသည် ပါသမျှကုန်တွေကို ရောင်း၍ အောက်ပြည်အောက်ရွာမှ အပြန်တွင် ဆား၊ ငါးပိ၊ ငါးခြောက်၊ ဆန် စသည်ကို တင်သွားတတ်လေသည်။

အညာလှေကြီး ကုန်ရောင်းသကဲ့သို့ တိုင်းခြားကုန်သည်ပိုင်းက ကုန်ရောင်းပုံ ထပ်ဖြည့်လိုပေသေးသည်။ ကိုလိုနီခေတ်မြို့ကြီးများတွင် (၂၀) ဂျိုကောပ်ကုမ္ပဏီ (၂၁)၊ ဝပ်ဆင်ကုမ္ပဏီ (၂၂) စသည်ဖြင့် အင်္ဂလိပ်လူမျိုးများပိုင် ကုန်ပဒေသာတိုက်များ ဖွင့်ထားခဲ့လေသည်။

ဤတွင် ဝပ်ဆင်ကုမ္ပဏီသည် အခြားကုမ္ပဏီများလောက် မြို့ရွာများတွင် တိုက်ခွဲမများ။ ရန်ကုန်မြို့ ပန်းဆိုးတန်း၊ အမှတ်တစ်ရာခြောက်ဆယ်သုံးတွင် ပင်မတိုက်ကြီးရှိ၍ မန္တလေးတွင် တိုက်ခွဲထားသည်။ သို့ရာတွင် မိမိတိုက်မှ ကုန်များကို ဧရာဝတီမြစ်ရိုးတစ်လျှောက် မြို့ရွာနှံ့အောင် စီစဉ်ပုံမှာ စိတ်ဝင်စားစရာ ကောင်းလေသည်။

ဝပ်ဆင်ကုမ္ပဏီသည် မြို့ရွာများရှိ လူကုံထံများ၊ နိုင်ငံခြားကုန်နှင့်သက်တတ်သူများထံသို့ မိမိထုတ်ဝေသော ကော်ဇောသစ် မဂ္ဂဇင်းကိုလည်းကောင်း၊ ကုန်ကက်တလောက် စာအုပ်ကိုလည်းကောင်း ပို့ထားနှင့်လေသည်။ ထို့နောက် ဧရာဝတီ ဖလော်တီလာ မီးသင်္ဘောကုမ္ပဏီမှ မီးသင်္ဘောနှင့် စီပီတွဲသမ္ဘန် ငှားထားလေသည်။ သင်္ဘော ဒုတိယထပ်နှင့် စီပီတွဲသမ္ဘန်နှစ်ထပ်တွင် မော်တော်ကား၊ စက်ဘီး၊ သားရေရှူးဖိနပ်၊ အဝတ်ရှူးဖိနပ်၊ လက်ပတ်နာရီ၊ တိုင်ကပ်နာရီ၊ စားပွဲတင်နာရီ၊ ချည်ထည်စ၊ ပိုးထည်စ၊ ဓာစ၊ ချုပ်ပြီးရုပ်အကျႌ၊



www.burmeseclassic.com

www.burmeseclassic.com



ဆွယ်တာအင်္ကျီ၊ သိုးမွေးအင်္ကျီ၊ ခေါင်းစွပ်၊ ဂွမ်းစောင်၊ စီးကရက်၊ မုန့်၊ ပေါင်ဒါဘူး၊ ရေမွှေးပုလင်း၊ ခေါက်စုတင်၊ လက်နှိပ်ဓာတ်မီး၊ ဖဲထီး၊ မိုးကာအင်္ကျီ၊ သွားရေအိတ်၊ ဓာတ်ဘူး၊ ဇွန်း၊ ကြွေပန်းကန်၊ ဒန်အိုးဒန်ခွက်၊ မြင်းကုန်းနှီး၊ စာရေးစက္ကူအလှ၊ ကော်ဖော၊ အိမ်ထောင်ပရိဘောဂ၊ သံမဏိသေတ္တာ၊ မီးခံသေတ္တာ၊ ဓာတ်ပုံရိုက်ပစ္စည်း၊ လက်ယားသုံးပစ္စည်း စသည်ဖြင့် လူတကာအကြိုက် နိုင်ငံခြားပစ္စည်း၊ နိုင်ငံခြားဟန်ပစ္စည်းမျိုးစုံကို အကန့်အကန့်ခင်းကျင်း၍ အထက်ဆန်လေသည်။ ထို့နောက် ကြုံရာမြို့ရွာများတွင် ဆိုက်ကပ်၍ အေးအေးဆေးဆေး ပစ္စည်းရောင်းချလေသည်။ အထက်မြို့ရွာသို့ သင်္ဘောဆန်တက်၍ ပစ္စည်းရောင်းချသည်မှာ ပခုက္ကူမြို့မျိုး ရောက်သည်အထိ ဖြစ်ပေ၏။ ပခုက္ကူမြို့မျိုးသို့ သင်္ဘောဆိုက်ပြီဆိုလျှင်လည်း မြို့ခံလူကြီး၊ လူငယ်၊ ယောက်ျား၊ မိန်းမတွေသာမဟုတ်၊ တောရိုင်းက လူကြီး၊ လူငယ်၊ ယောက်ျား၊ မိန်းမတွေပါ ဘုရားပွဲတော်တွင် ဈေးဝယ်လာသည်ပမာ အုတ်အုတ်ကျက်ကျက်နှင့် မြို့တက်လာကြ၍ သင်္ဘောအထက်အောက် ပြည့်ကျပ်နေလေတော့သည် (၂၃)။

ဤရွှေ ဤမြကား မိုင်တစ်ထောင်ကျော် ရှည်လျားသော ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှုခင်း ဖြစ်ပါပေသတည်း။

# အပိုင်းနှစ်

သူ့ကမ်းပါးတွင်
လယ်သမားလုပ်သား စီးမွားတည်ဆောက်
တို့ပြည်မောက်ခဲ့။

သူ့ကမ်းပါးတွင်
ဘုရားပုထိုး မိုးစွင့်တည်ဆောက်
တို့ပြည်မောက်ခဲ့။


သူ့ကမ်းပါးတွင်
ထီးများ နန်းများ ငွားငွားတည်ဆောက်
တို့ပြည်မောက်ခဲ့။

မင်းနေပြည်များ
သူ့ကမ်းပါးတွင် ဟိုးနားပေါ်လိုက်
ပျောက်သွားလိုက်နှင့် လှိုင်းရိုက်လေကာခဲ
မမြဲပြန်လည်း ငွေလျှံမြဲနှစ်
ဧရာမြစ်ကား နှစ်ပေါင်းထောင်သောင်း
သိန်းသန်းပြောင်းလည်း အားကောင်းစွာပင် စီးဆင်းဆဲ။

အုံမောင်

www.burmeseclassic.com

www.burmeseclassic.com



## ၁။ သမိုင်းအစ

ရှေးသတိမြစ်ဝှမ်း၌ လူ့အဖွဲ့အစည်း ဖြစ်ထွန်းတိုးပွားလာပုံကို သက္ကရာဇ်စဉ်၍ သမိုင်းထိုး၍ ဖော်ပြပါဦးအံ့။

နှစ်ပေါင်း ခြောက်ထောင်လောက်ကစ၍–

ရွှေဘို–ဟလင်းဘက်

စစ်ကိုင်း–အမရပူရဘက်

ပခုက္ကူ–မြင်းခြံဘက်

ပုဂံ–ညောင်ဦးဘက်

သရက်–မင်းဘူးဘက်

ချင်းတွင်း အရှေ့နှင့် အနောက်ဘက်တွင်

လူသားတို့သည် အုပ်စုဖွဲ့၊ သားငါးတိရစ္ဆာန် ရှာဖွေခဲ့ရာ အခြေမှတိုး၍ အိမ်ရာထောင်ကာ ဝါးခင်း ထန်းလက်ကာမိုး အိမ်ဆောက်ကာ၊ ရွာတည်ကာ စုဆောက်၊ တံစည်းပဲခွပ်၊ တူးရွင်းပြား၊ ပုဆိန်စသော ကျောက်သစ်ကိရိယာ အသုံးပြုပြီးလျှင် စပါး၊ ပဲ၊ ပြောင်း၊ ပီနံဥ၊ မျောက်ဥ၊ ဘူး၊ ဖရုံ၊ သခွားတို့ကို စိုက်ပျိုးထုတ်လုပ်နိုင်သည့် အခြေသို့ ရောက်ခဲ့လေသည်။

တစ်ဖန်၊ ကျွဲ၊ နွား၊ ကြက်၊ ခွေး၊ မြင်းတို့ကို ယဉ်ပါးစေ၍ အချို့ကို လုပ်ငန်းတွင် နိုင်းနိုင်ခဲ့လေသည်။

တစ်ဖန် ဖင်လုံအိုးများလုပ်၍ ပစ္စည်းများကို ရေရှည်ထားသို လာခဲ့လေ သည်။

www.burmeseclassic.com



တစ်ဖန် လျှော်တေအဝတ်စကို ယောက်ျား မိန်းမ ဝတ်၍ဖြစ်စေ၊ ယောက်ျားက ဆေးမင်ကြောင်ထိုး၊ မိန်းမက ရောင်စုံပုတီးဆင်၍ဖြစ်စေ တင့်တယ်မှု ရှာခဲ့လေသည်။

ဤသို့အားဖြင့် လူနေမှု ချောင်ချိလာလေသည်။

သူတို့သည် ရေ မြေ တော တောင်နှင့် လက်ပွန်းတတီးနေရ၍ ထိုရေမြေတောတောင်၏ ကောင်းကျိုးဆိုးကျိုးကို ခံစားသိရှိကြပေ၏။ ထို့ကြောင့် ရေမြေတောတောင်ကို ပီညာဉ်သွင်းကာ၊ နတ်အမှတ်ပြုကာ မိမိတို့ ဘေးမခရ အောင်နှင့် အကျိုးဖြစ်ထွန်းရအောင် ကိုးကွယ်ပသခဲ့ကြသည်ဟုဆိုရန် ရှိလေသည်။

တစ်ဖန် တမလွန်ဘဝကို ယုံကြည်ကြသဖြင့် ကွယ်လွန်သူ အိမ်သား၏ ဝိညာဉ်ကို မိမိတို့အပါးတွင် ရှိရလေအောင် ထိုသူ့အရိုးပြာကို အိမ်တွင်း၌ ထားသိုခဲ့ကြသည်ဟုလည်း ဆိုရန်ရှိလေသည်။ (၂၄)

ဤသည် သမိုင်းမတိုင်မီခေတ်ဟုခေါ်သော အက္ခရာစာပေ မပေါ်မီခေတ်၏ အခြေအနေ ပေတည်း။ စာနှင့်ပေနှင့် ခေတ်ကား ခရစ်နှစ် ပေါ်ဦးစအခါတွင် ဖြစ်ပေသည်။ ထိုအခါ အာရှမြောက်ပိုင်းမှ အသားဝါ မွန်ဂိုလွိုက်မျိုးနွယ်ဝင် မွန်လူမျိုးက ပထမ၊ ပျူ၊ နာဂ၊ ချင်း၊ ကရင် စသည့် လူမျိုးများက ဒုတိယ ဟူ၍ (ယခုခေတ် မြန်မာနိုင်ငံအပါအဝင်) တောင်ဘက်ဒေသများသို့ အသုတ် လိုက် ပြောင်းရွှေ့နေထိုင်ခဲ့ကြကြောင်း သုတေသီအချို့က ဆိုလေသည်။ (၂၅)

စကားချပ်ရဦးမည်။ ခြောက်ရာစုဘီစီတွင် သကျသာကီဝင်မင်း အဘိရာဇာနှင့် နောက်ပါတို့သည် အနောက်မဇ္ဈိမဒေသမှ အထက်ဧရာဝတီမြစ်ဝှမ်းရှိ တကောင်းသို့ လာရောက်ထီးနန်း စိုက်ထူခဲ့ကြသည်ဟုသော အစဉ်အလာ အဆိုအမိန့်ရှိခဲ့လေသည်။ သို့ရာတွင် ဆိုင်ရာဝတ္ထုပစ္စည်း အထောက် အထား ရှာမရသေးသဖြင့် ဤမျှသာ ဖော်ပြလိုပေသည်။ (၂၆)

ပြန်ကောက်ပါဦးအံ့။ ရွှေဘို–ဟလင်းဘက်၊ တောင်တွင်းကြီး–ကုက္ကိုဝ္ဘက်၊ ပြည်–မော်ဇာဘက် ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်တွင် နေထိုင်လာသူ တို့သည် ပျူလူမျိုးတို့ ဖြစ်ကြလေသည်။ ထိုအတူ နာဂတို့သည် ယခုခေတ် မြန်မာနိုင်ငံ အနောက်ဘက်တွင်လည်းကောင်း၊ ချင်းတို့သည် ချင်းတွင်းမြစ်ဝှမ်း တွင်လည်းကောင်း၊ ကရင်တို့သည် ပဲခူးရိုးမအရှေ့ စစ်တောင်းမြစ်ဝှမ်းတွင်



လည်းကောင်း နေထိုင်ကြလေသည်။ မွန်တို့မှာမူ မုတ္တမပင်လယ်ကွေ့ အရှေ့နှင့် အနောက်ဒေသတွင်လည်းကောင်း၊ မဲနံမြစ်ဝှမ်းတွင်လည်းကောင်း၊ အရှေ့ အနောက် ဖြန့်၍နေထိုင်ကြလေသည်။

ပျူတို့သည် ကျောက်ခေတ်သစ်လူသား၏ အမွေကို ဆက်ခံတိုးပွားခဲ့ ကြသည်။ ထိုအခါ မိုးရေသုံး၍လည်းကောင်း၊ မြောင်းသွယ်၍လည်းကောင်း၊ စိုက်ပျိုးရာတွင် ကျွမ်းကျင်လာကြပေ၏။ အိုးထိန်းစက်သုံး၍ အခင်းအကွက်ပါ သောအိုးကို သုံးတတ်လာကြပေ၏။ ကြေးဖလား၊ ငွေကြုတ်၊ စည်ပုံပုတီး၊ တိရစ္ဆာန်ပုံဖော် ပုတီး၊ ရွှေပုတီးစသည့် အနုလက်ရာများကို တီထွင်လာကြပေ၏။ ဘာသာအယူဝါဒတွင်ကား တမလွန်ဘဝကို ယုံကြည်ကြသည့်အတိုင်း ကွယ်လွန် သူကို မီးရှို့ကာ အရိုးပြာကို အိုးတွင်ထည့်သိမ်းဆည်းထားမြဲ ထားခဲ့ကြသည်။

ထို့နောက် မွန်တို့နည်းတူ ယခုခေတ် ပါကစ္စတန်နှင့် အိန္ဒိယဘက်မှ အလေ့အလာတွေ၊ လူတွေနှင့် တွေ့ကြုံရဖန် များခဲ့လေရာ သူတို့၏ လူနေမှုသည် ပို၍ကြွယ်ဝလာတော့သည်။ ဟိုဘက်က အလေ့အလာတွေ၊ ဟိုဘက်ကလူတွေ သည်လည်း အများအားဖြင့် ပင်လယ်ခရီး ဖြတ်သန်း၍ ဧရာဝတီမြစ်ကြောင်း အတိုင်း ဝင်ခဲ့လေသည်။

ထို့ကြောင့် သူတို့သည် ကျေးမြို့ရိုးနှင့် မြို့ပြတည်ဆောက်နိုင်ရအောင် တိုးတက်လာခဲ့ပေသည်။ သူတို့ တည်ထောင်သော မြို့ပြအမည်များကိုပင် ဟိုဘက်က အာရိယန်အခေါ်ကို တုရ၍မှည့်ခဲ့ကြသည်။

တုပုံမှာ တောင်တွင်းကြီး–ကုက္ကိုဝ္ဘက်တွင် ဗိဿနိုးပြည်ဟူ၍လည်း ကောင်း၊ ပြည်–မော်ဇာဘက်တွင် သရေခေတ္တရာပြည် ဟူ၍လည်းကောင်း အမည်မှည့်ခဲ့ခြင်း ဖြစ်တော့သည်။

ဤတွင် ပြည်ပခလေ့ထုံးစံကို အနည်းငယ် ဖော်ပြဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂။ အာရိယန်ယဉ်ကျေးမှု

ဘီစီ ခြောက်ရာစုတွင် အိန္ဒုမြစ်ဝှမ်း (ဥတ္တရာပထ)နှင့် ဂင်္ဂါယမုန်နာမြစ်ဝှမ်း (မဇ္ဈိမဒေသ)မှ လူမှုရေး၊ ဘာသာရေးအခြေအနေသည် ဤသို့ ဖြစ်လေသည်။

ဤအချိန် ဤဒေသတွင် အာရိယန်မျိုးနွယ်တို့၏ ဂန္ဓာရ၊ ကမ္ဗောဇ၊ ကာသိ၊ ကောသလ၊ မဂဓ၊ ဝဇ္ဇီ၊ မလ္လ၊ ပဉ္စာလကဲ့သို့ တိုင်း(ပြည်)ကြီး ဆယ်ခြောက်တိုင်း(ပြည်) ရှိခဲ့လေပြီ။ အသားဖြူ မျက်စိပြာ အာရိယန်တို့သည်လည်း ပြည်ပမှရောက်လာပြီးလျှင် နဂိုရှိရင်းစွဲ အသားမည်း ဒြဝိဒီယန်လူမျိုးတို့ကို နှိမ်နင်း၍ တိုင်းပြည် ထောင်ခဲ့ခြင်းဖြစ်လေသည်။ တိုင်းဆယ်ခြောက်တိုင်းအနက် မဂဓကဲ့သို့တိုင်းတွင် မျိုးရိုးစဉ်လာ (မိစဉ်ဖလိုက်) ဘုရင်အုပ်ချုပ်ရေး ထွန်းကား၍ ဝဇ္ဇီကဲ့သို့တိုင်းတွင် ဂဏအုပ်ချုပ်ရေး၊ ဝါ၊ အထက်တန်းစားချင်း ရွေးကောက်ရသော အုပ်ချုပ်ရေး ထွန်းကားလေသည်။ (၂၇)

တိုင်းပြည် အုပ်ချုပ်သူများသည် ယေဘုယျအားဖြင့် စစ်ရေးကျွမ်းကျင်သော ခတ္တိယမျိုး ဖြစ်လေသည်။ တိုင်းပြည်ရှိ ကျန်အမျိုးအစားမှာမူ ဘာသာရေးဆရာ၊ မင်းဆရာဗြာဟ္မဏပုဏ္ဏား၊ ကုန်သွယ်လယ်လုပ်ဝေဿ၊ အနိုင်ခံဒြဝိဒီယန်လူမျိုးဖြစ်သော အောက်တန်းအလုပ်သမားသုဒ္ဒဟူ၍ ဖြစ်ကြသည်။ လုပ်ငန်းတာဝန်အရ လူတန်းစားလေးမျိုး ကွဲပြားခြင်းပေတည်း။

ဘာသာရေးကို ဆိုရပေဦးမည်။ ဘာသာရေးသည်လည်း အဆင့်ဆင့်ရှိလေသည်။

ရှေးဦး ပထမက နေ၊ မိုးကောင်းကင်၊ လေ၊ မီးစသော သဘာဝဓာတ်



များကို လူတို့ ကြောက်ရွံ့ခန့်ညားခဲ့ကြလေသည်။ ထိုအခါ ထိုအရာတို့ကိုပင် သူရိယ၊ ဣန္ဒြေ၊ ဝရုဏ၊ အဂ္ဂိစသည်ဖြင့် နတ်အမှတ်ပြုကာ ကောင်းရန်ကင်းယပ်ပူဇော် ကိုးကွယ်ခဲ့ကြလေသည်။

ထို့နောက် ပုဂ္ဂိုလ်အချို့တွင် ဆင်ခြင်စဉ်းစားခြင်းအမှု ရှိခဲ့လေသည်။ စဉ်းစားပုံမှာ ဗြာဟ္မန်ဟူသော ပရမတ္တသစ္စာသည် တစ်လောကလုံး ပျံ့နှံ့၍ ထာဝရလည်းတည်၊ ငြိမ်သက်သလည်း ကင်းပေ၏။ လူတို့၏ အတ္တဝိညာဉ်မှာလည်း ဗြာဟ္မန်၏ အစိတ်အပိုင်းပင် ဖြစ်ပေ၏။ တစ်နည်းဆိုရသော် ဗြာဟ္မန်သည် လူသတ္တဝါတို့၏ဝိညာဉ် (သို့မဟုတ် သန္ဓာန်)တွင် ကိန်းအောင်းနေပေ၏။ သို့ရာတွင် မာယာပိတ်ဖုံးနေ၍ ကာမတဏှာ ကပ်ငြိနေ၍ ဝိညာဉ်သည် အမှန်မမြင်နိုင်။ ထိုအခါ အနာမနေရ၊ ဘဝပြောင်းကာ သံသရာလည်ကာနှင့် ဒုက္ခသုကု ကြုံကြရလေသည်။ ထိုသံသရာဒုက္ခမှ လွတ်မြောက်ရန်၊ ဝါ၊ ဗြာဟ္မန်နှင့် တပူးတပေါင်းတည်းအဖြစ် ရောက်ရန်၊ ယောဂီတပသီအကျင့် ကျင့်၍ ကိုယ်နှုတ်နှလုံး ဖြူစင်စေရလေသည်။ တရားကိုယ်ရာသုတို့လည်း အိမ်တွင်း၌ဖြစ်စေ၊ တောထွက်ရသေ့ရဟန်းပြု၍ဖြစ်စေ မြို့ခြံခေါင်းပါးစွာ အကျင့်ကျင့်ကြ လာတော့သည်။

ဤတွင် ငြိမ်သက်ကင်းသော ပရမတ္တသစ္စာကို လူအချို့က မထင်မြင်နိုင်ကြ။ သူတို့က အထည်ဒြပ်တွေ့ချင်သည်။ ပုဂ္ဂိုလ်ကိုးကွယ်မှုရှာသည်။ ထိုအခါ လောကအနှံ့တည်မြဲရာ၊ တည်သူမည်သည် ဝိဿနိုးနတ်မင်းကြီးဟူ၍ သူတို့သန္ဓာန်၌ ထင်လာလေသည်။ ထိုနတ်မင်းကြီးသည် အစအဦးနတ်ဖြစ်၍ သမုဒ္ဒရာရေပြင်၌ လဲလျောင်းနေလေသည်။ အမှန်ဆိုလျှင် ထိုနတ်မင်းကြီး၏ မှလဖောစ်မြစ်သည် နေမင်း၏ လကျ္ခဏာနှင့်မကင်း။ သို့ရာတွင် ပုဂ္ဂလဝိသေသ တိုးပွားခဲ့တော့သည်။

ထိုဝိဿနိုး နတ်မင်းကြီး၏ ခန္ဓာကိုယ်မှ ကြာပန်းပေါက်လာပေ၏။ ထိုကြာပန်းမှ ဗြဟ္မာကြီးနှင့် သိဝနတ်မင်းကြီး (ပရမိသွာ) ပေါ်လာသည်။ ဤတွင် ဗြဟ္မာကြီးသည် ကမ္ဘာလောကကို ဖန်ဆင်းမှုနှင့် စပ်ဆိုင်၍ သိဝနတ်မင်းကြီးသည် ကမ္ဘာလောကကို ဖျက်ဆီးမှု (တစ်ဖန် ပြန်လည်ဖန်တီးမှု)နှင့် စပ်ဆိုင်လေသည်။ တစ်ဖန် ဝိဿနိုးနတ်မင်းကြီး၏ သဏ္ဌာန်မှာ ရှင်ဘော်၌ သီရိဝစ္ဆ မွေးညင်းရှိသည့်အပြင် လက်တွင် ကြာပန်း၊ ခရုသင်း၊ တင်းပုတ်၊

www.burmeseclassic.com

www.burmeseclassic.com



သံကွင်းများကိုင်၍ ဂရုန်စီးထားဟန်ဖြစ်သည်။ လုတို့နည်းတူ သူ့တွင် ကြင်ရာလည်းရှိ၍ ထိုကြင်ရာမှာ သိရီ (ဝါ၊ လက္ခမိ) နတ်သမီးဖြစ်သည်။

ထိုအတူ ဗြဟ္မာကြီး၏ သဏ္ဍာန်မှာ ခေါင်းလေးလုံးရှိသည့်အပြင် လက်တွင် ဝေဒကျမ်း၊ ပုတီး၊ အမွေးဆီခွက်၊ ဆီခပ်ဇွန်းများကိုင်၍ ဟင်္သာစီးထားဟန်ဖြစ်သည်။ သူ၏ ကြင်ရာမှာ သူရဿတီနတ်သမီး ဖြစ်သည်။ တစ်ဖန် သိဝနတ်မင်းကြီး၏ သဏ္ဍာန်မှာ ခေါင်းတွင် ဆံကျစ်ထုံး၍ လည်ပင်းတွင် လူ့ခေါင်းခွံများနှင့် စီထားသော ပုတီးကို ဆင်ထားသည့်အပြင် လက်တွင် ကြာမွှင်နှင့် တြိသူလ ခက်ရင်းသုံးခွကိုကိုင်၍ နွားလားဥသဘကို စီးထားဟန်ဖြစ်သည်။ သူ၏ ကြင်ရာမှာ စန္ဒီ (ဝါ၊ ပါဝတီ) နတ်သမီးဖြစ်သည်။ (၂၈)

ဤဘာသာရေး အယူအဆများကို နောင်အခါ ဗြာဟ္မဏ–ဟိန္ဒူဘာသာ ဟူ၍ ပေါင်းရုံးခေါ်ခဲ့ကြလေသည်။

အခြေအနေ ဖြစ်လာပုံမှာ ဘာသာရေးဆိုင်ရာ ဝေဒ၊ ဗြာဟ္မဏ၊ ဥပနိသျှကျမ်းစာများကို ဗြာဟ္မဏပုဏ္ဏားများက လုပ်ငန်းဆောင်ရွက်ရင်း နှီးစပ်ယှဉ်ပါနေခဲ့ခြင်းပင်။ သူတို့သည် ယဇ်ပူဇော်ပွဲ အစီအရင်ကို ခမ်းကြီးနားကြီးလုပ်လာသည်။ ဘာသာရေးဩဇာ ဝင်နေသောမင်းတို့ အခမ်းအနားကို ပုံကြီးချဲ့လာသည်။ တရားကျင့်သည့်အမှုတွင် နည်းပေးလမ်းပြလုပ်လာသည်။ ထို့ပြင် သူတို့သာလျှင် လူ့အထဲတွင် အမြင့်မြတ်ဆုံးဖြစ်သည်၊ သူတို့သာလျှင် ဗြာဟ္မဏဟူသော မျိုးရိုးဇာတိအရ ဘာသာရေး အစီအရင်၊ မင်းတို့ အစီအရင်တွင် ရှေ့ဆောင်ခွင့်ရှိသည်၊ သူတို့သာလျှင် ဗြာဟ္မန်နှင့်ပူးပေါင်းရေးတွင် သိနားလည်သည်ဟူ၍ ရဲရဲဝံ့ဝံ့ ဆိုလာခဲ့တော့သည်။ ထိုအခါ အခြားလူတန်းစားအပေါ် သူတို့၏ဩဇာ ညောင်းခဲ့တော့သည်။

ဆိုစရာတစ်ခု ရှိလေသည်။ ဗြာဟ္မဏပုဏ္ဏားတို့၏ ဩဇာတိက္ကမသည် ဟိမဝန္တာတောင်ခြေရှိ မဇ္ဈိမဒေသ (ယခုခေတ် နီပေါနယ်စပ်ရှိ) သက္ကတိုင်း ကပိလဝတ်ပြည်ဘက်တွင် မကြီးလှ။ ထိုဘက်တွင် ဝဇ္ဇီများကဲ့သို့ သကျသာကီဝင် ရာဇာမျိုးနွယ်သည် အလှည့်ကျရွေးကောက် အုပ်ချုပ်ရိုးရှိနေလသည်။ ထိုအထဲတွင် သုဒ္ဓေါဒနရာဇာ ပါလေသည်။ (၂၉)

သုဒ္ဓေါဒနရာဇာနှင့် မာယာဒေဝီမိဖုရားမှ သိဒ္ဓတ္ထမင်းသားကို ဖွားလေသည်။ ထိုမင်းသားကား ထူးခြားသူပေတည်း။ သူ့ကို လုမ္ဗိနီဥယျာဉ်တွင်း၌





မွေးဖွားစဉ်က မြေကြီးမှ ကြာခံလာသည်ဟု ဆိုကြသည်။ (၂၉က)။ ထို့ပြင် လောကအလုံးကို အစိုးရသော စကြာဝတေးမင်း ဖြစ်လာလိမ့်မည်ဟု ဟောကိန်းထုတ်သူက ထုတ်ခဲ့လေသည်။ သို့ရာတွင် သူသည် သူ့ပတ်ဝန်းကျင်လောကကို မပျော်ပိုက်၊ မင်းစည်းစိမ်ကို မတပ်မက်။ နှစ်ဆယ့်ကိုးနှစ်အရွယ်တွင် သားမယားကို စွန့်ခွာ၍ တောထွက်တရားရှာခဲ့လေသည်။ တောတွင်း၌ ခြောက်နှစ်ကြာသည်။

ထိုအတွင်း တောနေရသေ့ရဟန်းများကို သူ ဆည်းကပ်၏။ ဈာန်သမာပတ်သာ ရလေသည်။ တရားကို မမြင်။ ပြင်းပြင်းထန်ထန် ကမ္မဋ္ဌာန်းတရားကျင့်ကြည့်၏။ ပင်ပန်းသည်သာ အဖတ်တင်လေသည်။ ထိုအခါ ဂယာအရပ်ရှိ ညောင်ပင်ရင်း၌ တစ်ဦးတည်းထိုင်ကာ မိမိနည်းဖြင့် အလယ်အလတ်တရားကို ရှာလေသည်။

ဤတွင်မှ အလုံးစုံသိမြင်သော ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော့သည်။ တရားထူး ရတော့သည်ဟု ပိဋကတ်စာပေများက ဆိုလေသည်။

ဗုဒ္ဓ သိမြင်ခဲ့သော တရားထူးကား အခြားမဟုတ်။ လူတို့တွင် သမုဒယတဏှာ အစွဲရှိ၍ ဘဝအသစ်အသစ် ဖြစ်ကြရလေသည်။ ဘဝအသစ်ဖြစ်၍ ဆင်းရဲဒုက္ခ ကြုံကြရပြန်သည်။ ထို့ကြောင့် အတ္တအစွဲပြုတ်၍ သီလ သမာဓိ ပညာပြည့်စုံရန် လိုသည်။ ဝါ၊ အမြင်မှန်၊ အတွေးမှန်၊ အပြောမှန်၊ အလုပ်မှန်သည့် လမ်းစဉ် (မဂ္ဂင် ၈ ပါး) လိုက်ရမည်ဖြစ်သည်။ ဤတွင်မှ နိဗ္ဗာန်ချမ်းသာ ဆိုက်လေမည်ဖြစ်၏။

ဗုဒ္ဓသည် တရားထူးရပြီးသည်နောက် ညောင်ပင် (နောင်အခေါ် ဗောဓိပင်) တစ်ပိုက်၌ လေးဆယ့်ကိုးရက် သီတင်းသုံးပေ၏။ တဖုဿနှင့် ဘလ္လိက ကုန်သည်နှစ်ယောက် ဦးဦးဖျားဖျား လာရောက်ဆည်းကပ်သည်ကို ခံပေ၏။ ထို့နောက် ဗုဒ္ဓဂယာမှ ဗာရာဏသီပြည်အနီးရှိ မိဂဒါဝုန်တောသို့ ကြွ၍ 'တရားဘီးစလည်' စေတော့သည်။ တစ်နည်းဆိုရသော် ပဉ္စဝဂ္ဂီရဟန်း ငါးဦးကို ဗောဓိညောင်ပင်၌ သိခဲ့သော ဓမ္မစကြာတရား ဟောလေသည်။

ထိုအခါမှစ၍ ဗုဒ္ဓသည် ဂင်္ဂါမြစ်ဝှမ်းတစ်လျှောက် မြို့ရွာအနှံ့လှည့်၍ ရဟန်းရှင်လူတို့ကို ကရုဏာဖြင့် တစ်ကိုယ်ချင်း စိတ်ဖြူစင်သန့်ရှင်းရေးတရား၊ လူ လူချင်း (မင်းနှင့်ပြည်သူ၊ အလုပ်ရှင်နှင့် အလုပ်သမား၊ အိမ်သားတစ်ယောက်နှင့်တစ်ယောက်) မျှမျှတတ ဆက်ဆံရေးတရား ဟောခဲ့လေသည်။ ဟောရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ဗြာဟ္မဏပုဏ္ဏားနှင့် မင်းစိုးရာဇာတို့၏ သသံကရိုက်စကားကိုမသုံး။ အများနားလည်နိုင်သော (သသံကရိုက်မှ ဆင်းသက်၍ နောင်အခါ ပါဠိဟု အမည်တွင်လာသည်) စကားကိုသာ သုံးခဲ့လေသည်။ တစ်ဖန် အများဆန္ဒကို လေးစားရသော သံဃအဖွဲ့အစည်းကိုလည်း တည်ထောင်လေသည်။ ထိုအဖွဲ့အစည်းကို အရွယ်ရောက်၍ လွတ်လပ်သော ယောကျာ်း မိန်းမမှန်သမျှ ဝင်နိုင်လေသည်။ ထိုအခါ လူဝတ်ကြောင်သည်လည်းကောင်း၊ သံဃာသည်လည်းကောင်း၊ လောကချမ်းသာရေး၊ ဘဝသံသရာမှ လွတ်မြောက်ရေးနှစ်ထွေပါသော တရားကို လိုက်နာဆည်းကပ်ရန်သာ လိုပေသည်။ ဗုဒ္ဓအဖို့ ယစ်ပူဇော်ပွဲသည် အပိုပင်။ ဗြာဟ္မဏဆိုသည်မှာလည်း မျိုးရိုးဇာတိသက်သက်ဖြင့် မမြင့်မြတ်နိုင်။ ဗုဒ္ဓက ဆိုလေရှိသည်မှာ—

ပုဏ္ဏားမျိုး၌ဖြစ်သော ပုဏ္ဏားမမှဖြစ်သော သူကို ဗြာဟ္မဏဟု ငါဘုရား မဟော။ ကြောင့်ကြမှုကိုလေသာလည်းမရှိ၊ စွဲလမ်းမှုလည်း မရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။ (၃၀)

ဟူ၍ဖြစ်ပေ၏။

ဗုဒ္ဓသည် သက်တော်ရှစ်ဆယ်တွင် လွန်လေသည်။ ဗုဒ္ဓလွန်ပြီးသည်နောက် သုံးလအကြာတွင် မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌လည်းကောင်း၊ အနှစ်တစ်ရာအကြာတွင် ဝဇ္ဇီတိုင်း ဝေသာလီပြည်၌လည်းကောင်း၊ ဗုဒ္ဓ၏ ဒေသနာတရားကို သန့်စင်စေရန် သံဃာအများ စုပေါင်းရွတ်ဖတ် (သင်္ဂါယနာတင်) ကြလေသည်။

သုံးရာဘီစီခန့်အကြာတွင် မဂဓတိုင်း ရာဇဂြိုဟ်ပြည်တွင် အသောကမင်းဖြစ်လေသည်။ ထိုမင်းသည် လက်နက်ဖြင့် နယ်မြေတိုက်ခိုက် သိမ်းသွင်းရာမှ နောင်တရ၍ ဗုဒ္ဓဘာသာဝင် ဖြစ်လာလေသည်။ တရားဓမ္မဖြင့် စည်းရုံးလာလေသည်။ ထိုမင်းသည် နိုင်ငံအတွက် ရေတွင်းရေကန် ဆည်မြောင်းအများတူး၏။ လမ်းဖောက်၊ သစ်ပင်စိုက်၏။ ထို့နောက် သာသနာရေးနှင့်စပ်၍ အနောက်ဘက်ရှိ ဂရိ၊ အီဂျစ်နိုင်ငံများသို့လည်းကောင်း၊ တောင်ဘက်နှင့် အရှေ့တောင်ဘက်ရှိ အိန္ဒိယတောင်ပိုင်း၊ သီဟိုဠ်၊ သုဝဏ္ဏဘူမိနိုင်ငံများသို့လည်းကောင်း သာသနာပြုစေလွှတ်၏။ တစ်ဖန် ဗုဒ္ဓ ဖွားရာ၊ ဗုဒ္ဓတရားထူးမြင်ရာ၊ ဗုဒ္ဓဓမ္မစကြာတရားဟောရာ၊ ဗုဒ္ဓ လွန်ရာ အရပ်များသို့ ကိုယ်တိုင်သွားရောက် ကြည်ညို၍ အမှတ်





အသားကမ္ပည်းထိုး ကျောက်တိုင်စိုက်၏။ တစ်ဖန် ဗုဒ္ဓဓာတ်တော်များကို ဌာပနာ၍ စေတီထူပါတည်၏။

စေတီထူပါအကြောင်းကို ဆိုရဦးမည်။ ရှေးရှေးက အကြီးအကဲများ၊ ရသေ့ရဟန်းများ ကွယ်လွန်သည့်အခါ ကြည်ညိုသူများက သတိတရနှင့် အရိုးပြာကို မြေမြှုပ်ဖုံး၊ ထိုနောက် ထိုကုန်းမို့မို့တွင် တိုင်စိုက်၊ ဝင်းကာသောအစဉ်အလာ ရှိခဲ့လေသည်။ ထိုအစဉ်အလာကို ဗုဒ္ဓဘာသာဝင်များက လက်ခံ၍ စေတီထူပါ တည်ဆောက်လေတော့သည်။

တည်ဆောက်ပုံမှာ အခြေ၌ ပစ္စယာအဆင့်ဆင့်ခံ၊ ပစ္စယာပေါ်၌ အုပ်ဆောင်းပုံ၊ ဥပုံ ထပ်တည်၊ ထိုအထက်တွင် ဆတ္တာဝလီထီးတင်လေသည်။ တစ်ဖန် စေတီထူပါကို လက်ယာရစ် လှည့်ပတ်၍ ပူဇော်နိုင်ရန် လက်ရန်းကိုလည်းကောင်း၊ ထူပါတစ်ခုလုံး ပတ်လည်တွင် အရံတံတိုင်းကိုလည်းကောင်း စီမံပြန်သည်။ ထိုစေတီထူပါ တံတိုင်းမုခ်ပေါက်တွင် ပန်းခက်ပန်းနွယ် အပြောက်အမွမ်းများ၊ ယက္ခ ကိန္နရာ နဂါးစသော ရိုးရာယုံကြည်မှုဆိုင်ရာ အရုပ်များ၊ ဗောဓိပင်၊ ကြာမွှင့်စသော အထိမ်းအမှတ်များဖြင့် (နောင်အခါ) တန်ဆာဆင်လိုက်သောအခါ ထိုစေတီထူပါသည် ပို၍ ခံ့ညားလာတော့သည်။ သာဓကကား ယခုခေတ်တွင် မြင်တွေ့နေရသော ဆန်ချီထူပါကြီးပေတည်း။ (၃၁)

သမိုင်းစဉ် ပြန်ဆက်ရသော် အေဒီ တစ်ရာစုတွင် တရုတ်ဒေသအနောက်ဘက်မှ ယခုခေတ် ပါကစ္စတန်နှင့် အိန္ဒိယ အနောက်ဘက်ဒေသသို့ ကုရှန်လူမျိုးများ ဝင်ရောက်ကာ နယ်မြေသိမ်းယူကြလေသည်။ ကုရှန်မင်းများအနက် ကနိဿကမင်းသည် အထင်ရှားဆုံး ဖြစ်လေသည်။ ထိုမင်းသည် ပုရသျှပုရကို မင်းနေပြည်လုပ်၍ အုပ်စိုးလေသည်။ မင်းနှင့်တကွ ကုရှန်လူမျိုးအများလည်း ဗုဒ္ဓဘာသာကို ကိုးကွယ်လာကြသည်။

ထိုအချိန်ကာလတွင် ဗုဒ္ဓဘာသာသည်လည်း ထေရဝါဒဂိုဏ်းနှင့် မဟာယာနဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ရှိနေလေပြီ။ အဓိပ္ပာယ်မှာ ထေရဝါဒဂိုဏ်းသည် သံသရာမှ မိမိတစ်ဦးတည်း လွတ်ကျွတ် (၍အရဟတ္တဖိုလ်ဆိုက်)ရန် အဓိကထားသည်။ မဟာယာနဂိုဏ်းမှာမူ လူတိုင်း ဘုရားဆုပန် ဗောဓိသတ်ဖြစ်နိုင်သည်ဟု ခံယူထားသည်။ ထို့ကြောင့် သတ္တဝါများကို ကရုဏာဖြင့် ကယ်တင်ရန်မှာ ဗောဓိသတ္တ၏တာဝန် ဖြစ်ပေသည်။ ထိုသို့ ကယ်တင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်သတ္တဝါ အရာရာသည် သုည (သုညတ)သာ ဖြစ်သည်ဟူ၍လည်း ဗောဓိသတ္တသည် နှလုံးသွင်းပြီးသား ရှိရသည်။

ဤတွင် မဟာယာနဂိုဏ်း၌ ဗောဓိသတ္တဘုရားလောင်းများလည်း တိုးပွား၊ ကိုးကွယ်မှုလည်း တိုးပွားလာပြန်လေသည်။ မူလပိဋကတ်စာပေများ၌ သိဒ္ဓတ္ထမင်းသားနောက် ဗုဒ္ဓဘုရားအဖြစ် ရောက်မည်သူဟူ၍ အရိမေတ္တေယျ ဘုရားလောင်းနတ်သားတစ်ပါးသာ ဖော်ပြခဲ့လေသည်။ မဟာယာနတွင်ကား အရိမေတ္တေယျဘုရားလောင်းသာမက အဝလောကိတေသွရ (တစ်နည်း၊ ကြာပန်းကိုင် ပဒ္မပါဏိ၊ တစ်နည်း၊ လောကနာထ)ကဲ့သို့ ဘုရားလောင်းနတ်သားများ၊ တာရာဒေဝီကဲ့သို့ ကရုဏာရှင် နတ်သမီးများသည် လူအများ၏ သဒ္ဓါစိတ်အပေါ် မှီ၍ တိုးပွား တိုးပွား၍ လာတော့သည်။ ထိုဗောဓိသတ္တ စသည်များကို လူအများ ကြည်ညို၍ ဘေးရန်ကင်းဝေးရန်နှင့် လိုရာပြည့်စုံစေရန် ဆုတောင်း ပသလာကြသည်။ (၃၂)

မဟာယာနဗုဒ္ဓဘာသာသည်လည်း အာရှအလယ်ပိုင်းသို့လည်းကောင်း၊ တိဗက်၊ တရုတ်၊ ဂျပန်နိုင်ငံများသို့လည်းကောင်း ပြန့်ပွားသွားလေသည်။

ကနိဿကမင်း လက်ထက်တွင် ထူးခြားမှုတစ်ခု ရှိလေသေးသည်။ ထူးခြားမှုသည် အခြားမဟုတ်။ ဗုဒ္ဓဘာသာ ဆင်းတုတော်များ စတင်ထုလုပ်ခြင်း ပေတည်း။

ဆင်းတုတော် ထုရာဒေသသည် ဂန္ဓာရတိုင်းနှင့် သုရသေနတိုင်း (မထုရာ) ဟူ၍ နှစ်နေရာတွင် ဖြစ်လေသည်။ ထိုအချိန်တွင် ဂန္ဓာရတိုင်း၌ ဂရိလူမျိုးများ ရှိနေခဲ့လေပြီ။ သူတို့သည် အနှစ်နှစ်ရာလောက်က ဤဘက်တစ်ပိုက်သို့ ချီတက်နယ်မြေ သိမ်းပိုက်ခဲ့သော ဂရိလူမျိုးများမှ ဆင်းသက်လာသူများ ဖြစ်ကြသည်။ ထို့ကြောင့် သူတို့သည် ဂရိကျောက်ဆစ်အတတ်ကို နားလည် နေကြသည်။ ဗုဒ္ဓဆင်းတု ထုလုပ်ရာတွင် သူတို့၏ နတ်ဘုရား အပိုလိုရုပ်တုမှ နည်းယူ၍ ထုနိုင်သည်။ မထုရာဘက်က လူများမှာကား ဘာသာရေးနှင့်စပ်၍ ယက္ခရုပ်၊ ဒေဝစ္ဆရာရုပ်များကိုသာ ရှေးက ထုလုပ်ရိုး ရှိခဲ့လေသည်။ ဗုဒ္ဓဆင်းတုကို သူတို့ ထုလုပ်ရန်အတွက် ရွံ့သလိုလိုပင် ရှိရလေသည်။

အမှန်ဆိုလျှင် ဗုဒ္ဓမွေးဖွားသည့်သဘောကို ကြာမွှင်ပုံ၊ တရားထူးမြင်သည့်သဘောကို ဗောဓိပင်ပုံ၊ ဓမ္မစကြာတရားဟောသည့် သဘောကို စကြာ





(ဘီး)ပုံ၊ (ပရိနိဗ္ဗာန်စံ) လွန်သည့်သဘောကို ထုပါပုံဟူ၍ ရှေးက ထုလုပ်ရိုး ရှိခဲ့လေသည်။ တစ်နည်းဆိုရသော် ဗြာဟ္မဏဘာသာလာ သိရိဝစ္ဆပုံ၊ တက်နေဝန်း ပုံ၊ ခရုသင်းပုံ၊ နွားလားဥသဘာပုံ၊ တြိသူလပုံစသော ဘာသာရေး အထိမ်းအမှတ် များ ထုလုပ်သကဲ့သို့ပင် ဖြစ်လေသည်။ အေဒီတစ်ရာစုအခါ၌သော် ပုဂ္ဂိုလ် ဆည်းကပ်ကိုးကွယ်မှု အလေးကဲလာသဖြင့် ဗုဒ္ဓပုံ၊ ဗောဓိသတ္တပုံများကို လက်ထားအမျိုးမျိုး၊ ခြေထားအမျိုးမျိုးဖြင့် ထုလုပ်ခဲ့ကြတော့သည်။ (၃၃)

ရှေ့ဆက်ပါဦးအံ့။ ကုရှန်မင်းများခေတ် နောက်တွင် ဂုပ္တမင်းများ အုပ်စိုးခဲ့လေသည်။ ထိုအခါသည် လေးရာစုနှစ်တစ်ပိုက် ဖြစ်လေသည်။ ထိုမင်းများသည် ဂင်္ဂါမြစ်ဝှမ်းနှင့် အိန္ဒုမြစ်ဝှမ်းဒေသရှိ တိုင်းနိုင်ငံများကို သိမ်းရုံးဖွဲ့စည်းနိုင်သည်သာမက ယခုခေတ် အိန္ဒိယတောင်ပိုင်းရှိ ကလိင်္ဂတိုင်း၊ ပလ္လဝါတိုင်းစသော တိုင်းများကိုလည်း သိမ်းသွင်းခဲ့လေသည်။ တစ်ဖန် ထိုမင်းများ လက်ထက်တွင် အီဂျစ်၊ ရောမစသော အနောက်နိုင်ငံများနှင့်လည်းကောင်း၊ (မြန်မာ၊ ယိုးဒယားစသော) အရှေ့တောင် အာရှနိုင်ငံများနှင့်လည်းကောင်း အဆက်အဆံ အရောင်းအဝယ် ရှိလေသည်။

တစ်ဖန် ထိုမင်းများသည် ဗြာဟ္မဏ ဘာသာဝင်များဖြစ်၍ သံသကရိုက် စာပေကဗျာပြဇာတ်များ၊ ဓမ္မသတ်၊ နက္ခတ်၊ ဆေး၊ သင်္ချာကျမ်းများ ပြုစုရေး နှင့် ဘာသာရေးဆိုင်ရာ ကျောင်းဂူဘုရားများ ဆောက်လုပ်ရေးကို အားပေးကြလေ သည်။

ဤတွင် သူတို့သည် ဗုဒ္ဓဘာသာကို မနှိပ်ကွပ်။ သူတို့ လက်ထက်တွင် မြေစိုက်ခေတ်ပုထိုးတွေ ထပ်တည်သည့်အပြင် ကျောက်တောင်ကို ဖြစ်စေ၊ ကျောက်ကမ်းပါးကိုဖြစ်စေ၊ ဂူပုံသဏ္ဌာန်ထွင်း၍ ဂူအတွင်း၌ ထုပါစေတီ တည်ဆောက်ကိုးကွယ်သော အလေ့လည်း ရှိခဲ့လေသည်။ သာဓကမှာ ယခုခေတ် အိန္ဒိယအလယ်ပိုင်း အဇန္တာ အရပ်ရှိ ဂူများပင်ဖြစ်သည်။ ထိုဂူမျိုးမှနေ၍ မြေပြင် ညီညီပေါ်တွင် ဘုံအဆင့်ဆင့်နှင့် ကွမ်းတောင်တက်သော ဂူဘုရားများ နောင်အခါ ဖြစ်ထွန်းတိုးပွားလာပေသည်။

ဗုဒ္ဓဘာသာသည် ဂုပ္တမင်းများ ညှိုးမှိန်သွားသည့်တိုင်အောင် အမြိုင် မလျော့ခဲ့ပေ။ အထူးသဖြင့် ခုနှစ်ရာစု၌ အခြားအမျိုးအနွယ်ထဲမှ မင်းဖြစ်လာသော ဟာသသမင်းလက်ထက်တွင် ပို၍တိုးပွားလာသည်ဟု ဆိုရလိမ့်မည်။ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မှကား ထိုမင်းသည် ဗုဒ္ဓဘာသာဝင် ဖြစ်သည့်အပြင် နာမည်ကျော် နာလန္ဒာ ကျောင်းတော်ကြီးကို တည်ဆောက်ဖွင့်လှစ်ခဲ့သောကြောင့်ပင်။ ထိုကျောင်းတွင် စာသင်သား တစ်သောင်းခန့်ရှိ၍ မဟာယာန ဗုဒ္ဓစာပေများနှင့် လောကီစာပေ များကို သင်ကြားပို့ချပေးလေသည်။

ထို့နောက် (ယခုခေတ် ဘင်္ဂလားပြည်နယ်၊ ဘိဟာပြည်နယ် ဖြစ်နေ သော) ပါလတိုင်းမှ ပါလမင်းများ လက်ထက်တွင် ဗုဒ္ဓသည် မင်းသားဖြစ်ခဲ့ဖူး သောသဘော၊ တစ်နည်း–စကြာဝတေးမင်း လက္ခဏာရှိသောသဘော၊ တစ်နည်း– တရားမင်း ဖြစ်သောသဘောကို ပြလို၍ထင့်၊ ဗုဒ္ဓရုပ်ပွား၊ ဗောဓိသတ္တရုပ်ပွား တို့ကို မကိုဋ်ဆောင်း၊ မင်းဝတ်တန်ဆာဆင်၍ ထုလုပ်သောအလေ့ ရှိလာသည်။ (၃၄)

တစ်ခုဆိုစရာ ရှိလေသည်။ ဂုတ္တမင်းများလက်ထက်လောက်မှစ၍ ဗုဒ္ဓ ဘာသာနှင့် ဗြာဟ္မဏဘာသာသည် အတော်ရောယှက်လျက် ရှိလေပြီ။ ဘာသာ ရေးဆိုင်ရာ အနုလက်ရာဖန်တီးခြင်း၊ ဘာသာရေးနှယ်သော မင်းကျင့်ဝတ် ဆောင်ရွက်ခြင်းတို့၌လည်း တစ်ဖက်နှင့်တစ်ဖက် အတုယူ ဖြည့်ဆည်းလျက်ရှိ လေပြီ။

ထိုအယူဝါဒများ၊ ထိုဓလေ့ထုံးစံများ၊ ထိုပညာရပ်များကို ထိုဒေသဘက် မှ ကုန်သည်များ၊ အတတ်ပညာရှင်များ၊ သာသနာပြုပုဂ္ဂိုလ်များသည် အရှေ့တောင် အာရှသို့ သယ်ဆောင်လာခဲ့ကြလေသည်။ ထိုအခါ ကုလားတန်မြစ်ဘက် (ဧည့ဝတီခေါ် ယခုခေတ် ရခိုင်မှ) စန္ဒြမင်းတို့ စိုးစံရာ ဝေသာလီတိုင်းပြည်သည် လည်းကောင်း၊ ဧရာဝတီမြစ်ဝှမ်းမှ ပျူတို့၏ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ တိုင်းပြည်များသည်လည်းကောင်း၊ မုတ္တမပင်လယ်ကွေ့မှ မွန်တို့၏ သထုံတိုင်း ပြည်သည်လည်းကောင်း၊ မဲနမ်မြစ်ဝှမ်းမှ မွန်တို့၏ ဒွာရဝတီတိုင်းပြည်သည်လည်း ကောင်း ပြည့်စုံလာကြတော့သည်။

၃၅

ဧရာဝတီမြစ်ဝှမ်းရှိ ပျူတိုင်းပြည်များ ဝါ၊ ပျူမြို့ပြနိုင်ငံများအကြောင်းကို စောစောက စထားခဲ့သည်။ ခုတစ်ဖန် အာရီယန်တို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ယှဉ်၍ ပျူတို့အကြောင်းကို ရေးရပြန်ဦးမည်။

ပျူတိုင်းပြည်များအနက် ဗိဿနိုးကို စောစောက တည်ဆောက်ခဲ့၍ ဟန်လင်းနှင့် သရေခေတ္တရာကို နောက်မှ တည်ဆောက်ခဲ့ဟန်တူလေသည်။ သက္ကရာဇ်အားဖြင့် အေဒီ တစ်ရာစုမှ ကိုးရာစုအထိ သတ်မှတ်ရပေမည်။ ထိုပြည်သုံးခုတွင် သရေခေတ္တရာသည် အဖွံ့ဖြိုးဆုံးတိုင်းပြည်ဟု ဆိုရသည်။ သရေခေတ္တရာအကြောင်း ရေးရသော် ပျူအကြောင်းကို အတန်အသင့် သိရအံ့။

ထိုသရေခေတ္တရာတိုင်းပြည်တွင် အိန္ဒိယ အာရီယန်ဘက်မှ နာမံကို အတုယူထားသော ဝိက္ကမမင်းများ၊ ဝါ မန်မင်းများ အုပ်စိုးခဲ့ပုံ ရလေသည်။ မဇ္ဈိမဒေသမင်း၊ ပလ္လဝါမင်းများနည်းတူ မင်းခမ်းမင်းနား၊ မင်းဆောင်မင်းယောင် ကိုလည်း သုံးခဲ့သည်ဟု ဆိုရပေမည်။ အခမ်းအနား ထိုထိုတွင်လည်း ပဒေ္ဒါ၊ ဗုံ၊ ခွက်ခွင်း တူရိယာများဖြင့် တီးမှုတ်ကခုန်ပွဲများ ပါခဲ့သည်ဟု ဆိုရပေမည်။ တစ်ဖန် မင်းညီမင်းသား မှူးမတ်ကတော်မယားတို့သည် နဖူးသင်းကျစ်ဆင်ခြင်း၊ အာရီယန်တို့၏ ပုဆိုး ထဘီမျိုးဝတ်ခြင်း၊ ပဝါခြုံသိုင်းခြင်း၊ နါးစည်းဆင်ခြင်း၊ ရောင်စုံပုတီးဆင်ခြင်း၊ လက်ကောက်လက်ကျပ်လက်စွပ် ခြေချင်းဆင်ခြင်း ရှိခဲ့မည်ဖြစ်သည်။

ပျူတို့၏ သရေခေတ္တရာမြို့ အနေအထားကား ခပ်ဝိုင်းဝိုင်း၊ မြို့ရိုး



www.burmeseclassic.com

www.burmeseclassic.com



ပတ်လည် စတုရန်းငါးမိုင်ခန့် ရှိလေသည်။ မြို့ရိုးဝင်ပေါက် လက်တံနှစ်ခုသည်လည်း ဇီသနိုး၊ ဟန်လင်းမှာကဲ့သို့ အတွင်းဘက်သို့ ခပ်ဝိုက်ဝိုက်ကွေ့ဝင်ကျဉ်းထားသည်။ ဤသည် ရန်သူ့ဘေးရန်ကို တားဆီးသည့်သဘောပင်။ ထို့ပြင် မကောင်းဆိုးဝါးကို သံထည်က ကာကွယ်နိုင်သည်ဟု သူတို့ ယုံကြည်ကြ၍ သံမယ်နကြီးများကို မြို့ရိုးပတ်လည်တွင် ရိုက်ထားကြသည်။ ထို့အတူ ဘုရားဟောတရားတော်ကို တစ်နည်းနည်းသုံးခြင်းသည် အန္တရာယ်ကင်းသည်ဟု ယုံကြည်ကြပြန်၍ ပရိတ်ကြီး ရေးထိုးထားသော ကျောက်တိုင်ကိုလည်း မြို့ဝင်ပေါက်တွင် စိုက်ထူထားတတ်ကြသည်။

သူတို့သည် မြို့ပြလုံခြုံရေးကို အတော်ဂရုစိုက်သည်ဟု ဆိုရပေမည်။ မြို့ရိုးအတွင်း မြောက်ဘက်တွင် စပါး၊ နှံစားပြောင်း၊ ပြောင်း၊ ပဲ စိုက်ထားလေသည်။ တောင်ဘက်တွင် နန်းတော်ရာ၊ လူနေရပ်ကွက်၊ သာသနာရေး အဆောက်အအုံများရှိသည်။ အဖက်ဖက်တွင်မူ ရေသွင်းရေနုတ်မြောင်းများ သောက်ရေသုံးရေကန်များ အနှံ့ရှိကြသည်။

ဘာသာရေးကိစ္စကို ထပ်ဖြည့်ရဦးမည်။ ဘာသာရေးယဉ်ကျေးမှုသည် စောစောကကြောင်းခဲ့သည့်အတိုင်း ယခုခေတ် အိန္ဒိယတောင်ပိုင်း ပလ္လဝါတိုင်း၊ အန္ဒရတိုင်းတို့မှ ပင်လယ်ခရီးဖြတ်သန်း၍လည်း ရောက်လာသည်။ အိန္ဒိယမြောက်ပိုင်း ပါလတိုင်းဘက်မှ ရခိုင်ဝေသာလီ ဖြတ်၍ဝင်လာပုံလည်းရသည်။ တစ်ဖန် အာရှအရှေ့တောင်ဘက်ရှိ မွန်တို့၏ ဒွာရဝတီ နိုင်ငံဘက်က ထပ်လောင်းဖြည့်ဆည်းခဲ့သည်ဟုလည်း ဆိုသော် ဆိုနိုင်လေသည်။

ပျူတို့တွင် ဗြာဟ္မဏဟိန္ဒူအယူ ယူသူလည်း ရှိပေ၏။ ထေရဝါဒ– မဟာယာနမရွေး ဗုဒ္ဓဘာသာ လက်ခံကိုးကွယ်ကြသူများလည်း ရှိသည်။ သို့ရာတွင် ဗုဒ္ဓဘာသာဝင်ဦးရေ ပိုများဟန်တူလေသည်။

အဘယ်ကြောင့်ဆိုသော် ပျူဒေသတစ်ပိုက်တွင် ယခုလက်ရှိ ရှေးဟောင်းသုတေသနဌာနက တူးဖော်ခဲ့ရာ၌ သိရိခေတ္တရပ်၊ တက်နေဝန်းရပ်၊ ဗိဿနိုးရပ်ပေါ်သော ပျူဒင်္ဂါးတချို့နှင့် ဗိဿနိုးနတ်မင်းကြီးရုပ်၊ လက္ခမီနတ်သမီးရုပ် အနည်းအပါးသာ တွေ့ရ၍ ဗုဒ္ဓဘာသာဆိုင်ရာ ရုပ်တု၊ အုတ်ခွက်၊ စေတီပုထိုးများကား အမြောက်အမြား တွေ့ရသောကြောင့် ဖြစ်လေသည်။ (တစ်ခုဆိုစရာ ရှိပြန်လေသည်။ ပျူဒေသအနှံ့ တွေ့ရသော ပျူဒင်္ဂါးပေါ်ရှိ သိရိဝစ္ဆ၊





တက်နေဝန်း၊ ဘီလူးအရုပ်တို့မှာ မူလက ဗြာဟ္မဏဘာသာလာ အထိမ်းအမှတ်များကို ဗုဒ္ဓဘာသာတွင်လည်း မင်္ဂလာသဘော ယူလာသည်ဖြစ်၍ တစ်ကြောင်း၊ ဒင်္ဂါးကို ဆက်သွယ်ရေးပစ္စည်းအဖြစ် သုံးစွဲလာဟန်တူသည်က တစ်ကြောင်းတို့ကြောင့် ဗြာဟ္မဏဟိန္ဒူနှင့်သာဆိုင်သည်ဟူ၍ ကျဉ်းမြောင်းစွာ မယူဆနိုင်တော့ပေ)

ဗုဒ္ဓဘာသာရေးဆိုင်ရာ ဝတ္ထုပစ္စည်းများကို ကြည့်ကြရဦးမည်။

ပျူတို့သည် သူတို့ လှူဒါန်းသော ဆင်းတုပလ္လင်တွင်လည်းကောင်း၊ အုတ်ခွက်ဘုရားတွင်လည်းကောင်း ဂါထာတစ်ခုကို ထွင်းထုထားတတ်ကြသည်။ ထိုဂါထာမှာ အခြားမဟုတ်။ ယေဓမ္မာ ဟေတုပ္ပဘဝါ အစချီဂါထာပင် ဖြစ်လေသည်။ ရှင်းပါအံ့။

ပဉ္စဝဂ္ဂီငါးဦး အပါအဝင် ရှင်အဿဇိသည် တရားထူးရပြီးသည့်နောက် ရာဇဂြိုဟ်ပြည်ထဲသို့ ဆွမ်းခံဝင်ခဲ့လေသည်။ ထိုအခါ ဥပတိဿ အမည်ရှိသူ ပရိဗိုဇ် ရဟန်းတစ်ဦးသည် ရှင်အဿဇိ၏ ကြည်ညိုဖွယ် ကာယဣန္ဒြေကို မြင်တွေ့စုံစမ်းရာ ဗုဒ္ဓ၏ သာဝကဖြစ်ကြောင်း သိရပေ၏။ ထို့ကြောင့် တရားတောင်းရာ

'အကြောင်းတရားတို့သည် အကြောင်းလျှင် အမွန်ရှိကုန်၏။ ထိုတရားတို့၏ အကြောင်းကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုအကြောင်းတရားတို့၏ ချုပ်ခြင်းကိုလည်း မြတ်သောရဟန်းကြီးသည် ဤသို့ အယူရှိ၏'

ဟု ဓမ္မစကြာတရား အကျဉ်းချုပ်ကို ပြန်ပြောလေသည်။ ဤသည် ဂုပ္တခေတ် (နှောင်း) အက္ခရာသုံး၍ ပါဠိဘာသာ/ သံသကရိုက်ဘာသာဖြင့် ရေးထားသော ယေဓမ္မာ ဟေတုပ္ပဘဝါ ဂါထာ ဖြစ်ပါပေသည်။

ထိုဂါထာအပြင် အဝိဇ္ဇာပစ္စယာ သင်္ခါရာ– မသိမမြင်မှုကြောင့် ပြုပြင်မှုများဖြစ်ရ၏ ဆိုသော ဘုရားဟောပဋိစ္စသမုပ္ပါဒ်တရားကိုလည်း ပျူတို့သည် ရွှေချပ်များပေါ်တွင် ဂုပ္တခေတ် (နှောင်း) အက္ခရာဖြင့် မှတ်တမ်းတင်ထားတတ်ကြသည်။

တစ်ဖန် ဂုပ္တခေတ်လာ ဘုရားလောင်း ဖွားတော်မူခန်း ရုပ်ကြွ၊ ဗုဒ္ဓ ရှာန်ဝင်စားဟန် ရုပ်ကြွ၊ ဗုဒ္ဓ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်ခန်းရုပ်ကြွ၊ ဗုဒ္ဓ စကားအခြေအတင်ပြောဟန်၊ ဓမ္မစကြာတရား ဟောဟန် (ဒွာရဝတီပုံလက်

www.burmeseclassic.com



မြိုင်တုထုတ်) ရုပ်ကြွ၊ မကိုဋ်ဆောင်း မင်းဝတ်တန်ဆာဆင် အဝလောကီတော သရရုပ်ကြွ၊ တာရာနတ်သမီးရုပ်ကြွ စသည်တို့လည်း ပျူတို့၏ ဘာသာရေးလက်ရာများ ဖြစ်တော့သည်။ ထိုရုပ်ကြွများတွင် ဂုတ္တခေတ်လက်ရာ သကာန်းပါးပါးလျားလျား ဝတ်ဆင်ခြင်းစသည်ဖြင့် ယေဘုယျ အာရီယန်ဟန် ရှိသော်လည်း မျက်နှာပုံပန်းမှာမူ မွန်ဂိုလွိုက်ပျူ ဆန်နေသည်ကိုလည်း တွေ့ရပေသည်။

ခေတ်ထုပါများ၊ ဂူဘုရားများအကြောင်းကို ဆက်ဦးအံ့။

သရေခေတ္တရာ–ဦးခင်ဘကုန်းတွင် တွေ့ရှိရသော ငွာပနာတိုက်ဖုံးကျောက်ချပ်ပါ မြေနိုက်ခေတ်ပုံမှာ ဆန်းချိုထုပါကြီးနှင့် ဆင်ဆင်တူလေသည်။ သို့ရာတွင် မြို့တောင်ဘက်ရှိ ဘောဘောကြီးစေတီမှာမူ ပစ္စယာနိမ့်နိမ့်ပေါ်တွင် ကိုယ်ကို မြောင်းတိုင်သဖွယ် ဝိုင်းဝိုင်းမတ်မတ် တည်ကာ ထီးတင်ထားလေသဖြင့် ပုံသဏ္ဌာန် အနည်းငယ်ပြောင်းလာသည်ဟု ဆိုရန်ရှိလေသည်။ ထိုအတူ မြို့မြောက်ဘက်ရှိ ဘုရားကြီးစေတီမှာ ကိုယ်အပေါ်ချွန်တက်သွားကာ ထီးတင်ထားလေရာ မြန်မာဟန်နှင့် နီးလာသည်ဟုဆိုရန် ရှိပြန်လေသည်။

တစ်ဖန် သရေခေတ္တရာရှိ ဂူဘုရားများထဲတွင် ဘဲဘဲဂူဘုရားကဲ့သို့ မုခ်ပေါက်နှင့် ဂန္ဓကုဋိတိုက်ခန်း (သို့မဟုတ်ကုလားကျောင်းခံ) မျှသာပါ၍ အထက်၌ ကွမ်းတောင် (သိခရ) ရှိ၊ ရှိတက်ထားသည့် အစားလည်း ရှိပေ၏။ မြို့ရိုးအတွင်းက အနောက်ဈေးဂူကဲ့သို့ မုခ်ပေါက်၊ ဂန္ဓကုဋီ၊ ပတ်လည်စကြံ တို့ပါ၍ ဖောင်းတွန့်၊ စုလစ်ပန်းဆွဲတို့ဖြင့် တန်ဆာဆင်ထားသော အစားလည်း ရှိသည်။ ဤသည် အနန္တရတိုင်းဘက်မှသြဇာ ဝင်နေသောသဘောပင်။

အထူးဆိုစရာ ရှိလေသည်။ ပျူတို့၏ဂူဘုရား ဇီသုကာတွင် နံ့ပေါက်ပြုလုပ်ပုံသည် ထူးထူးခြားခြား ရှိလေသည်။ အုတ်ကို အပြားလိုက် တစ်ဖက်မှ တစ်ဖက် ထောင်ကပ်ခုံးလုပ်၍ အုတ်ပြားတို့ဆုံရာနေရာထိပ်တွင် ကြိုက်ပုံဖော်သည်။ ထိုနောက် ကျန်နေသော ကွက်လပ်တွင် သပ်အုပ်ထည့်ပေး၍ စီထားသောအုတ်တို့ကို ပို၍ကျပ်စေနိုင်စေလေသည်။ ဤသို့ဖြင့် သပ်စံခုံးစနည်းအရ ဂန္ဓကုဋီအမိုးကို ဒေါင်လိုက်အုတ်စီကာ အုန်းလေးဘက်ချပြီး အမိုးပေါ်တွင် ပစ္စယာများ၊ ထိုနောက် ကွမ်းတောင်စေတီအထွက် စသဖြင့် ထပ်တင်လေသည်။ (၃၅)

ဤသည်တို့ကား ပျူတို့၏ထုံးစံ အယူဝါဒ၊ ပျူတို့၏ ဘာသာရေးဝတ္တု





ပစ္စည်းနှင့်စပ်၍ ရှေးဟောင်းသုတေသနဌာနမှ တူးဖော်ချက်အရ သိရခြင်းဖြစ်ပေသည်။ ပျူတို့သည် တရုတ်နိုင်ငံဘက်မှ အဆက်အဆံ ရှိခဲ့လေသည်။ သူတို့ကို တွေ့ကြုံဖူးသော တရုတ်တို့၏ မှတ်တမ်းအရသော် ပျူလူမျိုးတို့သည် သူ့အသက်သတ်ရမှာ အလွန်ရှိုးသော ဗုဒ္ဓဘာသာဝင်များဖြစ်လေသည်ဟူ၏။

ထိုပျူနိုင်ငံသည်လည်း ရှစ်ရာသုံးဆယ်နှစ်ခုနှစ်တွင် ပျက်စီးခဲ့လေသည်။ ပျက်စီးရသော အကြောင်းမှာ (ယခုခေတ်ယူနန်) နန်းစောဘက်က ရှမ်းများဆင်းလာတိုက်နိုက်ခြင်း ခံခဲ့ရ၍ဖြစ်သည်ဟု သုတေသီအချို့က ဆိုလေသည်။ (၃၆)

www.burmeseclassic.com

# ၄။ အရိမဒ္ဒန ပုဂံပြည်

သရေခေတ္တရာ ပျက်ပြီးနောက် ပုဂံပြည်သည် ထွန်းကားလာလေသည်။

အစဉ်အလာ ဆိုကြသည်မှာ ပျူမင်းသားဖြစ်သူ သမုဒ္ဒရာဇ်သည် သရေခေတ္တရာအပျက်တွင် နောက်လိုက်များနှင့်အတူ ဧရာဝတီမြစ်ရိုး ဆန်တက်ကာ ညောင်ဦး၊ ယုန်လွှတ်ကျွန်းစသော ဆယ်ကိုးရွာသားများ၏ အကူအညီဖြင့် ယုန်လွှတ်ကျွန်း (ကျွန်းတော) ဘက်၌ မြို့ပြတည်ခဲ့သည်ဟူ၍ ဖြစ်လေသည်။ (၃၇)

ထိုကာလတွင် နန်းစောဘက်မှ ဝင်လာခဲ့သော မြန်မာအများအပြားလည်း ကျောက်ဆည်နှင့် အနီးအပါး ဒေသများတွင် ရှိနေလေပြီ။

ထိုအခါ ပထမမင်း သမုဒ္ဒရာဇ်နောက်တွင် ပျူစောထီး၊ ထီးမင်းယဉ်၊ ယဉ်မင်းပိုက်၊ ပိုက်သေဉ်လည်၊ သေဉ်လည်ကြောင်စသည်ဖြင့် နန်းစောရှမ်းဓလေ့အတိုင်း အမည်မှည့်ထားသော မင်းတို့ အုပ်စိုးခဲ့သည်ဟု ဆိုကြသည်။ မဟာဂီရိနတ် ကိုးကွယ်မှုလည်း စခဲ့သည်ဟု ဆိုကြသည်။ (၃၈)

တစ်ဖန် သေဉ်လည်ကြောင်မင်းလက်ထက်တွင် သီရိပစ္စယာဘက်သို့ မြို့ပြောင်း၍ တည်ပြန်လေသည်။ သိုက်တိုင်မင်း လက်ထက်တွင် သမထီး (ဖွားစောရွာ)ဘက်သို့ မြို့ပြောင်း၍ တည်ပြန်လေသည်။ နောက်ဆုံး ပျဉ်ပြားမင်းလက်ထက်တွင်ကား ယခုခေတ် ပုဂံနေရာသို့ မြို့ရောက်လာတော့သည်။ နှလုံးမွေ့လျော်ဖွယ်ရှိသော အရိမဒ္ဒနာပုရပြည်ဟူ၍လည်း နောင်အခါ ခေါ်ခဲ့ကြသည်။





ပျဉ်ပြားမင်း တည်ဆောက်ခဲ့သော မြို့ရိုးဟောင်းကို ယခုထက်တိုင် တွေ့နိုင်ပေသေး၏။ မဟာဂီရိမောင်နှမ နတ်ရုပ်များလည်း ထိုမြို့ရိုးမှ သရဖာတံခါး လက်ဝဲယာ၌ အစောင့်အကြပ်သဘော ရှိနေလေသည်။ ပုဂံ၏ မူလအနေအထားကား မည်မည်ရရမဟုတ်လှ။ ပုဂံအဖို့ နိုင်ငံချဲ့ထွင်လာခဲ့သည်မှာ တစ်ထောင့်လေးဆယ့်လေးခုနှစ်တွင် နန်းတက်သော အနော်ရထာ (အနုရုဒ္ဓ) မင်းလက်ထက်တွင် ဖြစ်ပေသည်။

ထိုမင်းလက်ထက်တွင် ပုဂံ၏ အကျယ်အဝန်းသည် အထက်တကောင်း၊ မိုးကုတ်၊ အောက်ဒလ (ယခုခေတ်တွံတေး) အပါအဝင် မြစ်ဝကျွန်းပေါ်အထိ ရောက်လေသည်။ အနောက်ဘက်၌သော် ချင်း-ယောတောင်တန်းများနှင့် အစပ်ဖြစ်လေသည်။ အရှေ့ဘက်၌သော် ရှမ်းကုန်းပြင်မြင့်မှ လူမျိုးစုအဝင် အပြုတားဆီးရန် တန်းမော်ဘက်မှ ယခု တောင်ငူဘက်အထိ နယ်စပ်တစ်လျှောက် ကင်းမြို့ သုံးဆယ်လေးမြို့ဖြင့် ရံထားလေသည်။ အလိုရှိလျှင် စစ်သည် လွယ်လင့်တကူရရှိစေရန် လူတစ်ရာ ဆင့်ခေါ်နိုင်သောမြို့၊ လူတစ်ထောင်ဆင့်ခေါ်နိုင်သောမြို့ စသည်ဖြင့်လည်း သတ်မှတ်ခဲ့လေသည်။ အနော်ရထာသည် ပြည်ရွာချဲ့ထွင် သတ်မှတ်ရင်း အရပ်ရပ်သို့ ရောက်၏။ နန်းစောဘက်သို့ပင် ဗုဒ္ဓစွယ်တော် တောင်းရန်အတွက် ရောက်ခဲ့ဖူးသည်ဟု ဆိုကြလေသည်။

ဤတွင် သူ၏ အကွပ်အညှပ်ပြင်းပုံ လူအများ ပြောစမှတ်ပြုကြသည်ကို နန်းစောမှ အပြန်ခရီးတွင် တွေ့ရပေသည်။ တွေ့ရပုံမှာ တောင်ပြုံးအနီး ဝါးရင်းတုတ်အရပ်၌ အနော်ရထာသည် ဆုတောင်းပြည့်စေတီတစ်ဆူ တည်စေခဲ့လေသည်။ ထိုအခါ အမှုထမ်းများဖြစ်ကြသော ရွှေဖျဉ်းကြီး ရွှေဖျဉ်းငယ်ညီအစ်ကိုနှစ်ယောက်သည် မိမိတို့ တာဝန်ကျသည့်အတိုင်း ဆေစုအုတ်များကို မသယ်ယူမိ အမှတ်တမဲ့ဖြစ်၍ သေဒဏ်ပေးခံရလေသည်။ နောင်အခါ ထိုသူနှစ်ဦးကို နတ်စိမ်းအဖြစ် လူအများ ကိုးကွယ်ကြတော့သည်။ (၃၉)

ပြည်ထဲရေးထူးခြားချက်ကို ဆိုရဦးမည်။ ထိုထူးခြားချက်မှာ အနော်ရထာသည် သထုံပြည်ကို ပုဂံလက်နက်နိုင်ငံတွင်းသို့ သွတ်သွင်းခဲ့ခြင်း ဖြစ်လေသည်။ သုဝဏ္ဏဘူမိခေါ် သထုံပြည်သည် ကြွယ်ဝဖွံ့ဖြိုးနေသောပြည် ဖြစ်ပေ၏။ အနောက်ဘက်ကလည်း ကလိင်္ဂတိုင်းသား တီလိင်္ဂနတိုင်းသားများ လာရောက် အခြေစိုက်ကာ (၄၀) သူတို့၏ဓလေ့ သူတို့၏ အနုပညာ ဖြန့်ဖြူး၏။ သီဟိုဠ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမှလည်း ထေရဝါဒဗုဒ္ဓသာသနာ ရောက်ရှိခဲ့သည်ဆို၏။ ထိုအခါ ဂဝံကျောက်ဖြင့်ပြီးသော ကျိုက်တလင်စေတီ (မြသိန်းတန်စေတီ)၊ ထီးဆောင်းစေတီကဲ့သို့ သာသနာ့အဆောက်အအုံများလည်း ဖြစ်ထွန်းလေသည်။ ဆင်ရုပ်မြင်းရုပ် ခြင်္သေ့ရုပ် ထုလုပ်ခြင်း၊ သမုဒ္ဒရာရေပြင်၌ ငါးသနင်းနတ်ရုပ် လဲလျောင်းနေပုံ ထုလုပ်ခြင်း၊ (ဒီပင်္ကရာ) ဗုဒ္ဓ မတ်ရပ်ကြေးရုပ် ထုလုပ်ခြင်းစသည်ဖြင့် ကျောက်ဆစ် (ပန်းတမော) အတတ်၊ ကြေးသွန်းအတတ်များလည်း ဖြစ်ထွန်းလေသည်။

မွန်ပြီးနေသော သထုံပြည်မှ မနုဟာမင်းသားမက ဘုရားလောင်းဖြစ်တော်စဉ် ငါးရာငါးဆယ် ဇာတ်နိပါတ်ကဲ့သို့ စာပေကျမ်းဂန်များ၊ ရဟန်းသံဃာများ၊ ပန်းပု ပန်းချီပန်းတမော စသော အနုပညာသည်များကိုပါ ပုဂံပြည်သို့ အနော်ရထာမင်း ခေါ်ဆောင်သယ်ဆောင်လာခဲ့လေသည်။ မွန်များကိုလည်း မြင်းကပါဘက်၊ ကျောက်ဆည်နယ်ဘက်တွင် နေရာချထားလေသည်။ အထူးသဖြင့် ကားကျောက်ဆည်နယ် ဝါ၊ မြစ်သားဆယ့်တစ်ခရိုင်သည် ပန်းလောင်၊ စမုန်၊ ဇော်ဂျီမြစ်တို့ စီးဆင်းလျက် စိမ်းလန်းစိုပြည်လှ၏။ အနော်ရထာမင်းကိုယ်တိုင် ဆည်မြောင်းအဟောင်းများကိုပြုပြင်၊ ဆည်မြောင်းအသစ်တူးဖော် ရေသွယ်စေခဲ့သဖြင့် သီးနှံစပါး ပေါများလေသည်။

ထိုအခါ မြင်းကပါနှင့် ကျောက်ဆည်နေ မွန်များထံမှ ပညာအမျိုးမျိုးရ၏။ မွန်အက္ခရာကိုလည်း မြန်မာဘာသာတွင် မွေးစားယူ၏။ ရှေးကရှိခဲ့သော ဗုဒ္ဓဘာသာတွင် သထုံမှ ဗုဒ္ဓဘာသာယဉ်ကျေးမှု ထပ်လောင်းလေသဖြင့် သရေခေတ္တရာနှင့် ဆင်တူသော စူဘုရားပုံမျိုးအပြင် အခြားပုံသဏ္ဌာန်နှင့် စေတီများလည်း အသစ်ပေါ်ထွန်း၏။ ဤကိစ္စအဝဝတွင် သထုံမှ ရဟန်းတော်ရှင်အရဟံသည် ကူညီခဲ့လေသည်။

အစက ကြောင်းခဲ့သည့်အတိုင်း အနော်ရထာသည် ဗုဒ္ဓဘာသာဝင်ဖြစ်လေသည်။ သူသည် အုတ်ခွက်ဘုရားအများ သွန်းလုပ်ပေ၏။ ယေဓမ္မာ ဟေတုပ္ပဘဝါ အစရှိဂါထာတွင် မိမိသည် ဗုဒ္ဓဘာသာ အယူရှိပါသည်ဟူသော ခံယူချက်ကို ဖြည့်ထည့်ပေ၏။ တစ်ဖန် မိမိလက်ဖြင့် ဤဆင်းတုကို ပြုလုပ်ပါသည်။ ဤကောင်းမှုကြောင့် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရပါလို၏ဟု ဆုတောင်းစာ ထုထွင်းရေးလောက်အောင် သဒ္ဓါတရားကြီးပေ၏။ ရံဖန်ရံခါလည်း





ခြေတစ်ဖက်တင် ခြေတစ်ဖက်ချ ပုံသဏ္ဌာန်နှင့် မကိုဆောင်း လောကနာထရုပ်ကြွကို အုတ်ခွက်တွင် ပြုလုပ်၍ ဆုတောင်းပတ္ထနာ ပြုတတ်လေသည်။ (၄၁)

သူသည် ရွှေဆံတော်စေတီတွင် သရေခေတ္တရာမှ ရရှိသော ဓာတ်တော်များ၊ မွန်ဒေသမှရရှိသော ဓာတ်တော်များ ဌာပနာ၍ အောက်ဝါကားကား အထက်ဝါ ရှုးရှူးနှင့် မွန်ပုံဆန်ဆန် တည်ဆောက်လေသည် (၄၂)။ သူသည် လောကနန္ဒာစေတီကို ကိုယ်လုံးပြည့်ပြည့်နှင့် သရေခေတ္တရာပုံဆန်ဆန် တည်ဆောက်လေသည်။ သူသည် ရွှေစည်းခုံစေတီကို အဆင်တန်ဆာအမျိုးမျိုးထည့်၍ စတင်တည်ဆောက်လေသည်။ ဘုရားဝီသုကာတွင် တိုးမွားလာမှုတည်း။

ထိုမှမကသေး။ အနော်ရထာ၏ ခေတ်တစ်ပိုက်၌ ပြည်သူဘက်က တည်ဆောက်သော ရွှေဖက်လိပ် ငွေဖက်လိပ်စေတီမျိုးတွင် ငါးရာငါးဆယ် ဇာတ် နိပါတ်ရုပ်ကြွများ ပီပီသသ ထည့်သွင်းပြုလုပ်နိုင်လောက်အောင် အဆင့်အတန်း ရှိလာခဲ့လေသည်။ ဤသို့သောခေတ်၊ ဤသို့သောမင်း အရှိန်အဝါတို့ကြောင့်ပင် အနော်ရထာကို ပြည်သူများက စကြဝတေးမင်းဟူ၍ ချီးပခဲ့ကြလေသည်။

အနော်ရထာသည် ပြည်ရွာတိုင်းကား ချဲ့ရာတွင် စွမ်းသလောက် လူမျိုးချင်း စည်းလုံးရေးကြိုးပမ်းခဲ့သူမှာ (တစ်မင်းခြားနန်းတက်သော) ကျန်စစ်သား ဖြစ်လေသည်။

ပြည်ထဲရေး အခြေအနေသည် ဤသို့ ရှိလေသည်။ သထုံသည် တဖြည်းဖြည်းနှင့် တိမ်ကော၍ မုတ္တမပင်လယ်ကွေ့ အနောက်ဘက်ရှိ ပဲခူး (ဟံသာဝတီ) နယ်သည် မွန်အများအပြားဖြင့် စည်ကားလာခဲ့လေသည်။ ပဲခူးစားကား ငရမန်ကန်းပေတည်း။ အနော်ရထာ လွန်ပြီးသည့်နောက် စောလူမင်း လက်ထက်တွင် ငရမန်ကန်းနှင့် နောက်လိုက်များသည် ပုန်ကန်ထကြွခဲ့ကြ၏။ စောလူမင်းကိုလည်း သတ်ဖြတ်ခဲ့ကြ၏။ ထိုအခါ လူအများ ဒုက္ခရောက်ကြရသည်။ မိတကွဲ၊ ဘတကွဲ၊ သားတကွဲ မယားတကွဲ ဖြစ်ကြရ၊ စားရမဲ့သောက်ရမဲ့ ဝတ်ရမဲ့ဖြစ်ကြရသည်။ ကျန်စစ်သားသည် ငရမန်ကန်းသူပုန်ကို စစ်တောင်းမြစ်ရိုးတစ်လျှောက် လိုက်၍ ဖြိုဖျက်ရလေသည်။ ထို့နောက်–



www.burmeseclassic.com

www.burmeseclassic.com



'ကွဲကွာ သူတို့၏ မျက်ရည်ကို
လက်ဖြင့်တူသော မေတ္တာစိတ်ဖြင့်
သုတ်ပစ်လတ္တံ့။
စိတ်နှလုံး ပူဆွေးသူတို့၏ နှပ်ရည်ကို
ရေနှင့်တူသော ကရုဏာဖြင့်
ဆေးကြောပစ်လတ္တံ့။
လက်ယာလက်ဖြင့် ပြည်သူအပေါင်းအား
ထမင်းမုန့် ပေးလတ္တံ့။
လက်ဝဲလက်ဖြင့် ပစ္စည်းဥစ္စာ အဝတ်ပုဆိုး
ပေးလတ္တံ့။
ပြည်သူအပေါင်းသည်
အမိရင်ခွင်ရှိ သားငယ်ကဲ့သို့ (ရှိကြလတ္တံ့)။
ဤသို့
မင်းသည် အကျိုးစီးပွားဖြင့် စောင့်ထိန်းလတ္တံ့'
ဟူ၍ အမိန့်ပြန်ပြု၏။ ထို့ပြင်မကသေး။
'အိုးစလောင်းရောင်းသော
ဆင်းရဲသူ မိန်းမအပေါင်း
ကြွယ်ဝကြလတ္တံ့'
ဟူ၍ ဆင်းရဲသူ မုဆိုးမများအတွက်ပါ မကျန်အောင် သူ စိတ်စေတနာထား၏။

အမိန့်အတိုင်းပင် ကျန်စစ်သားသည် ပြည်သူတို့၏ ချမ်းသာရေး၊ လူမျိုးချင်း ချစ်ကြည်ရေးကို ပြန်လည်လုပ်ဆောင်ခဲ့လေသည်။ ကြည့်ပါလေ။ တူရွင်းတောင်ခြေ၌လည်းကောင်း၊ အလန်ပုဂံ၌လည်းကောင်း လုခပ်သိမ်းတို့ အကျိုးငှာ ရေကန်များ တူးဖော်ပေးခဲ့လေသည်။ တစ်ဖန် သူသည် မွန်များကို အမတ်ရာထူးပေးခဲ့လေသည်။ သူ့သြဇာစိုးရာ ထားဝယ်ကဲ့သို့ ရပ်ဝေးနေရာများ၌ပင် ယုံယုံကြည်ကြည်နှင့် မွန်ကို အကြီးအကဲခန့်ထားခဲ့လေသည် (၄၃)။ သူသည် သထုံပြည်ဘက်ရှိ ကျိုက်တလင်နှင့် ကျိုက်တဲစေတီများကို ပြုပြင်ခဲ့လေသည်။ သူ့လက်ထက်ထိုး ကျောက်စာအရပ်ရပ်တွင်လည်း မွန်ဘာသာကို သုံးလေသည်သာများ၏။





ကျန်စစ်သားသည် မွန်များကိုသာ အရေးပေးသည်မဟုတ်။ ပြည်တွင်းနေ ပျူများလည်း ရသင့်သော အခွင့်အရေး ရလေသည်ပင်။ ဤတွင် အခွင့်အရေးဟူသည် လူမျိုးစုရှင်းအတွက်လည်း ပေးသည်မှန်၏။ ဘာသာရေး အခွင့်အရေး၊ ယဉ်ကျေးမှု အခွင့်အရေးပေးသည့် သဘောလည်း ပါလေသည်။

ကျန်စစ်သား နန်းတက်ပွဲစသော အခမ်းအနားများကို ပထမကြည့်ပါလေ။ ထိုအခမ်းအနားများတွင် ဗုဒ္ဓဘာသာဝင်ကလည်း ထုံးစံအတိုင်း ပရိတ်ရွတ်သည်။ နတ်ကိုးကွယ်သူကလည်း နတ်ကခွင့်ရသည်။ ဗြာဟ္မဏပုဏ္ဏားကလည်း ဗိဿနိုး ပူဇော်နိုင်လေသည်။

အပြင်အပတွင် ကြည့်ပါလေဦး။ သူ၏မိဖုရား အပယ်ရတနာတည်သော ဂူဘုရားတွင် မိမိ ကြည့်သိုမှုအလျောက် ပဒုမပါဠိကဲ့သို့ မဟာယာနဂိုဏ်း ဗောဓိသတ္တရုပ်များ၊ တာရာနတ်သမီးကဲ့သို့ ကရုဏာရှင်ရုပ်များကို ပန်းချီ ဆေးရေးထားသည် အဖြစ်လည်း တွေ့နိုင်ပါလေသည်။ အမိပြာယ်မှာ ဗုဒ္ဓဘာသာဝင်များအနက် ထေရဝါဒ်ပဲဖြစ်စေ၊ မဟာယာနဝါဒ်ပဲဖြစ်စေ၊ မိမိ စိတ်သွတ်ရာအလိုက် ပြုမူနိုင်ခွင့်ရှိသည်ဟူ၍ ဖြစ်လေသည်။

ကျန်စစ်သားသည် အနော်ရထာ အပြီးမသတ်ခဲ့သော ရွှေစည်းခုံစေတီကို ဆက်လက်တည်ခဲ့လေသည်။ အာနန္ဒာဂူဘုရားကိုလည်း ပါလနေတ် ပဟာပုဂူဘုရား နမူနာယူ၍ တည်ခဲ့လေသည်။ (၄၄)

ရွှေစည်းခုံစေတီအပြီးသတ် ထည်ပုံနှင့်စပ်၍ လူကြီးသူမများ ပြောကြသည်မှာ ဤသို့ဖြစ်ပေ၏။ ပုဂံအရှေ့ဘက်ရှိ တူရွင်းတောင်မှ ကျောက်အုတ်များကို ပြည်သူအများ ရွှေခြမ်းရလေသည်။ ထို့နောက် ထိုနေရာမှ ဘုရားအရောက် မန်ကျည်းပင်များအောက်တွင် သူတို့ နှစ်ကြောင်းစီတန်းကာ ကျောက်အုတ်တို့ကို လက်ဆင့်ကမ်း ယူရလေသည်။ ဤသို့အားဖြင့် ပြည်သူအများ ပါဝင်လျက် အပြီးသတ် တည်ဆောက်သော ရွှေစည်းခုံစေတီသည် ပစ္စယာသုံးဆင့်၊ ခေါင်းလောင်းပုံ၊ ခါးပတ်၊ ဘိလူးပန်းဆွဲ၊ ဖောင်းရစ်၊ ကြာမှောက်ကြာလန်၊ ထုပိကာ၊ ထောင်စိုက်စေတီ၊ နတ်လေ့ကား စသည့် အဆင်တန်ဆာများဖြင့် နောက်ခေတ် မြန်မာပုံစံ ပေါ်လာတော့သည်။

အာနန္ဒာဂူဘုရားမှာကား ပဟာပုဂူဘုရားကဲ့သို့ ကြက်ခြေခတ်အညွှန်း ပန္နက်ပုံစံ ရှိပေ၏။ တစ်ဖန် အာရုံခံမုခ်တုရင်လေးခုထုတ်ကာ တိုက်မ



www.burmeseclassic.com

www.burmeseclassic.com



(ကုလားကျောင်း)ကို ပြတင်းနှစ်ဆင့်ဖြင့် တန်ဆာဆင်ထားလေသည်။ ထို အထက်တွင် မိုးလျှောနှင့် ပထမပစ္စယာ၊ ထို့နောက် ဒုတိယ မိုးလျှောနှင့် ဒုတိယ ပစ္စယာ၊ ထို့နောက် ပစ္စယာသုံးဆင့်နှင့် ကွမ်းတောင်၊ ထုပ်ိကာတို့ ဆင့်ကဲဆင့်ကဲ တက်ထားရာ ရှုမငြီးဖွယ် ဖြစ်ပါပေသည်။

ဘုရားဖူးသည် ဒွာရပါလနတ်ရုပ်စောင့်နေသော အာရုံခံမှ ဂန္ဓကုဋီတွင်းသို့ ဝင်လာပြီဆိုပါစို့။ ဂန္ဓကုဋီကို ပတ်ပိုင်းထားသော မှန်ခုံးပေါင်းကူး စကြံနှစ်ထပ်ကို ဖြတ်ရပေလိမ့်မည်။ လေးမျက်နှာ ဂန္ဓကုဋီလေးတိုက်တွင်ကား ဂူတူခေတ်နှောင်းဆန်ဆန် အတောင်ဆယ့်ရှစ်တောင်ရှိ မတ်ရပ်ရုပ်ပွားတော်ကြီးလေးဆူသည် ခမ္မစကြာတရားဟောဟန် (လက်နှစ်ဖက် စက်လှည့်သည်) အနေအထားနှင့်သော်လည်းကောင်း၊ မကြောက်ရွံ့ရန် လက် (ဖဝါးကို အပြင်ဖြန့်ပြထားသည်) အနေအထားနှင့်သော်လည်းကောင်း ရှိနေလေသည်။

ဘုရားဖူးသည် အလင်းရောင် အသင့်အတင့်ရှိသော အာရုံခံမှ အတွင်းဘက်ဝင်လာပြီးနောက် မတ်ရပ်တော် ဖူးမြော်ရန် ခေါင်းအမော့တွင် မျက်နှာတော်နှင့် ကိုယ်အထက်ပိုင်းအား (မိုးလျှောတွင် ဖောက်ထားသော မှန်ပေါက်မှ တစ်ဆင့်) နေရောင်ဝင်းခနဲလာဟပ်နေသည်ကို ကြည်ညိုဖွယ်ရာ တွေ့ရပေလိမ့်မည်။ ဤသည် ဗိသုကာဆရာများ၏ စွမ်းဆောင်ချက်တစ်ရပ်ပင်။ ထို့ပြင် အနောက်ဘက်ရှိ မတ်ရပ်တော် ဘေးတစ်ဖက်တစ်ချက်တွင် ပုဆစ်ဒူးတုပ် ကန်တော့နေကြသော ရဟန်းရုပ်တုတစ်ခုနှင့် မကိုဋ်၊ လည်ဆွဲ၊ လက်ကောက် လက်ကျပ် ဝတ်ဆင်ထားသော မင်းရုပ်တုတစ်ခုကို မြင်ရပြန်ဦးမည်။ ရဟန်းရုပ်တုမှာ ရှင်အရဟံဖြစ်၍ မင်းရုပ်တုမှာ ကျန်စစ်သားဖြစ်သည်ဟု ဆိုကြသည်။

ဘုရားဖူးသည် ဂန္ဓကုဋီမှထွက်၍ အတွင်းစကြံပတ်လည် လျှောက်ကြည့်လျှင် နံရံလိုဏ်ပေါက်များ၌ ဘုရားအဖြစ်ရောက်၍ ဓမ္မစကြာတရားဟောပုံ သရုပ်ပြ လက်ကိုမြေထိ၊ လက်ကိုရင်ကပ်ထားသော ဘုရားဆင်းတုအများကို မြင်ရပေတော့မည်။

ထို့နောက် အစီအစဉ်အလိုက် တွေ့မြင်ရမည့် အရာများမှာ အပြင်စကြံနံရံ လိုဏ်ပေါက်များရှိ ဇာတ်ဝင်ရုပ်ကြွ ရှစ်ဆယ်ခန့်ဖြစ်ပေသည်။ ထိုဇာတ်ဝင် ရုပ်ကြွများမှာ တုသိတာနတ်ပြည်၌ ဘုရားလောင်းနတ်သား စံနေခန်းမှစ၍ ဘုရားအဖြစ်သို့ ရောက်ခန်းအထိ အစဉ်လိုက်ရှိ၍ လက်ရာမြောက်လှပေသည်။





ပုံစံအားဖြင့် မယ်တော်မာယာသည် ညီမတော် ပဇာပတိဂေါတမီ၏ ပခုံးကို လက်ဝဲလက်ဖြင့် ဖက်၊ လုမ္ဗိနီဥယျာဉ်ရှိ အင်ကြင်းခက်ကို လက်ယာလက်ဖြင့် ကိုင်၊ ကိုယ်ကို သုံးဆစ်ချိုး (တြိဘင်္ဂ)ထား၍ ဘုရားလောင်းဖွားဟန် အမူအရာမှာ ခွဲ့ခွဲ့လျလျ ရှိလေသည်။ ဘုရားလောင်းဖွားသည် အခါဖွယ်ဖြင့် မယ်တော်မာယာ၏ ညာဘက်ခါးထက်တွင် တင်ပျဉ်ခွေ ဆင်းတုကလေး ထုလုပ်ထားပုံမှာလည်း မဟာယာနသုံး လက်တီတဗိတ္တာရကျမ်းနှင့်အညီ ဖြစ်ပေသည်။ (၄၄ က)

ဤသည် ကျန်စစ်သား၏ ပြည်တွင်းကောင်းမှု ပြည်တွင်းဆောင်ရွက်ချက် အချို့ဖြစ်သည်။ ကျန်စစ်သား၏ ပြည်ပကောင်းမှု၊ ပြည်ပဆောင်ရွက်ချက် သာဓကမှာကား သူသည် ဗုဒ္ဓဂယာရှိ မဟာဗောဓိဘုရား (ဝဇီရာသန)ကို ပြင်ဆင်ရန်မှုမက မြေဝယ်၍ ဘုရားသို့ လှူခဲ့လေသည်။ တစ်ဖန် တရုတ်နိုင်ငံသို့ နှစ်ကြိမ်တိုင်တိုင် သံစေလွှတ်၍ မဟာမိတ်ဖွဲ့ခဲ့ဖူးလေသည်။

ဤသို့သောမင်းကို ပြည်သူနှင့် လက်အောက်မှူးထမ်းကလည်း လေးစားရှိသေကြလိမ့်မည်။ သားသမီးကလည်း ချစ်ခင်မည်မှာ မလွဲကန်ဖြစ်သည်။ သူသည် နန်းသက် နှစ်ဆယ့်ရှစ်နှစ်တွင် လွန်ခဲ့လေသည်။

ကျန်စစ်သား၏ နောက်ဆုံးအချိန်ကို ဆိုရပေဦးမည်။ သူသည် သေအံ့မူးမူးရှိနေ၏။ ထိုအချိန်တွင် သူ မွေးခဲ့ကျွေးခဲ့သော (တောင်စဉ်ခုနစ်ခရိုင်စား) ရာဇကုမာရ အမတ်သည် သူ့ကျေးဇူးကို အောက်မေ့သတိရ၍ ရွှေဆင်းတုတစ်ဆူကို သွန်းလုပ်လေသည်။ ထိုဆင်းတုကို သယ်ဆောင်ကာ မင်းကြီး၏ ရှေ့မှောက်သို့ဝင်၍ မင်းကြီးကုသိုလ်ရစေရန် ဘုရားကို သွန်းလုပ်ပါသည်။ မင်းကြီးက မိမိကိုပေးခဲ့ဖူးသော ကျွန်သုံးရွာလည်း ထိုဘုရားကို စောင့်ရှောက်စေရန် ပေးလှူပါသည်ဟု လျှောက်လေသည်။ ကျန်စစ်သားသည် အလွန်နှစ်သက် ဝမ်းမြောက်၍ 'ကောင်းလှ၏၊ ကောင်းလှ၏'ဟု သာဓုအနုမောဒနာ ခေါ်ကာ သံဃာများရှေ့၌ ရေစက်ချလေသည်။ ထို့နောက် ရာဇကုမာရသည် ထိုဆင်းတုကို မိမိတည်သော ဂူပြောက်ကြီးဘုရားတွင် ဌာပနာ၍ အကျိုးအကြောင်းကို မြန်မာ၊ ပါဠိ၊ မွန်၊ ပျူ လေးဘာသာဖြင့် ကျောက်စာထိုးခဲ့လေသည်။ (၄၅)

ပြန်ကောက်ရသော် အနော်ရထာသည် ပြည်ရွာတိုင်းကား ခိုင်ခိုင်မြဲမြဲ ခဲ့သူ ဖြစ်ပေ၏။ ကျန်စစ်သားသည် ပြည်သူတို့ကို ဖူးဖူးတတ ဆက်ဆံခဲ့သူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေ၏။ မိမိကိုယ်တိုင် သတ္တဝါအများကို ကယ်တင်ချင်သော ကရုဏာစိတ်ဖြင့် ဘုရားဆုကို တောင်းခဲ့သူလည်း ဖြစ်ပေ၏။ ထိုမင်းနှစ်ဦး ဆောင်ရွက်ခဲ့သမျှသည် ပုဂံသမိုင်းတွင် ဂုဏ်တက်စရာရှိသကဲ့သို့ ဂုဏ်ဖျက်စရာလည်း ရှိပေသေးသည်။ တိုးတက်မှုရှိသကဲ့သို့ ဆုတ်ယုတ်မှုလည်း ရှိပေသေးသည်။ သာဓကပြပါအံ့။

ကျန်စစ်သား လွန်ပြီးသည့်နောက် မြေးဖြစ်သူ အလောင်းစည်သူ နန်းတက်လေသည်။ ထိုမင်းကား ယနေ့ခေတ် ပုဂံ၌ ခံ့ခံ့ထည်ထည် ရှုမြင်နိုင်သော သဗ္ဗညုဘုရား ဒါယကာတည်း။ သို့ရာတွင် ကံဆိုးရှာသည်။

ဖြစ်ပုံမှာ ထိုမင်းတွင် မင်းရင်စောနှင့် နရသူဟူ၍ သားနှစ်ယောက်ရှိလေသည်။ သားကြီး မင်းရင်စောသည် မာနထောင်လွှားတတ်သဖြင့် မင်းဒဏ်သင့်ကာ ယနေ့ခေတ် မန္တလေးအနီးရှိ ထွန်းတုံးပုတက် အရပ်တွင် နေရ၏။ ထိုအခါ မင်းအပါးတွင် နရသူသာ ရှိလေသည်။ နရသူသည်လည်း နန်းမကျန်းဖြစ်နေသော ဖခင်ကို အဝတ်ပုဆိုးဖြင့်ဖိ၍ သတ်လေသည်။

မကြာမီ အလောင်းစည်သူ အနိစ္စရောက်ကြောင်း သတင်းသည် မင်းရင်စောထံသို့ ရောက်သွားပေ၏။ ထို့ကြောင့် ပုဂံအရောက် မင်းရင်စော စုန်ဆင်းလာလေသည်။ မင်းရင်စော စုန်လာကြောင်း နရသူ ကြားသိရသော် ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်မိလေသည်။ ထိုကာလတွင် ရှင်အရဟံ ပျံလွန်ပြီးဖြစ်ရကား သာသနာ့ဦးစီးဦးဆောင်အဖြစ် ပံသကူမထေရ်က ဆောင်ရွက်နေလေသည်။ ထိုအရှင်ကို လူအများက လေးစားပေ၏။ ထိုအခါ နရသူသည် ပံသကူမထေရ်ကို ချဉ်းကပ်၍–

'နောင်တော် မင်းရင်စောသည်

ရေအား ကြည်းအားချို၍ ရွှေထီး

ရွှေနန်းကို သိမ်းမည်ဟူ၍ ကြားသည်။

ဤကဲ့သို့ ချိုသော် ကြာရှေတော့မည်။

ကြာ၍လည်း ပြည်ထဲအရေးသည် မသင့်ချေ။

ကျွန်တော် ရှိလေပြီးသည်ကို ခားတစ်စင်း

မြင်းတစ်စီးနှင့်သာ အလျင်ကြွ၍ နန်းတက်

တော်မူမည်အကြောင်းကို နောင်တော်အား ခေါ်တော်မူပါ'

ဟု လျှောက်လေသည်။





နရသူ၏စကားကို ပံသကူမထေရ်က စိတ်မချ။ ထိုအခါ နရသူက မင်းရင်စော ရောက်သည့်အခါ သူ့ခါးကိုထမ်း၍ ကိုယ်တိုင် နန်းတင်မည့်အကြောင်းကို ကတိသစ္စာပြုလေသည်။ ပံသကူမထေရ်သည် ကတိအတိုင်း လက်ခံ၍ မင်းရင်စောကို အကြောင်းကြားရာ မင်းရင်စော တစ်ကိုယ်ချင်း လိုက်လာလေသည်။ နရသူကလည်း ကတိအတိုင်း နန်းတင်ပေ၏။ သို့ရာတွင် နန်းတက်သည့်ညတွင် စားတော်ဝယ် နရသူခပ်သော အဆိပ်သင့်၍ မင်းရင်စော အနိစ္စရောက်လေသည်။ နရသူကလည်း မင်းအဖြစ် ယူလေသည်။ နရသူ၏ လှည့်စားမှုကို ပံသကူမထေရ်သည် သည်းမခံနိုင်တော့။ နရသူ မတရား အုပ်စိုးနေသည်ကိုလည်း မမြင်ချင်တော့။

"လူပြည်တွင် နင်ထက်ဆိုးဝါး ညစ်ညမ်းသူ မရှိ"

ဟု မိန့်ဆို၍ ပုဂံမှခွာ၊ သိဟိုဠ်သို့ ကူးလေသည်။ နရသူနောက် (တစ်မင်းခြား) နန်းတက်သော နရပတိစည်သူ လက်ထက်တွင်မှ ပုဂံသို့ပြန်ကာ သိတင်းသုံးလေတော့သည်။

ပုဂံ၏ ပြည်ထဲရေးကို ဆက်ပါဦးအံ့။ နရပတိစည်သူမင်း လက်ထက်သည် ပုဂံခေတ်၏ ဒုတိယပိုင်းပင် ဖြစ်လေသည်။ ထိုကာလတွင် ပုဂံနိုင်ငံသည် ခေတ်အခါအလျောက် စီးပွားရေး လူမှုရေး သာသနာရေး ပြည့်စုံနေလေပြီ။

ပုဂံဒေသကွက်ကွက်သည် ခြောက်သွေ့သည် မှန်ပေ၏။ သို့ရာတွင် အရှေ့မြောက်ဘက် ကျောက်ဆည်– မြစ်သားဆယ်တစ်ခရိုင်တွင် ပန်းလောင်မြစ်၊ စမုန်မြစ်၊ ဇော်ဂျီမြစ်တို့မှ ရေသွယ်စိုက်ပျိုးနိုင်သဖြင့် လယ်ယာကိုင်းကျွန်း ကောင်းစွာဖြစ်ထွန်းသည်။ အနောက်တောင်ဘက် မင်းဘူးခြောက်ခရိုင်တွင် စလင်းချောင်း၊ မုန်းချောင်း၊ မန်းချောင်းတို့မှ ရေသွယ်စိုက်ပျိုးနိုင်သဖြင့် လယ်ယာကိုင်းကျွန်း ကောင်းစွာဖြစ်ထွန်းသည်။ တစ်ဖန် ပလ္လဝါတိုင်းမှ မျိုးစေ့ရရှိ စိုက်ပျိုးနိုင်သဖြင့် ဝါကောင်းစွာ ဖြစ်ထွန်းသည်။

ကျောက်ဆည်– မင်းဘူး ကျောထောက်နောက်ခံကောင်းသော ပုဂံသားတို့သည် စားဝတ်နေရေး ပြေလည်ကြသည်ဟု ဆိုရလိမ့်မည်။ မင်း မိဖုရားများ သာမက အမတ်၊ သံပျင်၊ ကလန်၊ စာချီ၊ သူကြီးကဲ့သို့ မင်းမှုထမ်းများ၊ လယ်ယာစိုက်ပျိုးသူများ၊ ပညာသည်များ၊ သာမန်အရပ်သားများသည်လည်း မိမိတို့ အင်အားအလျောက် ကျောင်းကန်ဘုရား တည်နိုင်အားရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မင်းမိဖုရားများသည် မကိုဋ် ဒုယင်ဝတ်လုံ ခါးဝတ်တန်ဆာ ဆင်ယင်လျက် သဒ္ဒါတရားအပြည့်ဖြင့်လည်ကောင်း၊ ကျွန်လုတန်းစားတွင် ယောက်ျားက ဖျင်ဝတ်လုံနှင့် ခါးစည်းဝတ်လျက်၊ မိန်းမက ဆံပင်နောက်တွဲထုံး၊ ပုတီးနားတောင်းဆင်၊ အင်္ကျီကိုယ်ကျပ်ဝတ်လျက် သဒ္ဒါတရားအပြည့်ဖြင့်လည်းကောင်း လှုပ်လှုပ်ရွရွ သွားလာလှူဒါန်းကြပေလိမ့်မည်။

လှူဒါန်းသည့်တို့တွင် ဝတ္ထုပစ္စည်းလည်း ပါသည်။ လူလည်း ထည့်တတ်လေသည်။ ပမာအားဖြင့် ဆွမ်းကပ်ဆွမ်းချ ရှိနိုးပူဇော်သည့်အခါ တီးမှုတ်ကြစေရန် တူရိယာပစ္စည်းနှင့်တကွ စည်သည်၊ ပသာသည်၊ ခွက်ခွင်းသည်၊ နရည်းခရာသည်၊ ပန်တျာဟူ၍ ထည့်လှူတတ်လေသည်။ တစ်ဖန် တံမြက်လှည်း၊ မြက်ပေါင်းရှင်း၊ မြေညှိ၊ ကျောင်းဘုရားအကျိုးအပဲ ပြင်စေရန်နှင့် ဆွမ်းဝတ်၊ ကွမ်းဝတ်ဆောင်ရွက်စေရန် အမှုလုပ်သား ကျွန်များလည်း ထည့်လှူတတ်လေသည်။ ထိုအခါ ဘုရားကျွန် ကျောင်းကျွန်များ စားသုံးနိုင်စေရန်ဟု မြေနှင့်ထန်းပါ ထည့်ရန်လည်း အလှူရှင်များက မမေ့။

ကျွန်ကိစ္စ စကားချပ်ရပေဦးမည်။ ပုဂံခေတ်၌ နောက်ကာလမှာကဲ့သို့ ကျွန်နေရာသည် ဂုဏ်ငယ်ပုံမရ။ အကြောင်းကိုဆိုသော် အချို့ သဒ္ဒါတရားထက်သန်သော အမတ်များသည် မိမိကိုယ်နှင့်တကွ မယား၊ သား၊ သမီးများကိုပင် ကျောင်းဘုရားသို့ လှူဒါန်းသောအလေ့ ရှိသောကြောင့်ပင်။ ထို့ပြင် ဘုရားကျွန် ကျောင်းကျွန်တို့သည် ငွေဝယ်ကျွန်သားများရာ မိမိတို့ယူထားသော အဖိုးငွေပြန်ပေးဆပ်လျှင် ကျွန်အဖြစ်မှ လွတ်ခွင့်ရှိလေသည်။ အချို့ ပိုင်ရှင်များကမူ 'မြက်နုရေကြည်ရှိရာ လားစေ' ဟု အလိုအလျောက်ပင် လွှတ်တတ်ကြသည်။ သို့ရာတွင် အများအားဖြင့် ကျွန်များသည် မွန်မြတ်သော ကျောင်းဝတ်ဘုရားဝတ်ဆောင်ရွက်နေရသဖြင့် မိမိတို့ဘဝကို နှစ်ခြိုက်နေကြဟန်တူလေသည်။ (၄၆)

ပြန်ကောက်ရသော် ပုဂံသူပုဂံသားတို့သည် စီးပွားရေးဖူလုံကြ၍ ကျောင်းကန်ဘုရား ဆောက်လုပ်လှူဒါန်းလေ့ရှိသည်။ အဆန်းတကြယ်ဆောက်လုပ်ရန်၊ တင်တင်တယ်တယ် ဖန်တီးရန် လက်သမား၊ ပန်းရန်၊ ပန်းပွတ် အထုသည် စသူများကို စေနိုင်းတတ်ကြသည်။

ထိုအခါ ဂူဘုရားအတွင်း မျက်နှာကြက်နှင့် နံရံတို့၌ ဆင်စွယ်ဝန်းယှက်ပုံများ၊ ကနုတ်ပန်းပုံများ၊ ငါးရာငါးဆယ် ဇာတ်နိပါတ်ပုံများ ဆေးရောင်စုံ





ကောက်ကြောင်းရေးဆွဲခြင်း၊ ဂူဘုရားအပြင် စလစ်ချွန်းနှစ်ဖက်တွင် မကန်းရုပ်များ ထုလုပ်ခြင်း၊ ကြေးကွေးအထက်တွင် ပြာသာဒ်ဘုံဆင့်နှင့် ရာမလက်ညှိုးများ ထုလုပ်ခြင်း စသည်ဖြင့် အသေးစိတ်တန်ဆာဆင်မှု ရှိခဲ့လေသည်။

ထိုအတူ မြေစိုက်ဘုရား ဗိနပ်တော် ပန်းတင်ခုံပစ္စယာ နံရံများတွင် စဉ့်ရေသုတ် ဇာတ်နိပါတ်ရုပ်ကြွများ ထုလုပ်ခြင်း၊ နတ်မုန်နတ်လှေကားတပ်ဆင်ခြင်း၊ ပစ္စယာသုံးဆင့်တွင် ကြာသွတ်အိုးနှင့် ပစ္စယာအထက်တွင် ရှစ်ထောင့်ကြာဝန်း၊ ကြေးပိုင်းကြာမှောက် ကြာလန် ခါးပတ်ထည့်ခြင်း၊ ထို့နောက် ခေါင်းလောင်းပုံ၊ ဖောင်းရစ်၊ ကြာစီပ်၊ ကြာမှောက်၊ ငုံ၊ ကြာဖူး အဆင့်ဆင့်တင်ခြင်း စသည်ဖြင့် အသေးစိတ်တန်ဆာဆင်မှု ရှိခဲ့လေသည်။ ရံဖန်ရံခါ မြေစိုက်ဘုရား၏ ခေါင်းလောင်းပုံအထက်တွင် သီဟိုဠ်နည်းအတိုင်း ဟာမိကာခေါ် ခါတ်တော်တိုက်ဆင့်ခြင်းဟူ၍ မှုကွဲတန်ဆာဆင်မှုမျိုးလည်း ရှိခဲ့လေသည်။ (၄၇)

သီဟိုဠ်ကိစ္စ အနည်းငယ် ဆိုရဦးမည်။ ပုဂံသည် ပါလတိုင်း၊ ပလ္လဝတိုင်းတို့နှင့် စောစောကတည်းက အဆက်အဆံရှိခဲ့သည့်နည်းတူ၊ သီဟိုဠ်ကျွန်းနှင့်လည်း အဆက်အဆံ အသွားအလာ ရှိခဲ့လေသည်။ သွားလာပုံမှာ လောကနန္ဒာဆိပ်မှ ရွက်လှေရွက်သင်္ဘောဖြင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် ပုသိမ်အထိစုန်ဆင်း၊ ပုသိမ်မှတစ်ဖန် ပြည်ပသို့ ပင်လယ်ကူးသင်္ဘော ပြောင်းစီးရလေသည်။ သီဟိုဠ်ကဲ့သို့ ပြည်ပဒေသကလည်း ပုသိမ်ဘက်သို့ ရှေးဦးစွာရောက်၍ ထိုမှတစ်ဖန် အထက်သို့ဆန်ရလေသည်။ ထိုစဉ်က ပင်လယ်၌ (ယခုခေတ်) အိန္ဒိယနှင့် အာရပ်နိုင်ငံများမှ သင်္ဘောများ သွားလာနေကြသည်။

နရသူလက်ထက်၌ ပံသကူမထေရ်သည် ပုဂံမှ သီဟိုဠ်သို့ ကူးခဲ့ကြောင်း ဆိုခဲ့ပြီ။ ပံသကူမထေရ်သည် သီဟိုဠ်၌ နှစ်အတန်ကြာ နေထိုင်ခဲ့လေသည်။ သီဟိုဠ်ကား ဗုဒ္ဓ၏ စွယ်တော်ရှိရာဒေသ ဖြစ်သည်။ (ထေရဝါဒ ဂိုဏ်းဝင်) ပါဠိပိဋကတ်စာနှင့် သဒ္ဒါဆေးကျမ်းကဲ့သို့ လောကီစာများ ထွန်းကားရာဒေသဖြစ်သည်။ ပုဂံတွင်လည်း နဂိုက (သသံကရိုက်နှင့် ရောယှက်နေသော) ပါဠိစာ၊ အခြားလောကီစာ ရှိခဲ့ပေသည်။ သို့ရာတွင် ပံသကူမထေရ် ပြန်ရောက်လာသည့် နောက်တွင်မှ ပို၍ အလေ့အလာများလာဟန် တူလေသည်။ စာသင်ကျောင်းများ၌ ထိုပါဠိစာ၊ လောကီစာများကို ပေရွက်ပေါ် ရေးကူးကာ



www.burmeseclassic.com

www.burmeseclassic.com



ပေရွက်များကို လက်ပံသားနှစ်ချပ်ဖြင့် အထက်အောက်ညှပ်၍ သစ်တလားအတွင်း အသေအချာ ထိန်းသိမ်းထားတတ်ကြသည်။ ထိုပေစာများကို အသုံးပြု၍လည်း စာပေပို့ချခြင်း၊ တရားဆွေးနွေးခြင်း၊ ကျမ်းဂန်ရေးခြင်း ရှိခဲ့ရာသည်။ ပုဂံခေတ် ဒုတိယပိုင်းတွင် ရှင်အဂ္ဂဝံသသုမြတ် ပြုစုသော နာမည်ကျော် သဒ္ဒနီတိခေါ် ပါဠိသဒ္ဒါကျမ်းသည် သာဓကတစ်ခု ဖြစ်တော့သည်။

ထိုနောက် သိဟိုဠ်နှင့် ပုဂံ အဆက်အဆံ ပိုများလာသည်မှာ နရပတိစည်သူ၏ ဆရာဖြစ်သူ မွန်လူမျိုး ဥတ္တရာဇီဝမထေရ်သည် တပည့်များနှင့်အတူ သိဟိုဠ်သို့ သာသနာပြု ကြွရောက်ခဲ့သောကြောင့် ဖြစ်လေသည်။ တပည့်များတွင် ပုသိမ်ကျေးလက်–ဆပဒ ရှင်သား သာမဏေတစ်ပါးလည်း ပါလေသည်။ ပုဂံသို့ ဥတ္တရာဇီဝမထေရ် ပြန်အကြွတွင် ထိုသာမဏေ ပြန်မလိုက်။ သိဟိုဠ်တွင် ပဉ္စင်းတက်၍ ကျမ်းဂန်သင်ကြား နေရစ်သည်။ ပုဂံသို့ ဆပဒမထေရ် ပြန်ရောက်လာသည့်အခါသော်ကား ထိုမထေရ်နှင့်အတူ ရဟန်းလေးပါး ပါလာခဲ့လေသည်။ ထိုအခါ သိဟိုဠ်ဂိုဏ်း သီးခြားထောင်၍ ကံဆောင်ကြလေသည်။ ဆပဒစေတီ ကိုလည်း သိဟိုဠ်ပုံစံအတိုင်း တည်ဆောက်လေသည်။ (၄၈)

ဤသည် ပုဂံနိုင်ငံ၏ အတိုးတက်ဆုံး အချိန်ပေတည်း။ အနော်ရထာနှင့် ကျန်စစ်သားတို့ချခဲ့သော အုတ်မြစ်ကို အခြေပြု၍ နောက်မင်းများနှင့် ပြည်သူပြည်သားတို့သည် နှစ်ပေါင်းနှစ်ရာခန့် သိုက်သိုက်ဝန်းဝန်း နေထိုင်ခဲ့ကြလေသည်။

သို့ရာတွင် နရသီဟပတေ့မင်း လက်ထက်၌ တိုင်းပြည်ပြိုကွဲစရာ ဖြစ်လာတော့သည်။ ပြိုကွဲရသော အကြောင်းမှာ ပြည်ပရန်ကြောင့် ဖြစ်လေသည်။ ဤတွင် မင်း၏ အကျင့်စရိုက်ကြောင့်လည်း ဖြစ်သည်ဟု လူကြီးသူမများက ဆိုကြသည်။

ထိုမင်းသည် သကြ်န်အခါသမယတွင် အခြွေအရံများနှင့်တကွ ရေကစားတတ်လေသည်။ နန်းတော်မှ ဧရာဝတီမြစ်ဆိပ်အရောက် မဏ္ဍပ်ဆောက်လုပ်ပြီးလျှင် လူသူမမြင်ရအောင် ကာရံစေ၍ မိဖုရားမောင်းမများနှင့် ရေဆိပ်၌ ရေကစားခြင်း ဖြစ်လေသည်။

တစ်ရံခါ၌ သူသည် မိဖုရားငယ်စောလုံကို စလိုသဖြင့် မောင်းမငယ်တစ်ယောက်အား နှုတ်ထည့်ကာ စောလုံ၏ မျက်စိမျက်နှာဦးဆံကို တရကြမ်း



ရေပက်စေလေသည်။ စောလုံလည်း ဒေါသဖြစ်လှ၍ မင်း၏ စားတော်ပွဲတွင် အဆီပ်ထည့်ပြီးလျှင် ကိုယ်မကျန်းဟန်ဖြင့် အိပ်ခန်းဆောင်အတွင်း၌သာ နေလေသည်။ ထိုအခါ အခြားမိဖုရားက စားတော်ဆက်ရ၏။ ကံအားလျော်စွာ မင်းကြီး စားတော်ခေါ်မည်ဆဲဆဲ ကြမ်းအောက်က ခွေးချေသံ ကြား၍ ခွေးကိုကျွေးလေသည်။ ခွေးလည်း စားဆဲခဏ၌ သေလေ၏။ ထိုကိစ္စ စစ်မေးရာတွင် စောလုံက နရသီဟပတေ့ကို ရည်သွန်း၍–

'နင်ကို ငါ လုပ်ကျွေးမွေးမြူ၍
နင် ငါ့ကို သူကောင်းပြုလျှင်
ဤသို့သောကိုယ် အထင်အရှား
ဖြစ်ပြီးမှ... အများတကာရှေ့တွင်
အဝတ်အစား ဦးဆံဆွတ်အောင်
ရေပက်သောကြောင့် နင်ကို နှလုံးထောင်၍
ကြသည်'

ဟု ပြောဆိုဝန်ခံလေသည်။ ထိုအခါ နရသီဟပတေ့သည် ဒေါသကို မသိမ်းနိုင်ဘဲ ရှိချေသည်။

သာမန်လူစား၏ ဒေါသဆိုလျှင် အန္တရာယ်မများလှ။ မင်းတို့ ဒေါသ မသိမ်းနိုင်လျှင် အခက်ပင်။ ပုဂံခေတ်မင်းတို့ကား အရှိန်အစော်ကြီးလှပေသည်။ ပြည်သူတွေက မင်းကို လောကအကျိုးဆောင်သော ဘုရားလောင်းဟူ၍ သဘောထားသည်နှင့်အမျှ မင်းမှာလည်း–

အတိုချုပ်သိမ်းသောကို အစိုးရသော
ရေမြေသခင်ဖြစ်သော မင်းကြီး

အဖြစ်အနေသို့ ဆိုက်တော့သည်။ တစ်နည်းဆိုရသော် သက်ဦးဆံပိုင် ဘုရင်မင်းတို့စနစ် တည်မြဲလာတော့သည်။ သက်ဦးဆံပိုင် မင်းအာဏာသည်လည်း နိုင်ငံနှင့်အန္တ အန္တရာယ်ပေးနိုင်စွမ်းရှိသည်။ ထိုအခါ မင်းအာဏာကို ထိန်းထားနိုင်သော အချက်နှစ်ချက်သာ ရှိပေ၏။ တစ်ချက်မှာ ဘာသာတရား၏ အဆုံးအမ ခံယူခြင်းဖြစ်သည်။ အခြားတစ်ချက်မှာ ပြည်သူတွေ မငြိုငြင်ရအောင် သတိမူခြင်း၊ ပြည်သူ့ကောင်းကျိုး ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုလည်း နရသီဟပတေ့သည် မိဖုရားစောလုံကို မီးရှို့သတ်စေခဲ့လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤနည်းနှင်နှင် သူ စိတ်အခန့်မသင့်သည့်အခါများတွင် မိဖုရားနှင့် သားသမီးများကို ဆဲဆိုနှိပ်စက်တတ်လေသည်။ နန်းတင်ပေးဖူးသော ပညာရှိ အမတ်ကြီး ရာဇသင်္ကြံကိုလည်း အဝေးသို့ နယ်နှင်ဖူးလေသည်။

ဤတွင် လက်ရှိအရေးပေါ်လာပုံမှာ မွန်ဂိုတားတားတို့၏ နယ်ချဲ့စစ် ဖြစ်လေသည်။ သူတို့၏ မူလဒေသကား အာရှအလယ်ပိုင်းပေတည်း။ သူတို့ သည် မြင်းစီး အလွန်ကောင်း၏။ လေးမြားအတတ်၌လည်း ကျွမ်းကျင်ကြသည်။ သူတို့သည် အာရှအလယ်ပိုင်းမှ ဥပရောပအရှေ့ပိုင်းသို့ မြင်းဖြင့်တက်တိုက် သည်၊ နိုင်၏။

သူတို့သည် ဥရောပအရှေ့ပိုင်းကို အောင်နိုင်၊ သစ္စာပေးပြီးသည့်နောက် တရုတ်နိုင်ငံအပါအဝင် အာရှအရှေ့ပိုင်းကိုလည်း သိမ်းကျုံးအောင်မြင်ခဲ့ပြန်သည်။ မွန်ဂိုတားတားဘုရင် ခူဗလိုင်ခန်လည်း တရုတ်နိုင်ငံ ပီကင်း၌ ထီးနန်းစိုက် လေသည်။ အေဒီ တစ်ထောင့်နှစ်ရာ ငါးဆယ်သုံးခုနှစ်တွင် (တိုင်) ရှမ်း တွေနေသော နန်းစော (ယခုခေတ်ယူနန်) ပြည်ကိုတိုက်ရာ အနိုင်ရပြန်လေ သည်။ ရှမ်းမင်းသည် မွန်ဂိုတားတားတို့၏ သစ္စာခံဖြစ်လာသည်။ ဆိုစရာ တစ်ခုရှိလေသည်။ မွန်ဂိုတားတားတို့၏ အဓိအနှိပ်မခံလိုသော ရှမ်းအများလည်း တောင်ဘက်၊ ယခုခေတ် ယိုးဒယားကမ္ဘောဇနိုင်ငံများနှင့် အနောက်ဘက် ယခု မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

ယခုခေတ် မြန်မာနိုင်ငံတွင်းသို့ ဝင်လာသော ရှမ်းတို့အနက် အချို့သည် ကျောက်ဆည်နယ်တစ်ဝိုက်၌ နေထိုင်ခဲ့ကြ၍ မြန်မာမင်း၏ အစောင့်အရှောက်၊ အချီးအမြှင့် ရယူခဲ့ကြသည်။ ပမာအားဖြင့် မြင်စိုင်း (ယခုခေတ် ကူလားကျောင်း) မြို့စားအသင်္ခယာ၊ မက္ခရာမြို့စားရာဇသင်္ကြံ၊ ပင်လယ်မြို့စား သီဟသူတို့ ရှမ်းညီနောင်သုံးဦး ဖြစ်ကြသည်။

အေဒီ တစ်ထောင့်နှစ်ရာရှစ်ဆယ် ကျော်ပြီးသည့်နောက် ကာလတွင် ကား မွန်ဂိုတားတားတို့သည် ပုဂံဘက်သို့ အာရုံစိုက်လာကြသည်။ အခွန် ပဏ္ဏာဆက်ရန်၊ သစ္စာခံရန် သံစေလွှတ်စပြုလေသည်။ သို့ရာတွင် နရသီဟပတေ က သစ္စာမခံ၊ နယ်စပ်စစ်ပွဲများလည်း စဖြစ်လေတော့သည်။

စစ်ပို၍ ပြင်းထန်လာသည်မှာ တစ်ထောင့်နှစ်ရာ ရှစ်ဆယ်သုံးခုနှစ်တွင် ဖြစ်လေသည်။ ထိုအခါ မွန်ဂိုတားတားတို့သည် တာပိန်မြစ်ကြောင်းအတိုင်း





စုန်လာ၍ ဗန်းမော်အနောက်ဘက် ငဆောင်ချမ်းဒေသ၊ ထို့နောက် ကောင်းစင် ဒေသတွင် ပုဂံစစ်သည်တို့နှင့် ရင်ဆိုင်လေသည်။ မွန်ဂိုတားတားတို့၏ မြားဒဏ်ကို ပုဂံစစ်သည်တို့ မခံနိုင်။ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆုတ်ခွာ၍ တကောင်းဘက်၊ ထို့နောက် မလည်ဘက်တွင် ခံလေသည်။ တကောင်းမလည်ကျပြန်၍ အောက်သို့ တပ်ဆုတ်ရပြန်လေသည်။

ထိုအတွင်း နရသီဟပတေသည် စစ်ကူလည်း နောက်ထပ်မပို့။ အရေး လည်းမဆို။ မိဖုရား မင်းညီမင်းသား မောင်းမမိဿံနှင့် မှူးမတ်အချို့ကို လှော်ကား လှေသမ္ဗန်များ၌တင်၍ သားမင်းသားများ အုပ်ချုပ်ရာ မြစ်ဝကျွန်းပေါ် ဒေသများသို့ စုန်ပြေးလေသည်။ ကံကောင်းပေစွ။ မွန်ဂိုတားတားတို့၏ စစ်အချီအတက်လည်း တန့်သွားသည်။ သူတို့အဖို့ ဆက်၍လိုက်ရန် အထက်က အမိန့်မရ။ သူတို့မှာ နန်းစောဘက်တွင် ရှမ်းသူပုန်ထနေသဖြင့် နှစ်အတန်ကြာ နှိမ်နင်းနေရသည်။ နရသီဟပတေလည်း စေ့စပ်ရန် စီမံလေတော့သည်။ တစ်ထောင့်နှစ်ရာ ရှစ်ဆယ်ခြောက်ခု၊ တစ်ထောင့်နှစ်ရာ ရှစ်ဆယ်ခုနစ်ခုနှစ် များတွင် ရဟန်းတော် ရှင်ဒိသာပါမောက္ခနှင့် အနန္တပီစည်အမတ်တို့ ကိုယ်စား လှယ်အဖွဲ့သည် ပီကင်းသို့ သွားရောက်၍ ခူဗလိုင်ခန်ဘုရင်နှင့် ငြိမ်းချမ်းရေး ဆွေးနွေးလေသည်။ (၄၉)

ဆွေးနွေးပွဲ အောင်မြင်၍ နရသီဟပတေသည် ပုဂံသို့ပြန်ရန် စီစဉ်လေ သည်။ သို့ရာတွင် ပြည်ဆိပ်ကမ်းသို့ ဖောင်တော်အကပ်တွင် သားဖြစ်သူ ပြည်စား၏ လုပ်ကြံခံရ၍ အနိစ္စရောက်လေသည်။ ထိုသတင်းသည် နန်းစော ဘက်သို့ ရောက်သွားလေသည်။ မွန်ဂိုတားတား စစ်သည်တို့လည်း ခူဗလိုင် ခန်ဘုရင်၏ အမိန့်ကို မစောင့်တော့ဘဲ ဧရာဝတီမြစ်ကြောင်းစုန်၊ ပုဂံစစ်သည် များကို တိုက်နိုက်ချေမှုန်းပြီးလျှင် ပုဂံကို ခေတ္တသိမ်းယူလေသည်။ ထို့နောက် နရသီဟပတေ၏ သားတစ်ဦးဖြစ်သော ကျော်စွာသည် မွန်ဂိုတားတားတို့၏ သစ္စာခံမင်း ဖြစ်လာသည်။

ဤတွင် ရှမ်းညီနောင်တို့ ဦးစီးသော ကျောက်ဆည်နယ်ရှိ ရှမ်းမြန်မာ တို့ကား ပြည်ပသြဇာကို မခံလို။ ပုဂံနန်းတော်ကိုလည်း လေးလေးစားစား စိတ်မရှိ။ ရှမ်းညီနောင်တို့သည် ကျော်စွာဘုရင်ကို သုတ်သင်၍ သူတို့အလိုကျ ဖြစ်အောင် ကျော်စွာဘုရင်၏ သားဖြစ်သူ စောနစ်ကို နန်းတင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကလည်း ပြည်တွင်းပြည်ပရန် ကာကွယ်နိုင်ရန် (ယနေ့ခေတ် ယိုးဒယား ပိုင်) ခင်းမယ်ရှမ်းတို့နှင့် ပူးပေါင်း မဟာမိတ်ဖွဲ့ထားကြလေသည်။ ထိုပြင် စစ်အလေ့အကျင့် လုပ်ကြလေသည်။ ဓါး၊ ဓားလှံ အထိုးအခုတ် လေ့ကျင့်ပြင်ဆင်ကြလေသည်။ ငါ၊ ဓားလှံ အထိုးအနှတ် လေးမြှားအပစ် အခတ်ကို ခံနိုင်အောင်၊ ဆင်မြင်းတို့ကို ခြောက်လှန့်နိုင်အောင် မောင်းဆိုင်းချက် ဖြင့် ကား–ကကြလေသည်ဟူ၏။

ကား–ကပွဲမှာ တစ်ဖက်လူများက ဧန်းငယ်သဏ္ဍာန်ကာကို လက်နှစ် ဖက်နှင့် ကိုင်၍ဖြစ်စေ၊ ကာနှင့်ဓားကို ကိုင်၍ဖြစ်စေ အခြားဘက်က လူများ ၏ဓားလှံ အထိုးအခုတ်ကို မထိအောင် ကာကွယ်တိုက်ခိုက်ဟန်လုပ်ခြင်း ဖြစ်သည်။ ဤသို့–

တမောင်း တမောင်း၊ တိုတမောင်းသည်

တမောင်းဖကောင်းသားလော– ဖကောင်း–ဖကောင်း . . .

စသည်ဖြင့် (၅၀) ကာသံချင်းသံ၍ အလေ့အကျင့် လုပ်နေကြသည်တွင် တစ်ထောင်သုံးရာပြည့်နှစ်၌ မွန်ကိုတားတားစစ်သည်တို့သည် အလုံးအရင်းနှင့် မြင်စိုင်းကို တိုက်ခိုက်လေတော့သည်။ ကျောက်ဆည်သားတို့ကား အတိုက် အခိုက်ကို ကောင်းစွာ ခံနိုင်ပေ၏။ သို့ရာတွင် တစ်ဖက်ကလည်း သံတမန်နည်း သုံး၍ ဆွေးနွေးခြင်း၊ လက်ဆောင်ပေးခြင်းအမှု ပြုလုပ်ကြလေသည်။ မွန်ကိုတား တားများ ဆုတ်ခွာလေတော့သည်။

ရှမ်းညီနောင်သုံးဦးသည် ပုဂံနှင့် ထီးပြိုင်နန်းပြိုင် အုပ်ချုပ်လာကြသည်။ တစ်ဖန် အသခံယာနှင့် ရာဇသင်္ကြံတို့နှစ်ဦး အနိစ္စရောက်ခဲ့သည်တွင် ညီအငယ်ဆုံး ဖြစ်သူ ပင်လယ် (မြို့)စား သီဟသူသည်၊ ထိုအနီး၌ ဝိဇယပုရခေါ် ပင်းယမြို့ တော်ကို တည်ထောင်၍ မင်းအဖြစ် ယူလေသည်။ သီဟသူ၏ အကြီးအညီဖြင့် သားဖြစ်သူ အသခံယာစောယွန်းသည် ရာဇဝတီမြစ် တစ်ဖက်ကမ်းတွင် ဓေယျာပုရခေါ် စစ်ကိုင်းမြို့ကို တည်ထောင်နန်းစိုက်လေသည်။

ပင်းယနန်းဆက်နှင့် စစ်ကိုင်းနန်းဆက်သည် ကိုယ်ပြည်ငယ်နှင့်ကိုယ် နှစ်အတန်ကြာ တည်ရှိခဲ့လေသည်။ နောင်သော် ပြည်ငယ်အချင်းချင်း မသင့် မတင့် ဖြစ်လာသည်။ ပင်းယမင်းက တကောင်းဘက်တွင် နေထိုင်သော ရှမ်းကြီးခေါ် မောရှမ်းများကို ပင့်ဖိတ်၍ စစ်ကိုင်းကို တိုက်စေရာ နောက်ဆုံး၌ နှစ်ပြည်စလုံး ပျက်စီးကုန်ကြသည်။ ထိုအခါ အခွင့်ကောင်းကို စောင့်ကြည့်နေ





သောသူတစ်ဦး ပေါ်ပေါက်ခဲ့လေသည်။ ထိုသူကား စစ်ကိုင်းမင်း အသခံယာ စောယွန်းနှင့် ပုဂံမင်း ကျော်စွာတို့၏ အဆက်အနွယ်ဖြစ်သော သတိုးမင်းဖျား ပေတည်း။

သတိုးမင်းဖျားတွင် လုပ်ရည်ကိုင်ရည်ရှိ၏။ သူသည် စစ်ကိုင်းရောပင်း ယပါ တိုက်ခိုက်သိမ်းယူ၍ တစ်ထောင်သုံးရာ ခြောက်ဆယ်ငါးခုနှစ်တွင် ဧရာဝတီမြစ်နှင့် မြစ်ငယ်မြစ်တို့ဆုံရာ၌ ရတနာပူရခေါ် အင်းဝမြို့တော်ကို တည်ထောင်မင်းပြုခဲ့လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## ၅။ အဝ၊ တောင်ငူ၊ ပဲခူး

အဝမြို့တော် မြောက်ဖက်နားတွင် ဧရာဝတီမြစ် လှည့်ရစ်စီးဆင်းလေသည်။ အရှေ့ဖက်နားတွင် မြစ်ငယ်မြစ် လှည့်ရစ်စီးဆင်း၍ ဧရာဝတီမြစ်သို့ ပေါင်းလေသည်။ တောင်နှင့် အနောက်ဖက်နားများတွင် မြစ်သာမြစ် လှည့်ရစ်စီး ဆင်း၍ လုံးတော်ပေါက်မြစ်နှင့် ပထမပေါင်းပြီးလျှင် ဧရာဝတီမြစ်သို့ လာပေါင်းလေသည်။ ရေပတ်လည်ဝိုင်းနေသော အဝမြို့တော်သည် ကြက်လျှာစွန်းသဖွယ် ရှိလေသည်။

ထိုအခါ အဝမြို့တော်မှာ ဧရာဝတီမြစ်ထိပ်၌ တည်နေသဖြင့် အထက်အောက် ကူးသန်းသွားလာရေး အဆင်ပြေလေသည်။ တစ်ဖန် မြစ်ငယ်သို့ ဓော်ဂျီမြစ်၊ စမုန်မြစ်၊ ပန်းလောင်မြစ်တို့ စီးဝင်သည်ဖြစ်ရာ ကျောက်ဆည်နယ်မှ လွယ်လွယ်နှင့် စားနပ်ရိက္ခာ ရောက်နိုင်လေသည်။ ထို့ပြင် ရေပတ်လည်ဝိုင်းနေလေသောကြောင့် ထိုခေတ် ထိုအခါအတွက် လုံခြုံရေး စိတ်ချရပြန်သည်။ အဝကို မြို့တော်အဖြစ် သတိုးမင်းဖျား ရွေးချယ်လိုက်သည်မှာ အမြော်အမြင် ရှိသည်ဟု ဆိုရပေမည်။

သတိုးမင်းဖျား၏ နန်းသက်ကား မကြာလှ။ ပျဉ်းမနားဘက်၊ တောင်တွင်းကြီးဘက်ကို တိုက်နိုက်သိမ်းသွင်းပြီးသည့်နောက် အနိစ္စရောက်ခဲ့လေသည်။ သတိုးမင်းဖျားကို ပေါက်ဖတော်သူ မင်းကြီးစွာစော်ကဲက ဆက်ခံစိုးစံလေသည်။ အဝနန်းသက်တွင် ထူးခြားချက်တစ်ခု ရှိလေသည်။

ထူးခြားချက်မှာ မင်းကြီးစွာစော်ကဲ လက်ထက်မှစ၍ အောက်အရပ်





ဟံသာဝတီသားတွေနှင့် အနှစ်လေးဆယ်ခန့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် အနိုင်အရှုံး စစ်ပွဲကြခြင်း ဖြစ်လေသည်။

ရှင်းရပေဦးမည်။ ပုဂံပျက်သည့်အခါ မုတ္တမနှင့် ပဲခူးတို့ကလည်း ကိုယ်မင်းကိုယ်ချင်း ဖြစ်လာလေသည်။ ရှမ်းအမျိုးသား ဝါရီရူသည် (ယခုခေတ် ယိုးဒယား) သောက္ကတဲရှမ်းတို့၏ အကူအညီဖြင့် မုတ္တမတွင် နန်းစိုက်ခဲ့လေသည်။ တစ်ဖန် ပဲခူးဟံသာဝတီကိုလည်း သူ သိမ်းပိုက်ခဲ့၍ မြို့တော်အဖြစ် သုံးခဲ့လေသည်။ သူနှင့်အတူ ရှမ်းများလည်း လိုက်လာနေထိုင်ခဲ့ကြသည်။ သူသည် မွန်များနှင့်လည်း ဆက်သွယ်ပေါင်းဖက်ခဲ့လေသည်။ နောင်အခါ ပုသိမ်၊ ပဲခူး၊ မုတ္တမ အပါအဝင် အောက်ဘက်တစ်လွှားသည် ရာမညတိုင်းအဖြစ် ထင်ပေါ်လာခဲ့တော့သည်။ ထိုအဆက်အနွယ်ထဲမှ နာမည်ထွက်လာသူကား ဘုရင်ရာဇာဓိရာဇ်ပေတည်း။

ဤတွင် အဝနှင့် ဟံသာဝတီ စစ်ဖြစ်ခဲ့ရခြင်းသည် ရာဇာဓိရာဇ်နှင့် သူ၏ ဦးရီးတော်သူ လောက်ဖျားတို့ မသင့်တင့်ရာက စလေသည်။ လောက်ဖျားသည် မြောင်းမြစား ဖြစ်ပေ၏။ တူဖြစ်သူ နန်းတက်သည်ကို မကျေနပ်။ ထိုအခါ ဟံသာဝတီကို ပူးပေါင်းသိမ်းပိုက်ရန် မင်းကြီးစွာစော်ကဲထံသို့ သဝဏ်လွှာပို့လေသည်။

မင်းကြီးစွာစော်ကဲကား အင်အားမသေးလှ။ သူ့တွင် အားကိုးစရာဟူ၍ မြောက်ဘက်၊ အရှေ့ဘက် တစ်လွှား၌ ရှမ်းစော်ဘွားတွေ၊ ရှမ်းစစ်သည်တွေ ရှိသည်။ ဤသို့ဖြင့် စစ်စဖြစ်လေသည်။ မင်းကြီးစွာစော်ကဲ လွန်သည်တိုင်အောင်လည်း စစ်ကား မပြီးပြတ်။ သားဖြစ်သူ ဘုရင်မင်းခေါင်နှင့် အိမ်ရှေ့မင်းသား မင်းရဲကျော်စွာ၊ ထို့နောက် မင်းခေါင်၏သား သီဟသူလက်ထက်အထိ အနှစ်လေးဆယ်ခန့် ကြာလေသည်။ ရာဇာဓိရာဇ်ဘက်ကလည်း သူ လွန်ပြီးနောက် သားဖြစ်သူ ဗညားရန် လက်ထက်အထိ ရောက်လေသည်။ အနှစ်လေးဆယ်မျှ ကြာအောင်တိုက်ခြင်း အကြောင်းရင်းမှာ အဝဘက်ကရော၊ ဟံသာဝတီဘက်ကပါ အနော်ရထာ၊ ကျန်စစ်သားတို့၏ ပုဂံနိုင်ငံကဲ့သို့ နိုင်ငံမျိုး တည်ထောင်ဖွဲ့စည်းချင်သောကြောင့် ဖြစ်တော့သည်။

တစ်ခုဆိုစရာ ရှိလေသည်။ အနှစ်လေးဆယ်စစ်ဆို၍ ယခုခေတ် အခါကဲ့သို့ အဆက်မပြတ် တိုက်လေသည် မဟုတ်။ ဆောင်းအဝင် မိုးပေါ်ချိန် တိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နှိုင်း ရက်လများတွင် စစ်ခင်းတတ်၍ မိုးဦးကျ လယ်ထွန်နှိုင်းကျလျှင် တပ်ကို ပြန်ရုပ်သိမ်းတတ်လေသည်။ စစ်မြေပြင်မှာကား မြစ်ဝကျွန်းပေါ်ဒေသသာ များလေသည်။ အထူးသဖြင့် ဧရာဝတီမြစ်ကြောင်း ဆင်းလာ၍ လှိုင်မြစ်ဝင် ဒဂုံ (ယခုခေတ် ရန်ကုန်)ကို ဖြတ်ပြီးမှ ပဲခူးကို ဦးတည်လေသည်။ တစ်ခါ တစ်ရံ စစ်တောင်းမြစ်ကြောင်းကိုလည်း အသုံးပြုတတ်လေသည်။ သူတို့သည် ပြောက်ကျားလည်းတိုက်သည်။ မြို့ရိုးကို ပိတ်ဆို့ဝန်းရံ၍လည်း တိုက်သည်။ သူ့ရဲကောင်းချင်းချင်း ဆင်စီး၍ မြင်းစီး၍ လှေစီး၍လည်း တိုက်သည်။

သူ့ရဲကောင်းချင်း တိုက်သည်၊ အစွမ်းပြသည်ဆိုသဖြင့် ထိုခေတ်သဘော လက္ခဏာကို ပြဦးအံ့။ သက်ဦးဆံပိုင် မင်းတို့ခေတ်တွင် မှူးထမ်းရာထမ်းများ သည် ဘုရင်မင်းထံမှ မြို့စားရွာစားနှင့် ရွှေငွေဥစ္စာဘဏ္ဍာ အချီးအမြှင့်ခံကြရ သည်ကို အကြောင်းပြု၍ အလွန်သစ္စာစောင့်ကြရိုး ရှိလေသည်။

ငါ့ကိုသာ အရှင်မှတ်၊ ငါချစ်ရာ ချစ်၊ ငါမုန်းရာ မုန်း၊ ငါ့ရန်သူကို ရန်သူမှတ်ဟူသော မင်းအမိန့်တော်အတိုင်း လိုက်နာကြရိုး ရှိလေသည်။ မင်းမှူးထမ်းတို့အဖို့ မိမိတို့ဘက်က မှန်သည် မှားသည်မှာ အကြောင်းမဟုတ်လှ။ မိမိတို့၏ အရှင်သခင်အပေါ် သစ္စာစောင့်သိခြင်းသာလျှင် အမြတ်ဆုံးတာဝန် သဖွယ် ဦးထိပ်ထားကာ အသက်စွန့်တတ်ကြလေသည်။ ဤသဘောသည် မွန်သူ့ရဲကောင်း လဂွန်းအိမ်နှင့် အဝသားတို့ စစ်ရေးပြိုင်သည့်အခါ အလွန်ထင် ရှားလေသည်။

ဖြစ်ပုံမှာ ပြည်တွင် ရာဇာဓိရာဇ်ကို ပုန်ကန်သူ လောက်ဖျား၏သမက် လက်ယာပုံချို အုပ်ချုပ်နေလေသည်။ ထိုသူကို လုပ်ကြံမည်ဟု ရာဇာဓိရာဇ်၏သား ဗညားပုသိမ် ဦးစီးသောတပ်က ပြည်ကို ဝန်းရံထားလေသည်။ မြို့တွင်း၌ ရိက္ခာပြတ်လေပြီ။ မင်းခေါင်းလည်း ဆင်မြင်းဗိုလ်ပါ အလုံးအရင်းနှင့် ပြည်သို့ ချီလာ၍ နဝင်းတွင် တပ်တည်လေ၏။ မျိုးရိက္ခာလည်း မြို့တွင်းသို့ သွင်းစေလေ သည်။

တစ်ဖန် မင်းခေါင်၏သား၊ အိမ်ရှေ့မင်းသား မင်းရဲကျော်စွာ ချီလာ၍ ပြည်အနောက်တောင်ဘက်ရှိ တလည်းဆီးစခန်းသို့တက်ကာ မွန်တို့ကို ဝန်းရံထား ပြန်သည်။ ဗညားပုသိမ်တို့တပ်မှာ ရိက္ခာပြတ်၍ ရာဇာဓိရာဇ်ထံ လူလွှတ် အကြောင်းကြားရလေသည်။ ထို့ကြောင့် ရာဇာဓိရာဇ်သည် ပဲခူး ဟံသာဝတီမှ





သန်လျင်၊ ဒလ၊ ဒဂုံ (ယခုခေတ် ရန်ကုန်)တို့ကိုဖြတ်၍ ပြည်သို့ဆန်တက်ကာ တလည်းဆီးအောက်တွင် တပ်ချလေသည်။ ဗညားပုသိမ်နှင့် ဗိုလ်ပါအပေါင်း လည်း လာရောက်ဦးနိုက်လေသည်။

ဤတွင် မင်းရဲကျော်စွာသည် မွန်တပ်အင်အား လျော့စေရန် ကြံစည် လေသည်။ ရာဇာဓိရာဇ်၏ သူ့ရဲကောင်းလဂွန်းအိမ်ကိုသာ အရဖမ်းနိုင်လျှင် ရာဇာဓိရာဇ်မှာ လက်ရုံးတစ်ဆူပြတ်မည်ဟု သူ တွက်လေသည်။ ထို့ကြောင့် ဘယ်နည်းနှင့်ရရ လဂွန်းအိမ်ကို သူ အရဖမ်းချေတော့မည်။ မင်းရဲကျော်စွာသည် ရာဇာဓိရာဇ်ထံသို့ လူစေလွှတ်၍ စစ်ကြီးမတိုက်မီ တစ်ဖက်နှင့်တစ်ဖက် ရဲလှေ တစ်စင်းစီနှင့် သူ့ရဲကောင်းချင်း ကျဲစယ်စေမည်ဟု သဝဏ်လွှာပေးပို့၏။

ဘုရင်ရာဇာဓိရာဇ် ရှေ့မှောက်တွင် သဝဏ်လွှာကို ဖတ်ပြရလေသည်။ ရာဇာဓိရာဇ်သည် ဦးနိုက်နေကြသော မှူးမတ်ဗိုလ်ပါများကို စေ့စေ့ကြည့်လေ သည်။ သို့ရာတွင် သူတို့ တုတ်တုတ်မျှမလှုပ်။ လဂွန်းအိမ်ကား မခံနိုင်။ လဂွန်းအိမ်ဟူသော အွဲ့မည်ပင်လျှင် အိမ်ကြီးသကြားနတ်ကဲ့သို့ စွမ်းရည်သတ္တိ ရှိသူဟု၍ အမည်ဖွယ်ထွက်သည် မဟုတ်ပေလော။ ရှေးက သူအောင်သဖြင့် ဘုရင်က သူ့ကိုတိုက်ကုလားမြို့စားပေးသည့်အပြင် ဆင်ငါးစီး၊ ခေါင်ငါးဆက်နှင့် အိမ်တို့ကိုလည်း ချီးမြှင့်ခဲ့ပေသည်။ ဘုရင်၏ ကိုယ်လုပ်တော် နှင်းကေသရာနှင့် လည်း လက်ဆက်ပေးခဲ့ပြန်သည်။

ယခုသော် ဘုရင်ကို ဦးနိုက်၍ သူ ဆိုလေပြီ။

'ယောက်ျားချင်း ဖြစ်ခဲ့သော်

မြင်းတစ်စီးချင်းသော်လည်းကောင်း

ဆင်တစ်စီးချင်းသော်လည်းကောင်း

လှေတစ်စင်းချင်သော်လည်းကောင်း

အကျွန်ုပ် မရှောင်။

ရွှေနန်းသခင် သားတော်က နားတော်

လျှောက်သည်ကို အကျွန်ုပ်တိုက်မည်။

ဘုန်းကြီးသည့်အရှင် ကြည့်စေတော်မူ'

ဘုရင်ရာဇာဓိရာဇ်သည် မွန်သူ့ရဲကောင်း လဂွန်းအိမ်က တိုက်မည့် အကြောင်းကို မင်းရဲကျော်စွာထံသို့ ပြန်ကြားစေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲကျော်စွာလည်း ဉာဏ်ကူ၍ ရဲလှေလေးစင်းကို ပြင်ဆင်စေလေသည်။ ထို့နောက် ရဲလှေသုံးစင်းကို မမြင်ရအောင် အနောက်ဘက်ကမ်းထောင့်တွင် ဖုံးကွယ်ထားစေလေသည်။

ချိန်းသောနေ့တွင် လဝွန်းအိန်သည် ပန်းပေါင်းထုပ်၊ ပန်းအကျီ၊ ပန်းပုဆိုးဝတ်၍ လက်စွပ်အပြည့်ဆင်လေသည်။ ဘုရင်ရာဇာဓိရာဇ်ထံမှလည်း လက်သုံးတော်ဓားနှင့် ဝတ်တော်မူသည့် လက်စွပ်ကို ပို့ရသည်။ လဝွန်းအိန်သည် ရှိခိုး၍ လှမ်း၏။ ထို့နောက် ရဲလှေစီးသူရဲသုံးရာ လိုက်ပါစေလျက် ရဲလှေမီးကျောင်းရုပ်စီးကာ ဘုရင်စံနေရာသို့ ဦးခိုက်ပြီးမှ စည်မောင်းတီး၍ မြစ်ကြောလယ်သို့ ဖောက်၍ ဆန်လေသည်။

ထိုအခါ မင်းရဲကျော်စွာက ပဝါကို လွှပ်ပြလိုက်ရာ အဝဘက်က စုက္ကတေးစီးသော ရဲလှေအုံစရာသည် စည်မောင်းတီး၍ မြွှေ့မြွှေ့စုန်လာ၏။ အန်းရောက်လျှင် လဝွန်းအိန်၏ ရဲလှေကို တိုက်လေသည်။ ရဲလှေအုံစရာမှာ ရဲလှေမီးကျောင်းရုပ်ထက် နှစ်တောင်ခန့်မြင့်၏။ လဝွန်းအိန် မတိုက်နိုင်သဖြင့် လှေကို သံကြိုးနှင့်ဆိုင်း၍ ခုတ်မည်လုပ်သည်။ ထိုအခါ အဝဘက်က မြင်စိုင်းမင်းစည်သူစီးသော ရဲလှေသားများထွက်၍ လိုက်လေတော့သည်။ ကုန်းထက်ကလည်း အဝမြင်းတပ်က အကာအကွယ်ပေးလေသည်။

လှေချင်းတိုက်ပွဲကား အတန်ကြာလေသည်။ ထိုအတောအတွင်း အဝဘက်က ရဲလှေနှစ်စင်း ထပ်၍ထွက်လာတိုက်ပြန်၏။ လဝွန်းအိန်၏ သူရဲအများအပြား ရေထဲကျ၍ သေချေ၏။ လဝွန်းအိန်သည် ရဲလှေမှမဆင်း။ လက်နက်လည်းမချ။ ရာဇာဓိရာဇ်အဖို့မှာမူ တပ်ပျက်မည်စိုးသဖြင့် မြင်လျက်နှင့် မကူဝံ့။ ထို့ကြောင့် လဝွန်းအိန်၏ ရဲလှေကို အဝသားတို့ကူး၍ ထိုးပစ်ကြရာ လဝွန်းအိန်၏ ပေါင်ခြံ၌ လှံထိလေ၏။ မင်းရဲကျော်စွာက မသေစေနှင့်– မသေစေနှင့် ဟစ်၍ဆိုသဖြင့် လဝွန်းအိန်ကို အသေအယာ ယူဆောင်ခဲ့ကြရ၏။ မင်းရဲကျော်စွာသည် လဝွန်းအိန်ကိုထားသည့် လှေသို့လာ၍ တင်းတိမ်မှင်ကြည့်လေသည်။ လဝွန်းအိန်ကို မြင်တွေ့၍ အပြန်အလှန် ပြောဆိုကြသည်မှာ အောက်ပါအတိုင်းပင်။

"မင့်ကိုယ်ကို မစထုထပါ။ မည်သည့်မျှ မကြောင့်ကြနှင့်"

"ကျွန်ုပ်အနာ သည်းလှခဲ့ပြီ။ လူဖြစ်မည် မထင်ပြီ"





"မင်း ထမင်းစားမည်လော"

"အကျွန်ုပ် အရှင်တစ်ယောက် ထမင်းကိုသာ ဝမ်းသို့ဝင်စေတော့သည်။ နှစ်ယောက်ထမင်းကို ဝမ်းသို့ မဝင်စေပြီ"

"ကွမ်းစားမည်လော"

"ကွမ်းလည်းစားမည်၊ ရေလည်းသောက်ပါမည်"

ဤသို့ လဝွန်းအိန်က အဖြေပေးသဖြင့် မင်းရဲကျော်စွာသည် စားတော်ကွမ်းခွက်တွင် ကွမ်းကိုယူကာ တကောင်းက သောက်တော်ရေနှင့်တကွ ပေးလေသည်။ လဝွန်းအိန်သည် ရေကိုသောက်၍ ကွမ်းကိုစားပြီးလျှင် နောက်ဆုံးစကား ဆိုလေသည်။

'ရွှေနန်းသခင် သားတော်ရေနှင့်ကွမ်းကို စားသောက်ရသည့်ကျေးဇူးကို ကျွန်ုပ် မဆက်မကပ်ရခဲ့ပြီ။

အရေးကိုမူကား ကျွန်ုပ်စကားကို အမြဲအမှန် ယူတော်မူပါ။

ရွှေနန်းသခင် သားတော် မယူသော်လည်း မှူးတော်မတ်တော်တို့ မှတ်ပါကုန်။

အရှင်ဘကြီးတော် ရာဇာဓိရာဇ်ကို လှေတစ်စီးချင်း မြင်းတစ်စီးချင်း ဆင်တစ်စီးချင်း ရွှေနန်းသခင်သားတော်... အမှတ်မဲ့မတွေ့ပလေနှင့်။

အရှင်ဘကြီးတော်သည် ဆင်စီးမြင်းစီး အလွန်ကောင်းတော်မူလှသည်။

လက်ဝဲလက်ယာသား ဆင်စီးသူရဲသုံးဆယ်တို့သည်လည်း ဆွေသားမျိုးသားချည်း တစ်ဖက်သားရန်သူကို ကြောက်သည်ဟူ၍မရှိ။

ဘကြီးတော်တွင် ဆင်းစီးသူရဲသုံးဆယ်သားလည်း ဘိလူးနှင့်အတူတူ။ အကျွန်ုပ်စကားကို ယုံတော်မမူသော် နောင်တွေ့တော်မူသောအခါ သိတော်မူမည်'

မှန်သူရဲကောင်း လဝွန်းအိန်လည်း နေ့ချင်းပင် အနိစ္စရောက်လေသည်။

(၂၁)

ဤသို့သော စစ်ရေးမက်ရေးတွေအကြား ကုသိုလ်ရေး၊ စာပေးပေလာမြှုစရေးလည်း ကြီးကြီးကြီးကြီး ရှိပါလေ၏။ ပုဂံ၏ ယဉ်ကျေးမှု အမွေအနှစ်



www.burmeseclassic.com

www.burmeseclassic.com



သည် တိုးပွားတန်သလောက် တိုးပွားနေပါသေး၏။ ဟိုတစ်မြို့ သည်တစ်ရွာက ထောင်ထားထကြွခြင်း၊ သူတစ်လူ ငါတစ်မင်းလုပ်ရန် ကြံစည်ခြင်း စသည့်အရေးများကား ထိုခေတ်တွင် ဖြစ်ရိုးဖြစ်စဉ်ပါပေ။

တစ်ထောင့်လေးရာ လေးဆယ်သုံးနှစ်တွင် နန်းတက်သော အဝဘုရင်နရပတီသည် စစ်ကိုင်းဘက်တွင် ထုပါရုံဘုရားကို တည်ခဲ့လေသည်။ ဘုရားထီးတင်ပွဲအချိန် ရောက်လာသောအခါ အလှူမဏ္ဍပ် ပြာသဒ်ကြီးငါးဆောင် တည်ဆောက်လေသည်။ ထို့နောက် ရှင်လူအများ ဖြတ်သန်းသွားလာနိုင်အောင် အဝဘက်မှ စစ်ကိုင်းဘက်သို့ တံတားကြီးတစ်ခု ကြိုးစားတည်ဆောက်လေသည်။ ဤသည် နှစ်ဆယ်ရာစုမတိုင်မီ ဧရာဝတီမြစ်ကိုဖြတ်၍ တံတားစတည်ဆောက်ကြည့်သည့် သာဓကပင်။

တည်ဆောက်ပုံမှာ ရေကြောင်းကျဉ်းရာ၊ သောင်ထွန်းရာကမ်းခြေ တစ်ဖက်တစ်ချက်တွင် တိုင်ကြီးများ စိုက်စေရသည်။ တစ်ဖန် ထိုတိုင်များကို ယက်မကြီးများလျှို၍ ချုပ်ရသည်။ ထို့နောက် သံနှင့်ထပ်၍ ချုပ်ပြန်သည်။ နောက်ဆုံး၌ စက်သီးတပ်များနှင့်လှည့်ကာ ကြိုးများဆွဲတင်၍ ကြမ်းခင်းသည်။

ထိုကြိုးတံတားပေါ်တွင် ဆင်၊ မြင်း၊ ရထား၊ ဗိုလ်လူတို့ ကူး၍ အလှူအသွားအပြန် လုပ်နိုင်လေသည်။ အလှူမှာ အလွန်စည်ကားပေ၏။ နရပတီမင်းသည်လည်း အလှူငွေတစ်သိန်း၊ ဆိတ်တစ်သိန်း၊ မြင်းတစ်ထောင်၊ ဆင်သုံးရာ၊ သင်္ကန်းအစုံ တစ်သိန်းလှူသည်ဟု လူကြီးသူမများက ဆိုကြသည်။ ထိုအလှူသို့ အောက်ပဲခူး၊ ဟံသာဝတီမှသာမက ပြည်ပဖြစ်သော သီဟိုဠ်၊ တရုတ်ဘက်မှလည်း လူအများ လာကြသည်ဟုဆိုသည်။ (၅)

ထိုဘုရင်လက်ထက်တွင်လည်း စစ်ကိုင်းဘက် ပုညစေတီ အရှေ့မြောက်ချောက်၌နေသော ရှင်မဟာအရိယဝံသသည် စာတတ်အကျော် ဖြစ်လေသည်။ ထိုဆရာတော်သည် ပါဠိပိဋကတ်လာ အဘိဓမ္မာအဖွင့်ဖြစ်သော မဏိသာရမဉ္ဇူသာကျမ်း (ဝါ၊ ငိုကာကျော်အဖွင့်)ကို ပြုစုခဲ့လေသည်။

အမှန်စင်စစ် ထိုခေတ် ထိုကာလမျိုးတွင် ဘုန်းကြီးကျောင်းများသည် စာပေပရိယတ္တိလိုက်စားရာ၊ တရားဘာဝနာပွားရာ နေရာများဖြစ်ပေသည်။ အပြင်အပက ထီးနန်းရင်ပြင်တွင် ပြည်ထဲရေး အရှုပ်အထွေးတွေ ရှိနေသည်။ စစ်မြေပြင်တွင် အတိုက်အခိုက်တွေ ရှိနေသည်။ ထိုနေရာများနှင့် စာသော





ဘုန်းကြီးကျောင်း ပရိဝုဏ်သည် အေးချမ်းလှပေသည်။ မိမိကိုယ်တိုင် စာလိုက်ခြင်း၊ တစ်ဖန် တပည့်များကို စာပေပို့ချခြင်း၊ တစ်ဖန် စာပေကျမ်းဂန် ပြုစုခြင်း၊ တစ်ဖန် ပဋိပတ္တိတရားအားထုတ်ခြင်း-ဟူ၍ လောကအကျိုး သံသရာအကျိုး ဆောင်ရွက်နိုင်လေသည်။

ဒုတိယ မင်းခေါင်းလက်ထက် (၁၄၈၀-၁၅၀၁)ကို ကြည့်ပါလေ၏။

ရှင်မဟာရဋ္ဌသာရသည် မွန်မြန်မာနှင့် ရှမ်းမင်းမျိုးမင်းနွယ်ထဲမှ ဆင်းသက်ခဲ့သူဖြစ်သည်။ အဝမြို့လယ်တောင်တွင် မွေးဖွား၍ ထီးရိုပ်နန်းတွင်း၌ ကြီးပြင်းခဲ့သူဖြစ်သည်။ သို့ရာတွင် မင်းမှုမထမ်းဘဲ စစ်ကိုင်းဘက်တွင် သိတင်းသုံးကာ စာပေကျမ်းဂန် လေ့ကျက်လေသည်။ ကဗျာဉာဏ် ရှိသူဖြစ်၍ ဟတ္ထိပါလ ညီနောင်လေဦး တောထွက်ရဟန်းပြုခန်း လေးလုံးစပ်ကဗျာရှည် ဖွဲ့လေသည်။ ထိုကဗျာသည်လည်း ကိုးခန်းပျို့အဖြစ် ကျော်ကြားကာ နန်းတော် အိမ်တော်တို့တွင် ပေပုရပိုက်ပေါ် ကူးယူလေ့ကျက်ကြလေသည်။ ထို့အတူ အခြားပျို့ ကဗျာ မော်ကွန်း၊ ဆုံးမသြဝါဒစကားများကိုလည်း ရှင်လူအများ လေ့ကျက်ကြရန် ရေးဖွဲ့ခဲ့လေသည်။

တစ်ဖန် တောင်တွင်းကြီးမှ ရှင်မဟာသီလဝံသသည် တောင်တွင်းကြီး နတ်မီးလင်းဆရာတော်ထံ ပညာသင်စဉ်ကပင် ဘုရားလောင်း ပါရမီဖြည့်ခဲ့သော ပါရမီဆယ်ပါးကို လေးလုံးစပ်ကဗျာရှည် ဖွဲ့ခဲ့လေသည်။ နောင်အခါ ပါရမီ-မသိနှင့်ဟု ဆိုထုံးပြုကြရလောက်အောင် ပါရမီတော်ခန်းပျို့သည် ထင်ရှားခဲ့လေသည်။ ထို့နောက် အဝမြို့တော်သို့ ထိုအရှင် တက်လာ၍ ဒုတိယမင်းခေါင် တင်လှူသော ရတနာဘီမာန်ကျောင်းတွင် သိတင်းသုံးပြန်သောအခါ သုမေဓာရှင်ရသေ့ဘဝမှစ၍ ဘုရားဆုပန်ခဲ့ပုံအကြောင်း ဆုတောင်းခန်းပျို့နှင့် အခြားပျို့ ကဗျာ၊ ဆုံးမစာများကို ရှင်လူအများ လေ့ကျက်ကြရန် ရေးဖွဲ့ခဲ့လေသည်။

ဤသည် ပုဂံခေတ်ထက် ထူးခြားမှုဟု ဆိုအပ်ပေသည်။ ပုဂံခေတ်တွင် ငါးရာငါးဆယ် ဇာတ်နိပါတ်များကို ဂူဘုရား နံရံများပေါ်တွင်လည်းကောင်း၊ မြေစိုက်ဘုရား ပစ္စယာန်ရံ စဉ့်ကွင်းများပေါ်တွင်လည်းကောင်း ဆေးရေး၍၊ ရုပ်ကြွထု၍ ပုဂံသားများ သဒ္ဓါကြည်ညိုစရာ တန်ဆာဆင်ခဲ့ကြသည်။ ယခုအခါ ထိုဇာတ်နိပါတ်များကို ကဗျာကာရန်ဖြင့် ရုပ်လုံးဖော်လေပြီ။ ထိုကဗျာများသည် ရှင်လူတို့၏ စိတ်နှလုံးကို ယဉ်ကျေးနူးညံ့စေသည်။ နတ်ကိုးမှု၊ ကောင်းယကြာ



www.burmeseclassic.com

www.burmeseclassic.com



ယုံမှ စသည့် အယုမှား အယုံမှားကို ပပျောက်အောင် နှိုးဆော်သည်။ စာဖတ်စာနာရင်း နှစ်သက်ခြင်းပီတိပေးသည်။

ထိုအရှင်တို့သည်လည်း ကျောင်းသခမ်း၌ စာပေရေးဖွဲ့ရုံသာမက စာသင်သား လူငယ်များကိုလည်း ကိုယ်တိုင်ကိုယ်ကျ စာချပေးလေသည်။ စေ့စေ့စကစ ကြောင်းခဲ့သည့်အတိုင်း လူငယ်များ လိုက်နာကျင့်ကြံရန် ဆုံးမစာများလည်း စီကုံးပေးလေသည်။ စာသင်သားလူငယ်များ ကြီးပြင်းလာသောအခါ အချို့မှာ တိုင်းပြည်အုပ်ချုပ်သူများ၊ ကျန်အများစုမှာ လုပ်ငန်းကိုင်ငန်း ထမ်းရွက်သူများ ဖြစ်ခဲ့ကြသည် မဟုတ်ပေလော။ ပမာအားဖြင့် ရှင်မဟာရဋ္ဌသာရသည် လူတိုင်းဖြောင့်ဖြောင့်မှန်မှန် ကျင့်ကြံရေး၊ အယုဝါဒ အစွန်းမရောက်ရေးအတွက် ရည်စူး၍–

သူ့ကိုမမှား၊ မလှည့်စားနှင့်
စကားစမြည်၊ မွက်သည့်စစ
ပြောသမျှကို၊ မှန်လှစေ–ဟူ၍လည်းကောင်း
မဖြောင့်မသား၊ မတရားကို
လားလား ဤသူ၊ မပြုဟူ၍
ဗိုလ်လူခပ်သိမ်း၊ မေတ္တာလိမ်းသည်
ငြိမ်းမွမ်းဆိုထွေ၊ ရတတ်စေ – ဟူ၍လည်းကောင်း
အာမသန့်နှင့်၊ မှန်သည့်တစေ၊ မရှိချေ–ဟူ၍လည်းကောင်း ရေးသားဆုံးမခဲ့လေသည်။

တစ်ဖန် လူတစ်ဦးတစ်ယောက်သည် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းဖြစ်သည့်အတိုင်း သူ့အကျိုး ကိုယ့်အကျိုးဆက်စပ်မှုကို သိပါစေဟု ရည်စူး၍–

သေတုရှင်ဘက်၊ ဆောင်ရွက်မကင်း
အချင်းချင်းတွင်၊ အခင်းကြီးငယ်
ရှိခါဝယ်လည်း၊ မဖည့်မသွေ
ညီညာကုန်၍၊ ရှန်ကြလေ –ဟူ၍လည်းကောင်း
ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို
ကြင်နာလှစေ၊ သူ့အသက်ကို ချစ်ပါလေ–ဟူ၍လည်းကောင်း
သူ၏စီးပွား၊ ငါ့စီးပွားကို





ထောက်ထားမိစေ၊ ကြီးလေသာကို မြှုတစေ–ဟူ၍လည်းကောင်း ရေးသားဆုံးမခဲ့လေသည်။

ဤသို့အားဖြင့် ရှင်မဟာရဋ္ဌသာရစသော ရဟန်းသံဃာများက တပည့်စာသင်သားများအပေါ်၊ လူအများအပေါ် သွန်သင်ဆုံးမကြလေသည်။ တစ်နည်းဆိုရသော် ဓမ္မစက်သုံးခဲ့လေသည်ဖြစ်သည်။ အာဏာစက်သုံးနိုင်သူတို့ကား ခေတ်အခါအလျောက် အုပ်ချုပ်သူ မင်းစိုးရာဇာတို့ ဖြစ်ကြသည်။ တိုင်းပြည်နိုင်ငံ သာယာစေပြာစေရန်၊ တည်တံ့နိုင်မြဲစေရန်၊ ပြည်သူအများ ရွှင်လန်းချမ်းမြေ့ကြစေရန် လုပ်နိုင်စွမ်း၊ ဝါ၊ အာဏာသည် မင်းစိုးရာဇာများ၏ လက်တွင်ရှိလေသည်။

သို့ရာတွင် ပြည်ထဲရေးကား ကျောင်းသခမ်း၏ အဆုံးအမအတိုင်းဖြစ်ချင်မှဖြစ်သည်။ ရှေးကလည်း မြင်ခဲ့ရပြီ။ ပုဂံပျက်ပြီးသည့်နောက် အထက်နှင့်အောက် အရပ်ဒေသများသည် သူတစ်လူ ငါတစ်မင်း ဖြစ်ခဲ့ရလေသည်။ အဝကတစ်မင်း၊ ပြည်ကတစ်မင်း၊ ပဲခူးဟံသာဝတီကတစ်မင်း၊ ရခိုင်ဘက်ကတစ်မင်း စသည် စသည်ဖြင့် ပြည်နယ်အစိတ်စိတ်ဖြစ်ကာ နစ် စစ်ပြုလိုက်ကြ၊ နု မဟာမိတ်လုပ်လိုက်ကြနှင့် မတည်မငြိမ်သော အခြေအနေရှိလေသည်။

ယခုလည်း ပြည်ဘုရင်က မိုးညှင်းစော်ဘွားနှင့် ပေါင်း၍ အဝကို တိုက်ပြန်သည်။ အဝတွင် စိုးစံနေသူမှာ ဒုတိယ မင်းခေါင်၏သား ရွှေနန်းကြော့ရှင်နရပတိ ဖြစ်လေသည်။ ထိုအဝဘုရင်သည် တိုက်ပွဲတွင် ကျလေသည်။ အဝသား အများအပြားလည်း စစ်တောင်းမြစ်ဝှမ်းရှိ တောင်ငူဘက်သို့ ပြေးဝင်ခိုလှုံကြရလေသည်။ ရှင်မဟာရဋ္ဌသာရပင်လျှင် အဝတွင် အေးအေး သိတင်းမသုံးနိုင်။ ပြည်ဘုရင်က ပင့်၍ပါသွားသည်။ ထိုအချိန်တွင် ကိုးခန်းပျို့မှာလည်း တပည့်များငှားယူ၍ တကွဲတပြား ရောက်နေသည်ဖြစ်ရာ ပေအင်္ဂါအကုန်ပြန်မသိမ်းနိုင်။ လက်ထဲရောက်သရွေ့ ရှစ်ခန်းနှင့် ပြည်ဘုရင်ပင့်ရာသို့ ရောင်တခင် လိုက်ရလေသည်။ ပြည်တွင် ထိုအရှင် သိတင်းသုံးရန် ကျောင်း(များ)ကို ဘုရင်က ဂရုတစိုက် လှူဒါန်းပေ၏။ ထိုကိုရည်၍–

'အညာကသည်၊ ဤရွှေပြည်သို့
အကြည်ရောက်အောင်၊ သာဆောင်သိမ်းပြု
သားနှယ်ယုလျက်'



www.burmeseclassic.com

www.burmeseclassic.com



ဟာပင် မျိုးတစ်စောင်တွင် ထည့်သွင်းစပ်ဆိုခဲ့သည်။ ပြည်ဘုရင်၏ ဂရုတစိုက် ကိုးကွယ်မှုကိုခံရင်း အခန်းကိုး ဇာတ်ပေါင်းခန်းကို ပြန်လည်ရေးသားရလေသည်။ ကံအားလျော်စွာ သုံးနှစ်အကြာတွင် စစ်ကိုင်းရှိ တပည့်များထံမှ ပျောက်နေသော အခန်းကိုးကို ပြန်လည်ရလေတော့သည်။

သမိုင်းစဉ်ကို ဆက်ပါဦးအံ့။ ပြည်ဘက်တွင် သူတလူ ငါတစ်မင်း ဖြစ်လာချိန်၌ တောင်ငူဘက်ကလည်း တစ်စခန်းထလာခဲ့လေသည်။ အဝနှင့် ပဲခူးဟံသာဝတီ စစ်ဖြစ်နေသည့် ကာလများတွင် တောင်ငူသည် အေးချမ်းနေခဲ့လေသည်။

တောင်ငူဒေသတစ်ဝိုက်တွင် ကရင်နှင့် မြန်မာများ မူလက နေထိုင်ခဲ့ကြသည်။ တောင်ငူအကြီးအကဲများသည် ရံဖန်ရံခါ အဝမင်းတို့၏ သြဇာခံ၊ ရံဖန်ရံခါ ပဲခူးဟံသာဝတီမင်းတို့၏ သြဇာခံ ဖြစ်ခဲ့လေသည်။ အဝဘုရင် ရွှေနန်းကြော့ရှင်၏ သမီးနှင့် လက်ဆက်ခဲ့ရ၍ မြစ်သား ဆယ်တစ်ခရိုင်ကို လက်ဖွဲ့အဖြစ် ရရှိခဲ့လေသည်။ ထို့ပြင် အဝပျက်စီးချိန်တွင် အဝဘက်မှ ရဟန်းသံဃာများ၊ ပညာသည်များ၊ စစ်သည်များ၊ အရပ်သားများ ခိုဝင်ခဲ့လေသည် ဖြစ်၍ အားသစ်အင်သစ် တိုးခဲ့လေသည်။ ထိုရေမြေအင်အား၊ လူအင်အားများလည်း ရှိနေသည်။ တစ်ဖန် ပြည်ပပေါ်တူဂီတို့၏ ခေတ်မီမီးပေါက်သေနတ်အမြောက်ကိုပါ သုံးနိုင်လာသောအခါ တောင်ငူအဖို့ ပုဂံထက်ကျယ်ဝန်းသော နိုင်ငံသစ် ထူထောင်ရန် အခြေအနေ ပေါ်ခဲ့တော့သည်။

စကားချပ်ရဦးမည်။ ပေါ်တူဂီဆိုသူများကား ဥရောပ အနောက်တောင်ဘက်တွင် နေထိုင်ကြသူများပေတည်း။ သူတို့သည် အတွေ့အကြုံ မြေပုံမှတ်တမ်း မစုံလင်သေးဘဲ အိမ်မြှောင်အဖော်ပြု၍ ပင်လယ်ခရီး နင်းစားသွားလာရာ၌ အိန္ဒိယကုန်သည်၊ အာရပ်ကုန်သည်များထက် သာချင်သာမည်၊ မလျော့။

အိန္ဒိယနှင့် အာရပ်ကုန်သည်များခေတ်က အရှေ့တောင်အာရှဘက်ရှိ မလက္ကားကျွန်း၊ ဇာဝါးကျွန်း (ယနေ့ခေတ် အင်ဒိုနီးရှား)တို့မှ ဟင်းမွှေးအသီးအရွက်များ သယ်ဆောင်ကာ အာရှတစ်ဝိုက်သော်လည်းကောင်း၊ ဥရောပတိုက်သော်လည်းကောင်း ကုန်သွယ်သွားလာလေ့ရှိသည်။ ဆိုလိုသည်မှာ သူတို့သည် ယနေ့ခေတ် အာရှအနောက်တောင်ပိုင်း ပါရှန်ပင်လယ်ကွေ့တွင်လည်းကောင်း၊ အီဂျစ်ဒေသတွင်လည်းကောင်း သင်္ဘောဆိုက်ကပ်၊ ကုန်းလမ်းခရီးဖြင့် ဥရောပ





ဘက်သို့ ဆက်လက်သွားတတ်ကြပေ၏။ ကုန်ရောင်းပြီး အပြန်တွင်လည်း ဥရောပဘက်၊ အာရှအနောက်တောင်ဘက်မှ ကတ္တီပါ၊ ခါသာပိတ်၊ ကော်ဇော၊ သက္ကလတ်တို့ကို သယ်လာတတ်ကြပေ၏။ ထိုကုန်များသည် အရှေ့တောင်အာရှသို့ လှည့်ဝင်ကာ ပုသိမ်၊ မုတ္တမ၊ ဒလသင်္ဘောဆိပ်များမှတစ်ဆင့် ပဲခူး၊ ဟံသာဝတီသို့လည်းကောင်း၊ အဝသို့လည်းကောင်း ရောက်လာတတ်လေသည်။

ဤတွင် အိန္ဒိယသားနှင့် အာရပ်တို့၏ ပင်လယ်ရပ်ခြား သွားလာမှုကို ပေါ်တူဂီတို့က ဆယ်ငါးရာစု၊ ဆယ်ခြောက်ရာစုတွင် အနိုင်ယူလိုက်လေသည်။ သူတို့သည် အခြားဥရောပတိုက်သားများနည်းတူ စူးစမ်းဆင်ခြင်တတ်သူများ ဖြစ်ရာ သင်္ဘောဝတ္တုပညာ၊ သိပ္ပံပညာကို လေ့လေ့လာလာရှိကြ၊ သင်္ဘောဝတ္တုပညာ၊ သိပ္ပံပညာနှင့် ကျွမ်းကျွမ်းဝင်ဝင် ရှိကြသည်။ ပုံစံပြရသော် သူတို့သည် သေနတ်အမြောက်တံတွင် ထုတ်လုပ်နိုင်ကြသည်။ ထို့ပြင် ကမ္ဘာလောကသည် မျက်မြင်အတိုင်း အပြားမဟုတ်၊ ကမ္ဘာ့ရေပြင်ကိုပတ်၍ သွားခဲ့လျှင် အဆုံး၌ ရောမရောက်ကြထဲသို့လည်း ထိုးကျသွားမည်မဟုတ်။ ကမ္ဘာသည် အလုံးဖြစ်သည့်အတိုင်း လှည့်ပတ်သွားလာ၍ဖြစ်နိုင်ရာ၏ဟု သိပ္ပံပညာအရ သဘောပေါက်ခဲ့ကြလေသည်။ ထို့ကြောင့်လည်း သူတို့သည် ဂွတ်ဟုတ်အငူမှပတ်၍ အိန္ဒိယမြေပြင်ကို တွေ့ရှိခဲ့လေသည်။ ထိုအခါ အိန္ဒိယဒေသရှိ မင်းများထံမှ ကုန်ကူးခွင့်၊ ကုန်စခန်းတည်ခွင့် ရယူခဲ့ကြသည်။ ထိုကုန်စခန်းနှင့် ကုန်တိုက်များကို ကာကွယ်ရန် သစ်တပ်သော်လည်းကောင်း၊ အုတ်ခံတပ်သော်လည်းကောင်း ဆောက်ခဲ့ကြပြန်သည်။ အချို့မှာမူ အိန္ဒိယမင်းများထံတွင် သေနတ်အမြောက် အမှုထမ်းအဖြစ် ဝင်ရောက်ထမ်းရွက်ကြလေသည်။

သူတို့သည် အိန္ဒိယဒေသအသီးသီးမှ မင်းအချင်းချင်း မသင့်တင့်သည်ကို အခွင့်ကောင်းယူကာ နိုင်ခြေရှိသော မင်းကို လက်နက်နှင့်လူ ကူ၍ သူတို့ အကျိုးရှိအောင် လုပ်ကြလေသည်။ တစ်ဖန် အားနည်းသော မင်းတို့ထံမှလည်း နယ်မြေဖဲ့ယူ သိမ်းပိုက်တတ်လေသည်။ များမကြာမီ သူတို့ပိုင် နယ်မြေအများအပြား ရှိလာကာ အိန္ဒိယအနောက်ဘက်ရှိ ဂိုအားကို ဗဟိုပြု၍ ဘုရင်ခံချုပ်တစ်ဦးက စီမံအုပ်ချုပ်သော အခြေသို့ ရောက်ခဲ့လေသည်။

ဆယ်ခြောက်ရာစုတွင်ကား ဓညဝတီ–ရခိုင်ဘက်၊ ရာမညတိုင်းဘက်တွင် ပေါ်တူဂီတို့ ပို၍အရေးပါလာကြလေသည်။ ရခိုင်–မြောက်ဦးမြို့တော်၌



www.burmeseclassic.com

www.burmeseclassic.com



(ပသိမ်များအပြင်) ပေါ်တူဂီတွေ စစ်မှုထမ်းကြသည်။ ကုန်ရောင်း ကုန်ဝယ် လုပ်ကြသည်။ ပေါ်တူဂီများ၏ ကာသိုလိပ် သာသနာပြု လုပ်ငန်းလည်း ထထ ကြွကြွ ရှိလေသည်ပင်။ တဖန် ရာမညတိုင်း ဒဂုံအနီးရှိ သန်လျင်တွင်လည်း ကောင်း၊ ပုသိမ်တွင်လည်းကောင်း သူတို့၏ ကုန်စခန်းတွေ ရှိနေသည်။ ထို့ပြင် သူတို့၏ စစ်သည်များသည် တောင်ငူမှ ခေါင်းဆောင်များ ဖြစ်ကြသော တပင်ရွှေထီးနှင့် ယောက်ဖတော်သူ စစ်သူကြီးဘုရင့်နောင်တို့၏ နယ်ပယ်ချဲ့ထွင် ရေးတွင် အရေးကြီးသောကဏ္ဍမှ ပါဝင်လာကြသည်။

တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့သည် အောက်အရပ် ပုသိမ်၊ မြောင်းမြ၊ ပဲခူး၊ မော်လမြိုင်၊ ထားဝယ်၊ တနင်္သာရီနယ်များကို တိုက်ခိုက်သိမ်းသွင်းလေ သည်။ ထို့နောက် ပြည်ကို အရသိမ်းပြီးလျှင် ဧရာဝတီမြစ် ဆန်တက်ကာ အထက်မြင်းခြံအထိ အောင်နိုင်ခဲ့လေသည်။ တပင်ရွှေထီးသည်လည်း အထက် ဒေသများကို စိုးပိုင်ကြောင်း အထိမ်းအမှတ်အဖြစ်ဖြင့် ပုဂံတွင် ဘိသိက်ခံယူ ခဲ့လေသည်။ တဖန် ပဲခူးသို့ဆင်း၍ မင်းအဖြစ် ဘိသိက်ခံယူပြန်သည်။ အထက်နှင့်အောက် နှစ်နေရာတွင် ဘိသိက်ခံယူလိုက်ခြင်းသည် မြန်မာနှင့် မွန်တို့ကို တစ်စုတစ်စည်းတည်းထားသည့်သဘော ဆောက်ပေသည်။

တပင်ရွှေထီးသည် နိုင်ငံချဲ့ထွင်၍ အပြီးမသတ်ခင် လွန်လေသည်။ အနယ်နယ်အရပ်ရပ်၌လည်း သောင်းကျန်းစပြုလာသည်။ ထိုအခါ ယောက်ဖ ဖြစ်သူ ဘုရင့်နောင်က အောက်နှင့်အထက်ကို ပြန်လည်သိမ်းသွင်းရပြန်လေသည်။ သူသည် အထက်အရပ် ဒေသများအပြင် အရှေ့ဘက် ရှမ်းတောင်တန်းဒေသများ ကိုလည်း လက်နက်နိုင်ငံတွင်းသို့ သွင်းခဲ့လေသည်။ ထို့မျှမကသေး၊ တစ်စတစ်စ နှင့် (ယခုခေတ် အိန္ဒိယရှိ) မဏိပူရကသည်းပြည် (ယခုခေတ် လာအိုနိုင်ငံရှိ) လင်းဇင်းပြည်၊ ဇင်းမယ်ပြည်၊ ယိုးဒယားပြည်တို့သည်လည်း ဘုရင့်နောင်၏ သစ္စာခံများ၊ ဝါ၊ ပဒေသရာဇ်ပြည်များ ဖြစ်လာကြသည်။

ဤသို့ နယ်မြေတိုက်ခိုက် သိမ်းသွင်းရာ၌ ရှမ်းစစ်သည်၊ မြန်မာစစ် သည်၊ မွန်စစ်သည်များနှင့်တကွ ဆယ့်တစ်ရာစုကတည်းက ဧရာဝတီမြစ်များ၌ နေထိုင်လာသော ကရင်စစ်သည်များလည်း ပါဝင်ခဲ့လေသည်။ လူမျိုးစု အသီးသီး ပါဝင်စည်းရုံးနိုင်ရအောင်လည်း ဘုရင့်နောင်၏ အရှိန်အဝါသည် ကြီးပါပေသည်။





ထိုအတွက် အခြားသာဓကများကို ကြည့်ပါလေဦး။ ပုဂံနယ်တိုက် တွင် ကြက်၊ ဝက်၊ နွား တိရစ္ဆာန်များကို သတ်၍ ပုပ္ပားနတ် မဟာဂိရိပူဇော် မှု၊ ကြက်ခေါင်း၊ ဝက်ခေါင်း၊ နွားခေါင်းတွေကို ကြိုးနှင့်သီ၍ နတ်တိုင်ရှေ့တွင် ဆွဲထားမှုမိစ္ဆာအယူကို ဘုရင့်နောင်အမိန့်ဖြင့် တားမြစ်နိုင်ခဲ့သည်။ ရှမ်းနယ် များတွင် စော်ဘွားသေလျှင် စော်ဘွားစီးသည့် ဆင်၊ မြင်းတွေ၊ စော်ဘွား၏ ကျွန်တွေသတ်၍ တွင်း၌ အတူထည့်မှုမိစ္ဆာအယူကို မြစ်တားနိုင်ခဲ့သည်။ တစ်ဖန် သိဟိုဠ်၏ လေးစားမှုဖြင့် စွယ်တော်ပွားတစ်ဆူကို လက်ခံရရှိကာ ပဲခူး မဟာစေတီ၌ ဌာပနာနိုင်ခဲ့သည်။

ဘုရင့်နောင်မင်းတရားကား ခေတ်လည်းမီသည်ဟု ဆိုရပေမည်။ သူသည် ပြည်ပနှင့် ဆက်ဆံ၍ အကျိုးကျေးဇူးရှိမှန်း သိလေသည်။ ပြည်ပနှင့် အဆက်အဆံ ရှိ၍ ရာမဇာတ်နှင့် ယိုးဒယား သံချင်းကဲ့သို့ သဘင်ဂီတများ၊ မှန်စီရွှေချနှင့် ယွန်းကဲ့သို့ လက်မှုပညာများ၊ ဆနွင်းမကင်းနှင့် မုန့်လက်ဆောင်းကဲ့သို့ မုန့် လုပ်နည်းများ ရရှိတိုးပွားခဲ့သည် မဟုတ်ပါလော။ ထို့ပြင် သူသည် ပင်လယ်ကူး သင်္ဘောဆိပ်ကမ်း ဖြစ်သော ပဲခူးကို မြို့တော်လုပ်ထားသည်။ ထိုအခါ ပါရှန် ပင်လယ်ကွေ့မှ အိန္ဒိယ အရှေ့မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းမှ ဘိန်း၊ စံပယ်ဆီ၊ သိုးမွေးထည်၊ ကတ္တီပါ၊ ခါသာပိတ်၊ ပတ္တူ၊ သစ်မြစ်ဆိုး ချည်ခင်နီ၊ ပန်းရိုက်ဆေးဆိုး ချည်ထည်များသည် ပုသိမ်သင်္ဘောဆိပ်၊ သန်လျင် သင်္ဘောဆိပ် တို့မှဖြတ်၍ ပဲခူးသို့ဝင်သည်။ တစ်ဖန် မလက္ကာကျွန်းဘက်မှ ငရုတ်ကောင်း၊ တရုတ်ကြွေထည်၊ ပရုတ်၊ လေညှင်းပွင့်၊ ဇာတိပ္ဖိုလ်သီးများသည် မုတ္တမဆိပ်မှ ဖြတ်၍ ပဲခူးသို့ဝင်သည်။ ပဲခူး ထို့နောက် မုတ္တမမှလည်း၊ ဆန်၊ ချိပ်၊ စဉ့်အိုးကြီး၊ ကျောက်သံပတ္တမြား၊ ကတိုးစသည်ကို ပြည်ပသို့ တင်ပို့သည်။ ပြည်တွင်းပြည်ပ ရောင်းဝယ်ရေး လွယ်ကူရအောင် ဘုရင်ကိုယ်တိုင်က ပွဲစားရုံဦးကို ခန့်ထားပေးလေသည်။ ကုန်သည်အချင်းချင်းက ရှေးက ကုန်ပစ္စည်းချင်း လဲလှယ် သည့်စနစ်အစား၊ ခဲနှင့် ကြေးရော ဒင်္ဂါး (ဂန်စာ)ကို အသုံးပြုကြသည်။

မြို့တွင် ကုန်သည်များအတွက် သီးခြားရပ်ကွက်လည်း ထားပေးခဲ့ သေးသည်။ ပဲခူးသည် မြို့ဟောင်းနှင့် မြို့သစ်ဟူ၍ နှစ်မြို့ရှိနေရာ မြို့ဟောင်း တွင် ပြည်တွင်းကုန်သည်ရော (ပသီ၊ အီတလီ၊ ပေါ်တူဂီ စသော) ပြည်ပ



www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်များပေါ နေထိုင်ကြလေသည်။ နေအိမ်များမှာ ယေဘုယျအားဖြင့် သက်ငယ်မိုး၊ ဝါးထရံကာအိမ်မျိုး ဖြစ်ကြသော်လည်း ကုန်ပစ္စည်းထားသည့် ဂိုဒေါင်မှာမူ အုတ်ဖြင့်တည်ဆောက်ထားသည်။ မီးဘေး၊ သူခိုးဘေးစသော ဘေးအန္တရာယ် အမျိုးမျိုး ကာကွယ်ရန် ပြုလုပ်ခြင်းပေတည်း။

မြို့အကြောင်းကို ထပ်ဖြည့်ရဦးမည်။ မြို့သစ်တွင် မင်းမိဖုရား စံပယ်ရာ နန်းတော်၊ ဝန်ကြီးမှူးကြီးများ ကိုးဆောင်ချုပ်နှင့် ခမ္ဘသတ်ကျော်သုံး၍ တရားစီရင်ရာလွှတ်ရုံး၊ ဆင်မင်းတင်းကုပ်နှင့် မြင်းတင်းကုပ်၊ ကျောင်းကန်ဘုရားများ၊ မှူးမတ်နေအိမ်များရှိ၍ မြို့ပုံစံမှာ စတုရန်းဖြစ်လေသည်။ ထိုမြို့ကို တစ်ဖက်တွင် တံခါးပေါက်ငါးပေါက်ရှိသော မြို့ရိုး၊ ထို့နောက် ရေကျုံးဖြင့် ပတ်ရံထားလေသည်။

ထိုမြို့သစ်သည် အလွန်ခမ်းနားလှပေသည်။ လမ်းများသည် လှတဒါခင်မှူရင်ပေါင်တန်း လျှောက်နိုင်ရလောက်အောင် ကျယ်ဝန်းသည်အပြင် မြို့ရိုးတံခါးပေါက်များနှင့် တစ်တန်းတည်း၊ ထောင့်မှန်ကျကျ ဖြတ်သန်းနေပေ၏။ လမ်းတစ်ဖက်တစ်ချက်တွင်မူ နေအိမ်များရှိ၍ ထိုအိမ်များမှာ သစ်သားဖြင့် တည်ဆောက်ပြီး အုတ်ကြွပ်မိုးလေသည်။ အိမ်ဥယျာဉ်များတွင်လည်း အုန်းပင်များ စိုက်ထားသည်ဖြစ်၍ လမ်းဘက်အထိ အရိပ်ကောင်းစွာရလေသည်။ မြို့သစ်၏ ဗဟိုချက်မြကား နန်းမြို့ပေတည်း။ နန်းမြို့တွင် မြေနန်းတော်နှင့် နန်းအဆောင်ဆောင် အခန်းခန်း တည်ရှိ၍ အပြောက်အမွမ်းတို့ဖြင့် တန်ဆာဆင်လေသည်။ ရွှေချထားသည်။

ရွှေနန်းရှင်ကား ဘုရင့်နောင်မင်းတရား ဖြစ်လေသည်။ ထိုမင်းသည် ဆင်ဖြူရတနာ ပိုင်ဆိုင်သည်ဖြစ်၍ (ဟံသာဝတီ) ဆင်ဖြူများသခင် ဘုရင်မင်းတရားကြီးဟူ၍ အများခေါ်ကြသည်။ ထိုမင်း၏ အရှိန်အဝါကြီးသည်အဖြစ်ကို ပြသသည့်သဘောဖြင့် မြို့ရိုးတံခါးများကို ဆိုင်ရာမင်းငယ်များ၊ ဝါ၊ ပဒေသရာဇ်မင်းများကိုယ်တိုင် ကြပ်မတ်တည်လုပ်၍ မိုးညှင်းတံခါး၊ ညောင်ရွှေတံခါး၊ လင်းဇင်းတံခါး၊ ဇင်းမယ်တံခါး၊ ယိုးဒယားတံခါး စသဖြင့် အမည်ပေးထားသည်။

စပ်မိ၍ ရေးရဦးမည်။ တံခါးအမည်များတွင် ပါသည့်အတိုင်း ဘုရင့်နောင်၏ နိုင်ငံကား ကျယ်ဝန်းပေ၏။ သို့ရာတွင် သူ သိမ်းပိုက်ရာ နယ်ပယ်များတွင် ရံဖန်ရံခါ ပုန်ကန်မှုများ ဖြစ်ပွား၍ သွားရောက်နှိမ်နင်းရလေသည်။





သူကိုယ်တိုင်ကလည်း စစ်မက်လိုလားသည်။ တိုင်းပြည်နိုင်ငံ အေးချမ်းစည်ပင်အောင် စီမံနေရမည့်အစား၊ စစ်ချီစစ်တက်နေသည်သာ များလေသည်။ သူသည် ရခိုင်ဘက်ကို စစ်တက်ရန် စီမံရင်း အနိစ္စရောက်ခဲ့လေသည်။

ဘုရင့်နောင်၏ ရိုက်ရာ ဆက်ခံသော ငါးဆူဒါယကာ မင်းသည်လည်း စစ်မက်လိုလားသူ ဖြစ်သည်။ သူသည် ယိုးဒယားသို့ ငါးကြိမ်ထက်မနည်း စစ်ချီခဲ့ရာ ပြည်သူများအဖို့ လုပ်ငန်းဆောင်တာများစွာ လစ်ဟင်းခဲ့ရသည်။ တစ်ဖန် လူမျိုးစုချင်း စည်းလုံးအောင် သူ မစီမံနိုင်။ ပဒေသရာဇ်မင်းတို့နှင့် ဆက်ဆံရာတွင်လည်း မပြေပြစ်။

ထိုအခါ ရခိုင်ဘုရင်သည် (ငါးဆူဒါယကာနှင့် ညီအစ်ကိုဝမ်းကွဲတော်သူ) တောင်ငူ ဘုရင်ခံနှင့်ပေါင်း၍ ပဲခူး၊ ဟံသာဝတီကို တိုက်လေသည်။ ပဲခူးကျ၍ ဘုရင်ပါ တောင်ငူသို့ ပါသွားလေသည်။ ထိုနန်းကျဘုရင်ကို တောင်ငူဘုရင်ခံ၏ သား နတ်ရှင်နောင်က သတ်လေသည်။ ပဲခူးကျကြောင်း သတင်းကြားရ၍ ယိုးဒယားဘက်ကလည်း ပဲခူးကို လာရောက်မွှေကာ ပဲခူးတစ်ပိုက်ရှိ ယိုးဒယား သုံ့ပန်းတို့ကို ပြန်လည်သိမ်းယူသွားလေသည်။

ပဲခူးကား အကြီးအကျယ် ဒုက္ခဖြစ်၍ ကျန်ရစ်ခဲ့ရသည်။ ဘုရင့်နောင်၏ ခမ်းနားလှသော နန်းတော်အဆောက်အအုံတွေမှာ မီးလောင်၍ ပြာကျကုန်ပြီ။ မြစ်တွေချောင်းတွေမှာလည်း အလောင်းတွေ တင်းကျမ်းမျောလေပြီ။ ကျန်ရစ်သူများမှာမူ ငတ်မွတ်ခေါင်းပါးလှ၍ လူသားကိုပင် စားသောက်ရသောအခြေသို့ ရောက်လေသည်။

ဤတွင် ပေါ်တူဂီရန် ဝင်လာပေ၏။

ဝင်လာပုံမှာ ရခိုင်ဘုရင်သည် ပဲခူးကို တိုက်ပြီးသည့်နောက် တောင်ငူနှင့်လည်း အဆက်အသွယ် လွယ်ကူရလေအောင်ဟု မိမိလက်သုံးတော်တစ်ဦးဖြစ်သော ပေါ်တူဂီလူမျိုး ဒေဗရစ်တို (ဂျ၃)ကို သန်လျင်တွင် အစောင့်အနေထားခဲ့လေသည်။ ထိုသူသည် ဤအတိုင်း ငြိမ်ငြိမ်မနေ။ သန်လျင်တွင် တစ်ထီးတစ်နန်း ထောင်ချင်ရလောက်အောင် အကြံကြီးသူပါပေ။

နဂိုက ဒေဗရစ်တိုသည် ပင်လယ်ကူးသဘော်အစေအပါး ဖြစ်ပေ၏။ ထိုအဖြစ်မှ ရခိုင်ဘုရင်ထံတွင် ခစားခဲ့ရာ သူ့အခြေ မြင့်လာသည်။ ယခုသော် ရခိုင်ကို သူ အန်တုလေပြီ။ ထို့ပြင် ဂိုအားရှိ ပေါ်တူဂီဘုရင်ခံချုပ်၏ အရောက်



www.burmeseclassic.com

www.burmeseclassic.com



သွား၍ သန်လျင်ကို ပေါ်တူဂီကိုလိုနီအဖြစ် သိမ်းသွင်းရေး ကြိုးပမ်းလေသည်။ ဘုရင်ခံချုပ်က သူ့ကို သဘောကျ၍ တူမနှင့် ပေးစားလေသည်။ သင်္ဘော အကူအညီနှင့် အမှုထမ်းများလည်း ပေးလေသည်။

ထို့နောက် ဒေဗရစ်တို့သည် သန်လျင်ကိုပေါ်တူဂီကိုလိုနီ ပုံစံသွင်းလေသည်။ ကာတိုလိပ် (ကက်သလစ်) သာသနာပြုလုပ်ငန်းကို သူ အားပေး၏။ ရှေးက ပုသိမ်မုတ္တမ ဒဂုံဆိပ်ကမ်းများတွင် ပြင်ပကုန်တွေဝင်သည်ကို တားမြစ်၍ သန်လျင်တွင်သာ ကုန်သွင်းစေ၊ အကောက်ယူစေ၏။ ဘုရားပုထိုးဌာပနာဖောက်၍ ရောင်းစား၏။ ကြေးခေါင်းလောင်းများ အရည်ကျို၍ အမြောက်လုပ်၏။ ကုန်ဈေး ကြီးမြင့်မှု၊ ဘာသာရေး မကျေနပ်မှု၊ လူမျိုးခြား မလိုလားမှုများ ပေါ်ပေါက်လာတော့သည်။

ထိုအဖြစ် သနစ်တို့သည် ဆယ်လေးနှစ်မျှ ကြာလေသည်။ ထိုအတွင်း ဘုရင့်နောင်၏ သားတစ်ပါးဖြစ်သော ညောင်ရမ်းစားသည် အဝမြို့ကို ပြန်လည်တည်ထောင်၍ အနိုင်အမာ လုပ်လေသည်။ ထို့နောက် အထက်ဘက်တစ်လွှားကို ပြန်လည်စည်းရုံးလေသည်။ သို့ရာတွင် လုပ်ငန်းတစ်ဝက်တစ်ပျက်တွင် သူ အနိစ္စရောက်လေသည်။

ထိုအခါ သားဖြစ်သူ အနောက်ဘက်လွန်သည် အရိုက်အရာ ခံယူလေသည်။ ထိုမင်းကား ချောမောလှပသည်ဟု ကျော်ကြား၏။ အရွယ်မှာလည်း နှစ်ဆယ့်ရှစ်နှစ်သာ ရှိသေး၏။ သို့ရာတွင် ထိုအရည်အချင်းတွေထက် အရေးကြီးသည်မှာ သူ၏ ထက်မြက်သောစိတ်ဓာတ် ဖြစ်လေသည်။ ညောင်ရမ်းမင်း အလောင်းမိန့်ရှိပြာကျကာစ ရှိသေးသည်။

'ငါ့ကို ပုန်စားလိုသူ ပုန်စားလေ'

ဟု မှူးမတ်တွေရှေ့တွင် လက်သုံးတော်ဓားကို ပစ်ပေးစိန်ခေါ်သူမှာ အနောက်ဘက်လွန်မင်းပင် ဖြစ်တော့သည်။

သူသည် ညောင်ရမ်းမင်း ချန်ထားခဲ့သော အထက်ဘက် အရှေ့ဘက်တစ်လွှား ဒေသများကို သိမ်းသွင်းခဲ့လေသည်။ ထို့နောက် အောက်ဘက် ပြည်သို့ ရှုန်၍ သိမ်းသည်။ နှစ်နှစ်အကြာတွင် တောင်ငူကို သိမ်းပြန်သည်။ ထိုစဉ်က တောင်ငူတွင် အနောက်ဘက်လွန်မင်းနှင့် ညီအစ်ကိုဝမ်းကွဲတော်သော နတ်ရှင်နောင်က မင်းပြုအုပ်စိုးနေလေသည်။ အနောက်ဘက်လွန်မင်းသည်



နတ်ရှင်နောင်ကိုပင် သစ္စာပေး၍ ဘုရင်ခံပြန်ခန့်ခဲ့လေသည်။ သို့ရာတွင် နတ်ရှင်နောင်က ဒေဗရစ်တို့နှင့် တိတ်တိတ်အကြံအစည်ပြုသည်။ ဒေဗရစ်တို့ကို တောင်ငူလာသိမ်းစေ၍ ထိုတပ်နှင့် သန်လျင်သို့ ပါသွားလေသည်။

အနောက်ဘက်လွန်လည်း သန်လျင်ကို ရေကြောင်း ကြည်းကြောင်းချီ၍ လုပ်ကြလေသည်။ ထိုအချိန်တွင် ဒေဗရစ်တို့မှာ လက်နက်ခဲယမ်းမီးကျောက် ရှားပါးနေနိုက်ဖြစ်၏။ ပြည်သူ့အကူအညီလည်း သူ ကောင်းစွာမရ။ အနောက်ဘက်လွန်၏ စစ်သည်ရဲမက်တို့သည် တအားကြိုး၍ မြို့ရိုးကို ထိုးဖောက်လေသည်။ မကြာမီ သန်လျင်ကျတော့သည်။

အနောက်ဘက်လွန်သည် လူသွမ်း ဒေဗရစ်တိုကို တံကျင်လျှိုသတ်စေ၍ ကာတိုလိပ်ဘာသာဝင် ပေါ်တူဂီအဆက်အနွယ်များကို အထက်စစ်ကိုင်းနယ်သို့ ပို့လေသည်။ နတ်ရှင်နောင်ကိုလည်း ကုလားကျွန်ခံချင်သည်ဟုဆို၍ သေဒဏ်ပေးလေသည်။ စကားချပ်ပါဦးအံ့။ တစ်တိုင်းတစ်ပြည်မှ လာသူများကို ရှေးက မျက်နှာဖြူ မျက်နှာမည်းမခွဲ ကုလားဟု ခေါ်ဝေါ်လေ့ရှိသည်။ လက်ရှိအရေးအခင်းတွင် ကုလား၊ ဝါ၊ တစ်တိုင်းတပြည်သား၏ ကျွန်အဖြစ် နတ်ရှင်နောင်ခံရက်သည်ဟု အနောက်ဘက်လွန်က စိတ်နာကျည်း၍ အပြစ်ပေးခြင်းဖြစ်လေသည်။ ထိုနတ်ရှင်နောင်သည်လည်း ရတုကဗျာ အရေးအဖွဲ့တွင် သိမ်မွေ့၏။ သို့ရာတွင် အကျင့်နှလုံး ကောက်ကျစ်ဆန်းပြား၏ဟု လူကြီးသူမများက ဆိုကြသည်။

အနောက်ဘက်လွန်မင်း အနိစ္စရောက်သော် သားဖြစ်သူ မင်းရဲဒိဗ္ဗက ခဏအုပ်စိုး၏။ ထိုမင်းသားကား ရှေးမင်းတို့ မျိုးရိုးစဉ်ဆက်ပြကာ ဓာတ်သွေး ဓာတ်မာန် နှိုးဆော်သော ကဗျာ၊ ချင်းအဖွဲ့ခံ၍ ကြီးပြင်းလာသူတည်း။ သို့ရာတွင် အဖသတ်အဖြစ် ထင်ရှားခဲ့လေသည်။ မင်းရဲဒိဗ္ဗကို ဖယ်ရှားပြီး သည့်နောက် အနောက်ဘက်လွန်၏ ညီဖြစ်သူ သာလွန်မင်း အုပ်စိုးလေသည်။

ထိုမင်းသည် အနောက်ဘက်လွန် ထူထောင်ခဲ့သော နိုင်ငံကို ဆက်လက်ထိန်းထားခဲ့လေသည်။ သူသည် ပြည်တွင်းရှိ လူနေအိမ်ခြေ၊ မြေယာအကျယ်၊ အသီးအနှံအထွက်၊ အခွန်အကောက်ဟူ၍ စစ်တမ်းပြုစုစေလေသည်။ ထို့နောက် စိုက်ပျိုးရေးလုပ်ငန်းကို အထူးအားပေးလေသည်။ လယ်ယာလုပ်ကိုင်နေစဉ် အတွင်း လယ်သမား ယာသမားကို ကြွေးမြီအတောင်းအပြု မရှိစေရ။

www.burmeseclassic.com

www.burmeseclassic.com



ရုံးအမိန့်နှင့် အဆင့်ခေါ် မရှိစေရ။ ထို့ပြင် လူဦးရေနည်းပါးသော ဒေသများတွင် လူအများလာရောက် အိုးအိမ်တည်စေလေသည်။ လူဦးရေတိုးပွားအောင်လည်း လူအများ အိမ်ထောင်ပြုကြရန် နှိုးဆော်လေသည်။

တစ်ခုဆိုစရာ ရှိလေသည်။ မင်းနေပြည်သည် ပဲခူးမဟုတ်တော့။ ပဲခူးအောက်ပိုင်းရှိ ပင်လယ်မှ မြေနုကျွန်းပေါ်လာ၍ ပဲခူးမှာ သင်္ဘောဆိပ်မြို့အဖြစ်မှ ရပ်စဲသွားလေပြီ။ ထိုအခါ သာလွန်မင်းသည် ပင်ရင်းဒေသဖြစ်သော အဝတွင် အနိစ္စရောက်သည်အထိ နန်းစံလေသည်။ အနိစ္စမရောက်မီကလေးတွင် (ပဲခူးမှတောင်ငူသို့ ရောက်နေခဲ့သော) စွယ်တော်ကို ဌာပနာထည့်၍ စစ်ကိုင်းဘက်၌ ဆန်ချိုထုပါပုံသဏ္ဌာန်၊ သိမ်ဟိုဠ် ထုပါပုံသဏ္ဌာန်၊ ရာဇမဏိစူဠာခေါ် ကောင်းမှုတော်စေတီကြီး တည်ဆောက်ပြီးစီးခဲ့လေသည်။

သာလွန်မင်းနောက် အုပ်စိုးသောမင်းတို့ကား နိုင်ငံကို ကောင်းစွာထိန်းသိမ်းနိုင်သူတွေ မဟုတ်။ ပြည်ပက သူတို့ကို မခန့်ညား။ အရှေ့မြောက်ဘက် မိုးနဲ၊ ညောင်ရွှေဒေသများတွင် ကျူးကျော်ဝင်ရောက်သည်။ အရှေ့တောင်ဘက် မုတ္တမ–မော်လမြိုင်၊ ထားဝယ်ဒေသများတွင် ကျူးကျော်ဝင်ရောက်သည်။ (ဇင်းမယ်မှာလည်း မြန်မာလက်နက်နိုင်ငံတွင်းက လွတ်ထွက်သွားသည်)

အထူးသဖြင့် ညောင်ရမ်း ဆယ်တစ်ဆက်မြောက် မဟာဓမ္မရာဇာဓိပတိမင်း (၁၇၃၃–၁၇၅၂) လက်ထက်တွင် အခြေအနေမှာ မကောင်း။ စစ်ကိုင်းနားအထိ မဏိပူရ ကသည်းမြင်းတပ်တွေ– မြင်းတပ်တွေ တရကြမ်းဝင်ရောက်တိုက်ကာ ဘုရားကျောင်းကန် ဖျက်ဆီးလေသည်။ လူသူ ဖမ်းဆီးလေသည်။ ထိုသူတို့ ဝင်ရောက်လာသည့် အကြောင်းတစ်ခုမှာ ဧရာဝတီ–စစ်ကိုင်းမြစ်ရေကို ချိုးရ၊ သောက်သုံးရလျှင် အားဒေါ်ရန်မာန်ကင်းသည်ဟူ၍ ဆရာဗြာဟ္မဏပုဏ္ဏားများက ပြောသောကြောင့်လည်းဖြစ်သည်။ မြန်မာနိုင်ငံကို မထိလေးစားသောကြောင့်လည်းဖြစ်သည်။

ဤသို့အားဖြင့် ကသည်းတွေက ဝင်–ဝင်တိုက်နေသည်။ မဟာဓမ္မရာဇာဓိပတိမင်း ကိုယ်တိုင်ကလည်း အအုပ်အချုပ်မတတ်။ သူ့မှာ မှူးကောင်းမတ်ကောင်းများ ရှိခဲ့ပါ၏။ သို့ရာတွင် သူ့မှာ အဆင်ခြင်တရားမရှိ။ တိုင်တိုင်ပင်ပင်လည်း မပြု။ သူတစ်ပါး၏ ကုန်းချောစကားကိုသာ ယုံကာ မှူးမတ်တချို့ကို သတ်ပစ်လေသည်။ ထိုအထဲတွင် တိုင်းရေးပြည်မှု လိမ္မာသော





ဝန်ကြီး ဦးပုလည်း ပါလေသည်။

'ငါတို့မှူးမတ်တစ်စု သေကြရသည်ထက်
နိုင်ငံပျက်မည်ကို ငါ သနားလိုက်တဲ့'

ဟူ၍ ဦးပုဆုံးခါနီး မှတ်ချက်ချကြောင်း ပြောစဉ်ရှိလေသည်။ (၂၄)

လူမှုရေး စီးပွားရေး အခြေအနေမှာ ယိုယွင်းယိုယွင်း လာလေသည်။ အောက်ပါ သာဓကများကို ကြည့်ပါလေ။

ပြည်သူဆင်းရဲသားလုပ်သမျှ လယ်ယာမှ လေးပုံတစ်ပုံကို ဘုရင်ကျိုတော်သို့သွင်းရန် ဆိုင်ရာက စီမံသည်တွင် လယ်ယာသမားများ လယ်ယာမလုပ်ကြတော့။ ချန်ထားကြသည်။ ထိုအခါ ဆန်ရေစပါး ရှားပါး၍ သူနိုးခားပြတွေ ထပြန်သည် (၂)။ ထားဦး။

တိုင်းပြည် ကသောက်ကရောက် ဖြစ်နေချိန်တွင် ကုန်ကူးချင်သော ပြည်ပလူတွေကလည်း သူတို့လုပ်ငန်းကို ကောင်းကောင်းမတိုးချဲ့ဘဲ ရှိချေသည်။ ခပ်ဆိုင်းဆိုင်း ဖြစ်နေသည်။ အနည်းငယ်ရှင်းရပေဦးမည်။ ပြည်ပကုန်သည်ဆိုသူများသည် ပေါ်တူဂီတို့၏ နေရာကို ဝင်ယူလာသော ဒတ်ချ်လူမျိုး၊ ပြင်သစ်လူမျိုး၊ အင်္ဂလိပ်လူမျိုးများ ဖြစ်ကြသည်။ ပေါ်တူဂီတို့သည် ဆယ့်ခုနစ်ရာစုတွင် ဥရောပတိုက်၌ အခြေမလှ၍ အိန္ဒိယဘက်ဒေသများ၊ အရှေ့တောင်အာရှဘက် ဒေသများမှ တစ်စတစ်စ ဆုတ်ခဲ့ကြလေပြီ။ ဂိုအားကွက်ကွက်ကိုသာ ထိန်းသိမ်းထားခဲ့ကြလေပြီ။ ထိုအခါ ဒတ်ချ်ပြင်သစ် အင်္ဂလိပ်တို့က အိန္ဒိယနှင့် အရှေ့တောင် အာရှတွင် စားကျက်လုလာလေသည်။

အင်္ဂလိပ်အတွက် အထူးဆိုရသော် သူတို့ပြည်တွင် သက်ဦးဆံပိုင်၊ ဘုရင်အာဏာသည် လျော့ကျခဲ့၍ မြေပိုင်ရှင်ကြီးများ၊ ကုန်သည်ကြီးများ လက်သို့ အာဏာများ ရောက်လာသည်။ ပါလီမန်ခေါ် ဥပဒေပြုလွှတ်တော်တွင် သူတို့ တွင်ကျယ်လာသည်။ ထိုအခါ ကုန်သည်ကြီးများသည် အရှေ့အိန္ဒိယကုမ္ပဏီ တည်ထောင်ပြီးဖြစ်၍ အိန္ဒိယနှင့် အရှေ့တောင်အာရှတွင် ပေါ်တူဂီတို့နည်းတူ၊ အိန္ဒိယရှိ မဂိုမင်းတို့အရေးတွင် ပါဝင်လာလေသည်။ အိန္ဒိယသားကုန်သည်များနှင့် ပြိုင်စပြုလာသည်။

မြန်မာနိုင်ငံဘက်၌လည်း ဒတ်ချ်တို့က ပုသိမ်ဘက်၊ ပြင်သစ်တို့က သန်လျင်ဘက်တွင် ကုန်စခန်းများ ထူထောင်သကဲ့သို့ အင်္ဂလိပ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဟိုင်းကြီးကျွန်းဘက်၊ သန်လျင်ဘက်တွင် ကုန်စခန်း ထူထောင်လေသည်။ သူတို့အဖို့ လက်ငင်းစီတံဝင်စားစရာ ဖြစ်နေသည်မှာ မြန်မာကျွန်း၊ ယမ်းစိမ်း၊ ချိပ်ဖြစ်လေသည်။ ဧရာဝတီမြစ်ဝှမ်းဘက်တစ်ဝိုက် ပေါက်သော ကျွန်းသစ်များသည် သူတို့ပင်လယ်ကူးသင်္ဘော တည်ဆောက်ရာတွင် အလွန်အသုံးဝင်သည်။ ဆိမ်းခုံကထွက်သော ယမ်းစိမ်းသည် အိန္ဒိယနယ်မြေ၌ သူတို့စစ်ဆင်ရာတွင် အလွန်အရေးပါသည်။ ပဲခူးဘက်က ပို့သောချိပ်သည် တံဆိပ်ခတ်ရန်အတွက် ကမ္ဘာပေါ်တွင် အကောင်းဆုံးဟု နာမည်ကြီးသည်။

သို့ရာတွင် မြန်မာနိုင်ငံရေးကား မငြိမ်သက် မအေးချမ်း။ တဖန် မြန်မာနိုင်ငံတွင် ကုန်သွယ်မှု အခွင့်အရေး နည်းလှသည်ဟု အင်္ဂလိပ်တွေက ယူဆလေသည်။ သူတို့သည် လုပ်ငန်းလုပ်ချည်–ရပ်ချည် ရှိလေသည်။ ထိုအခါ မြန်မာနိုင်ငံအဖို့ ပြည်ပ စီးပွားကုန်သွယ်ရေး လမ်းပိတ်သကဲ့သို့ ရှိလေသည်။ အခြေအနေ ပို၍ဆိုးလာစေသည်မှာကား အဝအနီး ငစဉ်ကိုင်တွင်ရှိနေသော ကွေ့ရှမ်းများသည် အခွန်အခ ပုပြင်းလှသည်၊ မယားကျွန်ဖြစ်ရ၊ သားကျွန် ဖြစ်ရသည်ကို မကျေနပ်၍ အနီးအနားရှိ မွန်များကို စုစည်းကာ ပုန်ကန်ကြခြင်း ဖြစ်လေသည်။ သူတို့သည် ပဲခူး၊ ဟံသာဝတီဘက်သို့ပင် လှမ်း၍ ပုံးပေါင်း တိုက်ရန် စာပို့လေသည်။

ပဲခူး၊ ဟံသာဝတီတွင် မဟာဓမ္မရာဇာကခန့်သော မြန်မာမြို့ဝန်သည်ရှိ၏။ ထိုသူသည် အဝဘက်က အခြေအနေကိုကြည့်၍ လူသူစုစည်းကာ ပုန်ကန်လေသည်။ သို့ရာတွင် အဝက ထိုသူပုန်ရန်ကို နှိမ်နင်းနိုင်ပြီး ပဲခူးသို့ မြို့ဝန်အသစ် တစ်ဦးပို့လေသည်။ ထိုမြို့ဝန်သစ်သည်လည်း သူပုန်အရေးနှင့်စပ်၍ အသေအချာ မစစ်ကြော။ မသင်္ကာသူ မှန်သမျှကို ဖမ်းဆီးသတ်ပစ်လေသည်။ ထို့ကြောင့် ပဲခူးနေ မွန်၊ မြန်မာ၊ ရှမ်းတို့ မခံမရပ်နိုင်ဖြစ်ကာ ထိုမြို့ဝန်ကို လုပ်ကြံပြီးလျှင် အဝမင်းမျိုးမင်းနွယ်ထဲမှ သမိန်ထောဇုဒ္ဓကိတ္တိကို မင်းမြှောက်ကြလေသည်။ ထိုသမိန်ထောဇုဒ္ဓကိတ္တိကား စစ်ရေးထက် ဆင်ကျော့ဖို့သာ စိတ်ဝင်စားသူ ဖြစ်သည်။ ထိုအခါ သူ့အစား အဝမင်း၏ ဆင်ဝန်ဟောင်း၊ ပဲခူးနေ ဦးအောင်လှ၊ ဝါ၊ ဗညားဒလကို ထိုလူစုက မင်းမြှောက်ကြရပြန်လေသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ လူအများသည်လည်း ဝင်ရောက်သစ္စာခံကြလေသည်။

ဗညားဒလသည် အိန္ဒိယရှိ ပြင်သစ်များနှင့် မဟာမိတ်ဖွဲ့လေသည်။





ထို့နောက် သူ၏ စစ်သည်များသည် တောင်ငူကို သိမ်းပိုက်လေသည်။ ထို့နောက် ဧရာဝတီမြစ်ဆန်တက်ကာ ပြည်ကို သိမ်းပိုက်လေသည်။ သူတို့သည် ဤအတိုင်းမနေ။ မကြာမီ ကျောက်ဆည်ကို အရသိမ်းလေသည်။ ပြီးသော် အဝကို ဝိုင်းထားသည်။

တစ်ထောင့်ခုနစ်ရာငါးဆယ့်နှစ်ခု၊ ဧပြီလတွင် အဝမြို့တော် ကျလေသည်။ ဗညားဒလ၏ စစ်သည်များသည် ယိုးဒယား၏ ရန်ကိုလည်း ကြောက်ရသည်နှင့် အဝမြို့တွင် အစောင့်တပ်ထားရစ်ကာ နန်းကျဘုရင် မဟာဓမ္မရာဇာနှင့် မှူးမတ်မောင်းမ မိသားအချို့ကို ခေါ်ဆောင်၍ ပဲခူး ဟံသာဝတီသို့ ပြန်ဆုတ်သွားကြလေသည်။

*

www.burmeseclassic.com

## မြေကုန်းဘောင်ခေတ်ဦး

အဝမြို့တော်ကျခဲ့သဖြင့် မြောက်ဘက် မြို့ရွာများသို့ ဗညားဒလဘက်က သစ္စာပေးပြီးလေပြီ။ မုဆိုးဖိုရွာတစ်ပိုက်သာ သစ္စာပေးရန် ကျန်ရှိနေ၏။ ထိုအခါ သစ္စာမခံလိုသော သူတစ်ဦး ထူးထူးခြားခြား ပေါ်ပေါက်ခဲ့လေသည်။

ထိုသူကား အခြားမဟုတ်။ မြို့သူကြီး (၅၆) ဦးအောင်ဇေယျပင် တည်း။ သူသည် စိတ်ဓာတ်ကြံ့ခိုင်သူ ဖြစ်လေသည်။ ရွာနီး ချုပ်စပ်တွင်လည်း ကြံဖန်ညောင်းလေသည်။ သူ့အသက်အရွယ်မှာ သုံးဆယ့်ခုနစ်နှစ်သာ ရှိသေး၏။ သို့ရာတွင် အရပ်အမောင်း ခြောက်ပေနီးပါးနှင့် အသားညိုညို မျက်နှာကျ သွယ်သွယ်၊ ကျောက်ပေါက်မှာ သက်သက်နှင့် လူပုံ ခံညားသည်။ သူတစ်ပါးနှင့် ဆက်ဆံရာတွင် တည်ကြည်သည်။

တစ်ဖန် ပဲခူးသားတွေ၏ရန်ကို သူ တွန်းလှန်ချင်ရအောင် ကောလာဟလ သတင်းများ၊ သိုက်တဘောင် အတိတ်နိမိတ်များက ပံ့ပိုးပေးနေပြန်သည်။ သူသည် မဟာဓမ္မရာဇာဒိပတိမင်း နန်းမကျမီကလေးပင် မင်းလောင်းပေလောဟု ဆိုင်ရာ၏ အစစ်အဆေးခံခဲ့ရဖူးလေသည်။

သူသည် အနီးအစပ် ရွာသားတွေကို စည်းရုံးကာ ဓားရေးလှံရေး အလေ့အကျင့် လုပ်စေသည်။ မုဆိုးဖိုရွာကို ထန်းလုံးအပြည့်ကာရံ၍ မိုးရိကျုံ သွင်းစေသည်။

ဤတွင် မိဘများက သားအတွက် စိုးရိမ်ရကြသည်။ ဗညားဒလဘက်က လက်နက်အား လူအားသာသည်မဟုတ်ပေလော။ ထိုအခါ ဦးအောင်ဇေယျက–





'စစ်ကို၏သဘောသည်
ဗိုလ်ခြေအင်အားများသည် နည်းသည်မှာ
အကြောင်းမဟုတ်။
လက်ရုံး နှလုံး လုပ်ရည် ကြံရည်မှာသာ
အကြောင်းဖြစ်သည်'
ဟု ပြန်ပြောလေသည်။ (၅၇)

အဝမှ မုဆိုးဖိုဘက်သို့ သစ္စာပေးရန် တပ်ငယ်လည်း ရောက်လာပေ၏။ ထိုတပ်ငယ်ကို ဦးအောင်ဇေယျ၏ လူများက ဦးဦးဖျားဖျား သုတ်သင်လိုက်လေသည်။ အင်အားကြီးမားသော တပ်ရိုလာပြန်၏။ ထိုတပ်ကိုလည်း ချေမှုန်းနိုင်ခဲ့လေသည်။ သို့ရာတွင် ရေလာမည်ဘေးရန်တွေက ပိုရှိကြသည်။ သူသည် သူ့ရဲကောင်း ခြောက်ကျိပ် ရှစ်ယောက်ကို အထူးရွေးကာ မြင်းရည်တက်အဖွဲ့ဖွဲ့လေသည်။ လေးဆယ့်ခြောက်ရွာကို အခြေခံထား၍ တပ်ပေါင်းလေးဆယ် ခြောက်တပ်လည်း စည်းကြပ်လေသည်။ မကြာပါ။ အဝဘက်မှ တပ်တွေ ထပ်၍ ထပ်၍ ချီလာသည်။ ထိုတပ်တွေကိုပါ ရွာသားတွေ၏ စည်းလုံးမှုဖြင့် ဦးအောင်ဇေယျ နိုင်နင်းခဲ့လေသည်။

ဦးအောင်ဇေယျသည် မိမိကိုယ်ကို အလောင်းမင်းဟူ၍ သဘောပိုက်လာခဲ့လေသည်။ သာသနာ့အကျိုး၊ ပြည်သူ့အကျိုး ဆောင်ရွက်ရန် မြန်မာနိုင်ငံသစ်ကို ထူထောင်တော့မည်ဟု စိတ်ပိုင်းဖြတ်လေသည်။ သူသည် မုဆိုးဖိုတွင် ကျုံးမြောင်းနန်းမြို့တည်၍ ရတနာသိင်္ဃကုန်းဘောင်မြို့ဟူ၍ သမုတ်လေသည်။ ထိုမြို့သည် နောင်အခါ ရွှေဘိုဟု ကျော်ကြား၏။ မြို့၏ ဆီပ်ကမ်းကား အရှေ့ဘက် ဆယ့်ခုနစ်မိုင်အကွာ ဧရာဝတီမြစ်ကမ်းပေါ်ရှိ ကျောက်မြောင်းမြို့ပေတည်း။

တစ်ထောင့်ခုနစ်ရာ ငါးဆယ့်သုံးခုနှစ်တွင် အလောင်းမင်းတရား၏ စစ်သည်များသည် ကွေ့ရှမ်းတို့၏ အတိုက်အခိုက်ကို တွန်းလှန်နိုင်ခဲ့ရုံမက အဝကိုပါ ချီတက်သိမ်းပိုက်နိုင်ခဲ့လေသည်။ အလောင်းမင်းတရားသည် သတိုးမင်းစောတွဲ့ခံ ဒုတိယသားကို အဝမြို့စောင့်အဖြစ် ခန့်လေသည်။ ထို့နောက် အင်အားဖြည့်ရန် မြောက်ဘက်တစ်ခွင်သို့ ဧရာဝတီမြစ်ကြောင်းမှ ချီတက်လေသည်။ မိုးမိတ်၊ ဗန်းမော်၊ မိုးညှင်း၊ မိုးကောင်းရှမ်းတွေ သစ္စာခံလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗညားဒလလည်း အလောင်းမင်းတရားလက်သို့ အဝပြန်ပါသွားသည်ကို မခံနိုင်။ တစ်ထောင့်နှစ်ရာငါးဆယ်လေးနှစ်အစတွင် စစ်သည်ရဲမက်များကို ရေကြောင်းကြည်းကြောင်း ချီတက်စေလေသည်။ ထိုတပ်များသည် ပုဂံညောင်ဦးအထက် တလုပ်မြို့ဘက်တွင် အဝတပ်များနှင့် ရင်ဆိုင်မိကြသည်။ ထိုအခါ အဝတပ်မှာ အားမတန်၍ ဆုတ်ရလေသည်။ သတိုးမင်းစောလည်း အဝမြို့တွင်း ပြန်ဝင်၍ အနိုင်အမာ နေလေသည်။ အဝမြို့တော်ကား အမြစ်အခြေ ပဓာန မပျက်သေးလော။

ပဲခူး၊ ဟံသာဝတီ တပ်တချို့သည် အဝမြို့တော်ကို အဖက်ဖက်မှ ဝိုင်းထား၏။ တပ်တချို့သည် ဧရာဝတီမြစ်ညာသို့ ဆန်၍ ကျောက်မြောင်းအထိ ကျေးရွာများကို မီးထင်းတိုက်ရှို့ သိမ်းယူဖျက်ဆီးလေသည်။ အလောင်းမင်းတရားသည် ကျောက်မြောင်းမြို့ဆိပ်သို့ချီ၍ ရေ့တပ်နောက်တပ် ခင်းပြီးလျှင် မြစ်ကြောင်းစုန်လေသည်။ စစ်ကိုင်းသို့ သုံးစခန်းနှင့် ရောက်လေသည်။

ထိုအခါ ကြည်းတပ်ရေတပ် တိုက်ပွဲအကြီးအကျယ်ဖြစ်လေသည်။ သတိုးမင်းစောလည်း အဝမြို့တွင်းမှ ထွက်တိုက်သည်။ အထူးသဖြင့်ကား ရွှေကြက်ယက်တစ်ပိုက်တွင် တိုက်လှေချင်း၊ စစ်သည်ချင်း အရောရောအထွေးထွေးရှိကာ ခုတ်ကြထစ်ကြနှင့်။

ဧရာဝတီ၊ မြစ်လုံးနီမျှ
စိစိကျွက်ကျွက်၊ အုတ်အုတ်ကျက်တည်
ကြွက်ကို ကြောင်ဖား၊ လိုက်သောလားသို့ (၂၈)

ဗညားဒလ၏ စစ်သည်များရှုံးနိမ့်ကာ ပြည်အထိ စုန်ဆင်းပြေးကြရတော့သည်။ အဝမှ ဗညားဒလ၏ စစ်သည်များ ရှင်းသွားသည်နှင့် ပုဂံပုပ္ပားစသော တောင်ဘက်တစ်ခွင် မြို့ရွာအကြီးအကဲများသည် အလောင်းမင်းတရား၏ သစ္စာ ခံကြလေသည်။

အဝကို ရွှေဘိုသားများ ပြန်လည်အောင်နိုင်ကြောင်း သတင်းကား အောက်အရပ်ရောက် ရှမ်းမြန်မာတို့ကို အားတက်စေခဲ့လေသည်။ ထိုအခါ ပဲခူးဟံသာဝတီရှိ လူတချို့က နန်းကျအဝဘုရင်ကို နန်းတင်ရန် ကြံစည်ကြလေသည်။ ထိုအကြံအစည်လည်း ဆိုင်ရာသို့ နားပေါက်သွားလေသည်။ ထိုအကြံအစည်တွင် မဟာဓမ္မရာဇာဓိပတိနှင့်တကွ ဆွေတော်မျိုးတော်များ မှူးမတ်များ





ပါဝင်သည်ဟု ဆိုင်ရာက သင်္ကာမကင်းဖြစ်လာသည်။ မဟာဓမ္မရာဇာဓိပတိနှင့်တကွ ဆွေတော်မျိုးတော်များ မှူးမတ်များ အသတ်ခံကြရတော့သည်။ အောက်အရပ်နေ မြန်မာအများလည်း အသတ်အဖြတ် အညှဉ်းဆဲခံကြရတော့သည်။ ထိုသူများလည်း မခံမရပ်ဖြစ်ကာ မိမိတို့ ဦးရေများရာ မြို့များတွင် အကြီးအကဲများကို သတ်ဖြတ်ကြလေသည်။ အချို့မှာမူ 'ရွှေဘိုသား၊ ရွှေဘိုသား' ဟု ကြွေးကြော်အားညီကာ ပြည်ကို အရအမိ တိုက်ယူကြသည်။ သူတို့သည် အလောင်းမင်းတရားထံသို့ စစ်ကူဆင်းရန် စာပို့ကြလေသည်။

အလောင်းမင်းတရားသည် စစ်ကူဆင်းလေသည်။ တစ်စခန်းပြီး တစ်စခန်းနားပြီး ဆင်းလာခဲ့သည်။ မြင်းခြံအောက်ပြည်အရပ်သို့ ဖောင်တော် အကပ်တွင်ကား ကမ်းပြို၍ ကမ်းထိပ်က ထန်းပင်သည် ဖောင်တော်နှင့် တိုက်မိလေသည်။ ထိုအခါ အမတ်တစ်ဦးက ဟံသာဝတီတည်းဟူသော ထန်းပင်သည် ဖောင်တော်ဦးကို ပျပ်ဝပ်ညွတ်ကျိုးနှင့်ရသည်၊ ရာမညတိုင်းကို လွယ်ကာ အောင်မြင်မည်ဟု နိမိတ်ဖတ်လေသည်။ အလောင်းမင်းတရားလည်း အလွန်အားရပေ၏။ သူသည် ဆယ်စခန်းနှင့် ပြည်အရောက်ချီကာ နဝင်း၌ စခန်းချလေသည်။ ထိုနောက် ကိုယ်တိုင်ဦးစီး၍ ဗညားဒလ၏ စစ်သည်များကို အနိုင်တိုက်ပြီး သုံ့ပန်းများ၊ သေနတ်အမြောက် ခဲယမ်းမီးကျောက်များကို သိမ်းဆည်းရခဲ့လေသည်။ ထိုအထဲတွင် သုံးပေါင်လေးသော အမြောက်ဆန်ကို ပစ်ခွင်းနိုင်သည့် ရန်ပုံခွင်း အမြောက်လည်း ပါလေသည်။ အနီးအနားမြို့ရွာများမှ သူကြီးကလန်များ သစ္စာခံလာတော့သည်။

တစ်ဖန် ပြည်မှစုန်၍ လွန်ဆေးမြို့တွင် စခန်းချပြန်သည်။ ထိုအခါ ဧရာဝတီမြစ် အရှေ့ဘက် အနောက်ဘက် မြို့သူကြီး ရွာသူကြီးများနှင့် တောအုပ်တောင်ကမ်း မှီနေရသော အမှုထမ်းဟောင်းများသည် သစ္စာခံကြပြန်လေသည်။ ဤသို့ မြန်မြန်အောင်မြင်သည်ကို အကြောင်းပြု၍ လွန်ဆေးမြို့ကို အလောင်းမင်းတရားက မြန်အောင်မြို့ဟူ၍ သမုတ်လေသည်။

အလောင်းမင်းတရားသည် ဒဂုံအရောက် ချီပြန်လေသည်။ ထိုအခါ ရေ့ပြေးတပ်က ဗညားဒလ၏ တိုက်လှေများ ပန်းလှိုင်ဘက်၊ သန်လျင်ကား ဘက်က ဆီးဆို့နေသည်ကို ရှင်းထားသဖြင့် ဒဂုံကို လွယ်လွယ်နှင့် သိမ်းနိုင်လေသည်။ "ရန်အပေါင်းကို အကုန်အစင်အောင်တော်မူသောကြောင့်" ထိုမြို့ကို



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန် ဟု သမုတ်၍ သစ်တပ်မြို့ တည်လေသည်။ အနီးအနား ဒေသများကိုလည်း ရှင်းလင်းလေသည်။

မိုးအကျတွင် အထက်သို့ အလောင်းမင်းတရား ခေါ်ပြန်လေသည်။ ထိုအခါ ဗညားဒလ၏တပ်တွေက ရန်ကုန် (ဒဂုံ)ကို လာတိုက်လေသည်။ သန်လျင်တွင် သဘောတည်စခန်း ရှိနေသော ပြင်သစ်တွေကလည်း ကူကြသည်။ အလောင်းမင်းတရားမှာ အင်အားမရှိလှဟု တွက်သော အင်္ဂလိပ်အရှို့ကလည်း ခဲယမ်းမီးကျောက် ပေးကြသည်။

ဤသည်ကို ပုသိမ်ဟိုင်းကြီးကျွန်းဘက်တွင်ရှိသော အင်္ဂလိပ်ကုမ္ပဏီ လက်ထောက်ကိုယ်စားလှယ် ဗရွတ် (၅၉)က သဘောမကျ။ ထို့ကြောင့် ရွှေဘိုသို့ သဘောကပ္ပတိန်ဗေကာ (၆၀)ကို စေလွှတ်၍ ကျေအေးစကား ပြောစေလေသည်။ ခဲယမ်းမီးကျောက်လည်း ဆက်စေလေသည်။ အလောင်းမင်းတရားမှာ ခဲယမ်းမီးကျောက် လိုနေသည်ဖြစ်ရာ အင်္ဂလိပ်အရှို့၏ မိုက်မှားမှုကို လျစ်လျူရှုလေသည်။

တစ်ထောင့်နှစ်ရာ ငါးဆယ့်ခြောက်ခု။ ဖေဖော်ဝါရီလတွင် အလောင်းမင်းတရားသည် စစ်အင်အားဖြည့်တင်း၍ ရန်ကုန်သို့ ဆင်းလေသည်။ ဤအကြိမ်တွင် သန်လျင်ကို အရတိုက်ခြင်းပင်။ ပြင်သစ် အကူအညီရထားသော သန်လျင်ကား မကျနိုင်။ အလောင်းမင်းတရားဘက်ကမူ သေနတ်ဝန် မဟာသေနာပတိကဲ့သို့ စစ်ခေါင်းဆောင်နှင့် စစ်သည်အများ ဆုံးပါးခဲ့သော အခြေအနေအထိ ရောက်လေသည်။ အလောင်းမင်းတရားလည်း သေနတ်ဝန်ကဲ့သို့ ခြောက်ကျိပ်ရှစ်ယောက်ဝင် သူရဲကောင်း၊ သူ၏ ရိုးရင်းဘက်ကျခဲ့သည်ကို အလွန်နှမြောတသကာ မင်းတို့ အခမ်းအနားဖြင့် သင်္ဂြိုဟ်ခဲ့လေသည်။

သူသည် အသေခံသူရဲကောင်း ကိုးဆယ်သုံးယောက် ရွေးလေသည်။ ထိုသူများ မချီတက်မီ ငါးရက်ကပင် ကျွေးမွေးပြုစုလေသည်။ ထိုသူများသည် အချိန်အခါကောင်းကို စောင့်ကြသည်၏။

တစ်ခုသောည ခြောက်နာရီ အချိန်ကား (လဆုတ်ရက်) မှောက်မိုက်လျက်ရှိပေ၏။ မိုးလည်း ဖွဲဖွဲရွာနေသည်။ ထိုအချိန်တွင် မြို့စီးပြစ်စီးတွေ၏ အခုအခံအကြားမှ သူရဲကောင်း ကိုးဆယ်သုံးယောက်တို့သည် မြို့ရိုးကိုကျော်တက်နိုင်ခဲ့ကြသည်။ ထိုအခါ မြို့တွင်းဝင်၍ အိမ်ရာတဲအုံတို့ကို မီးရှို့သူကရှို့၊





မြို့တံခါးဖွင့်သူကဖွင့်နှင့် နောက်ဆုံး၌ မြို့ပေါက်လေသည်။ အပြင်ဘက်ရှိ စစ်သည်များလည်း မြို့တွင်းဝင်ရောက်၍ လက်နက်ပစ္စည်း၊ လူသူလက်ရ သိမ်းယူကြလေသည်။

ဤသည် အလောင်းမင်းတရားအဖို့ အောင်ပွဲကြီးဖြစ်တော့သည်။ သူသည် သူရဲကောင်း ကိုးဆယ်သုံးယောက်အနက် မသေမပျောက် ကျန်ရှိသူ ရှစ်ဆယ်ငါးယောက်တို့အား ရွှေတွင် ငွေကိုပုံထား၍ ကျုံးယူစေလေသည်။ အခြားပွဲလမ်းရ အမှုထမ်းတို့ကိုလည်း အထိုက်အလျောက် ဆုပေးလေသည်။ သန်လျင်မှရခဲ့သော ပေသီ၊ ပြင်သစ် သုံ့ပန်းတွေကိုမူ သူတို့၏ သာသနာပြု ဘုန်းကြီးတွေနှင့်တကွ စစ်ကိုင်းနယ်သို့ ပို့လေသည်။

နောက်လုပ်ငန်းသည် ပဲခူးဟံသာဝတီ သိမ်းရန်အရေး ဖြစ်လေသည်။ အောက်တိုဘာလထဲတွင် ပဲခူး ဟံသာဝတီကို အလောင်းမင်းတရား၏ စစ်သည်များ ဝန်းရံလေသည်။ နှစ်လလောက် ဝန်းရံရသည်။ ငတ်မွတ်သည် အဆုံးတွင်မှ ပဲခူး ဟံသာဝတီသည် အညံ့ခံလေသည်။ အလောင်းမင်းတရားသည် လည်း ပဲခူး ဟံသာဝတီကို လက်နက်နိုင်ငံတွင်းသို့ သွတ်သွင်းလေသည်။

ထိုအခါ အင်္ဂလိပ်တို့သည် အောင်နိုင်သူ အလောင်းမင်းတရားထံမှ အခွင့်အရေးရအောင် ကြိုးပမ်းကြလေသည်။ ရွှေဘိုသို့ အလောင်းမင်းတရား အပြန်ခရီးတွင် ဟိုင်းကြီးကျွန်းဘက်က ရေတပ်ဗိုလ်ကလေး လက်စတာ (၆၁)ကို စေလွှတ်ကာ အလောင်းမင်းတရားနှင့် မတွေ့တွေ့အောင် ကြိုးဆောင်လေသည်။

တစ်ထောင့်နှစ်ရာ ငါးဆယ့်ခုနစ်ခုနှစ်၊ ဇူလိုင်လ ကိုးရက်နေ့၌ ခနဲ့ဖြူ အထက်တွင် တစ်ခါ၊ ဇူလိုင်လ နှစ်ဆယ့်ကိုးရက်နေ့ မြန်အောင်ဘက်တွင် တစ်ခါ ဧရာဝတီမြစ်ထဲရှိ အလောင်းမင်းတရား စံရာဖောင်သို့ ကူး၍ လက်စတာက ဖူးတွေ့လေသည်။ ပထမ ဖူးတွေ့ရစဉ်က ခြေနင်းချွတ်၊ ထိုနောက် ဆောင်းအားကို အပြင်ထားခဲ့ရမည်ဆို၍ အခက်ဖြစ်နေ၏။ သို့ရာတွင် သူတို့အတွက် ကုန်သွယ်ရေး ချောမောဖို့သာလိုရင်း မဟုတ်ပေလော။ လက်စတာသည် မာနကိုသိမ်း၍ မြန်မာထုံးတမ်းစဉ်လာအရ ဝင်ရောက်ဖူးတွေ့လေသည်။

အလောင်းမင်းတရားကား လက်စတာကို ရင်းရင်းနှီးနှီး ဆက်ဆံပေ၏။

'အင်္ဂလိပ်မင်းဟာ ငါ ကိုယ်တော်မြတ်လို



www.burmeseclassic.com

www.burmeseclassic.com



စစ်မြေပြင်ထွက်ပြီး ကိုယ်တိုင် ကွပ်ကဲရဲ့လား။
အဓလေ့လူကို သေနတ်မှန်အောင်
မောင်မင်း လက်ညှိုးနဲ့ တည့်တည့်
ချိန်နိုင်ရဲ့လား။
မောင်မင်းတို့ပြည်မှာ သည်မှာလို
မိုးကောင်းကောင်း ရွာရဲ့လား။
ပန်းခေါက် ဘာကြောင့် တပ်သလဲ။
မောင်မင်း လခ ဘယ်လောက်ရသလဲ။
အင်္ဂလိပ်တွေဟာ ဗမာတွေလို ဘာကြောင့်
ထိုးကွင်း မထိုးသလဲ'

စသည့် မေးခွန်းမျိုးတွေလည်း မေး၏။
လက်စတာ၏ လက်ဖဝါးနှင့် လက်မောင်းကို ကိုင်စမ်းကြည့်ရင်း–
'မိန်းမလိုပဲ'
ဟုလည်း မှတ်ချက်ချ၏။
'သည်က ချောင်းတွေထဲမှာ ရေခဲသလို
မောင်မင်းတို့ပြည်မှာကော ရေခဲသလား'
ဟုသော မေးခွန်းအတွက်
'ရေခဲနေတဲ့ သိမ်းမြစ်ထဲကို နွားကျသွားလို့
တစ်ကောင်လုံးကျက်ပြီးသား ဖြစ်သွားတာ
ကျွန်တော် မြင်ဖူးကြောင်းပါ'
ဟု ဖြေလိုက်သည်ကိုလည်း အားရပါးရ ရယ်မော၏။
နောက်ဆုံး၌ အလောင်းမင်းတရားက–
'ဘယ်နိုင်ငံကမဆို လာတိုက်ပေစေ၊
ငါကိုယ်တော်မြတ် ချေမှုန်းပစ်နိုင်တယ်'
ဟု ပြောဆိုပြီး ကြွးဝါး၏။ သို့ရာတွင် အင်္ဂလိပ်နှင့် ကုန်သွယ်ရေး စာချုပ်ချုပ်မည်ဟူ၍ကား ကတိပေးလေသည်။

အလောင်းမင်းတရားသည် လက်စတာကို ဒုတိယအကြိမ် တွေ့ဆုံစကား ပြောပြီးသည့်နောက်တွင် စာချုပ်အတွက် သဘောတူခဲ့၍ လီမွှော်သီးဆယ့်ရှစ်လုံး၊





ပြောင်းဖူးနှစ်ဒါဇင်၊ သခွားသီးငါးလုံးကိုလည်း လက်ဆောင်ပေးလေသည်။ (၆၂)

စာချုပ်အလိုမှာကား အင်္ဂလိပ်တို့က အလောင်းမင်းတရားကို နှစ်စဉ် အမြောက်လက်နက် ခဲယမ်းမီးကျောက်ဆက်ရန်၊ မြန်မာဘုရင်၏ စစ်ပွဲများတွင် ကူညီတိုက်ခိုက်ပေးရန်၊ မြန်မာဘုရင်၏ ရန်သူကို အားမပေးရန်ဖြစ်၍ အခွင့် အရေးအနေဖြင့် ပုသိမ်နှင့် ဟိုင်းကြီးကျွန်းတွင် အမြဲတမ်း ခံတပ်ဆောက်ခွင့် ရသည်။ ရန်ကုန်တွင် ကုန်တိုက်ဆောက်ခွင့်ရသည်။ အကောက်အခွန်လွတ် ရောင်းဝယ်ခွင့်ရသည်။

ထိုစာချုပ်သည်လည်း မဏိပူရ ကသည်းပြည်ငယ်ကို အလောင်းမင်း တရား တိုက်ပြီးသည့်နောက်ပိုင်းတွင် ပျက်ပြယ်သွားလေသည်။ ရှင်းပါဦးအံ့။ ကသည်းပြည်ငယ်ဘက်တွင် အုပ်ချုပ်သူအချင်းချင်း မညီမညွတ်ဖြစ်ခဲ့လေသည်။ ထိုအခါ ရှုံးသူဘက်က အလောင်းမင်းတရားထံတွင် ခိုလှုံလေသည်။ သို့ရာတွင် ထိုသူသည် အခြေအနေပြန်မရခင် အနိစ္စရောက်လေသည်။ အလောင်းမင်း တရားသည် ထိုသူ့အပေါ် ပြုအပ်သော ဝတ္တရားကို အကြောင်းပြု၍ မဏိပူရကို တိုက်ခိုက်ခဲ့လေသည်။ ငွေထည်လုပ်ငန်း ပညာသည်များ၊ ချိတ်လုံချည်ရက် ပညာသည်များ၊ မြင်းစီးကျွမ်းကျင်သူများ အပါအဝင် သုံ့ပန်းများကိုလည်း တိုင်းပြည်ခေါ်ဆောင် နေရာချထားခဲ့လေသည်။

ထိုစဉ်က ပဲခူးဟံသာဝတီဘက်က အခွင့်အရေးယူ၍ သူပုန်ထလေသည်။ ထိုရန်သူကို နိုင်နိုင်နင်းနင်း ရှင်းခဲ့လေသည်။ ထိုအရေးကို စစ်ကြောကြည့် သောအခါ၊ ဟိုင်းကြီးကျွန်းနေ အင်္ဂလိပ်များက ပဲခူးဟံသာဝတီသားတွေကို လက်နက်ရောင်းချသည်ဟု မသင်္ကာစရာတွေ့လေသည်။ အလောင်းမင်းတရား လည်း ဟိုင်းကြီးကျွန်းနေ အင်္ဂလိပ်များ၊ လက်အောက်ဝန်ထမ်းများကို သုတ်သင် စေ၍ ကုမ္ပဏီပိုင်ပစ္စည်းများကို သိမ်းယူလေသည်။

တစ်ထောင့်ခုနစ်ရာ ငါးဆယ့်ကိုးခုနှစ်တွင်ကား အလောင်းမင်းတရား သည် ရန်ကုန်တွင် ရောက်ရှိနေလေသည်။ ရန်ကုန် သိင်္ဂုတ္တရကုန်းပေါ်တွင် အဓိကရ ရွှေတိဂုံစေတီတည်ရှိ၏။ ဗုဒ္ဓဘုရားထံမှ ဆံတော်ရှစ်ဆူကို တပုဿ နှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ ယူဆောင်ကာ ကုန်းတော်ပေါ်တွင် ဌာပ နာ၍ ရွှေတိဂုံစေတီ တည်စေခဲ့ကြောင်းဖြင့် အစဉ်အလာက ယုံကြည်ကြသည်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ရာဇာဓိရာဇ်၊ ရှင်စောပု၊ ဘုရင့်နောင်စသော မွန်မြန်မာမင်း အဆက်ဆက်သည် ထိုစေတီ၌ ကုသိုလ်အထူး ပြုလုပ်ခဲ့ကြလေသည်။ အလောင်းမင်းတရားသည်လည်း အခြားမင်းများနှင့်နည်းတူ ရွှေတိဂုံစေတီတော်၌ ထီးချရာ သိမ်းက မြေတိုင်အောင် ရွှေထည့်ခဲ့လေသည်။

ထိုအတောအတွင်း ယိုးဒယားဘက်က ထားဝယ်မြို့ကျေးစွန်ရွာလက်ကို လာရောက်ထိပါးကြောင်း သတင်းရောက်လာ၏။ အလောင်းမင်းတရားမှာ မူလကတည်းကလည်း ယိုးဒယားကိုတိုက်ရန် ကြံစည်ရင်းရှိသည်နှင့် ချင်းတွင်းဘက်၊ ဇင်းမယ်ဘက်၊ အရှေ့ဘက်ရှိ ရှမ်းစော်ဘွားနှင့် အခြားအကြီးအကဲများကို စည်းရုံးထားပြီး ဖြစ်လေသည်။

အလောင်းမင်းတရား ဦးစီးသော စစ်သည်များသည် ရန်ကုန်၊ ထို့နောက် မုတ္တမမှ တောင်ဘက်သို့ ချီတက်လေတော့၏။ ရှေ့ဦးစွာ ထားဝယ်ကို နိုင်ခဲ့အောင်လုပ်သည်။ ယိုးဒယားလက်ထဲသို့ ရောက်နေသော မြိတ်မြို့၊ တနင်္သာရီမြို့များကို သိမ်းသည်။ ထို့နောက် တောတောင်ကျော်ဖြတ်၍ တစ်ထောင့်နှစ်ရာခြောက်ဆယ်နှစ်၊ ပြာသိုလထဲတွင် ယိုးဒယားမြို့တော် အယုဒ္ဓယကို ဝိုင်းမိလေသည်။ သို့ရာတွင် အယုဒ္ဓယမြို့တော်ကား ကြံ့ကြံ့ခံနေချေသည်။ မိုးလည်း နီးလာလေပြီ။ အလောင်းမင်းတရားသည် နာမကျန်းဖြစ်လာသည်။ ထို့ကြောင့် ငါးရက်အတွင်း အယုဒ္ဓယမြို့တော်မှ တပ်ပြန်ဆုတ်ရလေသည်။ အလောင်းမင်းတရားလည်း မုတ္တမကျေး–ကင်းရွာအရောက်တွင် ရောဂါဖြင့် လွန်လေသည်။

အလောင်းမင်းတရား မလွန်မီက ထီးနန်းဆက်ခံရေးနှင့်စပ်၍ သားတော်များ ကြီးစဉ်ငယ်လိုက် ထီးနန်းရိုက်ရာ ဆက်ခံရမည်ဟူ၍ အမိန့်ရှိခဲ့ဖူးလေသည်။ ထိုအမိန့်အတိုင်း၊ ပထမသားဖြစ်သူ နောင်တော်ကြီးမင်းသည် အရိုက်အရာဆက်ခံလေသည်။

သို့ရာတွင် ထိုမင်း၏ နန်းသက်ကား သုံးနှစ်သာကြာ၏။ ထိုနန်းသက်အတွင်း ထူးထူးခြားခြား အပြောင်းအလဲမရှိ။ ဟိုင်းကြီးကျွန်းတွင် အင်္ဂလိပ်များကို သတ်ဖြတ်သည့်အရေးနှင့်စပ်၍ အိန္ဒိယဘက်မှ ကိုယ်စားလှယ်အဖွဲ့က လျှော်ကြေးလာရောက် တောင်းခံသည့်လောက်သာရှိသည်။ အိန္ဒိယတွင်လည်း အင်္ဂလိပ်တို့သည် မဂိုမင်းများကို နိုင်နင်း၊ (အပြိုင်ဖြစ်သော ဒတ်ချ်၊ ပြင်သစ်များ ထက်လည်း သာလွန်ပြီ) မဒရပ်၊ ဘင်္ဂလား စသော နယ်မြေများရရှိ၊ အစိုးရ





တည်ထောင်ကာ ပြည်ထောင်ချင်း ဆက်ဆံသည့်သဘောဖြင့် ကိုယ်စားလှယ် လွှတ်လိုက်ခြင်းဖြစ်လေသည်။ ကိုယ်စားလှယ်လွှတ်သူများမှာ ကုမ္ပဏီအစိုးရ ဘုရင်ခံများပေတည်း။

ထိုအခါ နောင်တော်ကြီးမင်းက ယခင် အလောင်းမင်းတရားလက်ထက်၌ ဖြစ်ပျက်ခဲ့သော အရေးသည် မိမိနှင့်မဆိုင်ဟု သဘောထားလေသည်။ မြန်မာတို့လက်တွင် အချုပ်ခံနေရသော အင်္ဂလိပ်ကျေးကျွန်တို့ကိုမူ လွှတ်လေသည်။ ထို့ပြင် ရန်ကုန်တွင် ကုန်တိုက်ဖွင့်၍ ရောင်းဝယ်ရန်ကိုလည်း ခွင့်ပြုလေသည်။

နောင်တော်ကြီးမင်း လွန်ပြီးသည့်နောက် ငယ်စဉ်က သတိုးမင်းစောဘွဲ့ခံ၊ ညီဖြစ်သူ မြေဒူးစားက အရိုက်အရာ ဆက်ခံလေသည်။ အဝသို့ ရွှေ့ပြောင်းနန်းစိုက်လေသည်။

ထိုမင်းလက်ထက်၌ ဇင်းမယ်နှင့် လင်းဇင်းကို သိမ်းယူလေသည်။ ကသည်းပြည်ငယ် မငြိမ်ဝပ်၍လည်း ပြန်လည်သိမ်းပိုက်ရသည်။ ထို့နောက် ယိုးဒယားကို တိုက်ခိုက်အောင်မြင်လေသည်။ ယိုးဒယားကို တိုက်ခိုက်နေစဉ် အတောအတွင်း အရှေ့မြောက်ဘက်က ကျူးကျော်သည့် စစ်ကိုလည်း အောင်မြင်စွာ တွန်းလှန်နိုင်လေသည်။ အကြောင်းမှာ အောက်ပါအတိုင်းပင်။

အရှေ့မြောက်ဘက် တရုတ်နိုင်ငံ၌ မန်ချူးမင်းဆက်အသစ် အုပ်ချုပ်လာခဲ့လေသည်။ ထိုမင်းဆက်သည် နိုင်ငံချဲ့ထွင်လိုသောဆန္ဒ အားကြီးပေ၏။ ထို့ကြောင့် ဇင်းမယ်နှင့် ကျိုင်းတုံဘက်၌ တရုတ်ကုန်သည်နှင့် မြန်မာအုပ်ချုပ်ရေး အာဏာပိုင်တို့ အချင်းများသည်ကို အကြောင်းရှာ၍ မြန်မာနိုင်ငံကို တိုက်ခိုက်ခြင်းဖြစ်လေသည်။ စစ်ဖြစ်ရလေအောင် အနီးအနားမှ စော်ဘွားအချို့ကလည်း အားပေးအားမြှောက် ပြုနေကြသည်။ ထိုအခါ မန်ချူးစစ်တပ်သည် မြန်မာနိုင်ငံထဲသို့ လေးကြိမ်တိုင်တိုင် ဝင်ရောက်တိုက်ခိုက်လေသည်။ ထိုစစ်ကို မြန်မာစစ်ခေါင်းဆောင်များ၊ မြန်မာစစ်သည်များ၏ ညီညွတ်အားထုတ်မှုကြောင့် တွန်းလှန်နိုင်ခဲ့လေသည်။ တစ်ဖန် ရေရှည်အကျိုးကိုမျှော်၍ မန်ချူးတို့ဘက်က အရေးတောင်းသည့်အတိုင်း နှစ်ပြည်တစ်ပြည် မဟာမိတ်ဖြစ်ကာ သံအတုံ့အပြန် စေလွှတ်ရန်၊ အရောင်းအဝယ် ချောမောစေရန် မြန်မာဘက်က သဘောတူစာချုပ်ခဲ့လေသည်။

မြန်မာနှင့် တရုတ် နှစ်ပြည်ထောင် ငြိမ်းချမ်းလာသဖြင့် တစ်ဖက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက် ကုန်းအရောင်းအဝယ်လည်း နောက်မင်းများ လက်ထက်အထိ ပြန်၍ ချောမောခဲ့လေသည်။ တရုတ်ကုန်သည်တို့သည် သူတို့နိုင်ငံထွက် သစ်သီးယို၊ ပိုးထည်ဖဲထည်၊ ကြေးအိုး၊ ကြေးပန်းကန်၊ အပ်၊ ဘီးစိပ် စသည်ကို လားဝန်တင်၊ မြင်းဝန်တင်တို့ဖြင့်သယ်၍ မြန်မာနိုင်ငံတွင် ရောင်းချသကဲ့သို့ မြန်မာဘက်က လည်း ဝါဂွမ်း၊ ပယင်း၊ ကျောက်စိမ်းစသည်ကို လှေကြီးလှေငယ်ဖြင့် သယ်၍ ပြန်လည်ရောင်းချလေသည်။ ကုန်ချင်းဖလှယ်ရာမှာမူ ဇန်းမော်ဖြစ်သည်။

ဆက်ပါဦးအံ့။

မြေဒူးမင်း လွန်သော် သားဖြစ်သူ စဉ့်ကူးမင်း (သား) နန်းတက်လေသည်။ ဤသည် အလောင်းမင်းတရား၏ အစီအစဉ်နှင့် မကိုက်လေ။ မြေဒူးမင်းရှိစဉ်က ညီဖြစ်သူ အမြင့်မင်း (သား)ကို နန်းရံထားရမည်အစား သားကိုသာ နန်းရံထားခဲ့လေသည်။ ထို့ကြောင့် စဉ့်ကူးမင်း နန်းတက်သည်ကို ဆွေတော်မျိုးတော်များက မကျေနပ်။

သူ နန်းတက်၍ မကြာမီ ဘထွေးတော် အမြင့်မင်း(သား)ကို မသင့်သော အကြံအစည်ကြံသည်ဟူ၍ ကွပ်မျက်လေသည်။ ထို့နောက် ဘထွေးတော် ဗဒုံမင်း (သား)ကို စစ်ကိုင်းမြို့ (အောင်မြေ လောကဘက်)မှာ နေစေသည်။ ဘထွေးတော် ပခန်းမင်း (သား)ကို ပင်းယမြို့မှာ နေစေသည်။ ဘထွေးတော် ပင်းတလဲမင်း (သား)ကို ရွာသစ်ကြီးမှာ နေစေသည်။ ဘကြီးတော် နောင်တော်ကြီးမင်း၏ သားမောင်မောင်ကို ဖောင်းကားရွာမှာ နေစေသည်။

ထိုမင်းကား အရက်သေစာမက်သူတည်း။ မှူးငယ်မတ်ငယ်များနှင့် အရက်သေစာ သောက်စားပျော်ပါး၍ အချိန်ကုန်လေသည်သာများ၏။ ထို့ကြောင့် သူနန်းသက် ငါးနှစ်ပင်မခံ။

ဖြစ်ပုံမှာ သူသည် မှူးမတ် မောင်းမမိဿံတို့နှင့် တပျော်တပါး အညာ သီဟတောဘုရားဖူးရန် လှေဖောင်တို့ဖြင့် တအီအီ ဧရာဝတီမြစ် ဆန်တက်လေ သည်။ ထိုစဉ်တွင် ဖောင်းကားစား မောင်မောင်သည် လူသူစည်းရုံး၍ အညာက စဉ့်ကူးမင်း လှေလျှင်ဖြင့် ညနက်ကာလ ပြန်ရောက်လာဟန် အဝ မြို့တံခါး ဖွင့်နိုင်းလေသည်။ စဉ့်ကူးမင်းမှာလည်း အချိန်မဲ့ဝင်တတ်ထွက်တတ် လေ၍ တံခါးစောင့်တို့က ဖွင့်ပေးသည်။ ဤသို့ဖြင့် ဖောင်းကားစား မောင်မောင် သည် နန်းတော်ကို စီးမိလေသည်။





သို့ရာတွင် ဖောင်းကားစား မောင်မောင်သည် ခုနစ်ရက်ထက်ပို၍ နန်းမစံလိုက်ရ။ သူ့တပည့်တွေက ဆိုးသည်။ သူက အအုပ်အချုပ်ညံ့သည်။ ဘထွေးတော် ဗဒုံမင်း(သား)လည်း မှူးကြီးမတ်ကြီးတို့နှင့် တိုင်ပင်ပြီးလျှင် နောက်လိုက် နောက်ပါစု၍ နန်းတော်ကို တိုက်ခိုက်သည်။ အောင်မြင်၍ ဖောင်းကားစားကို ကွပ်မျက်လေသည်။ အညာမှ ပြန်စုန်လာသော စဉ့်ကူးမင်း ကိုလည်း ကွပ်မျက်လေသည်။

သူသည် နန်းတက်၍ တစ်နှစ်အကြာတွင် ရခိုင်ပြည်ကို သိမ်းသွင်းခဲ့ လေသည်။ ထို့နောက် အဝကိုစွန့်ကာ မြစ်ငယ်၏ မြောက်ဘက်၌ မြို့ရိုးကျုံး မြောင်းစီရင်၍ အမရပူရမြို့တော်ကို တည်ထောင်လေသည်။ မြို့တော်တစ်ဝိုက် တွင် လယ်ယာသမားများ စားသောက်မှုလွယ်စေရန်ဟု မောင်းမကန်ကို ဆည်လေသည်။ ထို့နောက် အောင်ပင်လယ်ကန်ကို (ရေပြည့်ချိန်တွင်) စတုရန်း မိုင်နှစ်ဆယ် အကျယ်အဝန်းရှိအောင် ထပ်မံဆည်လေသည်။

သူသည် သာလွန်မင်း လက်ထက်မှာကဲ့သို့ စီးပွားရေးအင်အား လူအင် အား ခန့်မှန်းနိုင်ရန် မြို့ရွာနယ်ပယ် လူနေအိမ်ခြေဦးရေ၊ အသီးအနှံထွက်နှုန်း၊ အခွန်အကောက်နှုန်း စသည် စစ်တမ်းပြုစေလေသည်။ ထို့ပြင် ရေးက လယ်မြေအလှူအတန်း စီစစ်နိုင်ရန် အနယ်နယ် အရပ်ရပ်ရှိ ကျောက်စာတွေကိုပါ မကျန် စုဆောင်းစစ်ဆေးစေလေသည်။ တစ်ဖန် ရောင်းဝယ်ရေး ကိရိယာအဖြစ် ဖြင့် ဒင်္ဂါးကိုပင် နောက်ပိုင်း၌ သွန်းလုပ်ဖြန့်ဖို့ ကြိုးစားခဲ့ပေသေးသည်။

အခြား လုပ်ငန်းဆောင်တာများကို ကြည့်ကြဦးစို့။

ဗဒုံမင်းသည် စာပေကျမ်းဂန် တိုးပွားစေလိုစိတ် ထက်သန်လှပေ၏။ အိန္ဒိယဒေသဘက်သို့ လူအများစေလွှတ်ကာ နက္ခတ်၊ ဗေဒင်၊ ဆေး၊ ဓာတ်၊ ဓမ္မသတ်ကျမ်း တစ်ရာကျော်ကို စုဆောင်း၍ ဘာသာပြန်ဆိုစေသူမှာ သူပင်ဖြစ် သည်။

တစ်ဖန် စာပေကျမ်းဂန် တိုးပွားပျံ့နှံ့ရေးတွင် အနောက်နိုင်ငံဖြစ် စာပုံနှိပ်စက်သည် ပေပုရပိုက်ထက် ခရီးပိုရောက်မှန်း ဗဒုံမင်း သိရှိပြီးဖြစ်လေ သည်။

ထို့ကြောင့် ပုံနှိပ်စက်တစ်လုံးရရန် သူ ကြိုးစားခဲ့သေးသည်။ ထိုစဉ်အခါ၌ ရန်ကုန်သို့ ဘင်္ဂလားနယ်ဆိပ်မြို့ဘက်မှ အမေရိကန် ခရစ်ယာန်နှစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



သာသနာပြုဆရာများ ရောက်ရှိနေခဲ့လေပြီ။ ထိုသူများတွင် ဒေါက်တာ ဂျတ်ဆင်နှင့် ဖဲလစ်ကဲရေးကဲ့သို့ ပုဂ္ဂိုလ်များလည်း ပါလေသည်။ (၆၃)

ဤတွင် ကဲရေးသည် ဆေးလည်းကုတတ်၏။ နှစ်ခြင်းသာသနာ စာတမ်းများကိုလည်း မြန်မာဘာသာဖြင့် ရေးသားပုံနှိပ်ဖူးလေသည်။ ထိုပုဂ္ဂိုလ်နှင့် ဗဒုံမင်း ဆက်သွယ်၍ ပုံနှိပ်စက်တစ်လုံး မှာခဲ့လေသည်။ ကဲရေးလည်း တစ်ဆောင်ရှစ်ရာ ဆယ့်လေးနှစ် ဩဂုတ်လကုန်ခါနီးတွင် ပုံနှိပ်စက်တစ်လုံးနှင့် ခဲစာလုံးများကို ဟံသာဝတီဝန်ကြီး (ရန်ကုန်/ပဲခူးမြို့ဝန်)၏ လှေဖြင့် တင်ဆောင်၍ ရန်ကုန်မှ အမရပူရသို့ ထွက်ခွာခဲ့လေသည်။ သူနှင့်အတူ ဇနီးနှင့် ကလေးနှစ်ယောက်လည်း ပါလေသည်။ ခနောဖြူသို့ ရောက်သောအခါ မိမိစီးထားသော ရွက်လှေကြီးသို့ ပြောင်းစီးလေသည်။ ကံဆိုးလေသည်မှာ ခနောဖြူဆိပ်မှခွာပြီး တစ်နာရီခန့်အကြာတွင် လှေပြင်းမိ၍ လှေမှောက်တော့သည်။ ဇနီးနှင့် ကလေးနှစ်ယောက်လည်း လှေနစ်ရာတွင် ပါသွားလေသည်။ သူသာလျှင် ကံကောင်းထောက်မ၍ မသေမပျောက် ရှိလေသည်။ (၆၄)

ဗဒုံမင်းသည် စာပေကျမ်းဂန် ဖွံ့ဖြိုးရေးတွင် စိတ်ထက်သန်သည့်နည်းတူ ဘာသာရေး ဆောင်ရွက်ရာတွင် စိတ်ထားပြင်းထန်လှပေသည်။ ရှင်းပါဦးအံ့။

ဗုဒ္ဓသည် ဘုရားအဖြစ် ရောက်စအချိန်က ရဟန်းပြုလိုသူ များပြားခဲ့လေသည်။ ထို့ကြောင့် (ဗုဒ္ဓ ဓမ္မ သံဃာကို ကိုးကွယ်ပါ၏ဟူသော) သရဏဂုံ သုံးပါးဖြင့် ရဟန်းပြုပေးရန် ပထမ ရဟန်းခြောက်ကျိပ်ကို ခွင့်ပြုခဲ့ဖူးလေသည်။ ထို့နောက် ကျောင်းသခမ်းနှင့် သံဃာအဖွဲ့အစည်း အတည်တကျ ဖြစ်လာသောအခါ ရဟန်းပြုရေးအတွက် သိမ်ဝင်ဉတ်ကမ္မဝါဖတ်ရွက်၍ သံဃကံ ဆောင်ရသည့် ကိစ္စများ ပေါ်လာလေသည်။

ဗဒုံမင်းကား သရဏဂုံသုံးပါးနှင့် ရဟန်းခံပေးခြင်းသာလျှင် မူလဓာတ်မြစ်ဟု ယူဆလေသည်။ ထို့ကြောင့် ဉတ်ကမ္မဝါနှင့် သိမ်ဝင်ရဟန်းပြုခဲ့သူများကို သိက္ခာသစ် ပြန်တင်စေလေသည်။ မလိုက်နာက လူဝတ်လဲစေလေသည်။ ထိုအခါ သံဃာများအထဲတွင် လှုပ်လှုပ်ရွရွဆူဆူပူပူ ဖြစ်လာသည်။ လူဒါယကာ၊ ဒါယိကာမများအတွက်လည်း ကသိကအောက် ဖြစ်လာသည်။ ထို့ကြောင့် ဗဒုံမင်းသည် မိမိ၏အမိန့်ကို လေးနှစ်အတွင်း ပြန်၍ရုပ်သိမ်းရလေသည်။ (၆၅)





ထို့နောက် မင်းကွန်းဘက်တွင် ပုထိုးတော်ကြီးကို ကိုယ်တိုင်ကြပ်မတ်၍ တည်ပြန်လေသည်။ ထိုပုထိုးစေတီကို အခြားအခြားသော စေတီများထက် ဉာဏ်တော်ပိုမြင့်အောင် တည်ရန် သူ စိတ်ကူးရှိသည်။ ပုထိုးတော်ကြီး ပြီးမြောက်ပါက ပေငါးရာခန့် ဉာဏ်တော်ရှိရမည်ဖြစ်သည်။ ပုထိုးတော်ကြီး တည်ဆောက်ရာတွင် လယ်ယာသမားများသည် မိမိတို့၏ လုပ်ငန်းကို စွန့်ပစ်၍ လာကြရပေ၏။ ထိုအခါ ကောက်ပဲသီးနှံ ရှားပါးလာကာ မကျေနပ်မှုများ ပေါ်ပေါက်ခဲ့လေသည်။

စေတီကြီး အပြီးမသတ်၊ မုဆိုးသုညကပ်

ဟူသော သိုက်တဘောင်လည်း ပေါ်ပေါက်ခဲ့လေသည်။ ဗဒုံမင်းသည် ပုထိုးစေတီတော်ကြီးကို ဆက်လက်မတည်တော့ချေ။

ဤတွင် အင်္ဂလိပ်သုံး၊ အရှေ့ကုမ္ပဏီကိစ္စနှင့်စပ်၍ကား ယခုထက်တိုင် သူ့ခေတ်က အဆုံးအဖြတ်အတိုင်း နိုင်မြဲနေခဲ့ပေသည်။ ထိုပြဿနာသည် အခြားမဟုတ်။ သံဃာများ ကျောင်းတိုက်အပြင်သို့ ထွက်သည့်အခါ သင်္ကန်းကို ရုံသင့်သည် သို့မဟုတ် ပခုံးတွင် တင်သင့်သည်ဟူ၍ ငြင်းကွဲခြင်းဖြစ်လေသည်။ ဗဒုံမင်းသည် မောင်းထောင်ဆရာတော်၊ ဇာတကရာဆရာတော်တို့၏ အဆိုအမိန့်အရ အရုံကိုင်းကို အနိုင်ပေး၍ တညီတညွတ်တည်း ဖြစ်စေခဲ့လေသည်။

ထိုအတူ ဗဒုံမင်းက သီဟိုဠ်သို့ သာသနာပြု စေလွှတ်ရာတွင်လည်း တစ်နည်းအားဖြင့် အောင်မြင်သည်ဟု ဆိုရလိမ့်မည်။ ဖြစ်ပုံမှာ သီဟိုဠ်၌ လူတန်းစားခွဲ၍ ရဟန်းခံပေးသောအလေ့ ပေါ်ပေါက်နေပေ၏။ ထိုအလေ့အထကို လက်မခံနိုင်သော ရဟန်းနှင့် သာမဏေအချို့သည် အမရပူရသို့ ဆန်တက်လာကာ အကျိုးအကြောင်းကို ပြောပြကြလေသည်။ ထိုအခါ ဗဒုံမင်းသည် မြန်မာရဟန်းငါးပါးနှင့် ပိဋကတ်စာပေများကို သီဟိုဠ်သို့ ပို့လေသည်။ ထိုသံဃာတို့ကား သီဟိုဠ်၌ နောင်အခါ ပေါ်ပေါက်လာသော အမရပူရဂိုဏ်း၏ အစမူလဖြစ်လေတော့သည်။ (၆၆)

မေးစရာတစ်ခု ရှိလေသည်။ ထိုမျှဘာသာတရား၌ အယူအဆ ပြင်းထန်သူသည် အခြားဘာသာတရားကို သည်းခံနိုင်ပါသည်လားဟူ၍ ဖြစ်၏။ ဗဒုံမင်းသည် ဘာသာရေးလွတ်လပ်ခွင့်ကို အသိအမှတ်ပြုလေသည်။ အမရပူရမြို့တော်တွင် ပသိအများအပြား နေထိုင်လျက်ရှိရာ အမျိုးဘာသာအလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ရာစလိများလည်း ရှိလေသည်။ ထို့အတူ ကသည်းမြင်းတပ်သား၊ လှေတော်သားတွေ၊ ဗြာဟ္မဏပုဏ္ဏားတွေအဖို့လည်း သူတို့၏ ဟိန္ဒူနတ်များကို ပူဇော်ပသနိုင်လေသည်ပင်။ တဖန် အမရပူရမြို့တော် တရုတ်တန်းတွင်လည်း တရုတ်ဘုရားကျောင်း ခံ့ခံ့ထည်ထည်ကို တွေ့နိုင်လေသည် (၆၆ က)။ နောက်ဆုံးခရစ်ယာန်များအတွက် ဆိုရပါမူ ဆန်ဂျာမနောကဲ့သို့ ခင်ကြီးများနှင့် တကွ ဘာသာဝင်ပေါင်း နှစ်ထောင်ခန့်ရှိမည်ဟု ခန့်မှန်းရလေသည်။ (၆၇)

ဗဒုံမင်း၏ ပြည်ပဆက်ဆံရေးကို ကြည့်ကြဦးစို့။

ဗဒုံမင်းလက်ထက်တွင် ယိုးဒယားသည် ဗန်ကောက်မြို့တော်သစ်နှင့် တကွ သီးခြားနိုင်ငံ ပြန်ဖြစ်နေလေပြီ။ ထို့ကြောင့် သူ့ခမည်းတော်၊ သူ့နောင်တော်များနည်းတူ တိုက်ခိုက်သိမ်းပိုက်ရန် အားထုတ်သည်။ တိုက်ခိုက်သည်မှာ တစ်ခါမက ဖြစ်လေသည်။ သို့ရာတွင် သူ မအောင်။ သူသည် ယိုးဒယား၏ ခေတ်မီလာမှု၊ အင်အားသစ်ဖြစ်လာမှုကို မရိပ်စားမိ။

မဏိပူရ ကသည်းပြည်ငယ်ကား ဗဒုံမင်း၏ သြဇာခံအဖြစ် ဆက်လက်တည်ရှိလေသည်။ တစ်ခု တိုးလာ၏။ အာသံနယ်တွင် နန်းဆက်ခံရေးပြဿနာ ပေါ်ပေါက်လာရာမှ တစ်ဖက်က ဗဒုံမင်း၏ အကူအညီလာတောင်းလေသည်။ ဗဒုံမင်းလည်း ထိုသူကိုပင် နန်းတင်ပေး၍ သစ္စာခံယူစေလေသည်။

ဗဒုံမင်းအတွက် ဆက်ဆံရေး အဆင်မပြေဖြစ်နေသည်မှာ အင်္ဂလိပ်တို့နှင့် ဖြစ်လေသည်။ အင်္ဂလိပ်တို့မှာ အိန္ဒိယဒေသ၌ ဘုရင်ခံချုပ် ခန့်ထားရလောက်အောင် အုပ်ချုပ်ရေး အဆောက်အအုံ ကြီးမားနေလေပြီ။ ရခိုင်ဒေသသည်လည်း အင်္ဂလိပ်ပိုင် အရှေ့ဘက်နယ်များနှင့် ကျောချင်းနံစပ်ရှိလေသည်။ ထို့အခါ ရခိုင်မှ ထောင်ထားထကြွသူများသည် အင်္ဂလိပ်ပိုင် စစ်တကောင်းနယ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်လေ့ရှိကြသည်။ ထိုသူများကို မြန်မာတပ်က လိုက်လံဖမ်းဆီးရင်း အင်္ဂလိပ် အာဏာပိုင်များနှင့် မကြာခဏ စကားများကြရလေသည်။

အင်္ဂလိပ်ဘုရင်ခံချုပ်သည် မြန်မာမင်းနှင့် ဆက်ဆံရေး ချောမောရအောင်၊ ကုန်သွယ်ရေး ဖြစ်မြောက်ရအောင် ဗိုလ်ကြီး (နောင်-ဗိုလ်မှူးကြီး) ဆိုင်းခေါင်း ဆောင်သည့် သံအဖွဲ့ကို အမရပူရသို့ စေလွှတ်လေသည် (၆၈)။ ထိုအဖွဲ့ ရန်ကုန်အရောက်တွင် မြန်မာဘက်က ကြိုဆိုကာ လက်ဝှေ့ထိုးပွဲ နပန်းသတ်ပွဲများသို့ ဦးစွာပို့ဆောင် ဧည့်ခံလေသည်။ ထို့နောက် သင်္ကြန်အကျရက်နှင့်





ကြုံကြိုက်နေ၍ ဟံသာဝတီဝန်ကြီးက သင်္ကြန်ဝင်ကစားရန် သံအဖွဲ့ကို ရင်းရင်းနှီးနှီး ဖိတ်ခေါ်သည့်အပြင် ရာမဇာတ်ပွဲ၊ ရုပ်သေးပွဲတို့ဖြင့်လည်း ဖျော်ဖြေလေသည်။

ဟံသာဝတီဝန်ကြီးသည် သံအဖွဲ့ကို အမရပူရသို့ လိုက်ပါပို့ဆောင်လေသည်။ အမရပူရသို့ သံအဖွဲ့ ဆိုက်ရောက်၍ ရက်များမကြာမီ ဘုရင်ခံချုပ်ထံမှ ရာဇသံနှင့် လက်ဆောင်တော်များကို လွှတ်တော်၌ အခမ်းအနားနှင့် ပေးအပ်ရလေသည်။ ပေးအပ်ပွဲ၌ အိမ်ရှေ့မင်းသားဦးစီးသော မှူးမတ်ရာထမ်း မှုထမ်းများရှိနေကြသည်။ (ထိုပြင် တရုတ်သံအဖွဲ့လည်း ရောက်ရှိနေသည်) သို့ရာတွင် ဗဒုံမင်းမရှိ။ ထိုအခါ မင်းတိုင်-သီဟာသနပလ္လင်သည် လပ်နေလေသည်။

ဤတွင် သံတော်ခံက ရာဇသံ မြန်မာပြန်ချက်နှင့် လက်ဆောင်စာရင်းကို ဘုရင်ရှေ့မှောက်တွင် တင်ပြဟန် သံနေသံထားနှင့် ဖတ်ရွတ်လေသည်။ ဘုရင်ကိုယ်စား နားခံကြီးက စကားသုံးခွန်း မေးလေသည်။

တစ်တိုင်းတစ်ပြည်က အဆက်အသ ရောက်နေသည်မှာ
ရက်ပေါင်းဘယ်မျှ ကြာပြီလဲ။
အင်္ဂလိပ်မင်း၊ မိဖုရား၊ သားတော်သမီးတော်များ
ကျန်းခံ့သာယာရှိရဲ့လား။
အင်္ဂလိပ်တိုင်းပြည်သည် အခြား ပြည်ထောင်
များနှင့်သင့်တင့် အေးချမ်းပါရဲ့လား။

နောက်တစ်ကြိမ်တွင်မူ သံအဖွဲ့သည် ဗဒုံမင်းကို မြေနန်းတော်၌ အခြားသူများနှင့်အတူ ဖူးတွေ့ခွင့်ရလေသည်။ ထိုအကြိမ်သည် မှူးမတ်စော်ဘွားများက ကန်တော့လက်ဆောင် ဆက်သည့်အခမ်းအနား ဖြစ်လေသည်။ သို့ရာတွင် သံအဖွဲ့သည် ဘုရင်နှင့် လျှောက်တင်ပြောဆိုခွင့်မရ။ ဆိုင်းအဖို့ ဗာရာဏသီ ဘုရိကိတ်နှစ်စ၊ အခြားအဖွဲ့ဝင်နှစ်ဦးအဖို့ တစ်စစီ လက်ဆောင် ဆက်ရဖြင့်သာ အခမ်းအနား ပြီးဆုံးသွားခဲ့လေသည်။

တစ်ခုရှိသည်။ သံအဖွဲ့အပြန်တွင် ဘုရင်ခံချုပ်ထံသို့ ဗဒုံမင်းထံမှ ရာဇသံ စာတစ်စောင် ပါးလိုက်လေသည်။ ထိုစာတွင် မြန်မာနိုင်ငံ၌ အင်္ဂလိပ်တို့ ကူးသန်းရောင်းဝယ်ရေးအတွက် ကိုယ်စားလှယ်ထားနိုင်သည်ဟူ၍ ခွင့်ပြုသဘောမျိုးပါလေသည်။ စာအဆုံးသတ်တွင်ကား အင်္ဂလန်ပြည်ရှိ အင်္ဂလိပ်မင်း



www.burmeseclassic.com

www.burmeseclassic.com

နှင့် ချစ်ကြည်ရေး အစဉ်အမြဲ တည်မြဲနိုင်လိမ့်မည်ဟု မြန်မာမင်းက ယူဆကြောင်း လျှောက်တင်ပါလေဟူ၍ ပါလေသည်။ (မြ)

ဤသည် မြန်မာမင်း၏ သဘောထားဖြစ်လေသည်။ မြန်မာမင်းသည် အင်္ဂလိပ်မင်းနှင့်သာ တိုက်ရိုက်ဆက်သွယ်ချင်လေသည်။ လွှတ်တော် အခမ်းအနားတွင် ဘုရင်ခံချုပ်အစား၊ အင်္ဂလိပ်မင်းကိုသာ ဖော်ထုတ်မေးမြန်းသည်မှာ မြန်မာ့သဘောထားပြခြင်းပင် ဖြစ်သည်။ မြန်မာ့အမြင်တွင် ဘုရင်ခံချုပ်သည် ဟံသာဝတီဝန်ကြီး၏ အဆင့်အတန်းလောက်သာရှိသည် မဟုတ်ပေလော။ ထို့ကြောင့် ဆိုင်းနောက်တွင် ကုန်သွယ်ရေး ကိုယ်စားလှယ်အဖြစ် ဗိုလ်ကြီးကောက် (၇၀) စသူများ လာပြန်၍ နှစ်ပြည်ထောင် ဆက်သွယ်ရေး တိတိကျကျ ဆွေးနွေးရန် စာချုပ်ချုပ်ရန် ကြိုးစားသည်။ မအောင်မြင်။

ထိုအခြေအနေသည် တစ်ထောင့်ရှစ်ရာဆယ့်ကိုးနှစ်တွင် ဗဒုံမင်းလွန်သည့်တိုင်အောင် မပြောင်းလဲဘဲ ရှိခဲ့လေသည်။ သို့ရာတွင် သမိုင်းက သင်ခန်းစာ ပေးပေတော့မည်။

# ၇။ မြန်မာနှင့် အင်္ဂလိပ်တို့၏ ပဋိပက္ခ

မာနတက်နေသော မြန်မာနိုင်ငံ အစိုးရနှင့် ဈေးကွက်ရှာနေသော ကုမ္ပဏီ အစိုးရသည် ပဋိပက္ခဖြစ်ရန် ကိန်းဆိုက်ခဲ့လေပြီ။

မာနတက်စရာ အကြောင်းသည် ဤသို့တည်း။ ဆယ့်ကိုးရာစုအစတွင် ကချင်၊ ရှမ်း၊ မွန်၊ ရခိုင်၊ မြန်မာစသော လူမျိုးစုများ ပါဝင်နေသည့် လက်နက်နိုင်ငံသည် ရှေးယခင်ကထက် ကျယ်ပြန့်လှပေ၏။ ထိုတွင်မက မဏိပူရ ကသည်းပြည်ငယ်နှင့် အာသံပြည်ငယ်များသည်လည်း သြဇာခံဒေသများ ဖြစ်နေကြသည်။ ယိုးဒယားမှာလည်း ဤဘက်က မကြာခဏ နိုင်ခဲ့ဖူး၍ မှုလောက်သည်မဟုတ်။ ထို့ပြင် ခမြဒွးမင်းလက်ထက်ကဆိုလျှင် အရှေ့မြောက်ဘက်မှ အင်အားကြီးလှသော ကျူးကျော်စစ်ကို လေးကြိမ်တိုင်တိုင် တွန်းလှန်ခဲ့လေသည်။ ဤအဖြစ်သို့ မြန်မာနိုင်ငံသား အသိသိ၏ သတ္တိဗျတ္တိဖြင့် ရောက်ခဲ့လေသည်။

သို့ရာတွင် ဆယ့်ကိုးရာစုခေတ် မြန်မာနိုင်ငံ၏ အနောက်ဘက်နယ်နိမိတ် အိန္ဒိယဒေသ၌ အင်္ဂလိပ်များ အင်နှင့်အားနှင့် ရှိနေကြပြီ။ ထိုသူတို့သည် အနုနည်း အကြမ်းနည်းဖြင့် သူတို့သြဇာအာဏာရရေး လုံးပန်းနေကြသည်။ သူတို့သည် ပင်ရင်းနေ အမျိုးသားတို့၏ စွမ်းရည်ကို အမှီရသဖြင့်လည်း ပို၍ နေရာကျသည်။

ဆိုလိုသည်မှာ သူတို့ဇာတိ အင်္ဂလန်နိုင်ငံသည် ဥရောပတွင် အတိုးတက်ဆုံးနိုင်ငံအဖြစ် ရောက်ခဲ့လေပြီ။ ဤမှာဘက်တွင် ရှေးရိုးစဉ်လာ အရှုပ်အချုပ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် မီးရှီးဖလား အတွေ့အခေါ်များ တိုးတက်ပြောင်းလဲသင့်သလောက် မတိုးတက် မပြောင်းလဲဘဲရှိနေ စဉ် သူတို့နိုင်ငံသား အချို့သည် လွတ်လပ်သော အာဝါသ၌ ကြီးပြင်းကာ၊ စီးပွားမယဉ်ကျေးတော့သူတို့မယဉ်ကျေးသုံးကာ၊ ရေနွေးငွေ့ကို တွန်းအား လုပ်၍လည်းကောင်း၊ ကျောက်မီးသွေးဖြင့် သံရေကျို၍လည်းကောင်း စက်ကရိယာများတီထွင်၍ လုပ်အားတွင်စေခဲ့လေပြီ။ ဝါ၊ စက်မှုအရေးတော်ပုံ စတင်ဖြစ်ပေါ်စေခဲ့လေပြီ။ ထိုအခါ အထည်အချောတွေ ပိုလျှံအောင် ထုတ်လုပ် လာ၏။ လမ်းတွေ တူးမြောင်းတွေ တံတားတွေ အများအပြား ဖောက်ခဲ့၏။ မီးသင်္ဘောဖြင့် နိုင်ငံရပ်ခြား အလွယ်တကူ ရောက်နိုင်၏။

အင်္ဂလိပ်တို့၏ အရှေ့အိန္ဒိယကုမ္ပဏီသည် ဤအကျိုးကျေးဇူးတွေကို လက်တွေ့ခံစားနေလေသည်။ သူတို့သည် ကုန်ပစ္စည်းချောတွေ ပေါပေါရောင်းကာ အိန္ဒိယတိုင်းရင်းသား ကုန်ထုတ်လုပ်ရေးကို သတ်သည်။ ခေတ်လက်နက်များ သုံးကာ နယ်မြေသိမ်းပိုက်သည်။ ကုမ္ပဏီအစိုးရသည် ကုန်ချောရောင်း ကုန်ကြမ်း ရှာနိုင်ရန် ဆက်၍ နယ်ချဲ့မှု ဖြစ်တော့မည်။

ကြည့်ပါလေ။

ဗဒုံမင်း လွန်ပြီးသည်နောက် မြေးဖြစ်သူ စစ်ကိုင်းမင်း နန်းတက်လေ သည်။ မင်းသစ် နန်းတက်သည့်အခါ မင်းညီမင်းသား မှူးမတ်စော်ဘွားတို့သည် မြို့တော်သို့လာ၍ ကန်တော့လက်ဆောင် ဆက်ရမြဲဖြစ်လေသည်။

သို့ရာတွင် ကန်တော့ခံပွဲသို့ ကသည်းစော်ဘွား မလာ။ ထို့ကြောင့် စော်ဘွားကို ဆုံးမရန်ဟု စစ်ကိုင်းမင်းက စစ်သည်ဗိုလ်ပါ စေလွှတ်လေသည်။ ကသည်းစော်ဘွားလည်း ထွက်ပြေးကာ အင်္ဂလိပ် အကာအကွယ်ပေးထားသော ကချားနယ်ထဲတွင် ခိုလှုံလေသည်။ မြန်မာတပ်လည်း ထိုနယ်ထဲသို့ ဝင်လိုက်ရာ အင်္ဂလိပ်နှင့် တိုက်ပွဲဖြစ်ရလေသည်။ တစ်ဖန် ကသည်းစော်ဘွား၏ နမူနာကိုယူ၍ အာသံစော်ဘွားသည်လည်း အင်္ဂလိပ်နှင့် ပေါင်းပြန်သည်။ ထိုအခါ မြန်မာတပ်က အာသံစော်ဘွားကို အင်္ဂလိပ်ပိုင် နယ်ထဲသို့ ဝင်ရောက်ဖမ်းရာမှ အင်္ဂလိပ်နှင့် မသင့်မတင့် ဖြစ်ရပြန်တော့သည်။

ထို့နောက်ကား အင်္ဂလိပ်တို့သည် ရခိုင်နှင့် စစ်တကောင်းအကြား နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းပေါ်၌ တပ်တည်၊ အလံစိုက်လေသည်။ ထိုကျွန်းသည် မိမိတို့အပိုင်ဟု မြန်မာဘက်က ယူဆလေသည်။ ထို့ကြောင့် မြန်မာတပ်က



အင်္ဂလိပ်စစ်ပါရဲတပ်ကို တိုက်ပစ်ကာ အလံဖယ်ရှင်းလေသည်။

ထိုအရေးအခင်း သတင်းသည် စစ်ကိုင်းမင်းထံသို့ ရောက်လာလေသည်။ စစ်ကိုင်းမင်းလည်း ညီတော် သားတော် မှူးမတ်ဗိုလ်ပါ စုံလင်သော ညီလာခံ၌ ဤသို့ အမိန့်ရှိလေသည်။

တစ်ကျွန်းသာ အင်္ဂလိပ် ကုလားလူမျိုးတို့သည် ဘေးတော် အလောင်းမင်းတရားကြီး လက်ထက်တော်မှသည် ငါ ရွှေလက် ထက်တော်တိုင် ထည်မျိုး အုပ်မျိုး ဆက်သပြီးလျှင် နိုင်ငံတော် တောင်မျက်နှာ ရာမည်တိုင်း–ဟံသာဝတီ ပြည်ကြီး၊ မဟာဝိဇ္ဇီ ကတိုင်း–ဒွာရာဝတီပြည်ကြီး စသော ပြည်ကြီးများသို့ သွားလာ ကူးသန်းဖောက်ကား ရောင်းဝယ် နေထိုင်ကြသည် အစေ ကျွန်တော်မျိုး ဖြစ်သည့်နှင့်အညီ သနားမစကြည့်ရှုတော် မူသည့် ကျေးဇူးတော်ကို မထောက်၊ ယခု လက်နက်နိုင်ငံတော် ဒွာရာဝတီနယ် ရှင်မဖြူကျွန်း ကျေးရွာများကို စတင်ထိပါးလာ သည်မှာ ရဲမက်လက်နက်ကိုင်ဗိုလ်ခြေ အများ၊ ခန့်ထားချီတက် သိမ်းရုံး၍ အရေးပြီးပြေလွယ်မှ အစဉ်ဖြူပ်ဝပ် ငြိမ်နားမည်။ (၇၁)

ဤတွင် အင်္ဂလိပ်တို့၏ အခြေအနေမှန်ကို စစ်ကိုင်းမင်း ကောင်းစွာ မသိ။ မှူးမတ်တွေအထဲတွင်လည်း သိသူရှားသည်။ ထို့ကြောင့် မြန်မာနိုင်ငံဘက်က လက်ရုံးအားကိုး စစ်ထိုးလေတော့မည်။

စစ်ကိုင်းမြို့ မြစ်ကမ်းနဖူးရှိ ဗဒုံမင်းသား ငယ်စဉ်ကနေခဲ့သော အိမ်တော် ရာ၌ အောင်မြေလောကစေတီ တည်ထားလျက်ရှိလေသည်။ တပ်များ စစ်ထွက် သည့်အခါ ထိုစေတီအနီး၌ တပ်ချရ အောင်မြေနင်းရမြဲဖြစ်သည်။ စစ်သူကြီး မဟာဗန္ဓုလဦးစီးသော စစ်သည် ရဲမက်တို့သည် အောင်မြေလောကဆိပ်တွင် အောင်မြေနင်းပြီးသော် ဧရာဝတီမြစ် စုန်ဆင်းရာ သုံးစခန်းနှင့် ဆင်ဖြူကျွန်းဆိပ် ရောက်လေသည်။ ထိုကမှ ရခိုင်ဘက်သို့ ဆက်လက်ချီတက်ကြလေသည်။

အင်္ဂလိပ်ဘုရင်ခံချုပ် လတ်မင်းကြီး အမ်းဟတ် (၇၂)သည် တစ်ထောင့် ရှစ်ရာ နှစ်ဆယ့်လေးခု မတ်လ ငါးရက်နေ့တွင် စစ်ဖြစ်ကြောင်း ကြေညာ လိုက်လေသည်။ အင်္ဂလိပ် စစ်ပရိယာယ်ကား မြန်မာတို့နှင့်မတူ။ မြန်မာသည် အနောက်ဘက် မဏိပူရ၊ အာသံ စစ်တကောင်း စစ်မျက်နှာကို ကြီးစား၍

www.burmeseclassic.com

www.burmeseclassic.com



တိုက်နိုက်သည်။ အင်္ဂလိပ်တို့ကမူ ထိုဘက်တွင် ခံစစ်သာထား၍ ရန်ကုန်ထို့နောက် ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် တိုက်စစ်ပြုလုပ်ရန် စီစဉ်ခဲ့လေသည်။

ရန်ကုန်သို့ စစ်သင်္ဘောသုံးစင်းဖြင့် ချီတက်သော အင်္ဂလိပ်တပ်ကို ဗိုလ်မှူးချုပ်ကင်းဘဲက ဦးစီးလေသည် (၇၃)။ ထိုတပ်သည် ရန်ကုန်မြစ်ထဲသို့ မေလဆယ်ရက်နေ့ ညအချိန်တွင် ဝင်လာ၍ နောက်တစ်နေ့ နံနက်တွင် ရန်ကုန်မြို့ကို စီးလေသည်။

ထိုအခါ မြန်မာဘက်မှ ဟံသာဝတီဝန်ကြီးမရှိ။ အဝမြို့တော်သို့ ရောက်နေလေသည်။ (အဝသည် မြို့တော်ပြန်ဖြစ်နေပြီ) ရန်ကုန်မြို့စောင့်တပ်မှာလည်း အဆင်သင့်မဖြစ်။ ဆိပ်ကမ်းအမြောက်တပ်က လှမ်းပစ်ပါ၏။ သို့ရာတွင် အင်္ဂလိပ် စစ်သင်္ဘောမှ သေနတ်အမြောက်အားကို မယှဉ်နိုင်။ စစ်သည်ရော မြို့သူမြို့သားများပါ မြို့မှခွာကြရလေသည်။

အင်္ဂလိပ်တို့သည် ညနေပိုင်းတွင် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးစီး၍ ရွှေတိဂုံဘုရားပေါ်တွင် တပ်စွဲလေသည်။ တပ်သား စစ်ပါရိုးများကိုလည်း ဘုရားပေါ်နှင့် ဘုရားခြေရင်းရှိ ကျောင်းဇရပ်များတွင် နေရာချထားလေသည်။

အဝမှ စစ်ကူလည်း ရောက်လာခဲ့လေသည်။ မြန်မာတို့သည် ရွှေတိဂုံဘုရားမှ အင်္ဂလိပ်တပ်ကို တစ်နိုးတွင်းလုံး တိုက်လေသည်။ မရ။ ကြည့်မြင်တိုင်၊ ကမာရွတ်၊ ပန်းလှိုင်ကျွန်းဦးဘက်အထိ ဆုတ်ခွာကြရသည်။ အင်္ဂလိပ်တပ်များသည် ရန်ကုန်နှင့် ဆင်ခြေဖုံးနေရာများကိုသာ ခြေကုပ်ရထားသည်မဟုတ်။ တပ်ရုံများသည် ရေမြိတ် ထားဝယ်မြို့များပါ သိမ်းယူခဲ့လေသည်။

ထိုစဉ်တွင် စစ်သူကြီး မဟာဗန္ဓုလသည် စစ်ကိုင်းမင်း၏ အမိန့်အရ ရခိုင်ဘက်တွင် အရန်ထားရစ်ကာ ရန်ကုန်သို့ အမြန်ဆင်းလာလေသည်။ စောစောကဆိုလျှင် သူ့တပ်ခွဲသည် ရာမူး (ပန်းဝါ) ဘက်အထိ နယ်ကျူးကာ ဗိုလ်ကြီးနော်တင် (၇၄)၏ စစ်ပါရိုးများကို တပ်လုံးမြုပ်အောင် တိုက်ခဲ့၍ စစ်တကောင်း တစ်မြို့လုံးကိုပင် တုန်လှုပ်စေခဲ့သည်။ ယခုသော် ရန်ကုန်တိုက်ပွဲကို သူ ကြီးကြပ်ရတော့မည်။

သူသည် အနောက်ဘက် ကြည့်မြင်တိုင်မှ အရှေ့ဘက် ပုဇွန်တောင်အထိ တပ်ဖြန့်လေသည်။ မြစ်တစ်ဖက်ရှိ ဒလတွင် စစ်ကြောင်းတစ်ခု ထားသေးသည်။ ဒီဇင်ဘာလ တစ်ရက်နေ့မှ ခုနစ်ရက်တိုင်တိုင် အင်္ဂလိပ်များကို သူ ကြီးစား၍





တိုက်သည်။ မရ။ ဓနုဖြူဘက်သို့ သူ ဆုတ်ခွာရလေသည်။ ထိုအခါ ဗိုလ်မှူးချုပ် ကင်းဘဲက ကြည်းကြောင်း၊ ဗိုလ်မှူးချုပ် ကော့တွန် (၇၅)က ရေကြောင်းချီ၍ ဓနုဖြူခံတပ်ကို ဝိုင်းရံလေသည်။ တစ်ထောင့်ရှစ်ရာနှစ်ဆယ့်ငါးခု၊ ဧပြီလတစ်ရက်နေ့တွင် မဟာဗန္ဓုလ ဗုံးဆန်ထိ၍ ကျလေသည်။ မြန်မာဘက်က ဖရိုဖရဲ ဖြစ်ကုန်ကြတော့သည်။

သို့ရာတွင် စစ်ကိုင်းမင်းသည် အခြေအနေကို မခန့်မှန်းမိ။ စစ်လိုလားသော မိဖုရားခေါင်ကြီး မယ်နုနှင့် မောင်တော်သူ စလင်းမင်းသားကြီးတို့၏ စကားနားဝင်နေလေ၍ စိတ်ဓာတ်ကြံ့ခိုင်လျက်ပင် ရှိလေသည်။ သူသည် အဝမှ ညီတော်မိုးနဲ ဗိုလ်မှူးမင်းသားကို ဦးစီးစေ၍ တပ်ကူလွှတ်လေသည်။ ထိုတပ်သည်လည်း မလွန်ခဲ့ တပ်ချလေသည်။ ထိုအချိန်တွင် အင်္ဂလိပ်တပ်သည် ပြည်ကို သိမ်းပြီးခဲ့လေပြီ။

ထိုအခါ နှစ်ဖက်ကိုယ်စားလှယ်ချင်း ပြည်မြို့အထက် နှစ်ဆယ့်ရှစ်မိုင်ရှိ ညောင်ပင်ဆိပ် တဲစခန်း၌ တွေ့ဆုံစေ့စပ်ကြည်၏။ အင်္ဂလိပ်တို့က ရခိုင်တနင်္သာရီနယ်များအပြင် စစ်စရိတ် ငွေနှစ်ကုဋေတောင်းလေသည်။ မြန်မာဘက်က အဘယ်မှာ လက်ခံနိုင်ပါမည်နည်း။ ပြည်တစ်ပိုက်တွင် တိုက်ပွဲပြန်စလေတော့သည်။ ထိုတိုက်ပွဲတွင် နဝင်းရွှေင်း ဝက်ထိးကန်မှ ချီတက်သော ရှမ်းစစ်သည်တို့သည် ရှုပ်ရှုပ်ချွံချွံ ပါဝင်အမှုထမ်းလေသည်။ သူတို့၏ သတ္တိကြောင့် အင်္ဂလိပ်တပ် ဆုတ်ရလေသည်။ သို့ရာတွင် လက်နက်အင်အားကြီးသော၊ စည်းကမ်းကျသော အင်္ဂလိပ်တပ်သည် နောက်တစ်ကြိမ်တွင် နိုင်လေသည်။ စစ်နိုင်သော အင်္ဂလိပ်တို့သည် မလွန်တစ်ဖက်ကမ်းရှိ ပဋ္ဌနဂိုရ်မြို့ရွာသို့ အရောက်ချီတက်ကြလေသည်။

ထိုအခါ နှစ်ဦးနှစ်ဖက် စစ်ပြေငြိမ်းစာချုပ် လက်မှတ်ထိုးကြသော အခြေအနေအထိ ရောက်လေသည်။ သို့ရာတွင် ထိုစာချုပ်ကို စစ်ကိုင်းမင်းနှင့် လွှတ်တော်က အတည်ပြုရန် ဆယ့်ငါးရက် စောင့်ဆိုင်းရမည် ဖြစ်လေသည်။ ဆယ့်ငါးရက် ရက်ချိန်းစေသော် အတည်ပြုချက်မလာ။ အင်္ဂလိပ်တပ်လည်း မလွန်ကို သိမ်းလေသည်။ ထို့နောက် ရေနံချောင်းကို ဆက်၍တက်လေသည်။ ရေနံချောင်းသို့ မြန်မာကိုယ်စားလှယ်နှင့် အမေရိကန်လူမျိုး စကားပြန်လာ၍ အရေးတောင်းလေသည်။ အင်္ဂလိပ်တပ်က အတည်ပြုပြီးသား စာချုပ်ကိုသာ



www.burmeseclassic.com

www.burmeseclassic.com



လိုချင်သည်။ ပုဂံမြို့က စောင့်မည်ဟူသော အကြောင်းပြန်လေသည်။

ထိုအချိန်အထိ စစ်ကိုင်းမင်းသည် စိတ်မလျှော့။ ညီတော်သာယာဝတီမင်းသားက အင်္ဂလိပ်တောင်းဆိုချက်အတိုင်း လိုက်လျောစေလိုသယောင်၊ နန်းမတော်ကြီးကမူ ရွှေဘိုသို့ ထွက်ခွာ၍ ထိုက ခုခံစေလိုသယောင် အတွင်းစကားထွက်လာ၏ (၇၆)။ မည်သို့ပင်ဖြစ်စေ စစ်ကိုင်းမင်းသည် ပုဂံသို့ စစ်သည်ရဲမက် ထပ်ပို့လေသည်။ ထိုတပ်နှင့် အင်္ဂလိပ်တပ်တို့သည် လောကနန္ဒာဘုရားအနီး၌ တိုက်ပွဲဖြစ်ကြပြန်လေသည်။ အင်္ဂလိပ်တပ်ကနိုင်၍ ဆက်လက်ချီတက်ရာ ရန္တပိုရွာအထိ ရောက်လာတော့သည်။

ရန္တပိုရွာကား အဝမြို့တော်မှ လေးဆယ်ငါးမိုင်သာဝေးသည်။ စစ်ကိုင်းမင်းသည် အခြေအနေမှန်ကို လက်ခံရလေပြီ။ သူ့အမိန့်အရ တစ်ထောင့်ရှစ်ရာနှစ်ဆယ့်ခြောက်ခု၊ ဖေဖော်ဝါရီလ နှစ်ဆယ့်လေးရက်နေ့တွင် လယ်ကိုင်းဝန်ကြီးသည် ဒေါက်တာဂျတ်ဆင် စသော စစ်အကျဉ်းသမားများကိုပါ ခေါ်ဆောင်၍ ဗိုလ်မှူးချုပ်ကင်းဘဲနှင့် လာရောက်တွေ့ဆုံကာ အင်္ဂလိပ်တို့၏ တောင်းဆိုချက်ကို လက်ခံသဘောတူစကား ပြောလေသည်။ ထို့နောက်—

မဏိပူရနှင့် ကချာနယ်များတွင် ဝင်မစွက်ဖက်ပါ။
အာသံ၊ ရခိုင်၊ တနင်္သာရီနယ်များကို လက်လွှတ်ပါမည်။
စစ်လျော်ကြေး ငွေဒင်္ဂါးပြားရေ တစ်ကုဋေ ပေးပါမည်။
နိုင်ငံချင်း သံအမတ် ဖလှယ်ပါမည်။ ရောင်းဝယ်ရေးစာချုပ်ကို
သတ်သတ်ချုပ်ဆိုပါမည်။

ဟူ၍ အဓိက အချက်အလက်များပါသော စာချုပ်ကို ရန္တပိုရွာအထက်နှစ်မိုင်အကွာ (တစ်ဖက်ကမ်းက နဂါးဆောက်ရွာနှင့် တည့်တည့်) သင်္ဘောပင်ကြီးအောက်တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးလေသည် (၇၇)။ စစ်လျော်ကြေးငွေ ပထမအရစ်အဖြစ်ဖြင့် ဒင်္ဂါးပြားရေ နှစ်ဆယ့်ငါးသိန်းကိုလည်း ပေးချေလေသည်။

ထိုအခါ အင်္ဂလိပ်တပ်သည် ရင်ကုန်းသို့ ဆုတ်ခွာသွားလေသည်။ သူတို့သည် စစ်လျော်ကြေးငွေ ဒုတိယအရစ် ရသည့်အချိန်အထိ ရန်ကုန်၊ မုတ္တမ၊ ပုသိမ်မြို့များတွင် တပ်စွဲနေမည် ဖြစ်လေသည်။ ရန်ကုန်မြို့ ဖောင်တော်ဦးပြင်ရှိ အလယ်တိုင်၌လည်း အင်္ဂလိပ်ယူနီယံဂျက်အလံ တလူလူလွင့်နေဦး





မည်ဖြစ်သည်။ ဒီဇင်ဘာလ ကိုးရက်နေ့တွင် စစ်လျော်ကြေး ဒုတိယအရစ်ကျပ်နှစ်ဆယ့်ငါးသိန်း ရသည့်အခါတွင်မှ အလံတိုင်မှ အင်္ဂလိပ်အလံကို ချ၊ အမြောက်သံသုံးချက်ပေး၍ မြန်မာဒေါင်းအလံကို အခမ်းအနားဖြင့် ပြန်တင်ရလေသည်။ အင်္ဂလိပ်တပ်လည်း တပ်စွဲရာ ရန်ကုန်မြို့နှင့် အခြားမြို့များမှ အပြီးအပိုင် ထွက်ခွာသွားတော့သည်။

အလျဉ်းသင့်၍ ရန်ကုန်တွင် ဖြစ်ပျက်ခဲ့သော ကိစ္စတစ်ခုကို ရေးရလိမ့်မည်။ ရန်ကုန်ကို အင်္ဂလိပ်စစ်တပ် သိမ်းပိုက်ထားစဉ်က စစ်အောင်ပွဲ အထိမ်းအမှတ်အဖြစ် မြန်မာပစ္စည်းတစ်ခုကို ကာလကတ္တားသို့ ယူဆောင်ရန် အားထုတ်ခဲ့ဖူးလေသည်။

ထိုပစ္စည်းသည် အခြားမဟုတ်။ ရွှေတိဂုံဘုရားရင်ပြင် အနောက်မြောက်ထောင့်တွင် ထားရှိသော မြေဒူးမင်းနှင့် စဉ့်ကူးမင်းတို့၏ ကုသိုလ်တော်၊ မဟာဃဏ္ဍာခေါင်းလောင်းပင်ဖြစ်သည်။ ထိုခေါင်းလောင်းသည် ပိဿာချိန်နှစ်သောင်း ငါးထောင့်ငါးရာငါးဆယ့်ငါး (လေးဆယ့်တစ်တန်) လေးသည်ဆို၏။တစ်ထောင့်ရှစ်ရာ ခုနှစ်ဆယ့်ငါးခု ဧပြီလထဲတွင် အင်္ဂလိပ်စစ်တပ်က ထိုခေါင်းလောင်းကို ဖြုတ်ယူ၊ ထို့နောက် ဖောင်ပေါ်တင်ကာ လှိုင်မြစ်ဝ၌ ဆိုက်ထားသော ဆုလိမန်နီသင်္ဘော (၇၈) ပေါ်တင်လေသည်။ တင်ရာတွင် ရေထဲသို့ ခေါင်းလောင်းကျသွားခဲ့သည်။ အင်္ဂလိပ်တို့သည် ပြန်မဖော်တတ်ဘဲ ဖြစ်နေရာ ခေါင်းလောင်းသည် နောက်တစ်နှစ် ဇန်နဝါရီလအထိ ရေထဲ၌ နစ်မြုပ်နေဆဲ ဖြစ်လေသည်။ ထိုအခါ မွန်၊ မြန်မာ ရဟန်းရှင်လူတို့က မိမိတို့ ပြန်ဖော်နိုင်လျှင် ပြန်ပေးနိုင်မလားဟု အင်္ဂလိပ်အာဏာပိုင်တို့ကို မေးလေသည်။ အာဏာပိုင်တို့က ပြန်ပေးရန် သဘောတူလေသည်။

မွန်၊ မြန်မာ ရဟန်းရှင်လူတို့သည်လည်း မြစ်ရေအကျတွင် ခေါင်းလောင်းကို ကျောက်သံကြိုးနှစ်ပင်နှင့် ချည်လေသည်။ တစ်ဖန် ခေါင်းလောင်းနှင့် တည့်တည့် ရေပေါ်တွင် ရှိနေသော သင်္ဘောနှင့် ချည်ပြန်သည်။ ရေပြည့်လာသောအခါ သင်္ဘောသည် မြင့်တက်လာလေသည်။ ထိုအခါ ခေါင်းလောင်းလည်း ရေထဲမှ ကြွတက်လာလေ၍ ကမ်းနားသို့ ယူဆောင်ကြရသည်။ ထို့နောက်တွင်း မွန်၊ မြန်မာ ရဟန်းရှင်လူတို့သည် ခေါင်းလောင်းတွင် ပန်းတွေစိုက်၊ နတ်များပူဇော်ကာ ရွှေတိဂုံဘုရား၏ မူလနေရာသို့ ပြန်ပို့ကြလေသည်။ ([illegible])



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းစဉ်ကို ဆက်ပါဦးအံ့။

ရန္တပိုစာချုပ်အရ၊ မြန်မာနိုင်ငံ အစိုးရသည် သံအမတ်ကရော့ဖွတ် (ဂဝ)နှင့် ထိုနှစ်ထဲ၌ပင် ကုန်သွယ်ရေးစာချုပ် ချုပ်ခဲ့လေသည်။ ထိုစာချုပ်အရ အင်္ဂလိပ်လက်အောက်ခံ ကုန်သည်များသည် ကုန်ရောင်းဝယ်ရေးအတွက် နိုင်ငံအနှံ့ ဝင်ထွက်သွားလာနိုင်ပေ၏။ သို့ရာတွင် အကြောင်းကြောင်းကို ထောက်ထား၍ ဆန်နှင့်ငွေသားကို ပြည်ပသို့ ထုတ်ယူခွင့်ကား မပေးခဲ့။ တစ်ထောင့်ရှစ်ရာသုံးဆယ်ပြည့်နှစ်တွင် တစ်ဖန် မြန်မာနိုင်ငံအစိုးရသည် အမြဲတမ်း သံအမတ်အဖြစ် အမှုထမ်းရန် ရောက်လာသော ဗိုလ်မှူးဘာနေ (ဂဒ) ကိုလည်း အဝမြို့တော် ဆင်ကျုံးအနီးတိုက်တွင် နေရာချထားပေးခဲ့လေသည်။

ဘာနေသည် ယိုးဒယားအစိုးရနှင့် နကိုက အတွေ့အကြုံ ရှိခဲ့သဖြင့် မင်းမှူးမတ်များကို သင့်မြတ်အောင် ဆက်ဆံတတ်လေသည်။ ထို့ပြင် စစ်ကိုင်းမင်းလက်ထက်တွင် ရေးသားပြုစုသော "မှန်နန်းမဟာရာဇဝင်တော်ကြီး"မှ အစ မြန်မာ့ရေးထုံးစံများနှင့် အကျွမ်းတဝင် ရှိလေသဖြင့် ပို၍နေရာကျသည်။ သာဓကအားဖြင့်သော် မြန်မာနှင့် အင်္ဂလိပ်တို့၏ စစ်ပွဲအတွင်းက ကဘော်ချောင်ကို မဏိပူရနှင့် ဆိုင်သည်ဆိုကာ မဏိပူရနယ်ထဲသို့ အင်္ဂလိပ်ဘက်က သွတ်သွင်းထား၏။ မြန်မာဘက်ကလည်း မြန်မာပိုင်ဟု ကန့်ကွက်ခဲ့သည်။ ဤတွင် ဘာနေသည် မြန်မာသမိုင်း မှတ်တမ်းပုရပိုက်များကို လေ့လာစီစစ်ကာ မြန်မာလက်သို့ ပြန်ပေးရအောင် ဘုရင်ခံချုပ်ထံ ထောက်ခံတင်ပြပေးခဲ့လေသည်။

ဘာနေသည် မြန်မာအကျိုးအတွက် အထောက်အကူရသည်လည်း ဟုတ်၏။ သို့ရာတွင် ကုမ္ပဏီ အစိုးရဝန်ထမ်းပီသစွာ သူ့အစိုးရ၏ အကျိုးကြည့်၍ လုပ်ဆောင်ခဲ့သူလည်း ဖြစ်ပေသည်။ သူနှင့် သံရုံး (ဝါ၊ သံတဲ) အဖွဲ့သားများသည် မြန်မာ့နယ်နိမိတ်နှင့် လမ်းပန်းအဆက်အသွယ်များကို စုံထောက်လေသည်။ ကချင် ရှမ်းအကြီးအကဲများနှင့် အဆက်အသွယ်ပြုလေသည်။ တရုတ်နှင့် မြန်မာ ကုန်သွယ်ရေးကို လိုက်ကြည့်လေသည်။

ထို့ကြောင့် မြန်မာဘက်က ဘာနေကို လူ–လူချင်း ဆက်ဆံ၍ ကျေနပ်သော်လည်း သံရုံးအမှုထမ်းအဖြစ်ဖြင့်ကား မကျေနပ်လှ။ အထူးသဖြင့် စစ်ကိုင်းမင်းနောက် နန်းတက်သော (ဒုတိယ အမရပူရမြို့တည်မင်းခေါ်) သာယာဝတီမင်းက မကျေနပ်။ မြန်မာမြို့တော်၌ အင်္ဂလိပ်သံရုံး ရှိနေသည်မှာ မြန်မာသီကျာ



ကျခြင်းတစ်မျိုးဟူ၍ပင် သာယာဝတီမင်းက ယူဆသည်။ သာယာဝတီမင်း နန်းတက်ပြီး မကြာမီ ဘာနေလည်း အိန္ဒိယ ပြန်လေသည်။ ထိုအခါ ကျန်အဖွဲ့သားများက သံရုံးကိစ္စ ဆောင်ရွက်ကြရသည်။ တစ်ထောင့်ရှစ်ရာလေးဆယ်ပြည့်နှစ်တွင် သံရုံးကို ရုပ်သိမ်းလိုက်လေသည်။

အင်္ဂလိပ်တို့က သံရုံးရုပ်သိမ်းခဲ့စေကာမူ သာယာဝတီမင်းက သံရုံးရုပ်သိမ်းရလောက်အောင် အနှောင့်အယှက် မပေးခဲ့ပေ။ သာယာဝတီမင်းသည် အင်္ဂလိပ် လက်နက်အင်အားကို သဘောပေါက်ပြီး ဖြစ်လေသည်။ အင်္ဂလိပ်တို့နှင့် အခြေအနေမပျက် ဆက်ဆံခဲ့လေသည်။ သူ့အရိုက်အရာဆက်ခံသော သားတော် ပုဂံမင်းသည်လည်း ထိုအတူပင်ဖြစ်သည်။

သို့ရာတွင် ပုဂံမင်းလက်ထက်တွင် မလွဲမရှောင်သာဘဲ အင်္ဂလိပ်ရန်နှင့် ကြုံရလေသည်။ ဤအချိန်တွင် စစ်ကိုင်းမင်းလက်ထက်မှာကဲ့သို့ မြန်မာဘက်က စစ်လိုလားခြင်းမရှိ။ ပျော့ပျော့ပြောင်းပြောင်းစွာ ဆက်ဆံလေသည်။ အင်္ဂလိပ်ဘက်ကသာ ရိုင်းပြလေသည်ဟု ဆိုရမည်။

ဖြစ်ပုံမှာ ပဲခူးဝန်ကြီးသည် သင်္ဘောသားများအား ညှဉ်းဆဲသတ်ဖြတ်မှုနှင့်စပ်၍ အင်္ဂလိပ်သင်္ဘော ကပ္ပတိန်နှစ်ဦးကို ဒဏ်တပ်ခဲ့လေသည်။ ထိုနှစ်ဦးက သူတို့နစ်နာချက်ကို ချဲ့ကား၍ ကာလကတ္တားရှိ အာဏာပိုင်များထံ တိုင်ကြားလေသည်။ ထိုအခါ ဘုရင်ခံချုပ် လတ်မင်းကြီး ဒါလဟိုဇီ (ဂ၂)က–

ပဲခူးဝန်ကြီးက လျော်ကြေးပေး၍ တောင်းပန်ရမည်။ ဝန်ကြီးနှင့် အဆင်မပြေခဲ့လျှင် ပုဂံမင်းထံ တိုင်ကြားရမည်။

ဟု ရေကြောင်းဗိုလ်မှူးချုပ်လင်းဗတ် (ဂ၂–က)ကို ညွှန်ကြား၍ စစ်သင်္ဘောသုံးစင်းနှင့်တကွ ရန်ကုန်သို့ လွှတ်လေသည်။

လင်းဗတ်သည် ပဲခူးဝန်ကြီးနှင့် ဟုတ်တိပတ်တိ ငြင်းကြီး ဆက်ဆံ။ ရန်ကုန်ဆိပ်ကမ်းရောက်၍မှ တစ်ရက်ရှိသေးသည်။ ဝန်ကြီးကို အရေးယူရန် ပုဂံမင်းထံ စာပို့လေသည်။ ထိုအခါ ပုဂံမင်းက လိုက်လျော၍ ဝန်ကြီးသစ် ပို့လေသည်။ ထိုဝန်ကြီးသစ်ကိုလည်း လင်းဗတ်က လေးလေးစားစား သွားရောက်တွေ့ဆုံခြင်းမရှိ။ လက်အောက်ငယ်သားများသာ တွေ့နိုင်သည်။ သူသည် လက်အောက်ငယ်သားများ၏ တစ်ဖက်သတ်စကားကို လက်ခံကာ မငြိမ်းချမ်းသောအမှုကို စလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဆိပ်ကမ်းရှိ မြန်မာမင်းပိုင် ရတနာယာဉ်မှုန်သင်္ဘောကို သိမ်းယူလေသည်။ ရန်ကုန်၊ မုတ္တမ၊ ပုသိမ်ဆိပ်ကမ်းများကို ပိတ်ဆို့မှုလုပ်လေသည်။ ထိုအခါ ဟံသာဝတီဝန်ကြီးသည် သူနှင့်ဖြေရှင်းဖို့ ကြိုးစားပေသေး၏။ သူနှင့်မဖြစ်ပြန်သော် တနင်္သာရီစရိုင် ဝန်ရှင်တော်မင်းကြီးမှတစ်ဆင့် ဘုရင်ခံချုပ်နှင့် ဖြေရှင်းကြည့်သေး၏။

လင်းဗက်ကား လောင်စာပေတည်း။

ဤသို့ ဘုရင်ခံချုပ်က မှတ်ချက်ချလေသည်။ သို့ရာတွင် ဘုရင်ခံချုပ်ကိုယ်တိုင်က အရှေ့တိုင်းသားများကို မာမာထင်းထင်း ဆက်ဆံတတ်သူဖြစ်လေသည်။ သူသည် လင်းဗက်ကို အပြစ်မပေး။ သူသည် ပုဂံမင်းထံသို့သာ–

မြန်မာအစိုးရက တောင်းပန်ရမည်။ စစ်ပြင်ဆင်စရိတ်

အတွက် ငွေဆယ်သိန်း ပေးရမည်။ ရန်ကုန်တွင် သံအမတ်ထား

ခွင့်ပြုရမည်။ ဝန်ကြီးကို အရာက နုတ်ရမည်။

ဟူ၍ ရာဇသံပို့လေသည်။

ကြည့်ပါလေ။ သံအမတ်ထားရေး ကိစ္စကလွဲလျှင် ဘုရင်ခံချုပ်၏ ရာဇသံသည် တရားမျှတခြင်းမရှိ။ မြန်မာဘက်က အကြိမ်ကြိမ် ဆွေးနွေးရှင်းလင်းဖို့ ကြိုးစားခဲ့၏။ အင်္ဂလိပ်က ခါပစ်နေသည်မှာ သိသာလှပေသည်။ နောက်ထပ်လျှော့၍ မဖြစ်ကပြီ။ စစ်အင်အားချင်း မမျှသည့်တိုင်အောင် မြန်မာဘက်က သိက္ခာအကျ မခံနိုင်ပြီ။

မြန်မာနှင့် အင်္ဂလိပ်တို့၏ ဒုတိယစစ်ပွဲသည်လည်း တစ်ထောင့်ရှစ်ရာငါးဆယ့်နှစ်ခုနှစ်၊ ဧပြီလတစ်ရက်နေ့တွင် စလေသည်။ ထိုစစ်သည် မစခင်ကတည်းက အဖြေထွက်ပြီး ဖြစ်လေသည်။ (ကြည်းတပ်) ဒုတိယဗိုလ်ချုပ်ကြီး ဂေါ့ဒွင် (၈၃)နှင့် (ရေတပ်) ဗိုလ်ချုပ် အောစတင် (၈၄)၊ ထို့နောက် ဗိုလ်မှူးချုပ် လင်းဗက်တို့၏ စစ်သည်များသည် မိုးမကုန်မီပင် မုတ္တမ၊ ရန်ကုန်၊ ပုသိမ်ဆိပ်ကမ်းများကို သိမ်းပြီးသား ဖြစ်လေသည်။

အိန္ဒိယဘုရင်ခံချုပ်သည် အခြေအနေကို အလွန်အားရလေသည်။ ဇူလိုင်လထဲတွင် ရန်ကုန်သို့ ရောက်ရှိလာကာ စစ်ဘက်နှင့် ရေးအရေး တိုင်ပင်ညှိနှိုင်းလေသည်။ အကြံမှာ အမရပူရအထိ စစ်ချီတက် သိမ်းပိုက်ခြင်းမပြုဘဲ ပဲခူးနယ်ကိုသာ အင်္ဂလိပ်ပိုင်လုပ်၍ အင်္ဂလန်ရှိ ဥပဒေပြုလွှတ်တော်၏ သဘောတူ





ညီချက်ရယူရန်ဖြစ်သည်။ ဘုရင်ခံချုပ်၏ ကုမ္ပဏီအစိုးရသည်လည်း မိမိတို့ဘက်က လွန်ကဲမှုများကို ဖုံးဖိ၍ ဥပဒေပြုလွှတ်တော်သို့ စာတင်လေသည်။ အောက်လွှတ်တော်အမတ် ကော့ဘဒင် (၈၅)နှင့် အထက်လွှတ်တော်အမတ် အယ်လင်ဘာရာ (၈၆)တို့ကလွဲ၍ အများလက်ခံသဘောတူလေသည်။

ပဲခူးနယ်ကို အင်္ဂလိပ်ပိုင်လုပ်ရန် ဥပဒေပြုလွှတ်တော်က သဘောတူသည့်အချိန်တွင် အင်္ဂလိပ်တပ်သည် ပြည်မြို့ကို သိမ်းယူပြီးခဲ့လေပြီ။ ထို့နောက် "ပဲခူးတိုင်းနိုင်ငံသည် အင်္ဂလိပ်မင်း နိုင်ငံဖြစ်ကြောင်း" ဒီဇင်ဘာလ နှစ်ဆယ်ရက်နေ့တွင် ရန်ကုန်၌ ကြေညာခဲ့လေသည် (၈၇)။ ရခိုင်ဝန်ရှင်တော်မင်းကြီး ဖယ်ရာ (၈၈) သည်လည်း ပဲခူးဝန်ရှင်တော်မင်းကြီးအသစ် ဖြစ်လာသည်။

ထိုဖယ်ရာသည် မြန်မာရည် ဝသည့်အပြင် ပဲခူးနယ်ကို ချဲ့ခဲ့သူဖြစ်လေသည်။ ကြေညာချက်ထွက်စဉ်က ပဲခူးတိုင်းနိုင်ငံ ဝါ၊ ပဲခူးနယ်၏ အတိုင်းအတာ အတိအကျမပါ။ ပြည်မြို့အထက် ဧရာဝတီမြစ်ဝှမ်းတွင်လည်း အမိုးတန်သစ်တောတွေ မျက်စိတစ်ဆုံးရှိသည်။ ကြေညာချက်ထွက်ပြီး အမရပူရနန်းတော်၊ ဝါ၊ မြန်မာအစိုးရထံမှလည်း တုံ့ပြန်သံ မကြားရသေး။ ထိုအချိန်အတွင်း အမိုးတန်သစ်တော နေရာတွေပါပါအောင် တပ်က သိမ်းပိုက်ထားနိုင်လျှင် အကျိုးများမည်ကို ဖယ်ရာ သိလေသည်။ ဖယ်ရာ အကြံပေးချက်အရ ကုမ္ပဏီအစိုးရ၏ သဘောတူချက်အရ၊ ဂေါ့ဒွင်တို့၏ တပ်သည် ပြည်မြို့အထက် မိုင်ငါးဆယ်အကွာ မြေထဲမြို့သို့ ချီတက်သိမ်းပိုက်ကြပြန်လေသည်။

ထိုအခါ ဗိုလ်မှူးအာလဲက နယ်ခြားသတ်မှတ်၍ ကျောက်တိုင် (များ) စိုက်ရန် စီစဉ်လေသည်။ နယ်ခြားဆိုသည်မှာ မြေထဲမြို့ အင်္ဂလိပ်စစ်တပ်အလံတိုင်မြောက်ဘက် ခြောက်မိုင်အကွာ နေရာမှသည် အရှေ့ဘက် စစ်တောင်းမြစ်ဝှမ်း တောင်ငူအထက် လေးဆယ့်နှစ်မိုင်အကွာ (မြို့လှ) နေရာအထိ တစ်တန်းတည်း သတ်မှတ်ရန်ဖြစ်သည်။ သတ်မှတ်ပြီးလျှင် အထက်အာဏာပိုင်များက အတည်ပြုပေးရဦးမည်။

တစ်ထောင့်ရှစ်ရာ ငါးဆယ့်သုံးနှစ်၊ ဒီဇင်ဘာလ ဆယ့်ငါးရက်နေ့တွင် ဘုရင်ခံချုပ်သည် ဖီနိုဗီယာ မီးသင်္ဘော (၈၉)ဖြင့် ရန်ကုန်သို့ ဆိုက်ရောက်လာလေသည်။ ရန်ကုန်တွင်ရှိစဉ် စစ်သားများ ရွှေတိဂုံဘုရားဌာပနာ ဖောက်သည့်ကိစ္စ ဆွေးနွေးအရေးယူလေသည်။ ကန်တို့မင်းတပ်မြေ သတ်မှတ်ရေး၊ စလက်နက်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း သိုလှောင်ရေး စသည်ကို စီမံလေသည်။ နှစ်ရက်ကြာသော် ပြည်နှင့် မြေထဲမြို့ များသို့ ဆန်တက်လေသည်။ ထိုအခါ လမ်းခရီးတစ်လျှောက် လေလာရင်း သရက်မြို့နှင့် ပြည်အောက်တွင် နယ်ခြားတပ်ထားရန် ရွေးချယ်ခဲ့လေသည်။ မြေထဲမြို့သို့ ဆိုက်ရောက်ပြီးသည့်နောက်၊ ဒီဇင်ဘာလ နှစ်ဆယ့်ရှစ်ရက်နေ့ နံနက်တွင် နယ်ခြားကျောက်တိုင် နေရာသို့ သင်္ဘောသုံးစီးဖြင့် ထွက်ခွာပြန်လေသည်။ ထိုနေရာတွင် ဂေါ်ခွင်၊ ဖယ်ရာ စသည့် စစ်ဘက်အရာရှိကြီးများ၊ စစ်သည်များ စုရုံးရောက်ရှိနေကြသည်။ ဘုရင်ခံချုပ်လည်း နယ်ခြားမျဉ်းဆွဲမှု သေချာအောင်၊ ဗိုလ်မှူးအာလံကို မေးမြန်းစုံစမ်း၍ ကျောက်တိုင်နေရာ၌ မတ်တတ်ရပ်ကာ—

သည်ကျောက်တိုင်နေရာဟာ အင်္ဂလိပ်တို့ ထာဝစဉ် အမြဲပိုင်ဆိုင်သည့် အထိမ်းအမှတ်သဘော ဆောင်ရမယ်။

ဟု၍ အတည်ပြုစကား ပြောလေသည်။ ပြီးသော် ယူနီယံဂျက်အလံကို လွှင့်တင်၍ အမျိုးသားသီချင်း တီးမှုတ်၍ သင်္ဘောသုံးစင်းမှ အမြောက်ပစ်ဖောက်၍ အခမ်းအနား ရုပ်သိမ်းလေသည်။ (၉၀)

အိန္ဒိယ ဘုရင်ခံချုပ်၏ နယ်နိမိတ် အတည်ပြု ကမ္ပည်းစာ အပြည့်အစုံကား အောက်ပါအတိုင်း ဖြစ်လေသည်။

> သည်ကျောက်တိုင်သည် ပဲခူးတိုင်းပြည်ကြီး၏ မြောက်စွန်ဆုံး။ နယ်မြေအပိုင်းအခြားဖြစ်သည်။
>
> ၎င်းကျောက်တိုင်ကိုလည်း ဗြိယတိုင်းပြည်ကြီးကို အုပ်စိုးစီရင်တော်မူသော ဒလှူစီဘုရင်မင်းကြီး ကိုယ်တော်တိုင် ကြည့်ရှုတော်မူသဖြင့်။ ၁၂၁၅ ခု နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့။ မှတ်သားစိုက်ထူတော်မူခဲ့သည်။
>
> ကျောက်တိုင်နယ်မြေသည်လည်း။ ၎င်းနေရာကကို အရှေ့ စူးစူး လေးထုးခွဲ ရွာနားရှိ ကျွန်းခြောင်းကိုဖြတ်၍ ရိုးမတောင်ထိပ်ပေါ်ရှိတတ် တဲးရွာကိုကျော်သဖြင့်။ စစ်တောင်မြစ်အောက်။ မပေဟ်ရွာသို့ရောက်သည်။ ၎င်းနေရာမှတဖန် အရှေ့စူးစူး ပေါင်းလောင်းတောင်ထိပ်ပေါ်သို့ ရောက်သည်တည်း။ (၉၁)

## ၈။ မြန်မာနှစ်နိုင်ငံ

ဘုရင်ခံချုပ် မိန့်ဆိုသည့်အတိုင်း ပဲခူးနယ်ကို ထာဝစဉ်အမြဲအင်္ဂလိပ်ပိုင် ဟု၍ သတ်မှတ်လိုက်လေပြီ။ ဤသည်ကို မြန်မာအစိုးရက သဘောမပေါက်။

ဇာတ်ကြောင်းပြန်ရဦးမည်။ မြန်မာနှင့် အင်္ဂလိပ် စစ်ဖြစ်နေသည့် အတောအတွင်း ပုဂံမင်းသည် နန်းတွင်းအရေးတော်ပုံနှင့် ရင်ဆိုင်ရလေသည်။

ပုဂံမင်းသည် လက်ဝှေ့သတ်ပွဲ၊ ကြက်တိုက်ပွဲ၊ နွားပြိုင်ပွဲ ဝါသနာကြီးသူ ဖြစ်လေသည်။ သင်္ကြန်အခါသမယတွင် အရက်လေးဆယ်၊ လေးဆယ့်ငါး ရက်ဆက်၍ ပျော်ပါးကစားချင်တတ်သည်။ အုပ်ချုပ်ရေးကို ဂရုမစိုက်။ ထို့ပြင် စောစောပိုင်းက ပြည်သူများအား အိမ်တော်ပါ အမှုထမ်းဖြစ်သော အမရပူရမြို့ဝန် ဦးဘိုင်ဆတ်နှင့် မြို့စာရေး ဦးပိန်တို့ နှိပ်စက်သတ်ဖြတ်ခဲ့သည် ကို မသိကျိုးကျွန် နေခဲ့လေသည်။ ထိုသူနှစ်ဦး လွန်ကဲလွန်းမကလွန်ကဲ၍ ပြည်သူများ မခံနိုင်တော့မှ အရေးယူ အပြစ်ပေးခဲ့လေသည်။ ထို့ကြောင့် ပုဂံမင်းသည် ပြည်သူ၏ အကြည်ညိုအချစ်ခင်မခံရ ဖြစ်လေသည်။ ပြည်သူက ကြည်ညိုနေသည်မှာ (အဖေတူ အမိကွဲ) ညီတော်သူ မင်းတုန်းမင်းသာ ဖြစ်လေသည်။

မင်းတုန်းမင်းသည် ဘာသာတရား ကိုင်းရှိုင်း၍ ဘုန်းကြီးကျောင်း အရိပ်အာဝါသ၌ ပျော်မွေ့သူဖြစ်လေသည်။ စာပေကျမ်းဂန်နှင့် အကျွမ်းတဝင် ရှိလေသည်။ တစ်ဖန် စစ်ကိုလည်း ရုပ်စဲချင်စိတ်ရှိသည်ဟု ဆိုကြလေသည်။ (၉၂)

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ပုဂံမင်းနှင့် ယှဉ်ကြည့်လျှင် အကျင့်စာရိတ္တအရာ ကွာခြားမှုကို ပို၍မြင်နေရသည်။ စစ်ရေးရာတွင် စိတ်ဝမ်းကွဲသည်ဟု ထင်ရသည်။ ထိုအခါ ပုဂံမင်း၏ဘက်က စိတ်နုစရာ ဖြစ်လေသသည်။ ပုဂံမင်း၏ ဝန်ရှုမှုးစု များလည်း ရန်ရှာချင်လာသည်။ မင်းသားတွေအိမ်သို့ လူဆိုး သူဆိုးဝင်ထွက် သည် စသည်ဖြင့် စွပ်စွဲကာ မင်းတုန်းမင်းသားနှင့် ညီတော်သူ ကနောင်မင်းသား တို့၏ တပည့်တပန်း အမှုထမ်းများကို စတင်၍ အစစ်အဆေးလုပ်လာတော့ သည်။ မင်းတုန်းမင်းသားသည် ကြာသော် ခက်ချေတော့မည်ဟုတွက်ကာ ကနောင်မင်းသား အကြံပေးသည့်အတိုင်း တစ်ထောင့်ရှစ်ရာ ငါးဆယ့်နှစ်ခု၊ ဒီဇင်ဘာလ ဆယ်နှစ်ရက် ညပိုင်းတွင် လူသုစုရုံး၍ ရွှေဘိုသို့ ထွက်လေသည်။ ထိုလူစုတွင် ဦးရန်ဆေး၊ ဦးကောင်း၊ ဦးလှိုင်စသော ထက်မြက်သူများလည်း ပါလေသည်။

နေ့ညမဆိုင်းပင် ပြည်သူအများသည် မင်းတုန်းမင်းသား၏ ခေါင်းဆောင် မှုအောက်သို့ ဝင်ရောက်အမှုထမ်းကြလေသည်။ ထိုသူများသည်လည်း ကနောင် မင်းသား၏ အကွပ်အကဲဖြင့် အမရပူရမြို့တော်ဘက်သို့ ဦးလှည့်လေသည်။ အမရပူရမြို့တော်ဘက်မှလည်း မကွေးဝန်ကြီး ဦးကြာဥက ပုဂံမင်းကို တော်လှန်၍ ကနောင်မင်းသား၏ စစ်သည်များနှင့် ပူးပေါင်းလေသည်။ မင်းတုန်းမင်းသား သည် နောင်တော် ပုဂံမင်းကိုနန်းချလေသည်။ ညီတော် ကနောင်မင်းသား ကိုလည်း အိမ်ရှေ့အရာ ပေးလေသည်။

သို့ရာတွင် သူ ထီးနန်းသိမ်းပိုက်ရန် အရေးတွင် အင်္ဂလိပ်ဘေးရန်က တစ်မှောင့် ဖြစ်နေလေသည်။ အင်္ဂလိပ် စစ်တပ်က နန်းတော်ဝ ရောက်နေသည် ဟု ဆိုရချေမည်။ သူသည် ပုဂံမင်းက အကျဉ်းချထားသော အီတလီလူမျိုး ကာတိုလိပ် (ဗရင်ဂျီ) ခင်ကြီးနှစ်ပါးကို ပြည်-မြေထဲသို့ ခပ်မြန်မြန်လွှတ်ကာ-

နောင်တော်မင်းတရားကြီးကို ပြည်သူများက မကြိုက် ည်၍ ပယ်ရှားပြီးလျှင် အရိုက်အရာကို ဆက်ခံကြောင်း၊ နှစ်တိုင်းနှစ်ပြည် မဟာမိတ် ဖြစ်မြဲအတိုင်း ဖြစ်လိုကြောင်း၊ မှူးမတ်တို့ကို မစေလွှတ်မီ ဗရင်ဂျီ ခင်ကြီးများကို စေလွှတ်လာ စေမည့်အကြောင်း-

အင်္ဂလိပ် အာဏာပိုင်များအား ပြောကြားစေလေသည်။ (၉၃)





မကြာမီ မကွေးဝန်ကြီး ဦးကြာဥ ခေါင်းဆောင်သော အဖွဲ့သည် ပြည်မြို့သို့ စေစပ်ရန် ရောက်လာသည်။ ဦးကြာဥတို့က ပထမ စစ်ပွဲတုန်းက အတိုင်း စစ်ပြေငြိမ်း၍ စစ်စရိတ်ပေးစေမည့်အကြောင်း ဆွေးနွေးတင်ပြလေ သည်။ မြန်မာဘက်က ထင်နေသည်မှာ စစ်စရိတ်ပေးခဲ့လျှင် ယခင်ကကဲ့သို့ အင်္ဂလိပ်စစ်တပ်များ ဤရေမြေမှ ထွက်ခွာသွားကြလိမ့်မည်ဟူ၍ ဖြစ်သည်။ သို့ရာတွင် အင်္ဂလိပ်တို့က ပဲခူးနယ်မြေကို ထာဝစဉ် အမြဲသိမ်းပိုက်ခဲ့လေပြီ။ ပဲခူးနယ်သိမ်းကြောင်း သဘောတူလက်မှတ်ထိုးရန်သာ စာချုပ်ထိုးပေးနေလေ သည်။ ဦးကြာဥတို့အဖွဲ့တွင် လက်မှတ်ထိုးရန် အာဏာမရှိ။

ပဲခူးနယ်ကိစ္စနှင့်စပ်၍ ဒုတိယတစ်ဆင့် တက်လာလေသည်။ မင်းတုန်း မင်းဘက်က စာချုပ်လက်မှတ်ထိုးလျှင် ပြည်နှင့် မြေထဲအကြား သိမ်းယူထားသော နယ်မြေကို မြန်မာလက်သို့ ပြန်ပေးမယောင် အင်္ဂလိပ်ဘက်က စကားသံထွက်လာ ပြန်၏။ မင်းတုန်းမင်း သဘောမတူနိုင်။ နိုင်ငံတစ်ဝက်ကို တိုင်းတစ်ပါးအား အပ်သည့်မင်းဟူ၍ သူ သမိုင်းထိုးခံရမည် မဟုတ်ပေလော။

မင်းတုန်းမင်းသည် ထပ်၍ ကြိုးစားပြန်လေသည်။ ကာလကတ္တားမြို့ တော်သို့ သံအဖွဲ့တစ်ခု စေလွှတ်၍ ပဲခူးနယ်ပြန်ပေးရန် ဘုရင်ခံချုပ်ထံ တင်ပြစေလေသည်။ အကြောင်းမထူးပါ။ ဘုရင်ခံချုပ်ဘက်ကလည်း အမရပူရ မြို့တော်သို့ ဖယ်ရာ ခေါင်းဆောင်သော သံအဖွဲ့တစ်ခု စေလွှတ်၍ စာချုပ်လက် မှတ်ထိုးရန် မင်းတုန်းမင်းထံ တင်ပြစေလေသည်။ အကြောင်းမထူးပါ။ အောက်တွင် ကြည့်ပါလေ။ မင်းတုန်းက ကွမ်းတမြုံမြုံဝါးရင်း-

အဆွေခင်ပွန်းဖြစ်သည့်အတိုင်း တစ်ဦးအလိုသို့ တစ်ဦး လိုက်၍ နှစ်ဦးနှစ်ဖက် အဆွေခင်ပွန်းလက္ခဏာနှင့်အညီ ပြည့်စုံအောင် ကိုသာလိုရင်းဖြစ်သည်။ နှစ်ဦးနှစ်ဖက် အဆွေ ခင်ပွန်းကောင်းလက္ခဏာနှင့် ပြည့်စုံအောင် မြဲကြလျှင် စာချုပ်ဆို သည်မှာ ပုရပိုက် စက္ကူပေါ်မှာသာမက ကျောက်မှာဖြစ်စေ၊ သံပြားမှာဖြစ်စေ ရေးသားထုလုပ်လိုလျှင် ရေးသားထုလုပ်ချုပ် ဆိုတော့-

ဟု ဆိုလေသည်။ ထိုစကားကို ဖယ်ရာက လက်မခံ။ မဟာစာချုပ် ချုပ်တော်မူလျှင် အဆွေခင်ပွန်း လက္ခဏာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြည့်စုံပါမည်ဖြစ်၍ စာချုပ်သာ ကောင်းပါသည်။

ဟု ပြန်လျှောက်လေသည်။ ဤတွင် မင်းတုန်းမင်းသည်

ငါတို့ အဆွေခင်ပွန်းဝတ်နှင့်ပြည့်စုံအောင် ပြုရန်ရှိသည်။

ဖယ်ရာတို့က အဆွေခင်ပွန်းဝတ်နှင့်ညီအောင် ပြုမပြုကို ဖယ်ရာ

စဉ်းစားဆင်ခြင်ဦးတော့။ စာချုပ်ဆိုသည် အရာသည် တစ်ဦး

အကျိုးရှိ၍ တစ်ဦးအကျိုးမရှိသည်ကိုချုပ်မြဲမဟုတ်၊ နှစ်ဦးအကျိုး

ရှိမှ ချုပ်မြဲဖြစ်သည်။

ဟူ၍ စကားအဆုံးသတ်လိုက်လေသည်။ ငါ့ရာငါးဆယ် စာတ်စာထုပ်၊ မဟာဝင်စာထုပ်များကိုလည်း လက်ဆောင်ပေးလိုက်လေသည်။ (၉၄)

မင်းတုန်းမင်းသည် စစ်ပြေငြိမ်းရေးစာချုပ် လက်မှတ်မထိုးသည့်တိုင် အောင် စစ်ဆက်လက်ဖြစ်ပွားရန် မလိုလားခဲ့။

မှန်သည် မှားသည်ထား၊ သူ နန်းတက်စကတည်းက မြေထဲဘက်ရှိ မြန်မာစစ်သည်များကို နုတ်သိမ်းခဲ့သည့်အပြင် အောက်အရပ် ခန္ဓြုတစ်ဂိုက်တွင် အင်္ဂလိပ်ကို တော်လှန်နေသော ပဲနင်းဟောင်း ဦးမြတ်ထွန်း၊ ပြည်သာယာဝတီ တစ်ဂိုက်တွင် အင်္ဂလိပ်ကို တော်လှန်နေသော တိုက်သူကြီးဟောင်း ဦးခေါင်းကြီး တို့ကိုပင် ကိုယ်ထိလက်ရောက် အားမပေးခဲ့။ တစ်ဖန် စစ်ဘေးကြောင့် အောက်မြို့ ကျေးရွာများ၌ အစာရေစာ ရှားပါးကျပ်တည်းနေသည့် အတော အတွင်း ဆန်စပါးအရပ်ရပ် ကုန်လှေများ စုန်ဆင်းရန် ခွင့်ပြုတန်သလောက် ခွင့်ပြုလေသည်။ ထို့ပြင်မကသေး အင်္ဂလိပ်စစ်တပ် စားသုံးဖို့လိုနေသော ပဲနှင့်ဂျုံကို လက်ကားဝယ်ယူ၍ ရောင်းချသည်။

တစ်ထောင့်ရှစ်ရာငါးဆယ့်နှစ် ခုနှစ်တွင် အိန္ဒိယ၌ ကုမ္ပဏီအုပ်ချုပ်ရေးရုပ်စဲ၍ ဝိတိုရိယ ဘုရင်မကြီး၏ အစိုးရက တိုက်ရိုက်အုပ်ချုပ်ခဲ့လေသည်။ တစ်ထောင့်ရှစ်ရာ ခြောက်ဆယ့်နှစ်ခုနှစ်တွင်လည်း ရခိုင်၊ တနင်္သာရီ၊ ပဲခူး၊ သုံးနယ်ပေါင်းပြီး ဗြိတိသျှ မြန်မာနိုင်ငံဟူ၍ ဖွဲ့စည်းခဲ့လေသည်။ ထိုအခါ ဖယ်ရာမှာ ဗြိတိသျှ မြန်မာနိုင်ငံ၏ မဟာဝန်ရှင်တော်မင်းကြီးအဖြစ် ရာထူးတိုး မြှင့်ခံရလေသည်။

ထိုနှစ်ထဲ၌ မဟာဝန် ရှင်တော်မင်းကြီး ဖယ်ရာသည် ကုန်သွယ်ရောင်းဝယ် ရေးကိစ္စအတွက် မင်းတုန်းမင်းထံ လာရောက်စေစပ်လေသည်။ မင်းတုန်းမင်း



ဘက်ကလည်း အထက်နှင့်အောက် ဧရာဝတီ မြစ်ရိုးတစ်လျှောက်တွင် လွတ်လပ်စွာ ကုန်သွယ်ကြစေရန်၊ နယ်စပ်တွင် အကောက်ခွန်လျှော့စေရန်၊ မြန်မာမြို့တော်တွင် အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ်ထားရန် ရှာရှာဖွေဖွေ သဘောတူခဲ့၍ ပခန်းဝန်ကြီး ဦးရန်ဝေးက စာချုပ်လက်မှတ် ရေးထိုးခဲ့လေသည်။ ကုန်သည်ပွဲစားများအဖို့ ပို၍ ချောင်လာတော့သည်။

စီးသာတဲ့ သောင်ရေမှာ

တောင်လေကို မိတ်ဆွေဖွဲ့ပါလို့

ကောက္ကုလဲမြောက်ကို လှည့်လျှင်

ပြန်ခဲ့မယ် ရွှေညာသူရဲ့

ဝါဆိုမိုးပွဲ။ (၉၅)

နိုဝင်ဘာ၊ ဒီဇင်ဘာ (တန်ဆောင်မုန်း၊ နတ်တော်) လများတွင် အရပ်သားကုန်သည် လှေသမားများသည် အစိုးရခွင့်ပြုသည် အညာကုန် အပြည့်နှင့်လည်းကောင်း၊ ဘုရင်အဝယ်တော် ပွဲစားများသည် (ကုန်တော်ခေါ်) သင်္သန့်အညာကုန်အပြည့်နှင့် လည်းကောင်း၊ အောက်သို့ စုန်ဆင်းလာ၍ ပါသမျှကုန် ရောင်းချသည်။ ထို့နောက် ဆန်၊ ဆား၊ ငါးပိ၊ ပန်းကန်ခွက်ယောက်၊ သံထည်ပစ္စည်း၊ သရက်ထည်၊ ပိတ်ချောစသည်ကို ပြန်တင်၊ မိုးအကျ တောင်လေပြောင်းတိုက်ချိန် (လှေရွက်တိုင်တိပ်မှ အလံကလေး မြောက်ဘက်လွင့်ချိန်) ကာလတွင် ကြိုးစုံရွက်စုံဖွင့်ကာ၊ စည်းတီမ်သောင်တီမ်ရောင်ကာ အိမ်သူမယားရှိရာ အညာမြေသို့ ဆန်တက်ကြလေသည်။

အညာသားတွေ စီးပွားလာရာသော အောက်ပြည်အောက်ရွာကား ကိုလိုနီစနစ် ပုံသဏ္ဌာန် ဝင်စပြုလေပြီ။ လုပ်ငန်းကိုင်ငန်း ရှိလေပြီ။ ထိုအေသတွင် တစ်ထောင့်ရှစ်ရာ ငါးဆယ့်နှစ်ခုနှစ်နှင့် ငါးဆယ်ခြောက်ခုနှစ်အကြား၊ စပါး တစ်ရာလျှင် သုံးဆယ်ငါးကျပ်မှ ငါးဆယ်သုံးကျပ်အထိ တက်လာသည်။ ထိုအခါ စိုက်ပျိုးထုတ်လုပ်ရေးသည် ဝမ်းစာအတွက်သာမက ဈေးပို့ဖို့ပါ ဖြစ်လာသည်။ ဆား၊ ငါးပိ အရောင်းအဝယ်ကလည်းသွက်၏။ (အရောင်းအဝယ် အတွက် ဒင်္ဂါးသုံးသည်။ ပစ္စည်းချင်း မလဲတော့) တစ်ဖန် လမ်းပန်းဆက်သွယ် ရေးတွင် ရေလမ်းမှာ ပို၍ပို၍ များလာခဲ့သည်။ လှေသမှန်တွင် ကုန်တင်၍ ရောင်းကြ ဝယ်ကြနှင့် လူတွေ စီးပွားရေးဟန်သလိုလို ရှိကြသည်။ ဤအထဲ

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တို့၏ ပုဂ္ဂလိက ဧရာဝတီကုမ္ပဏီပိုင် မီးသင်္ဘော သုံးလေးစင်းက ဆိပ်ကမ်းမြို့ရွာများသို့ ဆိုက်ကပ်လာသဖြင့် လူအသွားအလာ၊ ပစ္စည်းအတင် အပို့ ပို၍အဆင်ပြေတော့သည်။ နောက်အလားအလာမှာ ပြည်နှင့် တောင်ငူကို ဆက်သွယ်သည့် ကုန်းလမ်းလုပ်နေခြင်း၊ ပြည်နှင့်ရန်ကုန်အကြား မီးရထားလမ်း စဖောက်နေခြင်းပင်။

ထိုအောက်လက်မြို့ရွာ၏ စီးပွားရေး၊ အုပ်ချုပ်ရေး ဗဟိုကား မြို့တော်သစ် ရန်ကုန်ပေတည်း။ အနည်းငယ် ရေးရပေဦးမည်။ ရှေးက ရန်ကုန်သည် သစ်တပ်မြို့ရိုးနှင့် မြို့ငယ်ကလေးသာ ဖြစ်ပေ၏။ ထိုရန်ကုန်တွင် ဟံသာဝတီဝန်ကြီးရုံး၊ အကောက်ရုံးကဲ့သို့ အိမ်ကြီးရနိုင်အနည်းငယ်မှအပ ခနီးမိုး၊ ဝါးထရံကာအိမ်၊ ဘုန်းကြီးကျောင်း၊ ဘုရားစေတီသာများလေသည်။ မြို့မျက်နှာပြင်မှာလည်း မလှ။ ချောင်းတက်တွေက တစ်လမ်းဝင် တစ်လမ်းထွက် ဖြစ်နေသည်။ ရွှံ့နွံကျုံးမြောင်းတွေက တရစပ်ရှိနေသည်။ (သစ်တပ်အပြင်ရှိ) ဆူးလေဘုရားတောင်ဘက်တွင် ကျုံးခံနေ၍ ဘုရားတက်ရန် ကျုံးကူးတံတား ဆောက်ထားရသည်။ မြို့ဝန်းကျင်တွင်လည်း ကျွန်းသရက် မန်ကျည်းနှင့် ဝါးတောတွေ ပြည့်နှက်နေသည်။

ယခုသော် ဗိုလ်ကြီးဖရေဇာ (၉၆)က မြို့ရဲ့ထွင်ရန် တာဝန်ယူလေပြီ။ သူသည် ဘုန်းကြီးကျောင်းများကို သရက်တောဘက်သို့ ရွှေ့ပြောင်းစေလေသည်။ ရွှံ့နွံကျုံးမြောင်းနေရာကို ရေထုတ် မြေဖို့လေသည်။ ပေတရာလမ်းချဲ့၍ မြန်မာလမ်း အမည်ပေါင်းကို ဆင့်ကာ စစ်နိုင်သူများ၊ ကျေးဇူးပြုသူများ၏ အမည်သစ် ပေးလေသည်။ ဆူလေဘုရားကို ဗဟိုထား၍ အနောက်ဘက်ခေါင်ခွင် (၉၇) လမ်းမှ အရှေ့ဘက် ဂျူဒါအီဇီကယ်လမ်း (၉၈) အထိလည်းကောင်း၊ ကမ်းနားမှ မြောက်ဘက် ကော်မိရှင်နာလမ်း (၉၉) အထိလည်းကောင်း မြို့ကွက်ချလေသည်။

ဆယ်နှစ် အနှစ်နှစ်ဆယ်အတွင်း ဆူးလေဘုရားနှင့် ကမ်းနားဝန်းကျင်တွင် အတွင်းဝန်ရုံး (၁၀၀)၊ ငွေတိုက်ရုံး ဒုတိယမင်းကြီးရုံး၊ ဝါ၊ အရေးပိုင်ရုံး (၁၀၁)၊ ရုံကော်ဒါ တရားဝန်ကြီးရုံး (၁၀၂) အကောက်ရုံး အဆောက်အအုံတွေ မြင်လာရသည်။ မြစ်ထဲတွင် လှေသမ္ဗာန်များအပြင် ပင်လယ်ကူး သင်္ဘော၊ ဧရာဝတီ ဖလော်တီလာ မီးသင်္ဘောကုမ္ပဏီ မီးသင်္ဘော တစ်စင်း





နှစ်စင်းစကို မြင်လာရသည်။ ဒလဘက်တွင် သင်္ဘောကျင်း အဆောက်အအုံကို မြင်လာရသည်။

ဗိုလ်တထောင်၊ ပုဇွန်တောင်ဘက် လှည့်ပါလေဦး။ ဖျဉ်းမနားသစ် လိုင်စင်ရ ပုဂ္ဂလိက ဘိဘိတီစီကုမ္ပဏီသစ်စက်၊ သစ်ဝင်း၊ အလုပ်သမားတဲတို့သည် ကမ်းနဖူးတွင် ထီးတည်းပေါ်နေလိမ့်မည်။ ပုဂ္ဂလိက စတီးဘရားသား ကုမ္ပဏီ၊ ဘလုတ်ဘရားသားကုမ္ပဏီ (၁၀၃) ပိုင် ဆံစက်ခေါင်းတိုင်များမှ မီးနိုးတလူလူ တက်နေလိမ့်မည်။

မြို့ထဲကို ပြန်ကြည့်ဦးစို့။

အစိုးရအမှုထမ်းနှင့် နိုင်ငံခြားသား ကုန်သည်များအတွက် ငွေအထုတ် အသွင်း၊ ငွေအလဲအလှယ်လုပ်ရန် ဘင်္ဂလားဘဏ် (၁၀၄)၊ ချာတာဘဏ် (၁၀၅) တို့ ရှိနေသည်။

တစ်ဖန် ပြည်ပသို့ ဆန်တင်ပို့ရန် အင်္ဂလိပ်၊ တရုတ်ကုန်သည်တို့ ရှိနေသည်။

တစ်ဖန် သရက်ထည်မှအစ အရက်အထိ ကုန်မျိုးစုံဝယ်ရန် အိန္ဒိယသား ကုလားပိုင် စုရတီဈေး (သိမ်ကြီးဈေး) (၁၀၆) အာရှအနောက်တောင်ပိုင်းသား အာမေနီယံပိုင် ဘာလသာဇာတိုက် (၁၀၇) အင်္ဂလိပ်ပိုင်ရိုးတိုက်၊ ဂျူးတိုက် (၁၀၈) တို့ ရှိနေသည်။

တဖန် အင်္ဂလိပ်စာ၊ အကၠရာသချာ်၊ ယူကလစ်၊ ဂဏန်းသချာ်၊ ကမ္ဘာ လုံးပုံသင်ရန် အစိုးရကျောင်း၊ ခရစ်ယာန် သာသနာပြု စိန်ပေါလ်ကျောင်း (၁၀၉)၊ စိန့်ဂျွန်းကျောင်း (၁၁၀) ဒိုင်အိုစီဆင်ကျောင်း (၁၁၁)တို့ ရှိနေသည်။ မြန်မာစာ သက်သက်တတ်သူအတွက် လေ့လာရန်ပင် ပထဝီကာရကျမ်း၊ စကြဝဠာနှင့် ပထဝီဝင် အမေးအဖြေကျမ်းမျိုးကို ပုံနှိပ်တိုက်မှ ထုတ်ဝေထားသည်။

တစ်ဖန် ပြည်တွင်းပြည်ပ သတင်းသိရန် ရန်ကုန်ကရော်နီကယ် (နောင် ရန်ကုန်တိုင်း) (၁၁၂)၊ ရန်ကုန်ဂေဇက် (၁၁၃)၊ သံတော်ဆင့်စသော ရက်ခြားထုတ် သတင်းစာတို့ ရှိနေသည်။ တစ်ဖန် လူနာတစ်ရာကျော်ကုရန် ဆေးရုံ (လူနာတိုက်)၊ လူသူလေ့လာရန် တီရစ္ဆာန်ရုံ၊ ဖယ်ရာပြတိုက်တို့ ရှိနေသည်။ တဖန် လူမျိုးဘာသာအလိုက် ကိုးကွယ်ဝတ်ပြုရန် ဗလီ၊ ဇရတ်၊ ဟိန္ဒူ (ကာတိုလိပ်၊ အာမေနီယံ၊ နှစ်ခြင်း) ခရစ်ယာန် ဘုရားရှိခိုးကျောင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။ တစ်ဖန် လေညှင်းခံရန် ဖိုက်စကွဲယားပန်းခြံ (၁၀၄)၊ ကန်တော်ကြီး ကျွန်းဆွယ်လမ်းတို့ ရှိနေသည်။ တဖန် ပျော်ပွဲရှင်ပွဲကြည့်ရန် (ကြည့်မြင်တိုင်-ရှမ်းတွေဆီမှ တစ်ဆင့်ရသည်) မြင်းပြိုင်ပွဲ ဆင်အပြေးပြိုင်ပွဲတို့ ရှိနေသည်။ တစ်ဖန် အင်္ဂလိပ်များ နားနေအပန်းဖြေရန် ပဲခူးကလပ် (၁၁၅)၊ စုပေါင်းရိပ်သာ (၁၁၆) တို့ ရှိနေသည်။ နောက်ဆုံး သူတို့ ကာကွယ်ရေးအတွက် ရွှေတိဂုံဘုရား အနောက်မုခ်၊ ဘုရားခြေရင်း ဂေါ်ရာကုန်းတစ်ပိုက်တွင် စစ်တန်းလျား ခံယမ်းမီးကျောက်တိုက်၊ ခံတပ်တို့ ရှိနေသည်။

ဤသို့အားဖြင့် အင်္ဂလိပ်တို့သည် ပြည်သစ်တည်၍ စီးပွားရေးသစ် ပျိုးခဲ့ကြသည်။ ထိုအတူ မင်းတုန်းမင်းကလည်း ပြည်သစ်တည်၍ စီးပွားရေးသစ်ပျိုးခဲ့လေသည်။ သူ့မှာ နိုင်ငံတစ်ဝက်သာ ကျန်တော့သည်ဖြစ်ရာ၊ မြေယာသစ်တော ဆုတ်ယုတ်သွားသည်။ လုပ်အားလျော့သွားသည်။ အခွန်အခ အရနည်းသွားသည်။ ပြန်လည်ထူထောင်ရေး လုပ်ရပေတော့မည်။

တစ်ခုဆိုးရာ ရှိလေသည်။ မင်းတုန်းမင်းသည် မိရိုးဖလာ ဓလေ့ထုံးစံအချို့ကို မကျော်နိုင် ဖြစ်လေသည်။ သူ ပြုပြင်ဆောင်ရွက်ခဲ့သည်မှာ သက်ဦးဆံပိုင်-ပဒေသရာဇ် ဘောင်အတွင်း၌ ဖြစ်လေသည်။

သာဓကပေးရသော် အသက်ရှည်စေလို မန်းတော်ရိပ်နီ ဆိုသော အတိတ်တဘောင်သည် ရှိ၏။ တစ်ဖန် ရှေးမင်းအဆက်ဆက်သည် မြို့တည်နန်းတည်မင်းများအဖြစ်ဖြင့် သာသနာရေး လူမှုရေး ဆောင်ရွက်ခဲ့ကြလေသည်။ ထိုအခါ မင်းတုန်းမင်းသည်လည်း မန္တလေးတောင်ခြေ၌ နေရာထွင်၍ မြို့တော်သစ်တည်ရန် စီမံလေသည်။ မင်းတုန်းမင်း၏ အစီအမံကို အချို့သော မင်းဆရာတော်နှင့် မှူးမတ်တို့က မကြိုက်လေ။ အမရပူရမြို့နေ ပြည်သူများအဖို့လည်း မြို့သစ် ပြောင်းရွှေ့ရေးသည် အဆင်မပြေစရာပင်။ သို့ရာတွင် မင်းတုန်းမင်းမှာ စိတ်အားထက်သန်လှသဖြင့် အချို့သော မင်းဆရာတော်တို့နှင့်-

ကမ္ဘာ့ရှေးလမ်း၊ နိတိကျမ်းနှင့်၊ ထုံးတမ်းညီညီ၊ မင်းလို လိုက်တတ်၊ မင်းကျိုးနပ်သည် မတ်ကဝိ-

တို့က မင်းအလိုကျ ဆောင်ရွက်ပေးခဲ့ကြသည်။ ရတနာပုံ၊ ဝါ၊ မန္တလေးမြို့တော်သစ်လည်း ပေါ်ထွန်းလာတော့သည်။ ထိုမန္တလေးမြို့တော်သည် ရှေးအစဉ်အလာအတိုင်း ကျုံးမြို့ရိုးနှင့် ဖြစ်လေသည်။ ဤသည်





ဆယ့်ကိုးရာစုခေတ် ပြည်ပဘေးရန် ကာကွယ်ရေးသဘော မဆောင်နိုင်။ ခမ်းနားထည်ဝါသည်ဟု၍ကား ဆိုနိုင်ပါလေသည်။

မန္တလေးမြို့တော်ကို ကျုံးမြို့ရိုးလေးဘက်အပြည့် ကာရံထားလေသည်။ ကျုံးမှာ ကြာဖြူကြာနီတို့ဖြင့် ဖုံးနေ၏။ မြို့ရိုးနံနံမှာမူ တစ်ဖက်လျှင် တစ်မိုင်နှစ်ဖာလုံကျော်ကျော်ရှိ တံခါးသုံးပေါက်ကျ ဖောက်ထားသည်။ ထိုတံခါးပေါက်များနှင့် ပြထက်များ၌ ပြာသာဒ်ဘုံဆောင်တို့ဖြင့် တန်ဆာဆင်ထားလေသည်။

ထိုတံခါးပေါက် ဆယ့်နှစ်ခုမှ ရွှေနန်းတော်ရှိရာသို့ ဝင်နိုင်လေသည်။ တံခါးပေါက်မှ လမ်းမကြီးများသည် ဖြောင့်တန်းနေသည့်အပြင် တစ်ဖက်တစ်ချက်တွင် ရေရှင်မြောင်းကလေးများ စီးဆင်းနေလေသည်။ ထိုလမ်းမများပေါ်တွင်လည်း သစ်ရိပ်နို၍ မြင်းရထားကလေးများ ညင်ညင်သာသာ ကူးသန်းသွားလာနေလေသည်။ လမ်းမကြီးများနှင့် ယှဉ်နေသော ပြလမ်းကလေးများပေါ်တွင်လည်း လူသူအသွားအလာ စည်စည်ကားကား ရှိလေသည်။

လမ်းလေးခွဆုံရာကား ကင်းရုံးများထားသည်ကို တွေ့နိုင်လေသည်။ ထို့နောက် စပါးကျီ၊ ဓမ္မာရုံ၊ နန်းတော်ရှေ့ဈေး၊ စည်ရှင်ဈေး၊ ဈေးကလေး၊ ရာဇဝတ်မှုစစ်ရာ အရှေ့ရုံး၊ တရားမမှုစစ်ရာ တရားရုံး၊ မိန်းမများနှင့်ဆိုင်ရာ အနောက်ရုံး၊ ထောင်ကြီး၊ (တစ်ထောင့်ရှစ်ရာ ခြောက်ဆယ်လေးခုနှစ်က စဆောက်ခဲ့၍) ဂျာမန်ဆရာဝန်မာဖယ် ကြီးကြပ်ရာ သူအိုရုံများနှင့်တကွ ရာထမ်းမှုထမ်း နေအိမ်ဝင်းများသည် လေးမျက်နှာစလုံး အကွက်ကျကျ ရပ်တည်လျက် ရှိကြလေသည်။

ထိုနေရာမှ နန်းတော်ဘက်သို့ ဦးတိုက်သွားသော် သစ်တပ်ဝင်းကြီးနှင့် အုတ်မြို့ရိုးတစ်ထပ်က ဆီးကာထားသည်ကို တွေ့ရပေလိမ့်မည်။ အတွင်းဝင်ရန် ဝင်းတံခါးလေးခု ရှိလေသည်။ သစ်တပ်နှင့် အုတ်မြို့ရိုးကြားတွင် ဝင်းမှူးရုံးတွေ ထားရှိသည်။ ဝင်းအတွင်းရှိ အဆောက်အအုံကြီးအချို့ကို ဖော်ပြရသော် အရှေ့ဘက် ရွှေတော်ယူဝင်းတံခါး၏ မြောက်ဘက်တွင် အချိန်ပြပဟိုရ်စင်၊ ထို့နောက် တစ်ထောင့်ရှစ်ရာခြောက်ဆယ်ငါးခုနှစ်တွင် တည်ထောင်သော ဒင်္ဂါးစက်ရုံတို့သည်လည်းကောင်း၊ ရွှေတော်ယူ ဝင်းတံခါး၏ တောင်ဘက်တွင် နွယ်တော်စင်၊ ထို့နောက် အိမ်ရှေ့မင်းသားနှင့်တကွ ဝန်ကြီး ဝန်ထောက်များ အုပ်ချုပ်တရားစီရင်ရာလွှတ်တော်၊ ထို့နောက် နန်းတွင်းမှန်ကျောင်း၊ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



လက်နက်တိုက်တို့သည်လည်းကောင်း ရှိကြသည်။

ထပ်ဖြည့်ရဦးမည်။ ထိုသစ်တပ်ဝင်း အနောက်ဘက် အစွန်တွင် ရေကန်ရေမြောင်း တောတောင်ပုံစံနှင့်တကွ ပန်းခုံမြောက်ဥယျာဉ်တော်၊ ပန်းခုံတောင်ဥယျာဉ်တော်နှစ်ခုရှိကြသည်။ မြောက်ဥယျာဉ်တော် အတွင်း၌လည်း တစ်ထောင့်ရှစ်ရာ ခြောက်ဆယ်လေးခုနှစ်တွင် ကာတိုလစ်ခင်ကြီး ဗီဂန်ဒက်မှာ ပေး၍ ကျမ်းစာအုပ်များ စတင်ပုံနှိပ်ရာ စာပုံနှိပ်ရုံ ထားပေ၏။ တောင်ဥယျာဉ်တော်အတွင်း၌လည်း မင်းမိဖုရားများ နေ့ရာသီ စံမြန်းရန် အိမ်တော်တစ်ခု ဆောက်လုပ်ထားပေ၏။

ထို့နောက် ရွှေတော်ယူ တံခါးသို့ ပြန်လာ၍ အနောက်ဘက် ကြည့်ကြဦးအံ့။ ကိုက်ငါးရာအကွာတွင် အုတ်မြို့ရိုးတစ်ခုက တောင်နှင့်မြောက် ဆီးဟန့်ထားသည်ကို တွေ့ရလိမ့်ဦးမည်။ ဤသည် တံခါးနီအုတ်မြို့ရိုး ဖြစ်လေသည်။ အတွင်းသို့ အခွင့်စာဖြင့်သာ ဝင်ကြရသည်။

ထိုတံခါးနီရှေ့ တူရူတွင်ကား ဆယ်တစ်ပေအမြင့် အုတ်ခုံပေါ်တွင် တည်ဆောက်ထားသော မင်းတို့ အကန်တော့ခံရာ မြေနန်းတော်ကြီးသည် ရွှေရောင်တဝင်းဝင်း တလက်လက်နှင့် ရှိနေ၏။ ဝဲယာနှင့် ရှေ့တွင်လည်း အခါကာလအားလျော်စွာ ပွဲသဘင်ခံရန် ဇာတ်ရုံဇာတ်စင်များ ရှိနေ၏။ မြေနန်းတော်ကြီးနောက်တွင်မူ သံတမန်များကို တွေ့ရာ စေတဝန်ဆောင်၊ သေနတ်အမှုထမ်းများ တာဝန်ထမ်းဆောင်ရာ တောင်နှင့်မြောက် ထားဝယ်ဆောင်၊ မင်းစံမြန်းရာ မှန်နန်းဆောင်နှင့် ရွှေနန်းတော်ဆောင်၊ မိဖုရားမောင်းမမိသံများ စံမြန်းရာ နန်းဆောင်များဟူ၍ အဆောင်ပေါင်း တစ်ရာကျော် ရှိလေသည်။

ထပ်ဖြည့်ရဦးမည်။ အတွင်းဝန်သံတော်ဆင့်များ အုပ်ချုပ်ရာ ဗြဲတိုက်၊ ရာမဇာတ်မျိုး၊ ဦးပုည၏ ဝိဇယဇာတ်မျိုး ခင်းကျင်းရာ ကပွဲတော်ရုံ၊ မင်းအပန်းဖြေရာ ပန်းခုံတော်၊ ထို့နောက် အစည်းအဝေးအုတ်တိုက်၊ ယာဉ်တော်ရုံ၊ ဆင်မင်းတင်းကုပ်၊ မြင်းတင်းကုပ် စသည်တို့ကား နန်းအဆောင်များ ဝန်းကျင်ရှိ အဆောက်အအုံများ ဖြစ်လေသည်။

ဤသည် မြို့တွင်းအနေအထား ဖြစ်လေသည်။ မင်းတုန်းမင်းသည် အမရပူရမြို့တော်ဟောင်းမှ ပြောင်းလာသော ရဟန်းရှင်လူတို့အတွက် မြို့ပြင်လေးရပ်တွင် ရပ်ကွက်ငါးဆယ့်လေးခု သတ်မှတ်၍ နေရာချထားခဲ့ပြန်သည်။





မြို့ဝန်လေးဦးကိုလည်း ကြီးကြပ်စေလေသည်။

ရပ်ကွက် ငါးဆယ်လေးခုအနက် မြောက်ပြင်နှင့် အရှေ့ပြင်မှာ ဆယ့်နှစ်ရပ်ကွက်သာ ရှိလေသည်။ မကျယ်ပြန့်လှ။

မန္တလေးတောင်ခြေရှိ မြောက်ပြင်၌ဆိုလျှင် ကုသိုလ်တော် မဟာလောကမာရဇိန်စေတီ၊ ကျောက်တော်ကြီးဘုရား၊ သုခမ္မာဇရပ်တို့အပြင်၊ ဝေယျာဝစ္စဆောင်ရွက်နိုင်ရန် နန်းမြေဘုံသာစံ နန်းတော်တစ်ခုနှင့် ယာယီလွှတ်တော်တို့ကိုလည်း မင်းတုန်းမင်းက တည်စေခဲ့လေသည်။ ထို့ပြင် မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့၏ ပြုပြင်ရေး အစီအစဉ်အရ မဲနယ်စက်ရုံ၊ သေနတ်လုပ်စက်ရုံ၊ အမြောက်စက်ရုံလည်း ဆောက်လုပ်ထားခဲ့လေသည်။

တစ်ဖန် သံယောများ သိတင်းသုံးရန် ရွှေကျင်တိုက်၊ စံကျောင်းတိုက်၊ ယောမင်းကြီးတိုက်၊ မြောက်စလင်းတိုက် စသည်များကိုလည်းကောင်း၊ နန်းမတော်မိဖုရားဝင်း၊ မြောက်နန်းမိဖုရားဝင်း၊ မြင်ကွန်းမင်းသားဝင်း၊ ပန်းထိမ်းမင်းသားဝင်း စသည်များကိုလည်းကောင်း၊ သူရဲဈေးကိုလည်းကောင်း နေရာချထားပေးခဲ့လေသည်။

အရှေ့ပြင်မှာကား မြောက်ပြင်ဘက် ဘုန်းကြီးကျောင်း ပိုများပေသေး၏။ ထို့ပြင် အရှေ့ပြင်အစွန်တွင် ရတနာနဒီ မြောင်းဖောက်လုပ်၍ ဥယျာဉ်များလည်း ပြုစုထားလေသည်။

လုပ်ငန်းကိုင်ငန်းပေါသည်မှာ တောင်ပြင် အနောက်ပြင်တို့ ဖြစ်လေသည်။ သာသနာရေး ဂရုစိုက်နေသော အခါကာလဖြစ်၍ မြောက်ပြင်၊ အရှေ့ပြင်နည်းတူ ဘုန်းကြီးကျောင်းလည်း ပေါပေါများများ ရှိလေသည်ပင်။

ထို့ပြင် တောင်ပြင်တွင် ရွှေချည်ထိုး၊ ရွှေဆိုင်း၊ ပန်းထိမ်၊ မှန်စီရွှေချ၊ ကျောက်ဆစ်၊ ထီးချုပ်၊ မြင်းကုန်းနှီးချုပ်လုပ်ငန်း အစုသားတွေ နေကြသည်။ တစ်ဖန်မိဖုရားအသိုက်အဝန်းတွေ၊ အမြောက်အမှုထမ်းတွေ၊ တရုတ်ကပြားတွေ၊ ရှမ်းတွေ၊ ရခိုင်အဆက်အနွယ်တွေလည်း နေကြသည်။

အနောက်ပြင်တွင်မူ ကုန်သည်ပွဲစားလည်း ပေါ၏။ လူမျိုးခြားတွေလည်း ရုံလှပေသည်။ ထို့ကြောင့် ရွှေကျီးမြင် စေတီဘုရားရှိသကဲ့သို့ ဗလီ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း စသည်တို့လည်း ရှိလေသည်။ တစ်ဖန် ဝယ်စရာဈေးတွေမှာ မနည်း။ မနက်ဈေးဖြစ်သော ညောင်ပင်ဈေး၊ အသီးအနှံပေါသော ယိုးဒယား



www.burmeseclassic.com

www.burmeseclassic.com



ဈေး၊ အထည်အလိပ်ထုတ်သော ရပ်ကွက်ဈေး၊ ကုန်စုံဖြန့်သောဈေးကြီး (ချို) တော်စသည်ဖြင့် ဖြစ်လေသည်။ အနောက်ပြင်မှာ ဧရာဝတီမြစ်နှင့်လည်း နီးနေ၊ မတ္တရာဘက်မှ စီးဆင်းလာသော ရွှေတချောင်းကလည်း ဖြတ်သန်းနေသည်ဖြစ်ရာ အထက်အောက် ကုန်စုဆေးရာ၊ ဖလှယ်ရာ ဖြစ်တော့သည်။

ဤသည် မန္တလေးရှခင်း ဖြစ်လေသည်။ ရှခင်း၌ မိရိုးဖလာနှင့် ခေတ်သစ်လုပ်ငန်းများ ရောနှောနေသည် သဘောနိမိတ် ပေါ်နေလေသည်။ တစ်နိုင်ငံလုံး၏ အုပ်ချုပ်ရေး စီးပွားရေးကို ခြုံ၍ကြည့်ကြဦးစို့။

မင်းတုန်းမင်းသည် ဗုဒ္ဓဘုရားဟော မင်းကျင့်တရား၊ အပရိဟာနိယတရားနှင့်အညီ အုပ်ချုပ်လိုသောမင်း ဖြစ်လေသည်။ ထို့ကြောင့် တိုင်းရေးပြည်မှုတို့တွင် မှူးမတ်တို့နှင့်တိုင်ပင်၍ လွှတ်တော်ဗြဲတိုက်မှစ၍ မြို့ဝန်၊ ရုံးဆော်ဘွားအလယ်၊ ကျေးရွာသူကြီးအဆုံး သူ့နေရာနှင့်သူ ခွဲဝေဆောင်ရွက်နိုင်ရန် စီမံပေးခဲ့လေသည်။ ရာထမ်းမှုထမ်းများ အဂတိလိုက်စားခြင်း၊ ပြည်သူ့အပေါ် ညှဉ်းဆဲခြင်း မရှိရအောင် ဥပဒေများ ပြဋ္ဌာန်းပေးခဲ့လေသည်။

ရှေးအခါက မြို့စား ရွာစားများသည် စိတ်တိုင်းကျ ပုဂ္ဂလိက အခွန်ကောက်ခံခြင်း ရှိခဲ့၏။ ထိုအဖြစ်ကို ပပျောက်ရန်ဟူ၍ (မိဖုရားခေါင်ကြီးနှင့် အိမ်ရှေ့မင်းသားမှတစ်ပါး) ရာထမ်း မှုထမ်းများကို လစာပေးသည့်စနစ်ကို မင်းတုန်းမင်း စတင်ကျင့်သုံးလေသည်။

ထိုစနစ်နှင့်ယှဉ်တွဲ၍ အခွန်စီးကြပ်မှု စနစ်ကျအောင် သူ အားထုတ်ပြန်လေသည်။ သူသည် ကင်းခွန်၊ သစ်တောခွန်၊ တွင်းခွန်၊ ပဲခွန်၊ အကောက်ခွန် စသည်တို့အပြင် သဿမေဓအခွန်–တစ်အိမ်ထောင်လျှင် ဝင်ငွေ ဆယ်ဖို့တစ်ဖို့ ကောက်ခံစေလေသည်။ အနည်းငယ် ရှင်းရပေဦးမည်။ သဿမေဓ အခွန်ကို စီးပွားရေး ဖွံ့ဖြိုးသည့်အလိုက် ကောက်ခံစေလေသည်။ လယ်ယာကိုင်းကျွန်း အုန်း၊ ထန်း၊ ကွမ်းသီးလုပ်သူများကို ဆယ်ဖို့တစ်ဖို့ ကောက်ခံ၍ မလုပ်သူ မရှိသူများကိုကား သုံးကျပ်စီသာ ကောက်ခံစေလေသည်။ တစ်ဖန် မိုးခေါင်ခြင်း၊ မိုးလောင်ခြင်း ဘေးကြုံကြိုက်လျှင်လည်းကောင်း၊ အိုမင်းမစွမ်း ရှိလျှင်လည်းကောင်း သမာဓိ လူကြီးများ၏ ထောက်ခံချက်အရ အခွန်တော်လွှတ်ငြိမ်းစေတော့သည်။ သဿမေဓ စသည့်အခွန်များ စည်းကြပ်ပုံမှုတသဖြင့် ဘဏ္ဍာတော် ဝင်ငွေလည်း တိုးလာတော့သည်။



တစ်ခု ဆိုစရာရှိလေသည်။ တစ်ဖက်က အခွန်အခ ကောက်ခံသကဲ့သို့ အခြားတစ်ဖက်ကလည်း ကုန်ပစ္စည်း တိုးတက်ထုတ်လုပ်နိုင်ရမည် ဖြစ်လေသည်။ မင်းတုန်းမင်းသည် အောက်မြန်မာနိုင်ငံကို အားကိုး၍ မဖြစ်နိုင်တော့သဖြင့် မိမိနိုင်ငံတွင် စပါး၊ နှမ်း၊ ပြောင်း၊ ဂျုံ၊ ဆေး၊ ငရုတ် စသည်ကို ပိုထွက်အောင် အမျိုးမျိုးကြိုးစားခဲ့လေသည်။ အထူးသဖြင့် စပါးစိုက်ပျိုးရေးတွင် လယ်သမားများကို ကျွဲ၊ နွား မျိုးစေ့ယူနိုင်စေရန် ငွေကြေးထောက်ပံ့ခဲ့လေသည်။ ထို့ပြင် ကန်ချောင်း ဆည်မြောင်း အသစ်တူး ဖော်ခြင်း၊ အဟောင်းပြုပြင်၍ ရေသွားရေလာ ကောင်းအောင် လုပ်ဆောင်ခြင်းဖြင့် လည်းကောင်း၊ တစ်နှစ်လျှင် နှစ်သီးသုံးသီးစားရအောင် လုပ်ဆောင်ခြင်းဖြင့်လည်းကောင်း ကုန်ထုတ်စွမ်းအားတိုးပွားစေလေသည်။

ကုန်ထုတ်စွမ်းအားတိုး၊ အခွန်ဘဏ္ဍာ တိုးလာသည်နှင့်အမျှ အရင်းအနှီးမြုပ်နှံမှုလည်း များလာလေသည်။ ထိုအထဲတွင် ပြည်ပသို့ သံတော်ဆင်ပန်းတဉ်းဝန် ဦးရွှေဘင်ကဲ့သို့ နာမည်ကျော်သူများ စေလွှတ်၍လည်းကောင်း၊ စေတနာရှိသော နိုင်ငံခြားသားများ၏ ကအူအညီယူ၍လည်းကောင်း၊ မင်းတုန်းမင်းက စက်ကိရိယာများ ဝယ်ယူခြင်း၊ ထို့နောက် စာပုံနှိပ်စက်ရုံ၊ လက်နက်စက်ရုံ၊ ဒင်္ဂါးစက်ရုံ၊ မဲနယ်ရုံ စသည် တည်ထောင်ခြင်း၊ မီးသင်္ဘောများ အသုံးပြုခြင်းတို့ ပါလေသည်။

သို့ရာတွင် စက်ကိရိယာတွေဝယ်၍ စက်ရုံတွေ တည်ထောင်ရုံဖြင့် မပြီးသေး။ ခေတ်သစ် စက်မှုလက်မှု ပညာကျွမ်းကျင်သူ လိုပေသေးသည်။ ထို့ကြောင့် မင်းတုန်းမင်းသည် ပြည်ပ ကျွမ်းကျင်သူများကို ငှားရမ်းအသုံးပြုသည်သာမက နိုင်ငံခြားသို့လည်း ပညာတော်သင်များ စေလွှတ်ခဲ့လေသည်။ ဖော်ပြပါ ဦးရွှေဘင်သည် မင်းတုန်းမင်း နန်းတက်စကတည်းကပင် ကာလကတ္တား၌ ပညာဆည်းပူးခဲ့သူဖြစ်သည်။

ဤတွင် မင်းတုန်းမင်း၏ ခေတ်မီလုပ်ငန်းများ၌ အိမ်ရှေ့ကနောင်မင်းသားနှင့် ယောအတွင်းဝန် ဦးလှိုင်စသူများသည် ကိုယ်ဇီရင်ဇီ ကူညီခဲ့ကြသည်။ ကနောင်မင်းသား အကြောင်းကို အနည်းငယ် ရေးရပေဦးမည်။

သူသည် ခေတ်ပညာမတတ်သော်လည်း မြန်မာနိုင်ငံ ခေတ်မီရေးအတွက် အလွန်စိတ်အားထက်သန်သူ ဖြစ်လေသည်။ သူသည် ပြည်ပအခြေအနေ အထူးသဖြင့် အင်္ဂလိပ်တို့၏ အခြေအနေကို အမြဲတစေ စောင့်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



ကာလကတ္တားထုတ် အင်္ဂလိပ်သတင်းစာ၊ ရန်ကုန်ထုတ် အင်္ဂလိပ်သတင်းစာများကို မှာယူကာ အာမေနီယံလူမျိုး ရာထမ်းမှုတမ်းများကို ဘာသာပြန်စေ၍ လေ့လာ၏ (၁၁၇)။ ထို့ပြင် ဦးရွှေဘင်၊ ဦးရွှေအိုး၊ ဦးမြူ စသူများကို အီနိယ၊ ပြင်သစ်၊ အင်္ဂလန်စသော နိုင်ငံများသို့ ခေတ်ပညာသင်ရန် စေလွှတ်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ရွေးချယ်ပေးခဲ့လေသည်။ ဇရင်ဂျိုးခင်ကြီး ဗိုက်ဒက်နှင့် တိုင်ပင်၍ မီမီ၏ စရိတ်ဖြင့်လည်း ရန်ကုန်ရှိ ကွန်ဗင့်ကျောင်းတွင် မိန်းကလေးလေးဦးကို ထားခဲ့လေသည်။ တစ်ဖန် မီမီ၏ မင်္ဂလာအိမ်တော်၌ ထက်ထက်မြက်မြက် လူငယ်များကို စည်းရုံးကာ တစ်ဦးကိုတစ်ဦး ပညာဖြန့်ဝေစေလေသည်။ ပမာအားဖြင့် ပြည်ပမှ ပညာတတ်မြောက်ပြီးခဲ့သော ဦးရွှေဘင်သည် အိမ်တော်ရှေ့ကျောင်းတော်ဦးဆောင်တွင် "အမြောက်ဘုံး (ဂုံး) ပစ်နည်းစနစ်တွက်ပုံ မာသေမာတိတ် စာအုပ်ငယ်"ကို ဘာသာပြန်ပေးခဲ့လေသည် (၁၁၈)။ ကနောင်မင်းသားကိုယ်တိုင်ပင် စက်ရုံလုပ်ငန်း အရပ်ရပ်ကို မြတောင်ဝန်ကြီး ဦးမှိုနှင့်အတူ ကြီးကြပ်အုပ်ချုပ်ခဲ့လေသည်။

သို့ရာတွင် လေ့ပြေတုန်း တက်ကျိုးခဲ့ရလေသည်။ ကနောင်မင်းသားသည် အလုပ်ကြံခံခဲ့ရလေသည်။

ဖြစ်ပုံမှာ မင်းတုန်းမင်း၏ အစီအစဉ်အရ မင်းသားအများသည် ကနောင်မင်းသား၏ အထိန်းအကွပ်အောက်တွင် ရှိကြရသည်။ ထိုအခါ မင်းသားများက ကျပ်တည်းကျဉ်းမြောင်းသည်ဟု ထင်လေသည်။ အထူးသဖြင့် ဘုရင်လုပ်ချင်နေသော မြင်ကွန်းမင်းသားနှင့် သူ့ညီ မြင်းခုံတိုင်မင်းသားတို့က မကျေမနပ်ရှိလေသည်ဟုသော ကြိမ်းဝါးသံသည် မြင်ကွန်းမင်းသားထံမှ ထွက်လာခဲ့လေသည် (၁၁၉)။ မင်းတုန်းမင်းနှင့် မှူးမတ်များသည် ရံဖန်ရံခါ နန်းမြို့ရိုးအပြင်ထွက်၍ နန်းမြဘုံသာစံနန်းတွင် စံနေကာ လယ်ထွန်မင်္ဂလာကိစ္စ၊ ဘုရားဝေယျာဝစ္စစသည်ကို လုပ်ဆောင်တတ်လေသည်။ ထိုအခါ မြင်ကွန်းမင်းသားအဖို့ အခွင့်အရေး ရနိုင်သည်။ သူတို့ညီနောင်သည် ဗေဒင်နက္ခတ် နားလည်သော ဦးပုညကို တိုက်တဆိတ်ခေါ်၍ အခါတောင်းလေသည်။ ဦးပုညက ရှေ့စားကြောက်ရ၍လား မဆိုနိုင်၊ အခါပေးလေသည်။ အခါပေးချိန်ကား တစ်ထောင့်ရှစ်ရာ ခြောက်ဆယ့်ခြောက်ခု၊ သြဂုတ်လ နှစ်ရက် မွန်းတည့်အချိန်ပေတည်း။





ထိုနေ့တွင် မင်းတုန်းမင်းသည် နန်းမြဘုံသာစံနန်းသို့ ရောက်ရှိနေ၏။ ကနောင်မင်းသားမှာလည်း လွှတ်တော်အနီးရှိတဲကြီးထဲတွင် တိုင်းရေးပြည်မှုကိစ္စ၊ သာသနာရေးကိစ္စများကို မှူးမတ်များနှင့် ဆွေးနွေးတိုင်ပင် နေလေသည်။ မွန်းတည့်ချိန်ရောက်လေပြီ။ ထိုစဉ်တွင် မြင်ကွန်းမင်းသားနှင့် လူတစ်စုက ဓားဖွေးဖွေးကိုင်၍လိုက်သဖြင့် အသက်ဘေးလွတ်အောင် ရှောင်ရသကဲ့သို့ မြင်းခုံတိုင်မင်းသား အော်ဟစ်ပြေးလာသည်။ သို့ရာတွင် ကနောင်မင်းသား၏ အမှုထမ်းတစ်ဦးကလည်း ရန်သူတော်ပါဘုရား- ရန်သူတော်ပါဘုရားဟု အော်ဟစ်သတိပေးလေသည်။ အခြေအနေမှာ ကနောင်မင်းသား၌ ကာကွယ်ရန် လက်နက်မရှိ။ နန်းတွင်း၌ ဘုရင့်လက်သုံးတော်ကိုင်များသာ လက်နက်ကိုင်ခွင့် ရှိသည်မဟုတ်ပေလော။ ကနောင်မင်းသားသည် လွှတ်တော်အတွင်းဘက်သို့ ရှောင်ရန် လွှတ်တော်လှေကားသို့ ပြေးအတက်၊ ရန်သူ့ဓားချက်ထိ၍ အနိစ္စရောက်လေသည်။ ထို့အတူ မြတောင်ဝန်ကြီးဦးမှိုနှင့် မှူးမတ်အများလည်း ရန်သူ့ဓားချက်ဖြင့် အနိစ္စရောက်ကြလေသည်။

မြင်ကွန်းမင်းသား ဦးဆောင်သော သူပုန်များသည် နန်းမြဘုံသာစံနန်းတော်ဘက်သို့ ဦးလှည့်ပြန်လေသည်။ သို့ရာတွင် ထိုဘက်က အဟန့်အတား အခုအခံရှိနေသဖြင့် ပွဲတော်ဆောင်၌ ရှိနေသော မင်းတုန်းမင်းကို လုပ်ကြံခွင့် သူတို့မရ။ မင်းတုန်းမင်းမှာလည်း သားဖြစ်သူ မက္ခရာမင်းသား၏ အကူအညီဖြင့် နန်းမြို့ရိုးအတွင်းသို့ ပြန်ဝင်ရန် အချိန်ရလေသည်။

ထိုသို့ ရုတ်ရုတ်ရက်ရက် ဖြစ်နေချိန်တွင် အိမ်ရှေ့ကနောင်မင်းသား၏ သားဖြစ်သူ ပန်းတိမ်းမင်းသားသည် ရုပ်ဖျောက်ရှောင်ထွက်ကာ လက်နက်စက်ရုံရှိရာသို့ အရောက်သွား၍ လူသူစုဆောင်းပြီးလျှင် ရွှေဘိုဘက်သို့ ထွက်လေသည်။

သူပုန်များသည် မြို့ရိုးအတွင်းဝင်၍ လွှတ်တော်ကို စီးလေသည်။ မကွေးဝန်ကြီး ဦးကြာဥစသူများကိုလည်း ဖမ်းလေသည်။ ထို့နောက် တံခါးနီကို ဖောက်ရန် ကြိုးစားလေသည်။ မြေနန်းတော်ဘက်မှ မက္ခရာမင်းသားနှင့် ပခန်းဝန်ကြီး ဦးရန်ဝေတို့ ဦးစီး၍ ပြန်တိုက်လေသည်။ အပြင်မှလည်း အိမ်ရှေ့မင်းသား၏ စစ်သည်များက ပြန်တိုက်လေသည်။ သူပုန်များ အရေးမလှ၍ မိုးအချုပ်တွင် အနောက်ရုံးဘက်သို့ ဆုတ်ရလေသည်။ ထိုဘက်မှ သူတို့ပြန်တိုက်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အင်အားချင်းမမျှ။ သူပုန်များသည် သဘော်ဆိပ်သို့ ဆုတ်ခွာပြီးလျှင် အစိုးရပိုင် ရေနံစကြာသင်္ဘောကို အတင်းလုယူကာ စုန်ဆင်းလေသည်။

သူတို့သည် မြစ်စဉ်တစ်လျှောက် မြို့ရွာများတွင် ရွှေငွေသေနတ် လူသူသိမ်းယူ၍ မလွန်မြို့အထိ ဆင်းလေသည်။ ထိုကမှ ပြန်ဆန်ကာ မြင်းခြံတွင် အနိုင်အမာနေလေသည်။ ထိုအခါ အစိုးရဘက်က ရေနံချောင်းအတွင်းဝန် (နောင်ဝန်ကြီး) ဦးရွှေကိုဦးစီး၍ တိုက်နိုက်နှိမ်နင်းရလေသည်။ သဘော်မလုံ လောက်၍ ဘောကျောင်းသရက်ဘက်ရှိ အင်္ဂလိပ်ပိုင် သင်္ဘောနှစ်စီးကိုပင် ယူငင်သုံးစွဲရလေသည်။ သူပုန်များလည်း အရေးနိမ့်ကာ အင်္ဂလိပ်ပိုင်နက်တွင် နိုဝင်ကြလေသည်။ သို့ရာတွင် အင်္ဂလိပ်ပိုင်နက်တွင် ကြာကြာမနေ။ အရှေ့ဘက် ကရင်နီနယ်သို့သွား၍ လူစုပြီးလျှင် အနှောင့်အယှက်ပေးလေသည်။ အစိုးရစစ် သည်များလည်း ရှမ်းပြည်ဘက်သို့ အချိန်မီရောက်ကာ သူပုန်ရန်ကို တားဆီး နိုင်ခဲ့လေသည်။ ဤတွင် မြင်ကွန်းမင်းသားသူပုန်နှင့် မရွေးမနှောင်းတွင် ပန်းတိမ်းမင်းသား ဦးဆောင်သော သူပုန်ကလည်း အထက်တစ်ပိုက်တွင် ထခဲ့လေသည်။ ထိုသူပုန်ရန်ကိုလည်း ညောင်ရမ်းမင်းသား ဦးစီး၍ နှိမ်နင်း နိုင်ခဲ့လေသည်။

အတိုချုပ်ရသော် နှစ်အကုန်တွင် ပြည်တွင်းအခြေအနေ တည်ငြိမ်လာပြီဟု ဆိုနိုင်လေသည်။ သူပုန်ရန် နှစ်ရန်အတွက် လူသူ၊ သေနတ်၊ သင်္ဘော အတော် သုံး၍ တိုက်ယူခဲ့ရသည်။ မင်းတုန်းမင်းသည် နိုင်ငံလုံခြုံရေးအတွက် နောက်ထပ် သင်္ဘောနှင့် ရိုင်ဖယ်သေနတ်များ လိုချင်နေလေသည်။

မင်းတုန်းမင်း၏ အလိုဆန္ဒသည် အင်္ဂလိပ်တို့၏ ကုန်သွယ်ရေးမူတွင် အကွက်ဝင်လေပြီ။ သူတို့က ကုန်သွယ်ရေးနယ်ပယ် ချဲ့ချင်သည်။ ချဲ့နိုင်ရ အောင် မင်းတုန်းမင်းဘက်က လျှော့မှဖြစ်လိမ့်မည်။

အင်္ဂလိပ်တွေ လိုချင်သော အချက်နှစ်ချက် ရှိလေသည်။ မင်းတုန်းမင်း ဘက်က ပြည်ထောင်ချင်းလွတ်လပ်စွာ ကုန်သွယ်ခွင့်ပြုသော စာချုပ် လက်မှတ် ရေးထိုးခဲ့သော်လည်း ဝါ၊ ဂျုံ၊ သကြား၊ ထန်းလျက်၊ ကျွန်းသစ်၊ ရေနံ၊ ပတ္တမြား စသည်တို့ကို ကုန်တော် လုပ်ထားလေသေးသည်။ အဓိပ္ပာယ်မှာ ထိုပစ္စည်းများကို ထုတ်လုပ်သူထံမှသော်လည်းကောင်း၊ အရပ်သားကုန်သည် ပွဲစားထံမှသော်လည်းကောင်း လွတ်လွတ်လပ်လပ် ဝယ်၍မရ။ ဘုရင်သည် လက်ကားအဝယ်တော် ဖြစ်နေသည်။ ဘုရင့်ကိုယ်စားလှယ်များထံမှသာ ဝယ်ခွင့်





ရှိလေသည်။ ထိုအခါ အင်္ဂလိပ်တွေက သူတို့ကြိုက်ဈေးနှင့် မဝယ်နိုင်ဘဲ ဈေးတစ်ဆင့် တင်ထားသည့်အတိုင်း ဝယ်နေရသည်။ တစ်ဖန် မြန်မာဘုရင် ကိုယ်စားလှယ်များမှာမူ ရန်ကုန်ဈေးမကြိုက်လျှင် ကာလကတ္တား၊ မဒရပ် စသည့်နေရာများသို့ လွတ်လွတ်လပ်လပ် ဝယ်၍ဖြစ်လေသည်။ ထို့ကြောင့် အင်္ဂလိပ်ကုန်သည်များဘက်က နာသည်ဟု သဘောရလေသည်။

အင်္ဂလိပ်တွေလိုချင်သော ဒုတိယအချက်မှာ တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေး ကိစ္စဖြစ်လေသည်။ အင်္ဂလိပ်တို့သည် တရုတ်နိုင်ငံ အရှေ့ဘက် ဆိပ်ကမ်းမြို့ များတွင် အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်၍ ကုန်သွယ်နေရသည်။ ထို့ကြောင့် သူတို့သည် မြန်မာနိုင်ငံမှဖြတ်၍ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ဘက်သို့ ထိုးဖောက်ချင်သည်။ လက်ရှိအခြေအနေအရ မန္တလေးတွင် အစိုးရကိုယ်စားလှယ် (အရေးပိုင်) ထားရုံဖြင့် မလုံလောက်၊ ဗန်းမော်တွင်လည်း လက်ထောက်ကိုယ်စား လှယ် ထားချင်သည်။

အင်္ဂလိပ်နှင့်၊ မြန်မာဘက်၊ နှစ်ဘက်စလုံးက လိုလားနေသည့်အတိုင်း မန္တလေးသို့ အင်္ဂလိပ်သံအဖွဲ့ လာရောက်ရန် လမ်းသာခဲ့တော့သည်။ ထိုအဖွဲ့ကို မဟာဝန်ရှင်တော်မင်းကြီး အသစ်ဖြစ်သူ ဗိုလ်မှူးကြီးဖိုက် (၁၂၀)က ခေါင်းဆောင်၍ ထိုအဖွဲ့တွင် မင်းကြီးကတော်နှင့် ရာဇဝတ်မင်းကြီး၊ အကောက်ဝန်၊ ဆရာဝန်၊ ဘာသာရေးဆရာ စသူများလည်း ပါသည်။ ဂေါ်ရာလက်နက်ကိုင် ခုနစ်ဆယ် ကျော်လည်းပါသည်။ စုစုပေါင်း လူတစ်ရာ ခုနစ်ဆယ်ခြောက်ယောက် ရှိသည်။ ထိုအဖွဲ့သည် တစ်ထောင်ရှစ်ရာ ခြောက်ဆယ်ခုနစ်ခုနှစ်၊ စက်တင်ဘာလထဲ တွင် မီးသင်္ဘောနှစ်စီး၊ တွဲသမ္ဗန်တစ်စီးဖြင့် မန္တလေးသို့ ဆန်တက်လေသည်။

ထိုအဖွဲ့ မင်းလှဆိပ်ကမ်း အရောက်တွင် မင်းတုန်းမင်း လွှတ်လိုက်သော ကိုယ်စားလှယ်အဖွဲ့၊ ဝါ၊ ပုပ္ပားဝန်ထောက်ဦးမှုန် ခေါင်းဆောင်၍ သံတော် ဆင့် ပန်းတည်းဝန် ဦးရွှေဘင် ပါဝင်သောအဖွဲ့က ကြိုဆိုနှုတ်ခွန်းဆက်လေသည်။

တစ်ဖန် ထိုအဖွဲ့သည် ခရီးစဉ်တစ်လျှောက် မကွေး၊ ရေနံချောင်း၊ ပခန်းငယ်၊ စလေ၊ ပုဂံ၊ ပခန်းကြီးမြို့နယ်–ကွန်းရွာ ဆိမ်းနဲ၊ ကျောက်တစ်လုံး စခန်းတို့တွင် ညအိပ် ရပ်နားသည့်အခါ မြန်မာဘက်က လှေလောင်းများဖြင့် ဆီးကြို၊ မဏ္ဍပ်ကနားထိုး၍ ပွဲလမ်းသဘင်တို့ဖြင့်၊ စားဖွယ်သောက်ဖွယ်တို့ဖြင့် ဧည့်ဝတ်ပြုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာလ နှစ်ရက်နေ့ မွန်းလွဲသုံးနာရီ အချိန်တွင် မန္တလေးဆိပ်ကမ်းသို့ အင်္ဂလိပ်သံအဖွဲ့ သင်္ဘောများ ဆိုက်ကပ်လေသည်။ ရှစ်ရက်နေ့ နံနက်တွင် ရေနံချောင်းဝန်ကြီး ဦးရွှေဗိုး၊ ကင်းဝန်ထောက် ဦးကောင်းစသော မြန်မာမှူးမတ်တို့ လာရောက်နှုတ်ခွန်းဆက်ကြလေသည်။ ကိုးရက်နေ့ နံနက်တွင်မူ မဟာဝန်ရှင်တော်မင်းကြီး ဖိုက်ကို ရွှေထီးနှစ်လက်မိုး၍ ဆင်စီးစေလျက်–

မင်းကြီးကတော်ကို ရွှေထီးနှစ်လက်မိုး၍ မီးရထားခေါင်ကြီးထဲမှ ပို့လိုက်သော သုံးထပ်လည်ပေါ် ယွန်းဆက်ရွှေချယောဉ် စီးစေလျက်–

အခြားအရာရှိများကို ဆင်ကိုယ်စီ စီးစေလျက် ဂေါ်ရာလက်နက်ကိုင်တို့ကို နောက်မှ ကုန်းကြောင်းလိုက်ပါစေလျက်–

မောက်တိုမောက်လုဆောင်း၊ မျဉ်းတို မျဉ်းရှည်ဝတ် ခြေလျင်တပ်၊ မြင်းတပ်တို့ခြံရံပြီးလျှင် အနောက်ပြင်ရှိ သံရုံးအရောက် လိုက်ပို့ကြလေသည်။ သံရုံးဝင်းတွင်လည်း နေ့ကို မြန်မာအောက်ကြီး အတီးအကာ၊ ရာမအောက်ကြီး အတီးအကာ၊ ညကို သဘင်ရုပ်စုံတို့ဖြင့် ဖျော်ဖြေနေစေလေသည်။

ထိုနောက် မန္တလေးမြို့ရှိ အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ် (အရေးပိုင်) ဗိုလ်ကြီးစလေဒင် (၁၂၁)သည် မင်းတုန်းမင်းထံ အင်္ဂလိပ်သံအဖွဲ့ ဝင်ရောက်ခစားရန် မြန်မာအစိုးရထံမှ ရက်တောင်းရလေသည်။ မြန်မာအစိုးရဘက်က မဆိုင်းမတွ ဆယ့်တစ်ရက်နေ့ကို စီစဉ်ပေးလေသည်။

ထိုနေ့တွင် သံအဖွဲ့ဖြတ်မည့် လမ်းတစ်လျှောက် တပ်ဝင်းခင်းကျင်း၍ ထားလေသည်။ သံအဖွဲ့သည်လည်း ဂေါ်ရာ လက်နက်ကိုင်များ ခြံရံ၍ လက်ဆောင်ပဏ္ဏာများနှင့်တကွ၊ မြို့တော်တွင်းသို့ ဝင်ရလေသည်။ ထိုနောက် ရှေ့ရုံးကနားပြင်တွင် ဂေါ်ရာ လက်နက်ကိုင်များကို ထားရစ်၍ လွှတ်တော်ဝတွင် စောင့်ကြိုနေသော ပခန်းဝန်ကြီး ဦးရန်ဝေး၊ ရေနံချောင်းဝန်ကြီး ဦးရွှေဗိုး စသူများကို နှုတ်ခွန်းဆက်ရလေသည်။ မြေနန်းတော်ရှေ့ ရောက်သော်ကား သံအဖွဲ့သည် ဦးထုပ်ခြေနင်းချွတ်၍ ဇေတဝန် ဆောင်ရှိရာသို့ ဝင်ရလေသည်။ ဇေတဝန်ဆောင်တွင် သားတော် မင်းသားများ၊ မှူးမတ်များ အလယ်၌ မင်းတုန်းမင်းက စောင့်ကြိုနေလေသည်။

မင်းတုန်းမင်းနှင့် သံအဖွဲ့ ပထမတွေ့ဆုံရာတွင် အထူးအထွေ မပြောကြ။ ဖိုက်ကို ဆယ်နှစ်သွယ် ရွှေစလွယ်ချီးမြှင့်၍ သံအဖွဲ့၏ နေရေးထိုင်ရေး အဆင်ပြေပြေကိစ္စ၊ မန္တလေးမြို့တော် ခမ်းနားသည့်ကိစ္စ၊ ဗိုလ်ကြီးစလေဒင်က





နှစ်ပြည်ထောင် ချစ်ကြည်ရေး ဝါယမစိုက်ထုတ်သည့် ကိစ္စလောက်သာ ပြောကြဆိုကြသည်။ ထို့နောက် မင်းတုန်းမင်း အတွင်းတော်သို့ ဝင်သောအခါ သံအဖွဲ့ကို မုန့်မျိုးစုံ၊ ယိုမျိုးစုံ၊ သစ်သီးမျိုးစုံ၊ ဆီမံမျိုးစုံ တည်ခင်းကျွေးမွေးလေသည်။ ထိုအထဲတွင် အညာကြိုက် ပုရစ်ကြော်လည်း ပါလေသည်။

ဒုတိယအကြိမ် မင်းတုန်းမင်းကို သံအဖွဲ့ တွေ့ဆုံရသည်မှာ တောင်ဥယျာဉ်တော် စံနန်းတော်တွင် ဖြစ်လေသည်။ ထိုအခါ နှစ်ဦးနှစ်ဖက် စကားပြောဆိုကြရာ အလုပ်သဘော ပါလာလေသည်။ မင်းတုန်းမင်းနှင့် ဖိုက်တို့ အချီအချ ပြောဆိုကြပုံကို အောက်တွင် မြင်နိုင်လေသည်။

အင်္ဂလိပ်ဝန်ကြီးက သံတိုက် မီးသင်္ဘောတစ်စင်း၊

ကုန်သွား မီးသင်္ဘောတစ်စင်း ဝယ်ယူဆက်သရမည်။

ဆက်သပါမည်။

တိုက်သင်္ဘော ဝယ်ယူဆက်သလျှင် ဝန်ကြီး၊ ငါကိုသာ၍ ချစ်ကြည်ကြောင်း ထင်ရှားလိမ့်မည်။ ဖယ်ရာလာစဉ်ကလည်း မီးသင်္ဘောနှစ်စင်း ဝယ်ယူဆက်သမည် တင်ဖူးသည်။ ဝန်ကြီး မပြန်မီ ဆက်သမည့် မီးသင်္ဘော စနစ်ပုံစံများကို ဆက်သရမည်။

ယခု စနစ်ပုံစံမပါပါ။ ရွှေဖဝါးတော်အောက်က ပြန်လည်၍ အင်္ဂလိပ်မြို့သို့ ရောက်ကာလမှ စနစ်မျိုးစုံ ဆက်သပါမည်။ အလိုတော်ရှိရာ ရွေးချယ်တော်မူသည်ကို ဝယ်ယူဆက်သပါမည်။

မီးသင်္ဘောရှိလျှင် ကုန်သည် ဆင်းရဲသားမှစ၍ အလွယ်တကူ သွားလာကူးသန်းနိုင်သည်။ စီးရိမ်ရန်မရှိ၊ စိတ်ဝမ်းချမ်းသာ စီးနင်းသွားလာရသည်။

ဗိုလ်သုံးယောက်တန်သည် လေးယောက်တန်သည်ကို ဝန်းမော်မြို့က တရုတ်နိုင်ငံရောက် လမ်းစခန်း အကြည့်အရှုသွားစေရန် အခွင့်ရလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခွင့်ပေးတော်မူမည်။ သ(စ) လေတင်ကို စေလွှတ်လျှင် သာ၍ကောင်းမည်။ အင်္ဂလိပ်မင်းက အရာရှိသုံးယောက်တန်သည် လေးယောက်တန်သည် စန်းမော်မြို့က တရုတ်နယ်စပ်ရောက် စေလွှတ်ရန်စာနှင့် တောင်းသည့်စကားမှာ ဝန်ကြီးက အလွှာနှင့် တင်လျှောက်ရမည်။

အမိန့်တော်မြတ်ရင်းအတိုင်း အလွှာနှင့် တင်ပါမည်။

မင်းတုန်းမင်းသည် စကားခေါ်ဖြတ်၍ နန်းမြို့ရှိ အခြားကြည့်ရှုစရာများအကြောင်း၊ မဟာဝန်ရှင်တော်မင်းကြီးကတော်ကို အချိန်မရွေး နန်းတော်ဝင်ခွင့်ပြုသည့်အကြောင်း၊ ပခန်းဝန်ကြီးနှင့် စာချုပ်ကိစ္စဆွေးနွေးမည့် နေ့ရက်သိလိုသည့်အကြောင်း ဆက်ပြောလေသည်။ ထို့နောက် မူလပြောရင်းစကားပြန်ကောက်သဖြင့် ဗိုက်ကလည်း အလိုက်သင့် ပြန်လျှောက်လေသည်။

မိုးသခေါ်ဘသေနတ်များကို မရ-ရတောင် မင်းကြီးကလုံ့လထုတ်၍ အမှုတော်ကို ထမ်းရွက်စေလိုသည်။

ဝယ်ယူဆက်သ ထမ်းရွက်ပါမည်။

ရိုင်းဖယ်သေနတ် မိုးသခေါ်ဘများကို ဝယ်ယူဆက်သပါမည် ခံဝန်၍ မင်းကြီး ပြန်ရမည်။

အမိန့်တော်မြတ်ရင်းအတိုင်း ကောင်းပါပြီ။

ရိုင်ဖယ်သေနတ် မည်မျှ ဆက်သနိုင်မည်လဲ။

အလိုတော်ရှိသရွေ့ ဝယ်ယူဆက်သနိုင်ပါသည်။

ရိုင်ဖယ်သေနတ်ရှစ်ထောင် ဆက်သရမည်။

ဆက်သပါမည်။

ဤသည် ဒုတိယအကြိမ် ပြောဆိုဆွေးနွေးရာမှ အဓိကကျသော အချက်များဖြစ်သည်။





နောက်ရက်များတွင် သံအဖွဲ့သည် ဝန်ကြီးများအိမ်သို့ သွားရောက်လည်ပတ်ကြလေသည်။ ဝန်ကြီးများအိမ်ကလည်း မုန့်ယို လက်ဖက်ရည် စသည်များဖြင့် ဧည့်ခံလေသည်။ စားသောက်ရန် ခွန်း၊ ခက်ရင်းများလည်း အရန်သင့်ထားပေးသည်။ ရေနံချောင်းဝန်ကြီးအိမ်၌ဆိုလျှင် မြန်မာ အစားအသောက်အပြင် ဘိယာနှင့် ရှယ်ရီ အရက်ကိုပင် စားပွဲပေါ်၌ တည်ခင်းပေးလေသည်။ ထိုအခါ အလုပ်ကိစ္စအကြောင်း မပြောကြ။ ခရစ်ယာန်ဘာသာရေးအကြောင်း၊ နက္ခတ်တာရာ အသွားအလာအကြောင်း၊ ကမ္ဘာအရပ်ရပ်၌ နေ့ည ကွဲပြားပုံအကြောင်းစသည်ကိုသာ ရယ်ရယ်မောမော ပြောကြဆွေးနွေးကြသည်။

စာချုပ်ချုပ်ဆိုရန် အရေးကိုကား နိုဝင်ဘာလ နှစ်ဆယ်တစ်ရက်နေ့တွင် ပခန်းဝန်ကြီး ဦးရန်ဝေအိမ်တွင် ဗိုက်ခေါင်းဆောင်သော သံအဖွဲ့က စတင်ဆွေးနွေးလေသည်။ ထိုအခါ မြန်မာဘက်မှ ကင်းဝန်ထောက် ဦးကောင်း၊ ကုလားဝန်မနွတ်နှင့် စာရေးတော်များ ရှိကြသည်။ စာချုပ်၌ထည့်ရန် အချက်အလက်များကို နှစ်ရက်တိုင်တိုင် အသေးစိတ် အချေအတင် ဆွေးနွေးပြီးနောက် မင်းတုန်းမင်းထံ တင်ပြရန် ခေတ္တရပ်နားလိုက်ကြလေသည်။

နိုဝင်ဘာလ နှစ်ဆယ်သုံးရက်နေ့တွင် သံအဖွဲ့သည် တောင်ဥယျာဉ်တော် စံနန်းတော် ထီးရုံအတွင်း၌ နန်းတွင်းအပျိုတော်များ ကပြသသည်ကိုလည်းကောင်း၊ နန်းတွင်းအငြိမ့် အပျိုတော်များ သီဆိုကပြသည်ကိုလည်းကောင်း ကြည့်ရှုအားပေးကြလေသည်။

ပြီးသော် မြောက်ဥယျာဉ်တော်တွင် ပျော်ပျော်ပါးပါး လှည့်လည်ကြလေသည်။ ကျောက်စာတော်ရုံတွင် ပိဋကတ်တော် ကျောက်ထက်အက္ခရာ တင်နေပုံကိုလေ့လာကြလေသည်။ ဆင်ဖြူတော်ကို တအံ့တသြ ကြည့်ရှုကြလေသည်။ ဒင်္ဂါးစက်ရုံ ထုတ်လုပ်ပုံကို မှတ်သားကြလေသည်။

နှစ်ဆယ့်ငါးရက်နေ့တွင်ကား မင်းတုန်းမင်း၏ အလိုဆန္ဒကိုလည်း သိရပြီ။ စာချုပ် ချုပ်ဆိုရန်လည်း အသင့်ရှိလေပြီ။ ထို့ကြောင့် လွှတ်တော်၌ မြန်မာဘက်က ပခန်းဝန်ကြီး ဦးရန်ဝေ၊ ရေနံချောင်းဝန်ကြီး ဦးရွှေစိုး၊ ကင်းဝန်ထောက် ဦးကောင်း၊ သံတော်ဆင့် ပန်းတဉ်းဝန် ဦးရွှေဘင် စသူများလည်း အင်္ကျီလက်ကျယ် ရွှေစလွယ်ဆင်ယင်၍ ရှိနေရ၏။ မဟာဝန်ရှင်တော်မင်းကြီး ဗိုက် အမှူးပြုသော သံအဖွဲ့သည်လည်း အခမ်းအနားဝင် အဝတ်အစားဆင်ယင်၍ ရှိနေရ၏။ ထို့နောက် ဆိုင်ရာ တံဆိပ်များခတ်နှိပ်ကာ မြန်မာအစိုးရ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စားပဲနင်းဝန်ကြီး ဦးရန်အေးကလည်းကောင်း၊ အင်္ဂလိပ်အစိုးရ ကိုယ်စား မဟာဝန်ရှင်တော်မင်းကြီး ဖိုက်ကလည်းကောင်း စာချုပ်လက်မှတ် ရေးထိုးကြလေသည်။

စာချုပ်လာ အဓိက အချက်များမှာ–

သစ်၊ ရေနံ၊ ပတ္တမြားကလွဲ၍ ကုန်ပစ္စည်းမှန်သမျှကို လွတ်လပ်စွာ ရောင်းဝယ်စေမည်။ ရွှေငွေကိုလည်း လွတ်လပ်စွာ ရောင်းဝယ်စေမည်။

နယ်ခြားအကောက်အခွန် ငါးရာနိုင်နှုန်းသာ လက်ငင်းထား၍ ဆယ်နှစ်တစ်ကြိမ် ပြင်ဆင်လိုက ပြင်ဆင်မည်။

မန္တလေးရှိ အင်္ဂလိပ် ကိုယ်စားလှယ် (အရေးပိုင်)က နှစ်ဖက်နိုင်ငံသားတို့၏ တရားမမှုတွင် (တွဲဖက်ရုံး၌) ပါဝင်စစ်ဆေးခွင့် ရှိမည်။

ရာဇဝတ်ကျူးလွန်သူတို့ကို နိုင်ငံပြောင်း၍ဆောင်ယူနိုင်စေမည်။

မဟာဝန်ရှင်တော်မင်းကြီး ခွင့်ပြုချက်ဖြင့်သာ မြန်မာအစိုးရက အင်္ဂလိပ်ပိုင်နက်အတွင်း လက်နက်ခဲယမ်းများ ဝယ်ယူသယ်နိုင်ခွင့်ရှိမည်။

ဟူ၍ ဖြစ်လေသည်။

ထပ်ဖြည့်ရဦးမည်။ စာချုပ်နှင့်အတူ ပူးတွဲစာတွင် မဟာဝန်ရှင်တော်မင်းကြီးကလည်း လက်နက်ခဲယမ်းများ ဝယ်ယူသယ်နိုင်ခွင့် ပေးမည်ဟူ၍ ပါလေသည်။ (၁၂၂)

ဖိုက်၏သံအဖွဲ့သည် ရန်ကုန်သို့ ပြန်လေသည်။ ထို့နောက် မင်းတုန်းမင်း၏ လိုက်လျောချက်ဖြင့် ဗိုလ်ကြီးစလေဒင်သည် ဗန်းမော်သို့တက်ကာ တရုတ်ဘက်နှင့် ကုန်သွယ်ရေးကို စူးစမ်းလေသည်။ ဗိုလ်ကြီး စတရီဗာ (၁၂၃) ဆိုသူလည်း လက်ထောက်ကိုယ်စားလှယ်အဖြစ် ဗန်းမော်၌ လာရောက်နေထိုင်လေသည်။

မင်းတုန်းမင်းသည် သာသနာရေး၊ လူမှုရေးကိစ္စများကို ဆက်လက်ဆောင်





ရွက်လေသည်။

ပရိယတ္တိသာသနာ အရှည်တည်တံ့ရအောင် ပိဋကတ်တော်ကို ကျောက်ထက်အက္ခရာ တင်စေပြီးသော် မဟာလောကမာရဇိန် စေတီမဟာရံတံတိုင်းအတွင်း၌ အုတ်ပြာသာဒ်ဂူ နှနှစ်ရာကျော်တည်၍ ဂူတစ်ခုလျှင် ကျောက်စာတစ်ချပ်ကျ စိုက်ထူစေလေသည်။

သာသနာ သန့်စင်ရအောင် သံဃာနှစ်ထောင်လေးရာကို မြေ 'နန်းတော်'၌ စုဝေးစေကာ အဋ္ဌကထာနှင့် သံဂါယနာတင်စေလေသည်။ ပိဋကတ်တော်ကို သင်္ဂါယနာတင်စေလေသည်။

ထို့ပြင် အောက်မြန်မာနိုင်ငံရှိ လူအများ၏ ကုသိုလ်ရေးတွင် တတ်အားသမျှ ဖြည့်စွမ်းပေးပြန်လေသည်။ ဖြစ်ပုံမှာ ရန်ကုန်ရှိ ရွှေတိဂုံစေတီ၌ မြေဒူးမင်းတင်ခဲ့သော ထီးတော်ရှုတ်ယွင်းပျက်စီးနေ၍ ထီးတော်သစ်တင်ရန် လိုအပ်နေလေသည်။ ဗုဒ္ဓဘာသာဝင်များ၏ စိတ်ဆန္ဒတွင် ထီးတော်သစ်တင်သင့်သူမှာ သာသနာပြုမင်းသာ ဖြစ်လေသည်။ ထိုအခါ ရန်ကုန်မှ ဆရာတော်ဦးပြားနှင့် လူကြီးလူကောင်းတို့က မင်းတုန်းမင်းထံသို့ စာတင်ကြသည်။

တစ်ခု ဆိုစရာရှိလေသည်။ ထီးတင်မည့်အရေးတွင် မင်းတုန်းမင်း၏ အရှိန်သြဇာကြီးလာမည်ကို မဟာဝန်ရှင်မင်းကြီး၏ အစိုးရက စိုးရိမ်လေသည်။ မင်းတုန်းမင်းသည် အင်္ဂလိပ်အစိုးရကို စိတ်မငြိုငြင်စေချင်။ အင်္ဂလိပ်နှင့် ဆက်ဆံရေးကျွမ်းသော ပုပ္ပားဝန်ထောက် ဦးမှုန်နှင့် အဖွဲ့ကို ထီးတော်သစ်သယ်ဆောင်စေကာ အင်္ဂလိပ်အစိုးရလက်သို့ လွှဲပြောင်းပေး၍ ထီးတင်စေခဲ့လေသည်။

စပ်မိ၍ ဆိုရပေဦးမည်။ ရွှေတိဂုံစေတီ ထီးတင်၍ မကြာမီ ရန်ကုန်သို့ အိန္ဒိယဘုရင်ခံချုပ်ဖြစ်သူ လတ်မင်းကြီးမေယို (၁၂၄) လာရောက်လည်ပတ်ရန် အစီအစဉ်ရှိလေသည်။ ထိုအခါ မဟာဝန်ရှင်တော်မင်းကြီး၏ အစိုးရက ဘုရင်ခံချုပ်ကို မြန်မာဓာတ်ပွဲကောင်းဖြင့် အထူးဧည့်ခံလိုသဖြင့် အထက်မြန်မာနိုင်ငံ အစိုးရသို့ နာမည်ကျော် ယင်းတော်မလေး ဓာတ်အဖွဲ့ကို စေလွှတ်ရန် မေတ္တာရပ်ခဲ့လေသည်။ မင်းတုန်းမင်းလည်း မေတ္တာရပ်သည့်အတိုင်း ဓာတ်အဖွဲ့ကို ပို့သည့်အပြင် ကုန်ကျသမျှစရိတ်ကိုပင် စိုက်ထုတ်ပေးကမ်းခဲ့လေသည်။ (၁၂၅)

မင်းတုန်းမင်းသည် အင်္ဂလိပ်များနှင့် သင့်မြတ်အောင် ဆက်ဆံ၍ မိမိ၏နိုင်ငံ တိုးတက်ရာ တိုးတက်ကြောင်း ဆောင်ရွက်လိုသူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ သာသနာ့ရေးကိစ္စများတွင် စေတနာသဒ္ဓါတရားအပြည့်ဖြင့် လုပ်ဆောင်သကဲ့သို့၊ ခေတ်မီမှုရေးတွင်လည်း တက်တက်ကြွကြွ လုပ်လေသည် သာဖြစ်သည်။ ကနောင်မင်းသား မရှိသဖြင့် စက်ရုံများ တည်ဆောက်ရေးသည် ရပ်စဲမသွား။ ကနောင်မင်းသား လွန်ပြီးသည် နောက်ပိုင်းတွင်လည်း လက်နက်စက်ရုံများ ထပ်ဖြည့်သည်။ ပညာတော်သင် အများလည်း ဆက်လက်ပို့လေသည်။ စောစောက ဦးအောင်သုကဲ့သို့ ပုဂ္ဂိုလ်မျိုးကို ပြင်သစ်နိုင်ငံသို့ စစ်ပညာသင်ရန် ပို့ခဲ့သည်တွင် နောက်ပိုင်း၌လည်း ဦးမြကဲ့သို့ ပုဂ္ဂိုလ်မျိုးကို အင်္ဂလန်နိုင်ငံသို့ စစ်ပညာသင်ရန် ပို့ခဲ့လေသည်။ မန္တလေး၌လည်း အင်္ဂလိပ်သာသနာပြုဆရာမတ်၏ အကူအညီဖြင့် အင်္ဂလိပ်သံရုံးဝင်းအတွင်း အင်္ဂလိပ်စာသင်ကျောင်းဖွင့်စေကာ သီပေါမင်းသား၊ ရွှေကူမင်းသား၊ သာဂရမင်းသား၊ မိုင်းတုံမင်းသား စသူများကို ကျောင်းတက်စေလေသည်။ ကျောင်းရှိနေသဖြင့် ရစ်ပလေ၊ တော်စီနိုကဲ့သို့ အရပ်သားများလည်း ပညာသင်ခွင့်ရလေသည်။ (၁၂၆)

စက်ရုံများအကြောင်းကို ဆက်ဆိုရဦးမည်။ လက်နက်စက်ရုံအပြင် အခြားစက်ရုံ အမျိုးအစားများလည်း တိုးပွားခဲ့လေသည်။ အနောက်ပြင်ကမ်းနားကို ကြည့်လိုက်လျှင် သဘော်ကျင်း တည်ထားပြီးနေသည်ကို တွေ့ရလိမ့်မည်။ သင်္ဘောတွေလည်း တည်ဆောက်စပြုနေပြီ။ ယက်ကန်းစက်ရုံ၊ လွှစက်ရုံ၊ သကြားစက်ရုံ၊ သံစက်ရုံ စသည်တို့လည်း တိုးပွားဆဲဖြစ်သည်။ တဖန် အဆက်အသွယ် မြန်ဆန်ရလေအောင် အနောက်တိုင်းနည်းကိုယူ၍ ယောအတွင်းဝန်ဦးလှိုင်က မြန်မာဘာသာဖြင့် ကြေးနန်းသင်္ကေတ တီထွင်ပေးကာ မန္တလေးမှ နယ်စပ်သရက်မြို့အထိ ကြေးနန်းဆက်သွယ်နိုင်ခဲ့လေသည်။

တစ်ခုဆိုစရာ ရှိလေသည်။ မင်းတုန်းမင်း၏ ခေတ်မီလုပ်ငန်းတို့သည် အင်္ဂလိပ်အစိုးရ၏ ပူးပေါင်းမှုပေါ်တွင် တည်နေလေသည်။ အထက်မြန်မာနိုင်ငံက လိုသော နိုင်ငံခြားကုန်ပစ္စည်းများအား ယေဘုယျအားဖြင့် အောက်မြန်မာနိုင်ငံကို ဖြတ်သန်း၍သာ တင်သွင်းနိုင်လေသည်။ လက်ရှိအခြေအနေတွင် အခက်အခဲတစ်ခု ပေါ်ပေါက်နေလေသည်။

ထိုအခက်အခဲသည် အခြားမဟုတ်။ လက်နက်ခဲယမ်း ဝယ်ယူရေးပင်ဖြစ်သည်။ စနိုင်ဒါ ရိုင်ဖယ်သေနတ်များကို တစ်ထောင့်ရှစ်ရာခြောက်ဆယ့်နှစ်ခုနှစ် စာချုပ်နှင့် ပူးတွဲပါစာအရ အင်္ဂလန်မှ မှာယူရန် မင်းတုန်းမင်းက





စီစဉ်သည်။ အင်္ဂလိပ်အစိုးရက ဖိုက်၏ ပူးတွဲပါစာသည် တရားမဝင်သကဲ့သို့ ဆိုလာလေသည်။ စောစောက ဘုရင်ခံချုပ်၏ သဘောတူညီချက်ဖြင့် ဖိုက်က လက်မှတ်ထိုးခဲ့သည့် စာချုပ်အချက်အလက်နှင့် ပူးတွဲစာကို နောက်တက်သည့် ဘုရင်ခံချုပ်ဖြစ်သူ လတ်မင်းကြီး မေယိုးက အသိအမှတ်မပြု (၁၂၇)။ မင်းတုန်းမင်းသည် ဘုရင်ခံချုပ်၏ အစိုးရကို စိတ်ပျက်စပြုလာသည်။ အင်္ဂလန်နိုင်ငံနှင့် တိုက်ရိုက်ဆက်ဆံရန်လည်းကောင်း၊ အင်္ဂလန်နည်းတူ အခြားနိုင်ငံများနှင့်လည်း ထိထိရောက်ရောက် ဆက်ဆံရန်လည်းကောင်း ဆုံးဖြတ်လိုက်လေသည်။

ယခုသော် မင်းမှုရေးရာလိမ္မာသော ကင်းဝန်ထောက် ဦးကောင်းကို ဝန်ကြီးအရာ တိုးမြှင့်ကာ သံအဖွဲ့ကို ခေါင်းဆောင်စေလေသည်။ ထိုအဖွဲ့တွင် အင်္ဂလိပ်ဘာသာလည်း ကျွမ်းကျင်၍ နိုင်ငံခြားသားများနှင့်လည်း အဆက်အဆံရှိသော ဝန်ထောက် (ပန်းတဉ်းဝန်) ဦးရွှေဘင်ပါသည်။ ပြင်သစ်နိုင်ငံ၌ ဖန်ချက်အတတ်သင်ခဲ့သော ဖန်ချက်ဝန်ထောက် ဦးရွှေအိုးပါသည်။ စာဟုသုတလည်းလိုလား၍ မျက်နှာထားလည်း ချိုလှသော လွှတ်တော်စာရေးကြီး ဦးမြိမ်ပါသည်။ သံအဖွဲ့သည် တစ်ထောင့်ရှစ်ရာခုနစ်ဆယ်နှစ်ခုနှစ်၊ ဖေဖော်ဝါရီလ နှစ်ဆယ့်နှစ်ရက်နေ့တွင် မြန်မာအစိုးရပိုင် စကြာယဉ်မှန်သင်္ဘောဖြင့် ရန်ကုန်သို့ ဆန်ဆင်းလေသည်။ ရန်ကုန်ရောက်မှ မြန်မာအစိုးရပိုင် စကြာယဉ်ပျံပင်လယ်ကူးသင်္ဘောကို ပြောင်းစီးရလိမ့်မည်။

မင်းတုန်းမင်းက သံအဖွဲ့စေလွှတ်၍ အင်္ဂလန်ရှိ အင်္ဂလိပ်အစိုးရနှင့် တိုက်ရိုက်ဆက်ဆံရန် ဝါ၊ ရာဇမဟာမိတ်ပြုရန် ကြံရွယ်သည်ကို မဟာဝန်ရှင်တော်မင်းကြီး၏ အစိုးရက မလိုလားပေ။ နယ်စပ် သရက်မြို့ဆိပ်ကမ်းသို့ သံအဖွဲ့ သင်္ဘောကပ်သောအခါ နယ်စပ်အရေးပိုင် ဇရောင်း (၁၂၈)က သံကြီးတမန်ကြီးများ လာရောက်၍ တွေ့ဆုံသကဲ့သို့ မဟုတ်ဘဲ သာမန်သိကျွမ်းသူချင်း အမှတ်မဲ့ တွေ့ဆုံသကဲ့သို့ လာရောက်နှုတ်ဆက်လေသည်။ တစ်ဖန် ရန်ကုန်သို့ သံအဖွဲ့ ရောက်ပြန်လေသောအခါလည်း မဟာဝန်ရှင်တော်မင်းကြီး အသေစိုးဖြစ်သူ အီဒင် (၁၂၉) ဘက်က ဆက်ဆံပုံ အေးတိအေးစက် ရှိလှသည်။ ရန်ကုန်ဆိပ်သို့ သင်္ဘောကပ်၍ ငါးရက်ကြာမှ အီဒင်အိမ်သို့ အလည်ဖိတ်သည်။ ထို့ပြင် အင်္ဂလန်နိုင်ငံတွင် နိုင်ငံရေးစကား၊ လက်နက်ဝယ်ယူရေးစကား မပြောရန်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပင်လေသည်။ မြန်မာပိုင် စကြာယဉ်မှု သင်္ဘောနှင့်သွားရန် ကိစ္စကိုလည်း ပင်လယ်သွား ဥပဒေနှင့် ငြိစွန်းသည်ဟု ဟန့်တားလေသည်။ ထို့ကြောင့် သံအဖွဲ့သည် ရန်ကုန်သို့ ရောက်နေသော တန်သံ့ရှိသင်္ဘောတွင် အခကြေးငွေ ပေးချေ စီးနင်းကာ အနောက်သို့ ထွက်ခွာခဲ့ကြသည်။ သူတို့အဖွဲ့တွင် ရန်ကုန်မြို့ မင်းတုန်းမင်းက ခန့်ထားသော ကောင်စစ်ဝန် အက်ဒမန်ဂျုံးလည်း ပါသွားလေသည်။

သံအဖွဲ့သည် အင်္ဂလန်နိုင်ငံသို့ တိုက်ရိုက်မသွားခဲ့။ စူးအက်တူးမြောင်းမှာလည်း ဖောက်လုပ်ဖွင့်လှစ်ခဲ့ပြီဖြစ်၍ အီဂျစ်၊ ထို့နောက် အီတလီနိုင်ငံသို့ ဝင်ခဲ့လေသည်။ အလျဉ်းသင့်၍ ဆိုရသော် ယမန်နှစ်က မန္တလေးတွင် မြန်မာနိုင်ငံအစိုးရသည် အီတလီနိုင်ငံ အစိုးရ ကိုယ်စားလှယ်နှင့် တွေ့ဆုံ၍ နှစ်ပြည်ထောင် ဆက်သွယ်ရန် သဘောတူညီခဲ့ကြသည်။ ထို့ကြောင့် အီတလီသို့ သံအဖွဲ့ ဦးစွာဝင်ခဲ့ခြင်းဖြစ်သည်။ ဝင်ခဲ့၍လည်း အဆင်ပြေလှပေသည်။ စကြာယဉ်မှုသင်္ဘောမှာ ရန်ကုန်က ခွင့်ပြုချက်ရ၍ အီဂျစ်နိုင်ငံသို့ ရောက်လာခဲ့သည်ဖြစ်ရာ ထိုသင်္ဘောဖြင့် အီတလီနိုင်ငံသို့ သံအဖွဲ့ ဝင်ခဲ့လေသည်။

သံအဖွဲ့ကို အီတလီနိုင်ငံအစိုးရက ကောင်းစွာပြုစုလေသည်။ အီတလီဘုရင်၊ နိုင်ငံခြားရေးဝန်ကြီး၊ ကာတိုလိပ် ပုတ်ရဟန်းမင်းကြီး စသူတို့က လက်ခံတွေ့ဆုံသည်။ ရေးဟောင်း စာတိုက်အဆောက်အအုံ၊ လက်နက်စက်ရုံ၊ ကြွေထည်လုပ်စက်ရုံ၊ ဥပဒေပြုလွှတ်တော် စသည်များသို့ လှည့်လည်ပို့ဆောင်သည်။

ဤတွင် ဥပဒေပြုလွှတ်တော်သို့ သံအဖွဲ့ ရောက်ခဲ့ရခြင်းသည် မျက်စိဖွင့်စရာ ဖြစ်တော့သည်။ ဥပဒေပြုလွှတ်တော်တွင် အရိုးအစဉ်အရ မြို့စားမှူးမတ်များ ပါဝင်သည့် အထက်လွှတ်တော်နှင့် ပြည်သူ့အရွေးအကောက်ခံ မှူးမတ်များပါဝင်သည့် အောက်လွှတ်တော်ဟူ၍ နှစ်သင်းနှစ်ဖွဲ့ရှိပုံ၊ တိုင်းရေးပြည်မှု ကိစ္စများကို နှစ်သင်းနှစ်ဖွဲ့ မှူးမတ်များက မိမိတို့ ထင်မြင်သည့်အတိုင်း လွတ်လပ်စွာ ပြောဆိုကြပုံ၊ ထိုအစည်းအဝေးသို့ အများပြည်သူ လာရောက်နားထောင်နိုင်ပုံ၊ သတင်းစာတွင် မှူးမတ်တို့ ပြောဆိုသမျှ စကားအမှန် ထည့်သွင်းဖော်ပြပုံ အခြင်းအရာကို သံအဖွဲ့သည် လေ့လာမှတ်သားမိလေသည်။ ထိုအခါ သံအဖွဲ့သားတို့ စိတ်ထဲတွင် အခြေခံဥပဒေ စည်းမျဉ်းခံဘုရင်စနစ်နှင့် သက်ဦးဆံပိုင် ဘုရင်စနစ်နှစ်ခုကို နှိုင်းယှဉ်မိကြမည် မုချပင်။





သုံးပတ်ခန့်အထိ အီတလီနိုင်ငံတွင် လှည့်လည်ကြည့်ရှုကြပြီးနောက် သံအဖွဲ့သည် ပြင်သစ်နိုင်ငံကူး အင်္ဂလိပ်ရေလက်ကြားဖြတ်၍ အင်္ဂလန်နိုင်ငံ ဒိုဗာဆိပ်ကမ်းသို့ ဆိုက်ရောက်ကြသည်။ အမြောက် ဆယ်ကိုးချက်ဖောက်၍လည်း အကြိုဆိုခံရလေသည်။

ထို့နောက် အင်္ဂလိပ်အစိုးရ၏ အစီအစဉ်အရ ဗိတိုရိယ ဘုရင်မကြီးနှင့် မင်းမှူးမတ် စသည်များကို တွေ့ဆုံရပေ၏။ အင်္ဂလန်၊ စကော့တလန်၊ အိုင်ယာလန်မြို့ရွာများသို့ မီးရထား၊ မီးသင်္ဘောဖြင့် လှည့်လည်၍ စာကြည့်တိုက်၊ ပြတိုက်၊ ဘဏ်တိုက်၊ စာသင်ကျောင်း၊ ဥပဒေပြုလွှတ်တော်၊ သေနတ်လုပ်စက်ရုံ၊ မီးရထားစက်ရုံ၊ အထည်စက်ရုံ၊ ကြွေထည်စက်ရုံ၊ စစ်ရေးပြပွဲ၊ ကရိကက်ဘလုံးရိုက်ပွဲ၊ ဓာတ်ပွဲ၊ အတီးအမှုတ်ပွဲ စသည်များကို ကြည့်ရှုရပေ၏။ အရပ်ရပ် ကုန်သည်ကြီးများနှင့် ဆွေးနွေးရပေ၏။ ထိုစဉ်အခါ၌ မန္တလေးရှိ အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ် (အရေးပိုင်)သစ် ဖြစ်သူ ဗိုလ်မှူးမက္ကမဟောန်မှာလည်း အင်္ဂလန်နိုင်ငံတွင် ရောက်နေသည်ဖြစ်၍ သံအဖွဲ့နှင့်အတူ လိုက်ပါဆောင်ရွက်လေသည်။

ဤတွင် အင်္ဂလိပ်အစိုးရက (ဘုရင်ခံချုပ်၏ အဆိုပြုချက်အရ) သံအဖွဲ့နှင့် နိုင်ငံရေး မဆွေးနွေး။ ထို့ပြင် သံအဖွဲ့ကို ဗိတိုရိယ ဘုရင်မကြီး ရှေ့တော်သို့ သွင်းရာတွင် နိုင်ငံခြားရေးဝန်ကြီးက ရှေ့ဆောင်ရှေ့ရွက် မပြုဘဲ အိန္ဒိယနိုင်ငံဆိုင်ရာ ဝန်ကြီးကသာ ရှေ့ဆောင်ရှေ့ရွက်ပြုသည်။ အဓိပ္ပာယ်မှာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ မြန်မာနိုင်ငံ၏ လွတ်လပ်မှုကို အသိအမှတ်မပြုခြင်းသဘော၊ အိန္ဒိယမှ မဟာရာဇာစော်ဘွားများကဲ့သို့ လက်အောက်ခံနိုင်ငံအဖြစ် ဆက်ဆံခြင်းသဘော ဖြစ်တော့သည်။ သံအဖွဲ့ကလည်း မိမိတို့နိုင်ငံသည် လွတ်လပ်သောနိုင်ငံ၊ ကိုယ်မင်းကိုယ်ချင်းနိုင်ငံ ဖြစ်ပုံပေါ်အောင် တတ်နိုင်သမျှ အားထုတ်လေသည်။ လစ်ဗာပူးမြို့ ကုန်သည်ကြီးများအသင်း ညည့်ခံပွဲတွင် ကင်းဝန်မင်းကြီး ဦးကောင်းက–

> ကျွန်ုပ်တို့ အရှင်မင်းမြတ်က နိုင်ငံတကာနှင့် ရာဇမဟာမိတ်အဖြစ် ဆက်လက်ကမ်းလှမ်း ပေါက်ရောက်လိုသောကြောင့် စေလွှတ်လာရောက်ရပါသည်။ တိုင်းရေးပြည်မှုနှင့်စပ်သည့် အရာများမှာလည်း ရန်ကုန်မြို့သို့ဖြတ်၍ အိန္ဒိယဘုရင်ခံနှင့်သာ ဆက်ဆံကမ်းလှမ်း နေထိုင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



> ကိုယ်စားလှယ်နှင့် ဆက်ဆံရခြင်း၊ ကိုယ်စားလှယ်ရှင်နှင့် ဆက်ဆံရခြင်းနှစ်ပါး မည်သို့ ခြားနားကြသည်ကို အထူးပြောဆို ရေရွတ်ရန်မရှိ၊ အချင်းပရိသတ်တို့ အသိပင်ဖြစ်တော့သည်။ လွန်ခဲ့သည့်ကာလ ယနေ့ရက်တိုင် အိန္ဒိယနိုင်ငံနှင့် ဆက်ဆံခဲ့ရသည့်အရာကိုလည်း ကောင်းစွာအားရရောင့်ရဲလျက်နှင့်ပင် လာခဲ့ရပါသည်။ သို့သော်လည်း အင်္ဂလန်နိုင်ငံနှင့် တိုက်ရိုက်ဆက်ဆံနိုင်သည့် အခွင့်အခါ ပေါ်ပေါက်တွေ့ကြုံမိအောင်ကိုသာ မျှော်ခေါ်တောင့်တ ရှိပါကြောင်း . . .

စသည်ဖြင့် ပြောဆိုခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ အင်္ဂလန်နိုင်ငံသို့ ရောက်နေစဉ်အတွင်း၌ကား မိမိတို့နိုင်ငံ အကျိုးရှိရာရှိကြောင်း သံအဖွဲ့က လေ့လာခဲ့လေသည်။ ထိုအထဲတွင် ဥပဒေပြု လွှတ်တော်အကြောင်းကို အနည်းငယ် ရေးရဦးမည်။ ဥပဒေပြုလွှတ်တော် အစည်းအဝေးကို သံအဖွဲ့ဝင်များ ရောက်လာခဲ့ရာတွင် ကင်းဝန်မင်းကြီး ဦးကောင်းသည် အိတလီနိုင်ငံ ဥပဒေပြုလွှတ်တော်မှာအတိုင်း အထူးစိတ်ဝင်စား၍ လွှတ်တော်အမတ်များ၏ ရှင်းပြချက်ကို ဂရုတစိုက် နားထောင်ခဲ့လေသည်။ ဦးရွှေဘင်၊ ဦးရွှေအိုးတို့ကိုလည်း ထိုနေရာတွင် ကူးယူမှတ်သားရန်နှင့် ရတတ်သမျှ နေရာတို့မှ အချက်အလက် စုဆောင်းရန် ညွှန်ကြားခဲ့လေသည်။ ထိုအတွက် ဗိုလ်မှူးမက္ကမေဟန်၏ အကူအညီကိုလည်း တောင်းခံခဲ့လေသည်။ (၁၃၀)

သံအဖွဲ့သည် အင်္ဂလိပ်နိုင်ငံသာမက ပြင်သစ်နိုင်ငံနှင့်လည်း ဆက်သွယ်ခဲ့လေသည်။ အင်္ဂလန်နိုင်ငံမှ ပြင်သစ်နိုင်ငံဘက်သို့ သံအဖွဲ့ ပြန်ကူး၍ သမ္မတနှင့်ဆိုင်ရာ ဗိုလ်မှူးအမတ်များကို တွေ့ဆုံ၊ ထိုနောက် နှစ်ပြည်ထောင် ကူးသန်းရောင်းဝယ်ရေးစာချုပ်ကို အကြမ်းချုပ်ဆိုပြီးလျှင် မြန်မာနိုင်ငံသို့ ပြန်လေသည်။ စပ်မိ၍ ဖော်ပြရသော် ကင်းဝန်မင်းကြီး ဦးကောင်းသည် မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီးမှ တစ်ဖန် ပြင်သစ်နိုင်ငံသို့ ပြန်သွားရသေးသည်။ ပြင်သစ်မြန်မာစာချုပ်တွင် ပြင်ဆင်စရာများ ရှိသည်ဖြစ်၍ ကင်းဝန်မင်းကြီး ဦးကောင်း ပြန်သွားရခြင်းဖြစ်သည်။





ဤသည် မင်းတုန်းမင်းက မြန်မာနိုင်ငံကို အင်္ဂလန်နိုင်ငံအပြင် အခြားနိုင်ငံများနှင့် ဆက်သွယ်မိအောင် ကြိုးပမ်းချက် သာဓကများ ဖြစ်လေသည်။ သို့ရာတွင် ထင်သလောက် ခရီးမပေါက်ဘဲ ရှိချေသည်။ အဘယ်ကြောင့်ဆိုသော် ထိုနိုင်ငံများသည် မြန်မာနိုင်ငံကို အင်္ဂလိပ်သြဇာခံဒေသအဖြစ် ခံယူထားကြပြီး လက်နက်အရောင်းအဝယ်ကဲ့သို့ အင်္ဂလိပ်မလိုလားသော ကိစ္စမျိုးကို ရှောင်ကွင်းနေရသောကြောင့် ပေတည်း။

ထိုအတွင်း အနောက်ကရင်နီနယ်နှင့်စပ်၍ အင်္ဂလိပ်တို့ကို မင်းတုန်းမင်း ရင်ဆိုင်လာရပြန်လေသည်။ အနောက်ကရင်နီနယ်မှာ မြန်မာနိုင်ငံအတွင်း၌ ဖြစ်သော်လည်း မြန်မာ့သြဇာ မသက်ရောက်လှ။ ထို့ပြင် ဗိုလ်မှူးအာလဲတို့အဖွဲ့သည် နယ်နိမိတ်သတ်မှတ်ရန် ထိုနယ်သို့ ရောက်စဉ်က နယ်အကြီးအကဲက မိမိတို့နယ်ကို မိမိတို့ဘာသာ အုပ်ချုပ်သလိုလို ပြောဆိုခဲ့ဖူးလေသည်။

ဤသည် အင်္ဂလိပ်တို့အကြိုက်ပင်။ အင်္ဂလိပ်တို့သည် အခွင့်အရေးယူလာ၏။ ထိုနယ်တွင် ကျွန်းသစ်နှင့် သတ္တုထွက်သည်ဖြစ်ရာ အင်္ဂလိပ်တို့က ကိုယ်စားလှယ်ရလို၏။ တစ်ဖန် ထိုနယ်တွင် အင်္ဂလိပ်သြဇာ သက်ရောက်လျှင် အင်္ဂလိပ်ပိုင် မော်လမြိုင်မှနေ၍ တောင်ငူဘက်သို့ ကူးရလွယ်လေမည်။ တရုတ်နိုင်ငံသို့လည်း မြန်မြန်သွားနိုင်မည်။ အင်္ဂလိပ်တို့ အတွက်အချက်ကောင်းတစ်ခု ရှိပြန်သေးသည်။ အခြားမဟုတ်ပါ။ အနောက်ကရင်နီနယ်သည် (မြန်မာ့သစ္စာခံ) အရှေ့ကရင်နီနယ်နှင့် မသင့်တင့်။ သို့ရာတွင် အင်္ဂလိပ်တို့နှင့် မိတ်လုပ်ထားချင်လေသည်။

မင်းတုန်းမင်းသည် အနောက်ကရင်နီနယ်တွင် တပ်တွေပို့ထား၏။ အင်္ဂလိပ်အစိုးရက မခံ။ တပ်တွေဆုတ်နိုင်းလေသည်။ အိန္ဒိယမှ ဆာဒွဲ့ခ်ဒေါက်ကလပ်ဖော်ဆိုက် (၁၃၁)ကို အထူးသံခန့်၍ မန္တလေးသို့ စေလွှတ်ကာ ရာဇသံပို့လေသည်။ ထိုအခါ မြန်မာဘက်က အလျှော့ပေး၍ အနောက်ကရင်နီနယ်၏ လွတ်လပ်ရေးကို အသိအမှတ်ပြုကြောင်း ကင်းဝန်မင်းကြီး ဦးကောင်းနှင့် ဖော်ဆိုက်တို့နှစ်ဦး လက်မှတ်ရေးထိုးကြလေသည်။

အနောက်ကရင်နီနယ်ကိစ္စ လက်မှတ်ရေးထိုး ပြီးသည်နောက်တွင် အင်္ဂလိပ်အစိုးရ၏ ဆက်ဆံရေးသည် ပို၍မာကျောလာတော့သည်။ ဖော်ဆိုက်သည် မင်းတုန်းမင်းထံမှောက်သို့ အစပထမ ဝင်ရောက်စဉ်က ဦးထုပ်ဖိနပ်ချွတ်ရန် ဝန်မလေးခဲ့။ မင်းတုန်းမင်းကလည်း ဖော်ဆိုက် ခြေအနေင်းမှလက်သာရ



www.burmeseclassic.com

www.burmeseclassic.com



လေအောင် ကိုက်နှစ်ဆယ်ဝေးဝေးအထိ ကော်ဇောခင်းပေးစေခဲ့လေသည်။ တမြန်နှစ်က မင်းတုန်းမင်း စတင်ထုတ်ဝေခဲ့သော ရတနာပုံ သတင်းစာကလည်း အထူးသံတမန်ကြီး ဆိုက်ရောက်လာပြီး အတွင်းတော်ဝင်သည့်အကြောင်းကို ပြည့်ပြည့်စုံစုံရေး၍ ဂုဏ်ပြုခဲ့လေသည်။

သို့ရာတွင် ဖော်ဆိုက်သည် စာချုပ်လက်မှတ်ရေးထိုးပြီးချိန်တွင် ဤသို့ မြန်မာ့ထီးနန်း ထုံးတမ်းလိုက်နာရခြင်းသည် အင်္ဂလိပ်အစိုးရ၏ ဂုဏ်သိက္ခာကို ထိခိုက်လှသည်ဟု အစီရင်ခံခဲ့လေသည်။ ထိုအခါ မြန်မာမင်းထံ သူတို့၏ သံတမန်များ နောင်အခါ ဝင်ရောက်ပါက ဦးထုပ်ခြေနင်းဆောင်ခွာ မချွတ်ရဟု အင်္ဂလိပ်အစိုးရက ပညတ်လေသည်။

ဤအရာမျိုးတွင် မင်းတုန်းမင်းက လိုက်လျော၍ မဖြစ်နိုင်တော့။ သူသည် ရှေးယခင်က အင်္ဂလိပ်တို့အပေါ် သဘောကောင်းခဲ့၊ အလျှော့ပေးဆက်ဆံခဲ့သည်မှာ မှန်၏။ သို့ရာတွင် မင်းကရာဇ် ဂုဏ်အသရေကို မလေးမစားလုပ်သည်ဟု ယူဆသော အပြုအမူကိုကား လက်မခံနိုင်။ သူသည် သက်ဦးဆံပိုင်–ပဒေသရာဇ်ဘောင်အတွင်း ကြီးပြင်းလာသူ မဟုတ်ပေလော။ သူသည် အင်္ဂလိပ်အစိုးရ သံတမန်များကို ဝန်ကြီးမှူးကြီးများဖြင့်သာ နောင်တွင် တွေ့ဆုံစေလေတော့သည်။

အမှန်ဆိုရလျှင်လည်း မင်းတုန်းမင်းသည် နှစ်ကြာကြာ နန်းမစံရတော့ပေ။ တစ်ထောင့်ရှစ်ရာ ခုနစ်ဆယ့်ရှစ်ခုနှစ်တွင် သူသည် ဝမ်းကိုက်ရောဂါ၊ လေရောဂါဖြင့် လဲလေသည်။ ရောဂါမှာ မလျော့။ ထိုအခါ နန်းတွင်းရေး ရှုပ်လာ၏။ မင်းတုန်းမင်း အနိစ္စရောက်ခဲ့သော် မည်သည့်မင်းသား ထီးနန်းဆက်ခံရမည်ဟူသော ပြဿနာ ဝင်လာ၏။

ထိုအချိန်တွင် ကင်းဝန်မင်းကြီး ဦးကောင်းမှာလည်း လက်နက်ကိုင် ပေါင်းငါးသောင်းကျော်တို့၏ အကြီးအမှူး သေနတ်ဝန်ဖြစ်ကာ ဩဇာအာဏာ ကြီးမားနေလေပြီ။ သူသည် အနောက်နိုင်ငံများတွင် လှည့်လည်လေ့လာစဉ်ကတည်းက သူတို့၏ အုပ်ချုပ်ရေးစနစ်ကို အားကျခဲ့လေသည်။ အုပ်ချုပ်ရေးသာမက ထိုနိုင်ငံများရှိ တိုက်တာတည်ဆောက်ပုံ ဗိသုကာမှအစ အရာရာ ကြိုက်လာသည်ဟုပင် ဆိုနိုင်လေသည်။ ကြို၍ရေးရသော် နောင်အခါ သူဆောက်ခဲ့သော သာကာဝန်ကျောင်းတိုက် ဗိသုကာ အပြောက်အမွမ်းသည် အနောက်တိုင်း





ဟန်အတိုင်း ဖြစ်လေသည်။ ထို့အတူ သူ့အပေါင်းပါဖြစ်သော အပြောင်းအလဲ လိုလားသော ယောအတွင်းဝန် ဦးဘိုးလှိုင်ဆောက်ခဲ့သည့် ယောမင်းကြီးတိုက်တွင် လည်း အနောက်တိုင်းဗိသုကာ အဆင်တန်ဆာတွေ ပါလာလေသည်။

အုပ်ချုပ်ရေးကို ပြန်ကောက်ရလျှင်ကား လက်ရှိ မင်းတုန်းမင်းသည် အအုပ်အချုပ် ပျော့ပျောင်းသည် မှန်ပေ၏။ သက်ဦးဆံပိုင်ဘောင်အတွင်း၌ တရားလက်ကိုင်ရှိသူလည်း ဖြစ်ပေ၏။ မင်းတုန်းမင်း လွန်၍ နောက်တက်သည့် မင်းသည် တရားလက်လွှတ် လုပ်တတ်ပါမူ၊ မှူးမတ်များမှာလည်း အခက်တွေ့လာမည်။ မြန်မာ့လွတ်လပ်ရေးမှာလည်း အန္တရာယ်ဝင်လာမည်။ ဤသို့ ကင်းဝန်မင်းကြီး ဦးကောင်းသည် အတွေးရောက်လေသည်။ အကယ်၍ နောက်တစ်မင်း လက်ထက်တွင် အခြေခံ ဥပဒေစည်းမျဉ်းခံ ဘုရင်စနစ်ကို အစားမထိုးနိုင်ဆိုအံ့။ မိမိတို့ မှူးမတ်များ ကြိုးဆွဲရာပါမည့် မင်းမျိုးကို လိုချင်လေသည်။ ဝါနုသော မင်းသားကို နန်းတင်လိုလေသည်။ မင်းတုန်းမင်း အသည်းအသန် ဖြစ်နေချိန်သည် ကင်းဝန်မင်းကြီး ဦးကောင်းနှင့် သူ့အပေါင်းအပါများအဖို့ အခွင့်ကောင်းဖြစ်တော့သည်။

တိုက်ဆိုင်နေသည်မှာ အလယ်နန်းမိဖုရား ဆင်ဖြူမရှင်သည် နန်းတွင်းရေးရာတွင် ဩဇာညောင်းနေသည့် အဖြစ်ပင်။ တစ်ထောင့်ရှစ်ရာ ခုနစ်ဆယ် ခြောက်ခုနှစ်တွင် နန်းမတော် မိဖုရားခေါင်ကြီး အနိစ္စရောက်ခဲ့လေသည်။ ထို့ကြောင့် မိဖုရားခေါင်ကြီးအစား ဆင်ဖြူမရှင်သာလျှင် မင်းတုန်းမင်းအပါးတွင် အမြဲတမ်း ရှိနေရသည်။

ထိုမိဖုရားမှာ စစ်ကိုင်းမင်းနှင့် မိဖုရားခေါင်ကြီး မယ်နုတို့၏ သမီးတော် ဖြစ်၍ မာန်မာနလည်းကြီး၏။ မင်းတုန်းမင်း၏ အလိုလိုက်ခြင်းလည်း ခံရလေသည်။ ခုတစ်ဖန် သမီးအလတ်ဖြစ်သူ မြတော် စုဖုရားလတ်သည် သီပေါမင်းသားနှင့် ချစ်ကြိုက်နေလေသည်။ သူသည် သမီးအလတ်ကို မိဖုရား (ခေါင်ကြီး)အရာ ရစေ၍ သူ့ဩဇာ လွှမ်းမိုးချင်လေသည်။ သို့ရာတွင် (မင်းတုန်းမင်းနောက်တွင်) သီပေါမင်းသား မင်းဖြစ်မှ သူ့စိတ်ကူးအတိုင်း ဖြစ်မြောက်ပေမည်။

သီပေါမင်းသားမှာကား မိဖုရားငယ်၏သား ဖြစ်ပေ၏။ ထို့ကြောင့် မြောက်ဆောင်တော် မိဖုရားသား မကွေးမင်းသား၊ မြောက်ရွှေရေးတံတိုင်းရှည် မိဖုရားသား ညောင်ရမ်းမင်းသား စသော မင်းသားတွေနှင့် မယှဉ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဂုဏ်ပြုကြသည်။ အသက်ကြီးသည်။ သိပေါမင်းသားအတွက် လမ်းစ ကလေးတစ်ခုသာရှိ၏။ ထိုလမ်းစမှာ အခြားမဟုတ်။ သိပေါမင်းသားသည် နန်းတွင်းမှန်ကျောင်းတွင် စာလိုက်၍ သုခမ္မာစာပြန်ပွဲ၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီး အဆင့်ဆင့် အောင်ခဲ့လေသဖြင့် မင်းတုန်းမင်း၏ အချီးအမြှောက် ခံနေရခြင်းပင်။ ဆင်ဖြူမရှင်သည် မင်းတုန်းမင်း အနီးစွမရောက်မီ သိပေါမင်းသား နန်းလျာ (အိမ်ရှေ့) ဖြစ်လာစေရန် ကင်းဝန်မင်းကြီး ဦးကောင်းနှင့် ပူးပေါင်းကြ စည်လေသည်။

ကင်းဝန်မင်းကြီး ဦးကောင်းသည် တောင်ပန်းနှဲ့ အစည်းအဝေး အုတ်တိုက်တွင် နန်းလျာရွေးပွဲအတွက် မှူးမတ်များ ခေါ်ယူစည်းဝေးလေသည်။ ထိုအစည်းအဝေးသို့ ခန်းပတ်ဝန်ကြီး ဦးရွှေမောင်၊ ရေနံ့ချောင်းဝန်ကြီး ဦးရွှေ စိုး၊ ယောအတွင်းဝန် ဦးဘိုးလှိုင်၊ မြို့သစ်ဝန်ထောက် ဦးအောင်ကို၊ ယင်းတော် ဝန်ထောက် ဦးပေစိစသော မှူးမတ်များ ရောက်ရှိကြသည်။

ဆိုစရာတစ်ခု ရှိလေသည်။ ထိုအစည်းအဝေး၌ အဆုံးအဖြတ် မပေးမီ ကလေးအချိန်မှာ အုတ်တိုက်တောင်ဘက်က မန်ကျည်းပင်အောက်တွင် ကင်းဝန် မင်းကြီးက မှူးမတ်အချို့နှင့် ကြိုတင်ညှိနှိုင်းထားလေသည်။ ထို့ကြောင့် နန်းလျာဖြစ်နိုင်သော မင်းသားများစာရင်းကို ပုရပိုက်အနက်၌ တင်ပြထားသည် တွင် ဦးကောင်းသည် သိပေါမင်းသားကို ဦးဦးဖျားဖျား ချရေးမှင့်မှတ်လေသည်။ ဦးကောင်း၏ ဩဇာဝင်နေသော မှူးမတ်တို့သည်လည်း ဦးကောင်းနှင့် တစ်သဘော တည်း ဖြစ်လေသည်။ ပန်းနှဲ့အုတ်တိုက် အစည်းအဝေး၌ သိပေါမင်းကို နန်းလျာထားရန် သဘောပြီး ဖြစ်လေတော့သည်။ (၁၃၂)

သိပေါမင်းသားကို ဆင်ဖြူမရှင်နှင့် မှူးမတ်တို့က နန်းလျာထားရန် စီမံသော်လည်း မင်းသားအများက လက်မခံမှာ စိုးရလေသည်။ ဆူပူထောင် ထားမှု ဖြစ်နိုင်လေသည်။ ထို့ကြောင့် စက်တင်ဘာလ ဆယ့်နှစ်ရက်နေ့တွင် မင်းသား အများအပြားကို မင်းတုန်းမင်းက တွေ့ချင်သည်ဟု အကြောင်းပြ၍ သံတော်ဆင့်များအား စေလွှတ်ခေါ်ငင်စေပြီး နန်းတော်အရောက်တွင် ဖမ်းဆီးထိန်း သိမ်းလေသည်။ (၁၃၃)

ထိုအထဲတွင် ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသား ညီနောင်နှစ်ဦးသာ လျှင် မယုံသင်္ကာဖြစ်ကာ အင်္ဂလိပ်သံရုံးတွင် ခိုဝင်လွတ်မြောက်လေသည်။





ထိုအခါ မြန်မာအစိုးရကိုယ်စား ကင်းဝန်မင်းကြီးက မင်းသားညီနောင်ကို ပြန်အပ်ရန် အင်္ဂလိပ်အစိုးရကိုယ်စားလှယ် (အရေးပိုင်) ရှော (၁၃၄) ထံမှ တောင်းလေသည်။ ရှောကလည်း မင်းသားများ အလိုဆန္ဒအလျောက် ခိုဝင်သည် ဖြစ်၍ မပေးအပ်နိုင်ဟု အကြောင်းပြန်လေသည်။ ညောင်ရမ်းမင်းသားကမူ အသက်ဘေးကိုကြောက်၍ အင်္ဂလိပ်အလံတော်အောက် ခိုဝင်မိကြောင်း၊ ယခု ခမည်းတော်ရှိလျှင် ပြန်လည်လို၍ မှူးမတ်တို့လက်တွင် ထိန်းသိမ်းခြင်း မရှိရ အောင် ကယ်ဆယ်ပါမည့်အကြောင်းကို ဆင်ဖြူမရှင်ထံသို့ စာတင်လေသည်။ ထိုစာကို ဆင်ဖြူမရှင်က ပြန်လေသည်မှာ–

ဘုန်းတော်ကြီးဘုရား ရှိတော်မူသည်။ အခွင့်ပေးတော်မူသည်။ ထားထားကို ယုံကြည်စိတ်ချ၍ အမြန်ပြန်ခဲ့ရမည်။

ဟူ၍ ဖြစ်လေသည်။ သို့ရာတွင် မင်းသားညီနောင်သည် သံရုံးမှမခွာ။ (၁၃၅)

စက်တင်ဘာလ ဆယ့်ကိုးရက်နေ့တွင် သိပေါမင်းသားကို အိမ်ရှေ့နှင်း ကြောင်း အမိန့်ထွက်လာလေသည်။ မင်းတုန်းမင်းလည်း ရောဂါအနည်းငယ် သက်သာလာသည်ဟု ဆိုကြလေသည်။ ထိုနေ့တွင်ပင် အဖမ်းခံမင်းသားများ မိခင် မိဖုရားများသည် မင်းတုန်းမင်းထံပါးသို့ ဝင်ရောက်လျှောက်တင်ကြ လေသည်။ မင်းတုန်းမင်းမှာ အကျိုးအကြောင်း သိရကာ မင်းသားများကို လွှတ်ပစ်၍ မိမိထံပါးသို့ ခေါ်လာစေရန် အမိန့်ပေးသည်။ မှူးမတ်တို့သည် အမိန့်အတိုင်း ဆောင်ရွက်ရပေ၏။

ထိုအခါ မင်းတုန်းမင်းသည် မင်းသား မင်းသမီးတွေ ဘေးအန္တရာယ် မရောက်ရလေအောင် အစီအစဉ် ချမှတ်လေသည်။ ထိုအစီအစဉ်အတိုင်း ရွှေဘိုနှင့် စဉ့်ကူးမော်အကြား အုပ်ချုပ်ရန် သုံးဆယ်မင်းသားကိုလည်းကောင်း၊ ကျောက်ဆည်နှင့် တောင်ငူအကြား အုပ်ချုပ်ရန် မကွေးမင်းသားကိုလည်းကောင်း၊ မြင်းခြံနှင့် မြေထဲအကြား အုပ်ချုပ်ရန် ညောင်ရမ်းမင်းသားကိုလည်းကောင်း ဘုရင်ခံအသီးသီး ခန့်အပ်ကြောင်း အမိန့်တော် ပြန်စေလေသည်။ ကျန်မင်းသား များကိုလည်း သုံးနယ်အနက် ကြိုက်ရာလိုက်စေရန် ခွင့်ပေးလေသည်။

ထိုအစီအစဉ်သည် ဆင်ဖြူမရှင်၏ အလိုနှင့်မကိုက်။ ချက်ချင်းပင် ဆင်ဖြူမရှင်သည် ကင်းဝန်မင်းကြီး ဦးကောင်း၊ မြောက်ထားဝယ်ဗိုလ် ဦးပိန်



www.burmeseclassic.com

www.burmeseclassic.com



စသူများထံသို့ အကြောင်းကြားလေသည်။ သူတို့သည် မင်းတုန်းမင်း၏ အမိန့်ကို လိုက်နာ၍ မဖြစ်လေတော့ပြီ။ သူတို့သည် မင်းတုန်းမင်းကို ရှိသေသည်မှန်သော်လည်း ရှေ့ရေးကောင်းအောင် စီမံရတော့မည်။ ထိုအချိန်တွင် မင်းသားများသည် ရွှေနန်းတော်ဆောင်မှထွက်၍ မြောက်ဥယျာဉ်တော်အတွင်းရှိ သူတို့မိခင် မိဖုရားများနှင့် ပြန်လည်တွေ့ဆုံ ပြောဆိုနေကြသည်။ ပြောဆို၍ ကောင်းတုန်း ကင်းဝန်မင်းကြီး ဦးကောင်းအမိန့်ဖြင့် ပြန်၍ အဖမ်းခံကြရတော့သည်။ ဘုရင်ခံခန့်ကြောင်း အမိန့်တော်မှာလည်း ပျက်ပြယ်သွားလေသည်။

မိဖုရားများသည် မင်းတုန်းမင်းထံပြေး၍ လျှောက်တင်ရန် ကြိုးစားကြပေသေး၏။ သို့ရာတွင် ဆင်ဖြူမရှင်က အကြံဦးခဲ့လေပြီ။ မိဖုရားများသည် မင်းတုန်းမင်းအပါးသို့ မကပ်နိုင်တော့ပြီ။ ထို့ပြင်မကဘဲ မိမိတို့၏ အဆောင်တွင်း၌ အကျယ်ချုပ် အဖမ်းခံကြရလေသည်။ (၁၃၆)

မင်းတုန်းမင်းသည် ရောဂါတိုးလာ၍ အောက်တိုဘာလ တစ်ရက်နေ့တွင် လွန်လေသည်။ သီပေါမင်းသားသည် နောက်တစ်နေ့တွင် ထီးနန်းဆက်ခံလေသည်။

# ၉။ အောက်မြည်ကိုရန်

သီပေါမင်းသား ထီးနန်းရခြင်းသည် ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီး ဦးကောင်းကဲ့သို့ မှူးမတ်များ၏ လိုအင်ဆန္ဒအရ ဖြစ်လေသည်။

ကင်းဝန်မင်းကြီး ဦးကောင်းသည် အထိန်းသိမ်းခံ မင်းသားများကို လုံလုံခြုံခြုံ ထားနိုင်အောင် စီစဉ်လေသည်။ ထိုအစီအစဉ်မှာ နန်းတော်အနောက်တွင် ပြပေါက်အုတ်ဝင်းကြီးနှင့် အုတ်ဝင်းအတွင်း မင်းသားအိမ်တော်များ ဆောက်လုပ်စေရန် ဖြစ်လေသည်။

တစ်ဖန်၊ ညောင်ရမ်းနှင့် ညောင်အုပ်မင်းသား ညီနောင်ကိုစွာကို ရှင်းလင်းလေသည်။ မင်းသားညီနောင်က အင်္ဂလိပ်ပိုင်နက်အတွင်း နေထိုင်ရန် ဆန္ဒရှိနေသည်ကို ကင်းဝန်မင်းကြီး ဦးကောင်းလည်း သဘောကျသည်။ သူတို့ကို မန္တလေးနှင့် ဝေးဝေးနေစေချင်လေသည်၊

ထိုအခါ ကင်းဝန်မင်းကြီး ဦးကောင်းသည် အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ် (အရေးပိုင်) ရှော်နှင့် စေ့စပ်လေသည်။ ထို့နောက် တစ်ထောင့်ရှစ်ရာ ခုနစ်ဆယ့်ရှစ်ခုနှစ်၊ ဇူလိုင်ဘာလ ဆယ်လေးရက်နေ့တွင် မင်းသားညီနောင်ကို ထောင်မာရှောင် သေနတ် အမှုထမ်းနှစ်ရာ ဝန်းရံစောင့်ရှောက်စေပြီး အစိုးရပိုင် ထုလွှတ်ယန်ဖြူ မီးသင်္ဘောဖြင့် မြန်မာနယ်နိမိတ်ကျောက်တိုင် ထောင်ဘက်ရောက်အောင် လိုက်ပို့စေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးနှင့် စပ်၍ကား၊ ကင်းဝန်မင်းကြီး အစရှိသော မှူးမတ်များသည် တောင်ဥယျာဉ်အတွင်း၌ အစည်းအဝေးလုပ်ကာ လယ်ယာဌာန၊ လက်အလုပ်ဌာန၊ (ဝါ၊ ပြည်သူ့အဆောက်အအုံဌာန)၊ ကုန်းကြောင်းစစ်ဌာန၊ အကောက်အခွန်ဌာန စသည်ဖြင့် အုပ်ချုပ်ရေးဌာန ဆယ်လေးခုခွဲလေသည်။ ဌာနအသေးစိတ်ခွဲ၍ ဆိုင်ရာဝန်ကြီး အတွင်းဝန်က တာဝန်ယူရန် စီမံခြင်းပေတည်း။ ဤသည် ထူးခြားချက်တစ်ရပ်ပင်။ မင်းတုန်းမင်းလက်ထက် နောက်ပိုင်းတွင် ဌာနလေးခုသာ ခွဲခဲ့ဖူးလေသည်။ ထို့ပြင် လွှတ်တော်မှာ စည်းဝေး၊ ထို့နောက် ဗြဲတိုက်မှာ စည်းဝေး၊ ထို့နောက် ဘုရင့်ရှေ့တော်မှာ နန်းက်နေ့ည စည်းဝေးညှိလာခဲ့ကြရသည့် အစဉ်အလာသာ ကျင့်သုံးခဲ့လေသည်။

ယခုမူ လယ်ယာဌာနကို ရေနံချောင်းဝန်ကြီး ဦးရွှေစိုး၊ လက်အလုပ်ဌာနကို ခန်းပတ်ဝန်ကြီး ဦးရွှေမောင်၊ ကုန်းကြောင်းစစ်ဌာနကို ကင်းဝန်မင်းကြီး ဦးကောင်း၊ အကောက်အခွန်ဌာနကို ဝက်မစွတ်ဝန်ကြီး (ဖြစ်လာသော) ဦးဘိုးလှိုင်စသည်ဖြင့် တစ်ဦးချင်း ပေပုံကျတာဝန်ယူရမည် ဖြစ်လေသည်။ ထို့ပြင် ပထမ အစည်းအဝေးဝင်၊ ဒုတိယအစည်းအဝေးဝင်၊ တတိယအစည်းအဝေးဝင်ဟူ၍ အဆင့်ဆင့်ခွဲကာ အစည်းအဝေးဝင်ဝန်ကြီး၊ အတွင်းဝန်၊ ဗိုလ်များက ကိစ္စအရပ်ရပ်ကို ဆွေးနွေးဆုံးဖြတ်ရမည် ဖြစ်လေသည်။

ထိုအတွင်း သိပေါမင်း နားမျက်စိပွင့်လာအောင် ကင်းဝန်မင်းကြီး ဦးကောင်းက ကြိုးပမ်းပြန်လေသည်။ အနောက်နိုင်ငံများသို့ သိပေါမင်း ခရီးထွက် လှည့်လာသင့်သည် မဟုတ်ပေလော။ ထို့ကြောင့် နိုင်ငံခြားရောက်ဖူးသူများကို သိပေါမင်း အပါးတွင် နေ့ညအလှည့်ထား၍ နားချစေရလေသည်။

ကင်းဝန်မင်းကြီး ဦးကောင်း၏ စီမံချက်ကို ဝန်ကြီးဖြစ်လာသော ဦးဘိုးလှိုင်ကလည်း ထပ်မံအားဖြည့်လေသည်။ သူသည် အနောက်နိုင်ငံပြန် မြန်မာများ၊ နိုင်ငံခြားသားများထံမှ ဆည်းပူးထားသော ဗဟုသုတကို အရိုးအစဉ် ပညာဖြင့် ရောစပ်၍ နိုဝင်ဘာလ သုံးဆယ်ရက်နေ့အပြီး ရာဇဓမ္မသင်္ဂဟဟူသော ကျမ်းတစ်စောင် ရေးသားပြုစုလေသည်။

သူသည် ဗုဒ္ဓဘုရားဟော ပြည်ရွာ မဆုတ်ယုတ် မပျက်စီးနိုင်သော အပရိဟာနိယတရားဖြင့် ဤသို့ စလေသည်။

တိုင်းပြည်နိုင်ငံကို တစ်ယောက်နှစ်ယောက်၏ ဩဇာ





အာဏာနှင့်သာ အုပ်စိုးစီရင်လျှင် မုထုဧဉ်ဖြစ်၍ အမှားအယွင်းများရန် ရှိသောကြောင့် တစ်ယောက်နှစ်ယောက်၏ ဩဇာအာဏာနှင့် မပြုမလုပ်၊ မင်းမှူးမတ်များ စည်းဝေးပြုလုပ်လျှင် အမှားအယွင်း ရှိရန်မရှိ။ ထို့ကြောင့် ရှေးဦးစွာ နိုင်ငံကို စည်ပင်တိုးပွားစေလိုလျှင် တစ်ယောက်နှစ်ယောက်သာ မအုပ်မစိုး။ မင်းမှူးမတ်အများအပြား ပေါင်းစုစည်းရုံး၍ အုပ်စိုးရမည်ဟူသော ရှေးဦးစွာ သန္နိပါတမည်သော အပရိဟာနိယတရားဖြစ်၏။

ဤကဲ့သို့ မင်းမှူးမတ်အများ ပေါင်းစုစည်းရုံးခြင်း အစည်းအရုံးသည်လည်း ညီညွတ်မှသာ အကျိုးပေးသည်။ မညီညွတ်လျှင် အကျိုးမပေး။ အစည်းအရုံးလူပေါင်း မည်ရွေ့မည်မျှပင် များသည်ဖြစ်စေ၊ မညီညွတ်လျှင် အစည်းအရုံးပျက်စီးရာသည် ညီညွတ်အောင်လည်း—

စည်းဝေးရာအရပ်၌ အချိန်ပေး၍ စည်းဝေးခြင်း၊ အချိန်ပေး၍ ထသွားခြင်း၊ ပြုဖွယ်ကိစ္စတို့ကို အလိုရှိရာ သိမြင်သမျှ ပြောဆိုချက်တိုင်း တစ်ဦးတစ်ယောက်စီ ပြောဆိုစေ၍ အကျိုးရှိရာ ကောင်းရာကိုယူပြီးလျှင် အညီအညွတ်ပြုလုပ် စီရင်ရမည်။

မှုခင်းကိစ္စရှိလျှင်လည်း အကပ်အနိုမရှိ တညီတညွတ်တည်း လုံ့လထုတ်ရမည်။ ဤကဲ့သို့ ညီညွတ်ကြလျှင် တိုးပွားရန်သာရှိသည်။ ဆုတ်ယုတ်ရန် မရှိဖြစ်၍ စည်းဝေးသော မင်းမှူးမတ်တို့ ညီညွတ်ရမည်ဟူသော သမဂ္ဂမည်သော အပရိဟာနိယတရားဖြစ်၏။

ဦးဘိုးလှိုင်သည် ထိုသန္နိပါတ သမဂ္ဂတရား နှစ်ပါးကို အနောက်တိုင်းနည်းနှင့် အောက်ပါအတိုင်း ရောစပ်ပြန်လေသည်။

ယခုအခါ ဤကဲ့သို့ စည်းဝေးညီညွတ်ခြင်းအကျိုး၊ အစည်းအဝေး ကွဲပြားခြင်း၌ အပြစ်ကို မြင်ကုန်သော သိုးဆောင်းလူမျိုးတို့သည် အစည်းအဝေးဟူသော 'သန္နိပါတ'၊ ညီညွတ်ခြင်းဟူသော 'သမဂ္ဂ' ဖြစ်အောင် နိုင်ငံသားတို့နှင့်လည်း ဆန်ကျင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မဖြစ်စေရ၊ 'အဝီရောဓန' တရားနေရာကျအောင် လုပ်ဆောင်လိုသည်ဖြစ်၍

(၁) နိုင်ငံအတွင်း မြို့ကျေးရွာလူတို့က သဘောတူပေးသည့် လူကြီးစုသစ်တင်း

(၂) အရိုးအစဉ်အတိုင်းလာသော မှူးမတ်စုတစ်သင်း

ဤသို့အစုအဝင်း နှစ်စုထားပြီးလျှင် မင်းနှင့် ထိုမှူးမတ်နှစ်သင်းတို့အမျိုးဘာဝကိုးကွယ်သည့် သာသနာဝင်ဆရာရဟန်းတို့ အစုံအညီတွင် ရာထူးနှုတ်ရန်၊ ခန့်ရန် အခွန်အတုတ်ကောက်ခံရန်၊ ရဲမက် လက်နက်ကိုင်စည်းကြပ်၍ နိုင်ငံကိုစောင့်ထိန်းရန်၊ လစာကြေးငွေ ပေးကမ်းရန်မှစ၍ အရပ်ရပ်တိုင်းရေးပြည်မှု လုပ်ဆောင်ရန် ရှိသမျှကို မင်းမိဖုရားတို့ကဖြစ်စေ၊ တစ်ယောက်နှစ်ယောက် မှူးမတ်တို့ကဖြစ်စေ အလိုရှိရာ မပြောမဆို မပြုမလုပ်ပါ၊ စုံညီညီနိုင်း၍ အကြိုက်များရာကိုသာ လုပ်ဆောင်ပါမည် သစ္စာပြုကြ၍ ဤမှူးမတ်နှစ်စု နှစ်သင်းတို့ပြင် သိလသမာဓိရှိ၍ ယုံကြည်စိတ်ချရသူတို့ကို ရွေးချယ်ပြီးလျှင် မင်းနှင့်ဆိုင်သော သတင်းစာတိုက်၊ နိုင်ငံနှင့်ဆိုင်သော သတင်းစာတိုက်တို့ကို ထားပြီးလျှင် တိုင်းရေးပြည်မှုအလုံးစုံ ပြုခင်းပြုဖွယ် နိုင်ငံ၌ အခွန်ခံရန်၊ အကောက်အခွန် အနည်းအများ ကောက်ခံ၍ ကုန်းတပ်ရေတပ် ရဲမက် လက်နက်ကိုင် စည်းကြပ်၍ နိုင်ငံအင်အားနှင့် လျော်အောင်ထားရန် ရှိသည်များကို မှူးမတ်နှစ်စုသင်းတို့ ညှိနိုင်းတိုင်ပင်ပြီးလျှင် နေရာကျအောင် လုပ်ဆောင်ကြသည်။ ဤသို့ မှူးမတ်နှစ်သင်းတို့ တိုင်းရေးပြည်မှုကို လုပ်ဆောင်မည် ညှိနိုင်းကြသည့်ကာလ သတင်းစာဆရာတို့လည်း ညှိနိုင်းရာသို့ ဝင်၍နားထောင်စေပြီးလျှင် ညှိနိုင်းပြောဆိုသမျှ စကားကို သတင်းစာ၊ ကြော်ငြာစာရိုက်၍ နေ့စဉ်နိုင်ငံကိုထုတ်သည် ကာလနိုင်ငံသားတို့က ယခု မှူးမတ်နှစ်စုနှစ်သင်းတို့ စည်းဝေးတိုင်ပင် ညှိနိုင်းကြသည့်အရာ ကျွန်ုပ်တို့ကြိုက်သည်၊ မကြိုက်သည်များကို နိုင်ငံကပြန်၍ရိုက်သည့်





သတင်းစာကို မှူးမတ်နှစ်စုနှစ်သင်းတို့ တစ်ဖန်ပြန်၍ ညှိကြပြီးလျှင် အကြိုက်များရာ အမှုသို့လိုက်၍ ညှိနိုင်းချက်ရေးသားမင်းကောရာဇ်ထံ သွင်းသည့်ကာလ သဘောတူလက်မှတ်ထိုး၍ အမိန့် တော်ပြုလုပ် နိုင်ငံကို ထုတ်ပြန်ရသည်။ ဤသို့ ပြုလုပ်၍ ညီညွတ်ခြင်း၊ အစည်းအဝေးမပျက်မစီး ယခုတိုင် နှစ်ပေါင်း ငါးရာကျော်တည်ရှိသဖြင့် အပရိဟာနိယတရားခုနစ်ပါးနှင့် ပြည့်စုံသောကြောင့် ယခုအခါ သိုးဆောင်းနိုင်ငံသည် နိုင်ငံတကာထက် အလွန်တိုးတက်စည်ပင် ဖြစ်ထွန်းရှိလေသည်၊ အစည်းအဝေး ညီညွတ်ခြင်းသန္နိပါတ သမဂ္ဂတရားနှစ်ပါးမရှိသော အရှေ့တိုင်းပြည်တို့၌ မှူးမတ်ကလည်း မင်းမိဖုရားတို့ထံ အကြောင်းအပေါင်းသင့်ရာ မှိန်ကပ်ရပ် အများမကြိုက်မညီ သော်လည်း မိမိအလိုရှိသည်ကို တင်လောက်ယှင်ပြုလုပ် သည်ဖြစ်၍ တစ်ဦးကိုတစ်ဦး နှိပ်စက်ပြုလုပ်နိုင်သမျှ စီးပိုးနှိပ်စက်ကြ၍ မှူးမတ်တို့လည်း စည်းစိမ်ချမ်းသာ မြင့်ရှည်စွာ မတည်ပျက်စီးကြသည်။ မင်း အလွန်ယုံကြည်သဒ္ဓါသော မှူးမတ်တို့သော်လည်း မင်းတစ်ဆက်မျှသာတည်၍ နောင်မင်းလက်ထက်၌ ပျက်စီးရသည်။ မင်းတို့ပြုသမျှသော အမှုတို့သည်လည်း အများမကြိုက်ညီ၊ အစိုးရဂုဏ်နှင့် ဖိစီးနှိပ်စက် ပြုလုပ်ထားသောကြောင့် ရှေ့မင်းလုပ်သောအမှုကို နောက်မင်းလက်ထက် ဖျက်စီးရသည်ဖြစ်၍ မြဲမြံခိုင်ခံ့သော ဥပဒေမဖြစ်နိုင်။ မင်းမှူးမတ်တို့ စည်းစိမ်ဥစ္စာသားမယား ကျေးကျွန်တို့သည်လည်း မြင့်ရှည်စွာမတည်နိုင်။ အရှည်ကြာဆုံး မင်းတစ်ဆက်မျှသာ တည်နိုင်သည်။ သဒ္ဓါယုံကြည်သည့် မှူးမတ်နှင့် မင်းချည်းသာ အလိုရှိရာ ပြုလုပ်နိုင်သောကြောင့် မကြိုက်ညီသူများသဖြင့် မနှစ်သက် မကြိုက်ညီသူတို့က အလိုရှိရာ သခင်ရှာ၍ အကြိမ်များစွာ ပုန်စားပုန်ကန်မှုဖြစ်သည်။ ဤသို့ အစည်းအဝေးညီညွတ်ခြင်း၌ စည်းစိမ်ဥစ္စာ မြင့်ရှည်စွာတည်ခြင်းကိုလည်းကောင်း မင်းမှူးမတ်တို့နှင့် ပြည်သူတို့ ညီညွတ်၍ထားသော ဥပဒေ



www.burmeseclassic.com

www.burmeseclassic.com



မြင့်ရှည်စွာ တည်ခြင်းကိုလည်းကောင်း၊ မညီမညွတ်ရာ၌
စည်းစိမ်ဥစ္စာ ထားအပ်သော ဥပဒေတို့ မြင့်ရှည်စွာမတည်၊
အလျှင်အမြန် ပျက်စီးလွယ်ခြင်းကိုလည်းကောင်း၊ ရာဇဝင်တို့၌
လည်းကောင်း၊ ကိုယ်တိုင်မျက်မြင်လည်းကောင်း အကြိမ်ကြိမ်
ကြားဖူးမြင်ဖူး တွေ့ဖူးသည်များကို စေ့စေ့ဆင်ခြင် အောက်
မေ့ပြီးလျှင် စည်းစေးညီညွတ်ခြင်းကို အလိုရှိအပ်တောင့်တအပ်၊
ပြုအပ်သည်။ စည်းစေးညီညွတ်ခြင်း၌ ဖြစ်အံ့ရအံ့သော စည်းစိမ်
ချမ်းသာကိုသာ အလိုရှိအပ်၊ တောင့်တအပ်သည်။ (၁၃၇)

ဤသည် ရာဇဓမ္မသင်္ဂဟကျမ်း၏ အဓိက ရည်မှန်းချက်ဖြစ်လေသည်။
အဆိုပါကျမ်းကို ဦးဘိုးလှိုင်က သီပေါမင်းထံ တင်သည်ဟု ဆိုသူက ဆိုသည်။
လွှတ်တော်တင်သည်ဟု ဆိုသူလည်းရှိသည်။ မည်သို့ပင်ဖြစ်စေ ဦးဘိုးလှိုင်နှင့်
ကင်းဝန်မင်းကြီး ဦးကောင်းတို့ ရည်မှန်းသကဲ့သို့ ဖြစ်မလာခဲ့ပေ။ သူတို့အယူ
အဆမျိုးကို သာမန် မင်းဧကရာဇ်က ဘဝင်ကျစရာမရှိ။ မှူးမတ်အများကလည်း
လက်မခံ။ တစ်ဖန် ထိုအယူအဆသည် ကုန်သည် လယ်လုပ်စသော ပြည်သူများ
အကြားသို့ မပျံ့နှံ့။ အုပ်ချုပ်ရေး အယူအဆသစ်၊ လူမှုရေး အယူအဆသစ်
မည်သည့်အယူအဆ သစ်ပင်မဆို အများသဘောမပေါက်လျှင် ရှုံးနိမ့်ပျောက်ပျက်
သွားတတ်လေသည်သာ ဖြစ်သည်။

သီပေါမင်း လက်ထက်၌ပင် ဖြစ်ပျက်ခဲ့သော ကိစ္စတစ်ခုကို သာဓက
ပြပါဦးအံ့။ တစ်နေ့သောအခါ သံတော်ဆင့်အတ်ဝန် ဦးဘိုးကြီးသည် မိမိအိမ်၌
အလှူလုပ်လေသည်။ အလှူမဂ္ဂလာပ်သို့ မှူးမတ်အများ လာရောက်ကြသည်တွင်
(ရှေးက ဝန်ထောက်၊ နောက်) ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုး၊ ပေါက်
မြိုင်အတွင်းဝန် ဦးလှဘူး၊ မိုးထားဝန်ထောက် ဦးပုလေး၊ စာတတ်အကျော်
ဦးသဲ စသူများလည်း ပါကြသည်။ ထိုပုဂ္ဂိုလ်များ စုဝေး၍ စပ်မိစပ်ရာ ပြောဆို
ကြရင်း ကမ္ဘာမြေကြီး အလုံးအပြားကိစ္စသို့ ရောက်သွားကြလေသည်။ ထိုအခါ
နှစ်ဖက် အငြင်းအခုံ ဖြစ်လေသည်။

ကမ္ဘာမြေကြီး အလုံးဖြစ်ကြောင်း ပြောဆိုသည့်ဘက်တွင် ကျောက်
မြောင်း အတွင်းဝန်ဦးရွှေအိုး၊ ပေါက်မြိုင်အတွင်းဝန် ဦးလှဘူး၊ မိုးထားဝန်
ထောက် ဦးပုလေးရှိလေသည်။ ထိုသူများသည် ခေတ်သစ်အယူအဆကို





လေ့လာလိုက်စားခဲ့သူများ ဖြစ်ကြသည်။ ဦးရွှေအိုး၏ နိုင်ငံခြားအတွေ့အကြုံကို
ပြောစရာမလိုတော့ပြီ။ ဦးလှဘူးမှာ သံအဖွဲ့နှင့်အတူ အိန္ဒိယ၊ အီတလီ၊ စပိန်၊
ပေါ်တူဂယ်နိုင်ငံများသို့ သွားလာဖူးလေသည်။ ဦးပုလေးမှာလည်း နိုင်ငံခြား
ဗဟုသုတရှိသလောက် ရှိပုံရလေသည်။ ထိုသူများက ကမ္ဘာမြေကြီးသည်
နေလကြိုပ်များကဲ့သို့ အလုံးဖြစ်သည်။ လည်းဘီးသည် ဝင်ရိုးပေါ်တွင်တည်၍
လိမ့်သကဲ့သို့ ပထဝီမြေကြီးသည်လည်း အရှေ့ဘက်သို့လိမ့်၍ နေကို လှည့်ပတ်
သွားလာသည်ဟူ၍ သိပ္ပံပညာအရ သဘာဝယုတ္တိအရ ပြောဆိုလေသည်။

ဤတွင် လူများစုက မယုံ။ သူတို့သည် ပကတိမျက်စိဖြင့် နေဝင်နေ
ထွက်ကို မြင်နေရသည်။ မြေကြီးအပေါ်လမ်း ကောင်းကောင်းလျှောက်နေနိုင်
သည်။ စာပေကျမ်းဂန်ကလည်း သူတို့အဆိုကို ထောက်ခံထားသည်။ ထိုလူများ
စုဘက်က စာတတ်အကျော် ဦးသဲက အာဂမယုတ္တိဖြင့် ခုခံချေပရာ အနိုင်ရလေ
သည်။ ထိုအကြောင်းကို ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးက
စာဖွဲ့ခဲ့ဖူးလေသည်။ ကြည့်ပါလေ။

ထုတ်ညွှန်သော် မြန်ပေါ်တင့်ပေတဲ့
အတ်ဝန်ဆော် စံလော့ပွဲကဲ့သို့
သံတော်ဆင့်အလှူတွင်။
အထူးမှတ်ရန်ဖို့
မှူးမတ်ကယ်စုံလင်စွာတို့
ကမ္ဘာကို ဒွိဟကင်းအောင်
ရှင်းကြသည့်အခါ။
မြစ်အခြေ ထောက်အကိုးတွေနှင့်
အမစွေ့ ‘ကျောက်’ ‘ပေါက်’ ‘မိုး’ငယ်တို့
အမျိုးမျိုး ယူဆချင်
မှုပြတင်ပါတဲ့ မြွက်စာတမ်း။
မကွဲတာ ‘သဲ’ ဆရာပြန်လှန်၍
ခမ္ဘကွန်တုံးဆန်နှင့် ကျဲကာမှ
ဒီပွဲတွင်–လုံးမြေပြားလေးရဲ့
အားရခန်း။ (၁၃၈)



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေး နိုင်ငံရေးကို ပြန်ကောက်ပါဦးအံ့။ အိမ်တော်ပါများက သီပေါမင်း အနားကပ်၍ ပြည်ပရေးမတွက်ရန် နားသွင်းနေကြလေသည်။ ပြည်ပသို့ သီပေါမင်း ရောက်နေချိန်တွင် အခြားမင်းသားတစ်ဦးဦးကို မှူးမတ်များ နန်းတင်ခဲ့ပါက သီပေါမင်းမှာ သောင်ပြင်လွှတ်သော ခွေးကဲ့သို့ ဖြစ်လိမ့်မည်ဟု (မြောက်ထားဝယ် ဗိုလ်ပေါင်း ဦးပိန်၏သား) မြောက်ထားဝယ်ဗိုလ် သစ် လက်သုံးတော်ကြီးကိုင် ရနောင်မောင်တုတ်၊ တောင်ထားဝယ်ဗိုလ် (နောင်အတွင်းဝန်၊ နောင် တိုင်တားဝန်ကြီး) ဦးဖိုးတို့က ပြောကြလေသည်။

တစ်ဖန် မိဖုရားခေါင်ဖြစ်သူ မြောင်စုဖုရားလတ်သည်လည်း သီပေါမင်းအပေါ် ချယ်လှယ်နိုင်လာသည်။ သူသည် တစ်စတစ်စနှင့် ဆင်ဖြူမရှင်၊ ကင်းဝန်မင်းကြီးတို့၏ အစီအမံကို ဖယ်စပြုလာသည်။ လွှတ်တော်က မင်းမိဖုရားတို့ အသုံးစရိတ် ထိန်းကွပ်ရန် ကြံရွယ်သည်ကိုလည်း ဖျက်ပစ်နိုင်ခဲ့လေသည်။

ပြယုဂ်ကား ဆင်ဖြူမရှင်နှင့် မှူးမတ်တို့က စုဖုရားလတ်ကို မိဖုရားခေါင်အဖြစ် ထားသကဲ့သို့၊ အစ်မဖြစ်သူ စုဖုရားကြီးကိုလည်း မိဖုရားခေါင်အဖြစ် ပြိုင်တူလျာထားခဲ့လေသည်။ ထို့ကြောင့် နှစ်ဦးစလုံးကိုပင် မိဖုရားခေါင်အဖြစ် ဘိသိက်မြှောက်ခဲ့သည်၊ သို့ရာတွင် မိုင်းနောင်စုဖုရားကြီးမှာ အမည်ခံမိဖုရားခေါင်သာ ဖြစ်ခဲ့ရပေ၏။ စုဖုရားလတ်သည် သီပေါမင်းအပေါ် မိမိသြဇာလွှမ်းအောင် ကြိုးဆောင်နိုင်ခဲ့လေသည်။ တစ်ဦးတည်းသော မိဖုရားခေါင်နေရာကိုလည်း ယူလာခဲ့လေသည်။ ထိုအခြေအနေတွင် လက်အောက်ငယ်သားများကလည်း သူ့အကြိုက်ကျအောင် ဖန်တီးခဲ့ပြန်သည်။ မင်းမိဖုရား မှူးမတ်များ ပြည့်နေသော နန်းတွင်းဇာတ်ပွဲတွင် လက်စွဲတော်လူပြက်က ဤသို့ ပြက်လုံးထုတ်၏။

မည်သည့်ဆိုင်း ဇာတ်မဆို ပတ်မကြီးတစ်လုံးတည်းသာ

ပါရမြဲ။

စုဖုရားလတ်မှာ အလွန်သဘောတွေ့တော့သည်။ ငွေတစ်ထောင် လှွယ်လှွယ်ပင် ဆုချတော့သည်။ (၁၃၉)

သီပေါမင်းနှင့် စုဖုရားလတ်တို့အဖို့ မြောက်ထားဝယ် ဗိုလ်လက်သုံးတော်ကြီးကိုင် ရနောင်မောင်တုတ်၊ တောင်ထားဝယ်ဗိုလ်ဦးဖိုး၊ မောင်ဝန်/မြို့တော်ဝန် ဦးရွှေမောင်တို့ လူစုနှင့် ပို၍အဆင်ပြေနေလေပြီ။ တစ်ဖက်ကို





ကြည့်ပါလေဦး။ မင်းမိဖုရားတို့သည် ကင်းဝန်မင်းကြီး ဦးကောင်းအပေါ်၌လည်း မယုံသင်္ကာဖြစ်ခဲ့လေသည်။ ပထမဦးဆုံး မသင်္ကာဖြစ်ခဲ့သည်မှာ ညောင်ရမ်း ညောင်အုပ် မင်းသားညီနောင်ကို မြန်မာ့ပိုင်နက်မှ လုံလုံခြုံခြုံ ထွက်ခွာသွားနိုင်အောင်၊ မင်းအလိုတော်ရှိများလက် မရောက်ရအောင် လွှတ်တော်အရာရှိ ဦးစီးကာ သေနတ်အမှုထမ်းများ ထည့်ပေးစောင့်ရှောက်စေခြင်းကြောင့် ဖြစ်လေသည်။

ထိုအခါ ကင်းဝန်မင်းကြီး ဦးကောင်းမှာ လွှတ်တော်ဝန်ကြီး ရာထူးနှင့် ပူးတွဲလုပ်ဆောင်နေရသော သေနတ်ဝန်အရာမှ ရုပ်သိမ်းခံရလေသည်။ လွှတ်တော်ဝန်ရာထူးကား သူ၌ ရှိနေပေသေး၏။ ထို့ပြင် နန်းတင်ပေးမှုသော ကျေးဇူးကို ထောက်ထားသဖြင့် နန်းတွင်းပွဲတော်ဖိုမှ ရှင်ဘုရင်သုံးဆောင်သည့်နည်းတူ၊ နေ့စဉ်မှန်မှန် ပွဲတော်အုပ် ရရှိနေပေသေး၏။

ကျန်မှုဂိုလ်အချို့သည် ကင်းဝန်မင်းကြီး ဦးကောင်းထက် ပို၍ အဖိအနှိပ်ခံရလေသည်။ တစ်ဆောင့်ရှစ်ရာ ခုနစ်ဆယ့်ကိုးခုနှစ်၊ ဇန်နဝါရီလ ဆယ့်ကိုးရက်နေ့တွင် ရေနံချောင်းမင်းကြီး ဦးရွှေစိုး၊ ယခင် ဝက်မစွတ်ဝန်ကြီး လက်ရှိမကွေးဝန်ကြီး ဦးဘိုးလှိုင်၊ မြို့သစ်ဝန်ထောက် ဦးအောင်ကိုတို့သည် အရာကျလေသည်။ (ရနောင်မောင်တုတ်၏ဖခင် ဦးပိန်မှာမူ ရေနံချောင်းမြို့စား သေနတ်ဝန်ဟူ၍ နောင်တွင် အချီးအမြှောက်ခံရလေသည်)

အခြေအနေ ပို၍ဆိုးဝါးလာသည်မှာကား ဖေဖော်ဝါရီလ ဆယ့်ငါးရက်၊ ဆယ့်ခြောက်ရက်၊ ဆယ့်ခုနစ်ရက် ညများတွင် မြို့တော်ဝန် ဦးရွှေမောင်နှင့် မြောက်ထားဝယ်ဗိုလ် ရနောင်မောင်တုတ်၊ သူ့ညီဖြစ်သူ ပင်းသာ မောင်ပြောင်စသော လက်သုံးတော်ကြီးကိုင်များ ခေါင်းဆောင်၍ အထိန်းသိမ်းခံ မကွာရာမင်းသား၊ သုံးဆယ်မင်းသား၊ ကြည့်ဖြူမင်းသမီး စသော မင်းသား မင်းသမီးများနှင့် နီးစပ်ရာ မှူးမတ်အများအပြားကို သတ်ပစ်ခြင်းပေတည်း။ (၁၄၀)

ဤတွင် ပြည်ထဲရေး စိတ်ချရအောင် ဆိုင်ရာက စီမံလိုက်ရသည်ဟု ဆိုချင်ဆိုပေစေ။ အတိုင်းတိုင်းအပြည်ပြည်က ကြား၍မှ မလျော်သော ကိစ္စတစ်ရပ်ဖြစ်ချေသည်။ အခြေအနေကို စောင့်ကြည့်နေသော အင်္ဂလိပ်သံရုံးအဖို့ ဝင်စွက်စရာ အကြောင်းရှိလာလေသည်။ သူတို့မှာ လူ့ကျင့်ဝတ်အကြောင်းအပြင် လက်ငင်းအကျိုးဖျက်မည့်အကြောင်းနှင့် စပ်၍လည်း ပြောစရာရှိနေပြီသည်။ မြန်မာ့ပြည်တွင်းရေး မငြိမ်သက်လျှင် ရေကြောမြေကြော တစ်စပ်တည်းဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှ မြန်မာနိုင်ငံ၏ အကျိုးကိုပါ ထိခိုက်လာနိုင်သည် မဟုတ်ပေလော။ သူခိုးဓားပြ သူပုန်သူကန်များသည် အဖမ်းအဆီးမှ နယ်စပ်ကူးပြေးကာ အနှောင့်အယှက်ပေးနိုင်လေသည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက် ကုန်ပစ္စည်း အတင်အပို့ နစ်နာနိုင်လေသည်။ အင်္ဂလိပ်အစိုးရသည် ကိုယ်စားလှယ် (အရေးပိုင်) ရှေ့မှ တဆင့် မြန်မာအစိုးရထံ–

> သားတော် သမီးတော်များမှစ၍ အခြားသူတို့ကို သတ်ဖြတ်သည့် စက်ဆုပ်ရွံရှာဖွယ်ကို ကြားသိရကြောင်း။ ဥရောပတိုက်အရပ်ရပ် နိုင်ငံတို့က စက်ဆုပ်ဖွယ် ကြားသိမည့်အရာ။ သည်ကဲ့သို့ သတ်ဖြတ်ခြင်း ပြုသူတို့ကို အရေးပိုင်မင်း သိသာအောင် အခွင့်အခါမရသော်လည်း ကျန်လူတို့ကို ချမ်းသာရန် ဝန်ရှင်တော်မင်းကြီးက အထူးစောင့်ရှောက်မည့် အကြောင်း။
>
> နောက်ပိုမို သတ်ဖြတ်ခဲ့လျှင် အင်္ဂလိပ်အလံတော်ကို ဆက်လက်ထူထောင်ထားရန် မသင့်မလျော်ဖြစ်မည့်အကြောင်း။

စကားကောင်း စကားလှသုံး၍ ကန့်ကွက်လေသည်။ (၁၄၀)

ဤသို့ အင်္ဂလိပ်သံရုံးက မြန်မာအစိုးရသို့ အပြစ်ရှာစရာများ ရှိနေသည်မှာ မကောင်း။ သို့ရာတွင် မင်းတုန်းမင်း နာမကျန်းသည့် အချိန်လောက်မှစ၍ နှစ်ဖက်ဆက်ဆံရေးသည် မချောမမောဘဲ ဖြစ်နေခဲ့လေသည်။ ထိုအရာများတွင် ဧရာဝတီ ဖလော်တီလာ မီးသင်္ဘောကုမ္ပဏီနှင့် ပတ်သက်ရာ ပတ်သက်ကြောင်းလည်း ပါလေသည်။

ထိုကုမ္ပဏီသည် စောစောက သင်္ဘောငယ် နှစ်စင်းဖြင့် ရန်ကုန်နှင့် သရက်အကြား မြစ်ရိုးတစ်လျှောက် ခုတ်မောင်းသွားလာနေခဲ့လေသည်။ ထိုစဉ်က ခရီးလမ်းကြောင်းမှာ အင်္ဂလိပ် ပိုင်နက်အတွင်းဖြစ်၍ မြန်မာအစိုးရအတွက် ဘာမျှ အရေးမပေါ်ခဲ့။ တစ်ထောင့်ရှစ်ရာ ခြောက်ဆယ့်ရှစ်ခုနှစ် နောက်ပိုင်းတွင်ကား မဟာဝန်ရှင်တော်မင်းကြီး ဖိုက်၏ဆောင်ရွက်ချက်အရ မန္တလေးအထိ သင်္ဘောမှန်မှန် သွားလာနိုင်ခဲ့လေသည်။ မန္တလေးတွင်လည်း အီတာလီကောင်စစ်ဝန် အဒြီနောကိုပင် သင်္ဘောကိုယ်စားလှယ်အဖြစ် ထားရှိနိုင်ခဲ့လေသည်။ မြန်မာပိုင်နက်အထိ ခရီးလမ်းကြောင်း တိုးချဲ့ခဲ့ရာတွင် ခရီးသည်များ၊ သင်္ဘောဝန်ထမ်းများ၊ ကုလီများ၊ သင်္ဘောပါ ပစ္စည်းများကို အကြောင်းပြု၍ သင်္ဘော





ကုမ္ပဏီနှင့် အင်္ဂလိပ်အစိုးရက တစ်ဖက်၊ မြန်မာအစိုးရကတစ်ဖက် စကားအချေ အတင် ပြောလာရလေသည်။ သာဓကပြပါအံ့။

ရန်ကင်းတောင်သင်္ဘောသည် မန္တလေးမှ စုန်လာပြီးနောက် တစ်ထောင် ရှစ်ရာ ခုနစ်ဆယ့်ရှစ်ခု၊ အောက်တိုဘာလ သုံးဆယ်တစ်ရက်နေ့တွင် မြင်းခြံဆိပ် ကမ်း၌ ဆိုက်ကပ်လေသည်။ ထိုအခါ မြင်းခြံမှ မြန်မာအမှုထမ်းများက သင်္ဘောပေါ် တက်ရောက်ကာ သင်္ဘောစီး ယောက်ျား၊ မိန်းမ နှစ်ဆယ်ကိုး ယောက်ကို အတင်းအကျပ် ခေါ်ဆောင်ဖမ်းဆီးလေ၍ သင်္ဘောကပ္ပတိန် ပက်တာဆင် (၁၄၃)နှင့် စကားများလေသည်။ သင်္ဘောကုမ္ပဏီက အဖြစ်အပျက် ဖော်ပြကာ ကုမ္ပဏီပိုင် သင်္ဘောပေါ်သို့ တက်ရောက်၍ အတင်းအကျပ် ပြုမူ ခြင်းကြောင့် ကုမ္ပဏီ၌ နစ်နာရကြောင်း မြန်မာအစိုးရသို့ အမှုတိုင်လေသည်။

ဖြစ်ရပ်အမှန်မှာကား မန္တလေး ဂေါဝိန်ဆိပ်၌ သင်္ဘောဆိုက်ကပ်ထား စဉ်ကပင် ထိုခရီးသည်များမှာ ငွေတော်ဝယ် အိမ်ထောင်စု (ငွေဝယ်ကျွန်)များ ဖြစ်ကြောင်း၊ သင်္ဘောဖြင့် အောက်မြို့အောက်ရွာသို့ ထွက်ပြေးမည်ဖြစ်က သူတို့ကို အပ်စေချင်ကြောင်း မြန်မာဘက်က သင်္ဘောကိုယ်စားလှယ် အဒြီ နောမှတစ်ဆင့် သင်္ဘောကပ္ပတိန်ကို အရေးဆိုခဲ့လေသည်။ သို့ရာတွင် သင်္ဘောကပ္ပ တိန်က လူမအပ်ဘဲ သင်္ဘောစွတ်ခွာသွားသဖြင့် တလုပ်မြို့ဝန်သို့ သံကြိုးရိုက်၍ အရေးယူနိုင်ရခြင်း ဖြစ်လေသည်။

တစ်ဖန် ရှင်စောပု သင်္ဘောသည် မန္တလေးသို့ ဆန်အတက် တစ်ထောင် ရှစ်ရာ ခုနစ်ဆယ်ကိုးခုနှစ်၊ ဧပြီလ ရှစ်ရက်နေ့တွင် (ဆင်ဖြူကျွန်းအောက် ငါးနိုင်ရွာ) ထောင်ပလုစွန်း ကျေးရွာဆိပ်ကမ်း၌ ဆိုက်ကပ်လေသည်။ ထိုရွာ၌ ကုန်ပစ္စည်းများချရင်း သင်္ဘောသားနှင့် အပြင်အလုပ်သမား ကုလီများ ရန်ဖြစ် ကြလေသည်။ ထိုအခါ သင်္ဘောကပ္ပတိန် မော်ဂန် (၁၄၄) သည် ချစရာပစ္စည်း အကုန်မချခဲ့ရဘဲ ရုတ်ခြည်းသင်္ဘောခွာခဲ့ရသဖြင့် နစ်နာကြောင်း မြန်မာအစိုးရသို့ အမှုတိုင်လျှောက်ကြားတောင်းလေသည်။

ဖြစ်ရပ်အမှန်မှာကား ကုန်များကို အလုပ်သမား ကုလီများ အသယ်တွင် ခရီးသည်ဖျာကို နင်းမိလေသည်။ ငါးပိဖိတ်စင်၍ ခရီးသည်ပစ္စည်း ပေကျံ[illegible] သည်။ ခရီးသည်နှင့် အလုပ်သမားများ စ စကားများရာက သင်္ဘောသားများလည်း ပါဝင်လာပြီး သင်္ဘောသားများတစ်ဖက်၊ အလုပ်သမားကုလီများက တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်ကြလေတော့သည်။ ထိုအခါ သင်္ဘောကပ္ပတိန်သည် သင်္ဘောပေါ်ရောက်နေသော အလုပ်သမား နှစ်ယောက်၏ နဖူးကို သေနတ်ပြောင်းဝှင့်ထိုး၊ ထို့နောက် လက်ထိတ်ခတ်ပြီး သင်္ဘောပေါ်တွင် ချုပ်ထားလေသည်။ သင်္ဘောကိုလည်း ချက်ချင်းခွာခဲ့လေသည်။ နောက်မှ သူများမှန်းသိ၍ နှစ်မိုင်လောက်အရောက်တွင် အလုပ်သမားနှစ်ဦးကို ကမ်းစပ်ချထားခဲ့ကာ မန္တလေးသို့ ဆန်ခဲ့လေသည်။ အဆိုပါအမှုတွင် မြန်မာဘက်က အရေးတယူပြု၍ ဆိုင်ရာ အလုပ်သမားကုလိ နှစ်ဦးကို အပြစ်ပေးခဲ့လေသည်။ (၁၄၅)

ဤသည် ဧရာဝတီ ဖလော်တီလာ မီးသင်္ဘောကုမ္ပဏီကြောင့် အစိုးရချင်း စကားတရှည်ရသော ပြယုဂ်များဖြစ်သည်။ တစ်ဖန် သံရုံးဝန်ထမ်းနှင့် တိုက်ရိုက်ကြုံရသော ကိစ္စမျိုးလည်း ရှိလေသေးသည်။ ထိုကိစ္စမျိုးသည် အသေးအဖွဲ ဖြစ်နေသည့်တိုင်အောင် တစ်ဖက်နှင့်တစ်ဖက် ဆက်ဆံရေး ချော မချောပေါ်တည်၍ ပမာဏကြီးချင်း ကြီးလာနိုင်လေသည်။

ဖြစ်ပုံမှာ မေလ နှစ်ဆယ့်ခြောက်ရက်နေ့တွင် လက်ထောက်အင်္ဂလိပ်ကိုယ်စားလှယ်အရေးပိုင် (တရားမအရေးပိုင်) ဖြစ်သူ ဖယ်ရာသည် ရွှေတချောင်းမြောင်းဘောင်လမ်းက သံရုံးသို့ မြင်းစီး၍ ပြန်အလာ၊ စည်ရှည်တံခါးပြလမ်းအရောက်တွင် မြန်မာလုလင်ခြောက်ယောက်နှင့် ဆုံမိလေသည်။ ထိုဖယ်ရာကို မြန်မာတစ်ယောက်က ကြည့်၍ 'ကုလား'ဟု အော်ကြီးဟစ်ကျယ် ပြောဆိုလေသည်။ ထိုအခါ မဟာမိတ်နိုင်ငံအရာရှိကို အထက်ကအတိုင်း မသရော်သင့်ကြောင်း၊ မထိမဲ့မြင် မပြုသင့်ကြောင်း သံရုံးက မြန်မာအစိုးရသို့ တိုင်ကြားလေသည်။ အဆိုပါအမှုတွင်လည်း မြန်မာဘက်က အရေးတယူပြု၍ ဆိုင်ရာပြစ်မှုကျူးလွန်သူကို အပြစ်ပေးခဲ့လေသည်။

အစိုးရချင်း စကားအချေအတင် ဖြစ်နေရသည့်တွင် ကိစ္စကြီး ကြီးအောင် ဖန်တီးနေသူများ၊ မီးလောင်ရာ လေပင့်နေသူများလည်း ရှိသေးသည်။ ထိုသူများမှာ အခြားမဟုတ်။ အစိုးရနောက်ကွယ်တွင် ရပ်နေကြသော အင်္ဂလိပ်ကုန်သည်ကြီးများပင် ဖြစ်ကြတော့သည်။ အင်္ဂလန်နိုင်ငံရှိ သူတို့အစိုးရက လက်နက်ကိုင် တိုက်ခိုက်လာရအောင် သူတို့ နှိုးဆော်နေကြသည် မဟုတ်ပါလော။

အင်္ဂလန်ရှိ သူတို့အစိုးရကား သူတို့အလိုအတိုင်း အရမ်းမလုပ်သေး။ မြန်မာဘက်နှင့် ဆက်ဆံရေးမချောမောသည်မှန်၏။ သို့ရာတွင် လက်နက်ကိုင်





တိုက်ခိုက်ရလောက်အောင် အကြောင်းမလုံလောက်မှန်း နားလည်လေသည်။ တစ်ဖန် အာဖရိကဘက်၊ (အိန္ဒိယ အနောက်မြောက်က) အာဖဂန်နစ္စတန်ဘက်များတွင် အင်္ဂလိပ်က စစ်တိုက်နေရ၍ စစ်မျက်နှာပြန့်နေသော အခြေအနေတွင် ရှိလေသည်။ ထို့ကြောင့် လောလောဆယ်တွင် ဗြိတိသျှ မြန်မာနိုင်ငံမှ နယ်စပ်ဘက်သို့ လက်နက်ကိုင်တပ်တွေ ဖြည့်တင်း၍သာ ကြိုတင်ကာအကွယ် ယူနိုင်းထားရသည်။

ဤတွင် မြန်မာနှင့်အင်္ဂလိပ် ဆက်ဆံရေးပုံစံ တစ်မျိုးပြောင်းစရာ အရေးကိစ္စ ပေါ်လာခဲ့လေသည်။ စက်တင်ဘာလထဲတွင် အာဖဂန်နစ္စတန်နိုင်ငံ ကဗူးမြို့တော်၌ အင်္ဂလိပ်သံကိုယ်စားလှယ် အသတ်ခံရလေသည်။ ထိုအခါ မန္တလေးရှိ သံရုံးက မန္တလေးရှိ အင်္ဂလိပ်(နှင့် အမေရိကန်)များအတွက် စိတ်မချရဟု ထင်လာသည်။ အင်္ဂလိပ်ကုန်သည်နှင့် သာသနာပြုပုဂ္ဂိုလ်များကိုလည်း သတိပေးထားနှင့်လေသည်။ အောက်တိုဘာလ နှစ်ရက်နေ့တွင် မြန်မာအစိုးရကို ကြိုတင်အသိမပေးဘဲ သံရုံးဝန်ထမ်းများရော၊ ကုန်သည်နှင့် သာသနာပြုပုဂ္ဂိုလ်များပါ ခေါ်ဆောင်၍ မန္တလေးမှ ခွာလေသည်။

အင်္ဂလိပ်သံရုံး ရုတ်တရက် ရုပ်သိမ်းလိုက်သဖြင့် မန္တလေးရှိ ကုန်သည်ပွဲစားများ၊ အရပ်သားများသည် ထိတ်လန့်ကြလေသည်။ အသွားအလာ အရောင်းအဝယ် ရပ်ဆိုင်းသွားမည်ကို ကြောက်ကြလေသည်။ စစ်ဘေးကို ပြေးမြင်ကြလေသည်။ မြန်မာအစိုးရသည် ဤအရေးကို လေးနက်စွာ စဉ်းစားလေသည်။ အင်္ဂလိပ်အစိုးရနှင့် မဟာမိတ်သဘော အပျက်မခံနိုင်။ ထို့ကြောင့် (ယခင်လွှတ်တော် စာရေးကြီး၊ လက်ရှိ) မြောင်လှဝန်ထောက် ဦးခြိမ့်ခေါင်းဆောင်သော သံအဖွဲ့ကို အိန္ဒိယနိုင်ငံ ကာလကတ္တားသို့ စေလွှတ်လေသည်။

ထိုသံအဖွဲ့ကို အင်္ဂလိပ်ဘက်က မယုံကြည်။ အင်္ဂလိပ်ကိုယ်စားလှယ် ခြေနင်းစီး၍ နန်းတွင်းဝင်နိုင်ရေးကိစ္စ၊ ကုန်တော်ရုပ်သိမ်းရေးကိစ္စမှစ၍ အရပ်ရပ်ကိစ္စများကို ဖြေရှင်းနိုင်မည်မဟုတ်၊ ရုပ်ပြသက်သက်သာ ဖြစ်သည်ဟု ယူဆကာ သရက်တွင် ရှစ်လခန့် ဆိုင်းငံ့ထားလေသည်။

ထိုရက်အတွင်း မန္တလေးမှ စုန်လာသော ယူနန်သင်္ဘောကို စလေမြို့ကမ်းတွင် မြန်မာဘက်က ရပ်ဆိုင်းထားခြင်းနှင့်စပ်၍ အစိုးရချင်း စကားအချေအတင် ဖြစ်ရပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမှာ အင်္ဂလိပ်နယ်စပ်ဘက်မှ မြန်မာနယ်စပ် ဆင်ပေါင်ဝဲဘက်သို့ ရန်သူဝင်ရောက်နိုက်သည့်တွင် မည်သည့်ရန်သူမျိုးမှန်း မသိရ။ ထို့ကြောင့် တစ်ထောင့်ရှစ်ရာ ရှစ်ဆယ်ပြည့်နှစ် မေလ နှစ်ဆယ့်ခြောက်ရက်နေ့တွင် စလေဆိပ်ကမ်းကနေ၍ ယူနန်သဘော်ကို တားထားခဲ့လေသည်။ မကြာမီ ညောင်အုပ်မင်းသားက လူသူစုရုံးတိုက်နိုက်မှန်းသိရ၍ နောက်တစ်နေ့တွင် သဘော်ကို ပြန်လွှတ်ပေးခဲ့လေသည်။ အမှန်ဆိုလျှင် နိုင်ငံရေးအရ နိုလှုံနေသူက ဤကဲ့သို့ မြန်မာပိုင်နက်ကို ဝင်ရောက်ကျူးကျော်နိုင်သည်မှာ အင်္ဂလိပ်တို့အဖို့ မကောင်းလှ။ သရက်တွင် စောင့်ဆိုင်းနေရသော မြန်မာသံအဖွဲ့လည်း အကြောင်းမထူးသဖြင့် မေလသုံးဆယ်ရက်နေ့တွင် မန္တလေးသို့ ပြန်ခဲ့လေသည်။

မြန်မာနိုင်ငံ အစိုးရသည် တစ်ဖက်က ကျေနပ်စေရန် ကုန်တော်သတ်မှတ်ခြင်းစနစ်၊ အဝယ်တော်ထားခြင်း စနစ်ကို ခဏ ရုပ်စဲပေးလေသည်။ ထိုအချိန်တွင် အိန္ဒိယ၌ ဘုရင်ခံချုပ် အသစ်ပြောင်း၍ ဗြိတိသျှ မြန်မာနိုင်ငံ၌လည်း ဗားနတ် (၁၄၆)က မဟာဝန်ရှင်တော်မင်းကြီး ဖြစ်လာသည်။ ထိုအခါ မြန်မာဘက်က သံတမန်စေလွှတ်ရေးကို ထပ်မံစေစပ်လေသည်။ အောင်မြင်သောကြောင့် ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးခေါင်းဆောင်၍ သံချက်ဝန်ထောက် ဦးမြူ၊ ဝက်မစွတ်ဝန်ထောက် ဦးလတ် စသူများပါဝင်သော သံအဖွဲ့သည် အိန္ဒိယသို့ ထွက်ခွာလာခဲ့လေသည်။ သို့ရာတွင် နှစ်ဖက်အပေးအယူတည့် ပြန်သဖြင့် တစ်ထောင့်ရှစ်ရာ ရှစ်ဆယ်သုံးခု မေလတွင် မန္တလေးသို့ သံအဖွဲ့ ပြန်လာရလေသည်။

မြန်မာအစိုးရသည် အချုပ်အခြာအာဏာကို ထိန်းနိုင်ရန် ကြိုးစားလေသည်။ ဥရောပနိုင်ငံများနှင့် မဟာမိတ်လုပ်ရန် စီစဉ်ပြန်လေသည်။ ထိုနှစ်ထဲ၌ပင် မြို့သစ်အတွင်းဝန် ဦးဘိခေါင်းဆောင်၍ သံချက်ဝန်ထောက် ဦးမြူ၊ လွှတ်တော်စာရေးကြီး ဦးဘိုးစသူများ ပါဝင်သော သံအဖွဲ့ကို ပြင်သစ်နိုင်ငံသို့ စေလွှတ်လေသည်။

မြန်မာအစိုးရကား မိမိအင်အားနည်းပါးနေသည့်အဖြစ်ကို ကောင်းစွာ သိလေသည်။ စောစောက ပြည်သူပြည်သားတွေ ငွေကြေးပေါများရလေအောင်ဟု အစိုးရက ဝန်ကြီးအတွင်းဝန်/ ကြီးကြပ်စေကာ ထီဖွင့်ခဲ့လေသည်။ ထီရုံတစ်ရုံက ဆယ့်နှစ်ရုံအထိ တဖြည်းဖြည်းတိုးလာကာ တစ်လအကြိမ် တစ်ရာနှစ်ဆယ်





ဖွင့်လေသည်။ တစ်ဖန် ထီရုံးများသည် ရနောင်မောင်တုတ်ကဲ့သို့ လူယုံတော်များ၏ ကြီးကြပ်မှုအောက်သို့ ရောက်လာသည်။ သူတို့က ထီအကောက်များများရအောင် ထီထိုးသူတွေကို အမျိုးမျိုး သွေးဆောင်လေသည်။ ထီထိုးသူတွေကို ကွမ်းဆေး လက်ဖက်တည်၏။ ဆိုင်းအငြိမ့်တို့ဖြင့် ဧည့်ခံ၏။ ထန်းရည်တိုက်၏။ လူတွေလည်း ထီထပ်တလဲလဲထိုးကြ၊ ထိုးစရာငွေမရှိလျှင်လည်း ချေးငှားကြနှင့် နောက်ဆုံး၌ အလုပ်အကိုင်ပျက်၊ ကြွေးတင်အမှုအခင်းတွေ လာကြတော့သည်။ ထို့ကြောင့် ထီကြွေးနှစ်သောင်းကျော်ဖိုးကို သီပေါမင်းကိုယ်တိုင် ထုတ်ပေးရှင်းလင်းပြီး ထီဖွင့်မှုကို ရုပ်စဲစေရလေတော့သည်။ (၁၄၇)

တစ်ဖန် ရနောင်မောင်တုတ်သည် မင်းနှင့်အကျွမ်းဝင်သည်ကို အခွင့်ကောင်းယူ၍ လွှတ်တော်ရုံးတော် ရှိနေသည့်ကြားမှ မိမိ အာဏာသုံးပြီး ပြည်သူတို့ကို ခေါင်ငင်စိုင်းခြင်း၊ မတရားလုပ်ခြင်း အပြစ်များရှိနေသည်ကို သီပေါမင်းကိုယ်တိုင် သိလာရ၍ သူ့ရော သူ့အပေါင်းအပါများပါ အရေးယူ အပြစ်ပေးစေရလေသည်၊ (လူကြီးသူမများ၏ အဆိုမှာကား မင်းမိဖုရားအတွင်းရေးတွင် ဝင်ရှုပ်သည့် ပြစ်မှုများလည်း ပါလေသည်ဟူ၏) (၁၄၈)

ဆက်၍ မြန်မာနိုင်ငံ၏ အခြားယိုယွင်းမှုများကို တစ်ခုပြီးတစ်ခု စဉ်၍ ပြရပေဦးမည်။

ပထမ – အခွန်အခ မတရားခန့်ခွဲခြင်း

ဒုတိယ – ပြည်ရွာ မငြိမ်သက်ခြင်း

တတိယ – မှူးမတ်ချင်း မညီညွတ်ခြင်း

ပထမအချက်နှင့် စပ်၍သော် မြစ်သား ဆယ်တစ်ခရိုင် စသည်ဖြင့် ဒေသအသီးသီးတွင် သဿဒမေဓ မစီမစစ် ကောက်ခံခြင်း၊ ဇန်းဖော် ဖျော်ပွဲခွန် စသော ရှေးက မကောက်ခံဖူးသော အခွန်များ ကောက်ခံခြင်း၊ လယ်သမားများထံမှ စပါးအပိုအမိုယူခြင်း၊ ဝန်ထမ်းများ ကိုယ်ကျိုးကြည့်၍သာ လုပ်ဆောင်ခြင်း အမှုများရှိနေခဲ့လေသည်။ (၁၄၉)

ဒုတိယအချက်နှင့် စပ်၍သော် ရှမ်း–မိုးနဲဒေသ၊ ကချင်ဒေသ၊ ဇန်းဖော် ဒေသများတွင် ပုန်ကန်မှုများ ဖြစ်ပွားသဖြင့် တပ်တွေပို့ထားရလေသည်။ တစ်ဖန် မြို့ရွာတွေမှာလည်း ဓားပြဝင် ဝင်တိုက်နေသည်။ ဓားပြများ မည်မျှ

www.burmeseclassic.com



အတင့်ရဲသနည်းဆိုလျှင် စစ်ကိုင်းမြို့တွင်း ဝင်တိုက်သည်အထိ ဖြစ်တော့သည်။ ရွာတွေကို ဝင်တိုက်ပုံမှာလည်း ဓားပြတစ်စုတစ်စုလျှင် လူနှစ်ဆယ်မှ လေးဆယ်အထိ ရှိတတ်သည်။ သူတို့သည် မီးစည်းမီးကွင်းကိုင်၍ မောင်းကလေးတီးကာ ရွာတွင်းသို့ ဝင်လာလေ့ရှိကြသည်။ ထိုအခါ ရွာသားတွေ ကြိုတင်သိကာ ရွာလုံးကျွတ် ထွက်ပြေးလေ့ရှိကြသည်။ (၁၅၀)

တတိယအချက်နှင့် စပ်၍သော် ကင်းဝန်မင်းကြီး ဦးကောင်းမှာ ဩဇာကျလျက် ရှိလေသည်။ ရနောင်မောင်တုတ်တို့အဖွဲ့ ပြစ်ဒဏ်ခံရပြီးနောက် သူသည် သေနတ်ဝန်ရာထူးကို ပြန်ရသည် မှန်ပေ၏။ သို့ရာတွင် တိုင်တားဝန်ကြီး ဖြစ်လာသော ဦးဖိုးက ကုန်းကြောင်းစစ်ဌာနကို ဖွဲ့၍ယူထားသည်။ တိုင်တားဝန်ကြီးဦးဖိုး၊ လှေသင်းအတွင်းဝန် (ဖြစ်လာသော) ဦးရွှေမောင်တို့သည် မင်းမိဖုရားထံ အဝင်အထွက် လွယ်ကြသည်။ လွှတ်ရုံးငါးရပ်တွင် ဩဇာအာဏာကြီးမားနေသူများမှာ ဦးဖိုး၊ ဦးရွှေမောင်တို့သာ ဖြစ်သည်။ ရာထူးခန့်ထားရေး၊ အခွန်ခန့်ခွဲရေး၊ စစ်မှုစီမံရေး စသည်တို့တွင် မင်းမိဖုရားကို နားသွင်း၍ သူတို့အလိုကျ လုပ်လေသည်။ တစ်ခါတစ်ရံ တစ်မြို့တစ်ရွာလျှင် အရာရသူ နှစ်ဦးသုံးဦးပင် ဖြစ်ကုန်သည်ဟု ဆိုကြလေသည်။ တစ်ဖန် တိုင်တားဝန်ကြီးဦးဖိုးနှင့် လှေသင်းအတွင်းဝန် ဦးရွှေမောင်တို့မှာ စိတ်တစ်မျိုးစီ ဖြစ်ကြသည်။ သူခိုးဓားပြ နှိမ်နင်းရေးကိစ္စ စသည်တွင် အမြင်ချင်းမတူကြ၊ တိုင်တိုင်ပင်ပင် မလုပ်ကြ။ အတိုချုံးရသော် တိုင်တား၊ လှေသင်း၊ ကင်းဝန်တို့သုံးဦးမှာ သူ့အဖွဲ့နှင့်သူ ဖြစ်လေသည်။ မှူးမတ်သုံးစုကွဲနေသည်။ အဆိုပါ သုံးစုအနက် ကင်းဝန်မင်းကြီး ဦးကောင်းမှာ သီပေါမင်းကို စိတ်ပျက်၍ ကာလကတ္တားသို့ ရောက်နေသော ညောင်ရမ်းမင်းသားကို နန်းတင်ရန် လျှို့ဝှက်ကြိုးစားနေသည်ဟု ဆိုကြလေသည်။ ဦးကောင်း၏ အကြံအစည်တွင် ဆင်ဖြူမရှင် ပါဝင်ပူးပေါင်းသည်ဟုလည်း ဆိုကြလေသည်။ (၁၅၁)

ဖော်ပြပါ အကြောင်းများကြောင့် ပြည်ထဲရေးမသာယာဘဲ ရှိနေ၏။ တစ်ဖက်တွင်လည်း ဗြိတိသျှ မြန်မာနိုင်ငံ၌ သာယာအေးချမ်းသကဲ့သို့ ထင်ရလေသည်။ ထိုအခါ ပြည်သူအချို့သည် အောက်အရပ်သို့ဆင်း၍ ယာယီအလုပ်လုပ်ကာ ငွေကြေးစုဆောင်းမိမှ နေရပ်ပြန်ကြသည်။ အချို့သည်လည်း အောက်အရပ်သို့ အပြီးအပိုင် ရွှေ့ပြောင်းအခြေစိုက်ကြ၍ လူနေအိမ်ခြေ ဆုတ်ယုတ်





ကုန်လေသည်။ တိုင်းပြည် အခြေအနေ ယိုယွင်းနေသည်ကို သီပေါမင်းလည်း တစ်စတစ်စ သဘောပေါက်ခဲ့တော့သည်။ ထိုအခါ ညီလာခံ၌—

မင်းကောင်း၍ မှူးမတ်မပေါ်လျှင် မဖြစ်။ မှူးမတ်ကောင်း၍ မင်းမပေါ်လျှင်လည်း မဖြစ်။

တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို မခြားချစ်ခင်ရုံမက တိုင်ပင်ညီညွတ် လုပ်ဆောင်ထမ်းရွက်ကြလျှင် မည်သည့်အမှုမဆို ခံနိုင်ရန်မရှိ။ အမှုပါမည်ရှည်းဖြစ်သည်။ ယခုမှာ ဝန်တိုမိစ္ဆာရှိကြသည်များသည်။ ရှေးကမှာ မိန်းမမှ ဝန်တိုမိစ္ဆာရှိသည်။ ယခုမှာ မိန်းမကဲ့သို့ တစ်ဦးနှင့်တစ်ဦး ဝန်တိုမိစ္ဆာရှိကြသည်။ ဝန်တိုမိစ္ဆာ မဖြစ်စေရ။ သင့်တင့်ညီညွတ်အောင် နေထိုင်ရမည်။ မည်သည့်မှူးမတ် လက်ကိုင်ပြုလုပ်သည့် အမှုပင်ဖြစ်သော်လည်း လက်ကိုင်မှူးမတ်၏ အမှုမဟုတ်။ မင်းမှုတော်ဖြစ်သည် စိတ်သဘောထားပြီးလျှင် ကူညီထမ်းဆောင်ရမည်။ မပြတ်ပြောဆိုသည် များလှပြီ။ နားမထောင်ကြဘူး။

သာလွန်ထူးကဲသော နေရာတွင် ဝင်၍ အစည်းအဝေးပြုရလျက် ယခု ဝန်ကြီးအတွင်းဝန် ဝန်ထောက်များသာ အမြဲလာ၍ ကျန်မှူးမတ်တို့ အမြဲလည်းမလာ။

ယခု အစည်းအဝေးသို့ မလာမရောက် နားပါးမထောင်ခြင်းသည် မှူးမတ်များ စိတ်သည် ရုတ်တရက် သဘောရသည် တစ်ခုခုကို ပြောဆိုရာ မသင့်သည့်အချက်ပါ၍ မသင့်ကြောင်းပြောဆိုလျှင် ကိုယ်ပြောရင်းစကားကို ပြန်၍ ဆင်ခြင်ခြင်းမရှိ။ တို့ပြောသည်ကိုမှ နားမထောင် သူတို့အလိုရှိရာလုပ်သည်။ တော်အောင်ပြောဆို။

လူမိုက်ကြားလျှင် အဟုတ်မှန်ရာသော အကြောင်းဖြစ်သည်။ အထက်က ရေးသားသည့် ဥပဒေများလည်း သည်ကဲ့သို့ ပြောဆိုကြခြင်းကြောင့် တစ်ယောက်စကား တစ်ယောက်ကြားသိ ကြာတော့ ပေါ်၍ ပျက်သည်။

ယခုကာစ၍ ၄၅ နှစ် (၁၈၈၃) အတွင်း အရှင်မြတ်



www.burmeseclassic.com

www.burmeseclassic.com



အမှုများကို သန့်သန့်ရှင်းရှင်း နေရာကျအောင် အားထုတ်ပြီး
လျှင် ကြွေးဆပ်ရန် ငွေလည်းအနည်းငယ်မျှ ကျန်တော့သည်
ဖြစ်၍ ၄၆ နှစ် ပြည်သူတို့ အထူးချမ်းသာအောင် သာသာမေ
ကြည့်သင့်သမျှ ကြည့်ရမည်။ (၁၂)

စသည်ဖြင့် မိန့်ဆိုကာ အစစအရာရာ ပြုပြင်ရန် နှိုးဆော်လေသည်။

အောက်မြန်မာနိုင်ငံသို့ အထက်အညာသားတွေ ဆင်းကြသည့်အကြောင်းကို စကားချပ်ရဦးမည်။ ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေး၊ စီးပွားရေးချဲ့ထွင်နေသည်မှာ အနှစ်အစိတ်ကျော်လေပြီ။ အုပ်ချုပ်ရေးတွင် အင်္ဂလိပ်အုပ်ချုပ်ရေးနှင့် ယှဉ်ပါပြီးသား။ အင်္ဂလိပ်စာတတ် အိန္ဒိယသားကုလားများ၊ ထို့နောက် အင်္ဂလိပ်စာတတ်လာသော မြန်မာများက စာရေးစာချီ၊ ပုလိပ်အင်စပိတ်တော်၊ မြို့အုပ်ဝန်ထောက် စသည်ဖြင့် အောက်ဆင့်အလယ်ဆင့်ဝန်ထမ်းအဖြစ် ပါဝင်လာကြ၍ တော်တော်အသားကျနေပြီ။ စီးပွားရေးတွင်လည်း ပြည်တွင်းသို့ လှိမ့်ဝင်လာသော တရုတ်၊ ကုလားကုန်သည်နှင့် အလုပ်ကြမ်းသမားများသည် မြန်မာကရင် စသူများနှင့်ယှဉ်၍ လုပ်ငန်းကိုင်ငန်း လုပ်နေလေပြီ။ အင်္ဂလိပ် ကုန်သည်ကြီးများကမူ သစ်၊ ဆန်စသော ကုန်များကို ပြည်ပသို့လည်းကောင်း၊ ကုန်ချောများကို ပြည်ပမှလည်းကောင်း အတင်အပို့ ဦးဆောင်လုပ်လေသည်။ အထူးသဖြင့် စူးအက်တူးမြောင်းက ပေါက်၊ ကြေးနန်းအဆက်အသွယ်ကလည်း ရှိသဖြင့် ပြည်ပသို့ ဆန်အတင်အပို့များကာ ဈေးကောင်းသည်ထက် ကောင်းလာသည်။

ထိုအခါ အင်္ဂလိပ်အစိုးရသည် မြစ်ဝကျွန်းပေါ်ရှိ တောအုပ်တောတွေကို လယ်ယာမြေဖြစ်စေရန် ဆော်သြ၏။ ကိုယ်တိုင်လယ်တီ၍ ဆယ်နှစ်နှစ် လယ်ခွန်ဆောင်ပြီးလျှင် 'မြေပိုင်'စေ၏။ အစိုးရ၏ စေ့ဆော်ချက်အရ အောက်သားများရော၊ အိန္ဒိယ အလုပ်သမားများပါ တောရှင်း၊ ရေထုတ်၊ ခါးမဦးချ လယ်တီကြလေသည်။ လုံ့လဝီရိယရှိ၍ အရင်းအနှီးလည်း ရှိသူများ ဖြစ်ထွန်းသလောက် ဖြစ်ထွန်း၏။ အချို့မှာကား စရိတ်စကမရှိသဖြင့် အိန္ဒိယသား ချစ်တီးငွေကြေးရှင်များထံမှ အတိုးကြီးကြီးနှင့်ချေး၍ ခပ်လွယ်လွယ် အလုပ် လုပ်ကြရာ နာလန်မထူနိုင်ကြ။ မည်သို့ပင်ဖြစ်စေ၊ အောက်မြန်မာနိုင်ငံ၌ အင်္ဂလိပ်အစိုးရ၊ အင်္ဂလိပ်ကုန်သည်တို့အောက်တွင် လက်စေခံအလုပ်လုပ်ကြ





ရာ အစိုးရလခစားများ၊ လယ်ပိုင်ရှင်များ၊ ကုန်သည်ပွဲစားများဟူ၍ လူလတ်တန်းစားတစ်ရပ် ပေါ်ပေါက်လာခဲ့လေသည်။ အောက်မြန်မာနိုင်ငံ၏ အခြေအနေကို အားကျသူ အထက်အညာသားများသည်လည်း ယာယီသော်လည်းကောင်း၊ အမြဲတမ်းသော်လည်းကောင်း အောက်သို့ ဆင်းလာနေထိုင်ကြတော့သည်။

ဆိုစရာတစ်ခု ရှိလေသည်။ အောက်အရပ်သို့ အထက်အညာသား ကုန်သည်လယ်လုပ်တို့သာ ဆင်းလာကြသည် မဟုတ်။ သူတို့နောက်သို့ ပွဲသဘင်တွေလည်း လိုက်လာကြလေသည်။

ရှင်းဦးအံ့။ လူတွေ စီးပွားရေး ချောင်လည်လျှင် မြို့ရွာထဲ၌ ဆိုင်းသံဗုံသံ တငြိမ့်ငြိမ့်ကြားရ၊ ပွဲတွေလမ်းတွေ ခံကြသည်မှာ ဓမ္မတာပေ။ ပြည်တွင်းပြည်ပနှင့် ဆက်သွယ်နေသော ရန်ကုန်မြို့မျိုး၌ဆိုလျှင် နီးနီးနားနားမှ ပွဲသာမက၊ ပြည်ပအဝေးအလံမှ ပွဲတွေလည်း ဝင်လာမြဲဖြစ်သည်။

နီးနီးနားနားမှ မြန်မာပွဲသဘင်အတွက်ဆိုရသော် ရှေးက ရုံသွင်းကပြရိုးမရှိ။ လုပ်ရိုးလုပ်စဉ်မှာ လူတစ်ဦးတစ်ယောက်က အလှူအတန်းပြု၍ ပွဲခံခြင်းမျိုး၊ ရပ်ရွာက အလှူငွေကောက်ခံ၍ ဘုရားပွဲလုပ်ခြင်းမျိုးသာ ရှိတတ်လေသည်။ ထိုပွဲများမှာ ရပ်ရွာရှိ လူကြီးလူငယ် ကလေးသူငယ်များအဖို့ ကြည့်ချင်ပွဲဖြစ်တော့သည်။ ဤတွင် မိုးအကုန် ဆောင်းအကူးကာလ အထက်အညာ မန္တလေး၊ ပခုက္ကူ၊ မြင်းခြံ၊ စလေ၊ ဆင်ဖြူကျွန်း၊ အာလံ စသည့်ဒေသများမှ ဇာတ်ရုပ်သေးလေ့များသည် ဆင်ရုပ်၊ မြင်းရုပ်၊ ပလ္လင်စသည်များကို ပေါင်းမိုး၌တင်ကာ ဇာတ်သေတ္တာကို လှေဦး၌ထားကာ အောက်အရပ် ဟင်္သာတ၊ ညောင်တုန်း၊ ဒေးဒရဲ၊ ရန်ကုန် စသည့်မြို့ရွာများသို့ စုန်ဆင်းလာလေ့ရှိကြသည်။ တစ်ဖန် ထိုမြို့ရွာများ၌ စတည်းချ၊ ပထမကနဦး ထမင်းစားမေတ္တာပွဲ ကပြတတ်ကြလေသည်။ ထိုမေတ္တာပွဲများမှတစ်ဆင့် သတင်းမွှန်ကာ အလှူပွဲအတွက် ဆိုင်ရာပုဂ္ဂိုလ်များက လာရောက်စုံစမ်း၍ ပွဲငှားကြပြန်သည် (၁၃)။ နောက်ဆုံး မိုးဦးကျလေသောအခါ ထိုပွဲများသည် အထက်အညာသို့ ပြန်ကြတော့သည်။ အချို့သဘင်သည်တို့မှာမူ မိမိရပ်ရွာဒေသသို့ မပြန်တော့ဘဲ ရေကြည်ရာမြက်နုရာဆိုသလို အောက်အရပ်တွင်ပင် အမြဲအစွဲ အခြေချကြသည်လည်း ရှိသည်။

ပုံစံမှာ ဖျာပုံမြို့သို့ လာရောက်အခြေချသော မင်းသားနှင့်ဦးဘိုးမင်း၊



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီး ယင်းတော်မလေး စသူတို့ ပါဝင်သည့် ယိုးဒယားရာမဇာတ်ပင် ဖြစ်တော့သည်။ (၁၅၄)

ပြည်ပအဝေးအလံမှ ဝင်လာတတ်သော ပွဲသဘင်မျိုးကို ဆိုရဦးမည်။ ထိုပွဲသဘင်မျိုးသည် မြန်မာ (မြေပိုင်း) ဇာတ်များနှင့်မတူ။ ဇာတ်ရုံ၊ ဇာတ်စင်၊ နောက်ခံကား အခင်းအကျင်းနှင့်တကွ မှန်မီးအိမ် လင်းအောင်ထွန်း၊ အင်္ဂလိပ်ဇာတ်နည်းနာယူ၍ ကပြသော အီနိယနေ့ ဖာရစီလူမျိုးများ၏ ဖာရစီပွဲဖြစ်လေသည်။ သာဓကအားဖြင့် ဗာလီဝါလား (၁၅၅) တည်ထောင်သော ဝိတိုရိယဇာတ်ပွဲ ကုမ္ပဏီသည် ရန်ကုန်သို့ မကြာခဏ လာရောက်ကပြတတ်လေသည်။ ထိုပွဲ နာမည်ကြီးလှသဖြင့် မန္တလေးနန်းတွင်းသို့ သွားရောက်၍ ကပြရသေးသည်။ စပ်မိ၍ဆိုရသော် ထိုပွဲမျိုးမှ အတုယူ၍ နောင်အခါ မြန်မာဇာတ်ပွဲတို့တွင် ဇာတ်စင်နှင့် ကားလိပ်နှင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်လာတော့သည်။ (၁၅၆)

သမိုင်းစဉ်ကို ပြန်ကောက်ရဦးမည်။ အင်္ဂလိပ်အစိုးရနှင့် အင်္ဂလိပ်ကုန်သည်ကြီးများသည် အထက်မြန်မာနိုင်ငံ၏ အခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့လေသည်။ မန္တလေး၌ လှုပ်လှုပ်ရွရွ ဖြစ်လာလျှင် သူတို့ ဝင်ရောက်စွက်ဖက်နိုင်မည် မဟုတ်ပါလော။

တစ်ထောင့်ရှစ်ရာ ရှစ်ဆယ့် လေးခုနှစ်က မန္တလေး၌အကျဉ်းထောင် ပစ်ခတ်မှုအရေးကို ကြည့်ပါလေ။ ထောင်သားတွေ ထောင်ဖောက်ပြေးရန် လုပ်သည့်တွင် ဆိုင်ရာအာဏာပိုင်များက ပစ်ခတ်နှိမ်နင်း၍ ထောင်သားနှစ်ရာခန့် သေလေသည်။ ဤသည်ကို အကြောင်းပြု၍ ရန်ကုန်ရှိ မြို့နိုင်ငံ အဆွန်ထမ်း၊ အင်္ဂလိပ်၊ တရုတ်၊ ကုလား ကုန်သည်များက တိုင်းပြည်ငြိမ်သက်အောင် မအုပ်ချုပ်နိုင်သော သီပေါမင်းကို ဖယ်ရှားကာ အခြားသင့်လျော်သော မင်းသားတစ်ဦးကို နန်းတင်ပြီး မြန်မာနိုင်ငံကို အင်္ဂလိပ် စောင့်ထိန်းခံနိုင်ငံ လုပ်သင့်သည်ဟု အစိုးရထံ စာတင်လေသည်။ တစ်ဖန် ဧရာဝတီ ဖလော်တီလာ မီးသင်္ဘောကုမ္ပဏီကလည်း ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် ဓားပြရန် စိတ်မချရသဖြင့် သင်္ဘောတွေ အထူးအကာအကွယ်လုပ်ရသည်။ စရိတ်စက ပိုကုန်သည်။ အစိုးရက အရေးယူ ဆောင်ရွက်စေလိုပါသည်ဟူ၍ စာတင်ပြန်သည်။ သို့ရာတွင် ဇာနတ်ဦးစီးသော အစိုးရသည် ဘယ်လိုမှ အရေးမယူသေး။

အစိုးရ လက်ငင်းစိတ်ဝင်စားနေသည်မှာ မြို့သစ် အတွင်းဝန်ဦးဘို





ခေါင်းဆောင်သော ပြင်သစ်သွား မြန်မာသံအဖွဲ့၏ ခြေလှမ်းပင်ဖြစ်လေသည်။ ထိုသံအဖွဲ့သည် ပြင်သစ်နိုင်ငံ၌ နှစ်ပိုင်းကြာအောင် နေထိုင်ခဲ့လေသည်။ လုပ်ငန်းအားဖြင့် တစ်ထောင့်ရှစ်ရာ ခုနစ်ဆယ်သုံးခုနှစ်က ကင်းဝန်မင်းကြီးဦးကောင်းဆောင်ရွက်၍ မပြီးပြတ်ခဲ့သော စာချုပ်ကို ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ် ကောင်စီဥက္ကဋ္ဌလည်းဖြစ်သူ ဖယ်ရီ (၁၅၇)နှင့် ပြန်လည်ညှိနှိုင်းကာ အတည်ပြုခဲ့လေသည်။ ထို့ပြင်သေး ကူးသန်းရောင်းဝယ်ရေး စာချုပ်အသစ်ကို တစ်ထောင့်ရှစ်ရာ ရှစ်ဆယ့်ငါးခုနှစ်၊ ဇန်နဝါရီလထဲတွင် ချုပ်ဆိုနိုင်ခဲ့လေသည်။ တစ်ဖန် အီတလီနိုင်ငံနေ ဂျာမန်သံအမတ်နှင့် ဆက်သွယ်ပြီးလျှင် မဟာမိတ် စာချုပ်တစ်ခုကိုလည်း ချုပ်ဆိုခဲ့ပြန်သည်။

မြန်မာ၊ ပြင်သစ် ကူးသန်းရောင်းဝယ်ရေး စာချုပ်နှင့်စပ်၍ အင်္ဂလိပ် အစိုးရသည် မသင်္ကာ။ ထို့ကြောင့် ပြင်သစ်အစိုးရကို မေးသည့်တွင် ပြင်သစ်အစိုးရက ကူးသန်းရောင်းဝယ်ရေးစာချုပ် သက်သက်ဖြစ်ပါကြောင်း၊ သံအဆက်အသွယ်လည်း ပြုမည်ဖြစ်ပါကြောင်း ပြန်ဖြေလေသည်။ စာချုပ်အရ ပြင်သစ်ကိုယ်စားလှယ် ကောင်စစ်ဝန် ဟတ် (၁၅၈)လည်း မကြာမီ မန္တလေးသို့ ရောက်လာပေ၏။ မြန်မာဘက်ကလည်း သံချက်ဝန်ထောက် ဦးမြူသည် ပြင်သစ်နိုင်ငံ၌ နေထိုင်ကာ မြန်မာအစိုးရ၏ ကိုယ်စားလှယ် သံအမတ်အဖြစ် ဆောင်ရွက်မည် ဖြစ်လေသည်။

ပြင်သစ်ကိစ္စ သတင်းတွေကား ပေါက်ကြားခဲ့တော့သည်။ တစ်ထောင့်ရှစ်ရာ ရှစ်ဆယ့်ငါးခုနှစ် မတ်လထဲတွင် မြန်မာဘက်က ပြင်သစ်အင်ဂျင်နီယာ ဗွန်ဗလီန် (၁၅၉)နှင့် အပေါင်းပါတို့ကို မိုးကုတ်၊ ကျောက်ပြင်၊ ကသည်း ဒေသများ၌ ပတ္တမြား၊ ကျောက်တွင်း တူးခွင့်ပေးကြောင်း သတင်းကို အင်္ဂလိပ်အစိုးရက ကြားလာရလေသည် (၁၆၀)။ တစ်ဖန် ဇူလိုင်လထဲတွင် ပြင်သစ်နှင့်မြန်မာ ပူးပေါင်း၍ မန္တလေးမှ တောင်ငူနယ်စပ်အထိ မီးရထားလမ်း ဖောက်မည်။ ဘဏ်တိုက်ဖွင့်မည်။ ထို့အတွက် မြန်မာဘက်က ပြင်သစ်ကို ပတ္တမြားတွင်းတူးခွင့်၊ လက်ဖက်ခွန် ကောက်ခွင့်ပေးမည် စသည်ဖြင့် သတင်းကြားလာရလေသည် (၁၆၁)။ ဩဂုတ်လထဲတွင်ကား အင်္ဂလိပ်များအဖို့ အဆိုးဆုံး သတင်းကြားရတော့သည်။ ထိုသတင်းမှာ အခြားမဟုတ်။ ပြင်သစ်ပိုင်ဒိုကင် (ယခုခေတ် ဗီယက်နမ်)ဘက်မှ မန္တလေးသို့ လက်နက်သွင်းပေးမည်ဟူ၍



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်အစိုးရက မြန်မာအစိုးရသို့ စာပို့ခဲ့သည်ဆိုသောသတင်းပေတည်း (၁၆၂)။ သတင်းပေးသူမှာလည်း မန္တလေးနေ ဧရာဝတီ ဖလော်တီလာ သင်္ဘောကုမ္ပဏီ ကိုယ်စားလှယ် အန္ဒြေးဂ ဖြစ်လေသည်။ (၁၆၃)

အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံတွင် ပြင်သစ် လွှမ်းမိုးလာမည်ကို မခံနိုင်။ ပြင်သစ်အစိုးရကို အကြောင်းကြား၍ ရှင်းလင်းနိုင်းလေသည်။ ပြင်သစ်အစိုးရလည်း အလျှော့ပေး၍ ကောင်စစ်ဝန် ဟာတ်ကို ပြန်ခေါ်ယူလေသည်။ ထို့နောက် အင်္ဂလိပ်အစိုးရသည် အထက်မြန်မာနိုင်ငံတွင်းသို့ ကျူးကျော်ဝင်ရောက်နိုင်ရန် အခွင့်အရေး စောင့်လေသည်။

ထိုအခွင့်အရေးလည်း ဩဂုတ်လအတွင်း၌ ဘီဘီတီစီ အရေးနှင့်စပ်၍ ပေါ်ခဲ့လေသည်။ ဘီဘီတီစီ ကုမ္ပဏီသည် မင်းတုန်းမင်းလက်ထက်မှစ၍ သစ်ထုတ်ပိုင်ခွင့်ယူကာ တောင်ငူနင်းကြမ်းဘက်တွင် သစ်လုပ်ငန်း လုပ်ဆောင်နေခဲ့လေသည်။ အရေးကိစ္စ ဖြစ်လာပုံမှာ ကုမ္ပဏီသည် နှစ်နှစ်အတွင်း သစ်လုံးရေ ရှစ်သောင်းကျော် ထုတ်ယူခဲ့သော်လည်း သစ်လုံးရေ သုံးသောင်းကျော်သာ အခွန်တော်ရုံးတွင် စာရင်းတင်ပေးသဖြင့် သစ်လုံးရေငါးသောင်းကျော် ထိမ်ချန်ကွယ်ဝှက်သည်ဟု သစ်ခေါင်းများက မြန်မာအစိုးရကို လျှောက်ခဲ့သောကြောင့် ဖြစ်လေသည်။ လွှတ်တော်ကလည်း ဆိုင်ရာမှတ်တမ်း၊ ဆိုင်ရာပုဂ္ဂိုလ်များကို စစ်ဆေးပြီး လျှောက်ထားချက် မှန်သောကြောင့် ဒဏ်ငွေ နှစ်သိန်းသုံးသိန်းကျော် ဒဏ်တပ်ခဲ့လေသည်။ ဒဏ်တပ်သည်ကို မခံနိုင်၍ ကုမ္ပဏီက အစိုးရကို တိုင်လေသည်။ အင်္ဂလိပ်အစိုးရအဖို့ မြန်မာအစိုးရကို အကြောင်းပြရန် အချက်ကောင်းရခဲ့လေပြီ။ အိန္ဒိယ ဘုရင်ခံချုပ်သည် မြန်မာအစိုးရထံသို့–

အင်္ဂလိပ်ကိုယ်စားလှယ် အရေးပိုင်ရောက်သည့်တိုင် အောင် အမှုကိစ္စ ဆိုင်းငံ့ထားစေလိုကြောင်း၊ မန္တလေးတွင် ထိုအရေးပိုင်ကို စစ်သားအစောင့်အရှောက်၊ တိုက်သင်္ဘော အစောင့်အရှောက်နှင့် ထားလိုကြောင်း–

မြန်မာမင်းရှေ့သို့ ထိုအရေးပိုင် ဝင်သောအခါ ဖိနပ်စီး၍ ဆောင်ဓားစွဲကိုင်ခွင့် ရလိုကြောင်း–

မြန်မာနိုင်ငံသည် အင်္ဂလိပ်အစိုးရ သဘောမတူဘဲ





မည်သည့်နိုင်ငံနှင့်မှ မဆက်ဆံစေလိုကြောင်း–

ရာဇသံစာ ပို့လေသည်၊ စစ်လည်း စတင်ပြင်ဆင်လေသည်။

ဤတွင် မြန်မာနန်းတော်၌ အယူအဆ နှစ်မျိုး ကွဲခဲ့လေသည်။ ကင်းဝန်မင်းကြီးဦးကောင်း၊ တောင်ခွင်မင်းကြီး ဦးသိုင်း၊ ပေါက်မြိုင်အတွင်းဝန် ဦးလှဘု၊ ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးတို့က အင်္ဂလိပ်ကို အလျှော့ပေးစေလိုသော ဆန္ဒရှိကြသည်။ မင်းမိဖုရားနှင့် တိုင်တားဝန်ကြီး ဦးဖိုး၊ လှသင်းအတွင်းဝန် ဦးရွှေမောင်တို့က စစ်တိုက်လိုကြသည်။ တိုင်တားမင်းကြီး ဦးဖိုးကလည်း သူ့လူများ လွှတ်ထားပြီး အပြီးအစီးရှိကြောင်း၊ စစ်စတိုက်လျှင် အောက်နိုင်ငံက ထကြွလိမ့်မည်ဖြစ်ကြောင်း၊ မင်းမိဖုရား အားတက်ဖွယ်ရာ ပြောလေသည် (၁၆၄)။ ထို့ပြင် အီတလီ အင်ဂျင်နီယာများ အကူအညီဖြင့် မြစ်ရိုးတစ်လျှောက်တွင် မင်းလှခံတပ်၊ စစ်ကိုင်းသပြေတန်းခံတပ်စသော ခံတပ် အကာအကွယ်များ စီမံထားသေးသည် မဟုတ်ပေလော။

စစ်လိုလားသည့်ဘက်က လူများသဖြင့် မြန်မာအစိုးရသည် စစ်စ၍ ပြင်ဆင်လေသည်။ ဆိုစရာတစ်ခု ရှိလေသည်။ ပြင်သစ်နိုင်ငံ ရောက်နေသော မြန်မာသံအမတ် သံချက်ဝန်ထောက် ဦးမြူသည် မြန်မာနိုင်ငံအဖို့ အဆိုးဝါးဆုံး အခြေအနေ မရောက်ရလေအောင် အင်္ဂလိပ်အစိုးရနှင့် တိုက်ရိုက်ဆွေးနွေးပါရစေဟု နိုဝင်ဘာလ သုံးရက်နေ့တွင် စာပို့သေး၏။ ဆွေးနွေးခွင့်ကား မရလေ။ နိုဝင်ဘာလ လေးရက်နေ့တွင်မှ မြန်မာအစိုးရသည်–

သစ်ကိစ္စ လျှော့ပစ်နိုင်ပါ၏။ အင်္ဂလိပ်ကိုယ်စားလှယ်လည်း ရှေးကနည်းတူ ထားနိုင်ပါ၏။

အခြားနိုင်ငံများနှင့် မြန်မာနိုင်ငံ ဆက်ဆံရေးပြဿနာအတွက်ကား အခြားနိုင်ငံကြီးတစ်ဦးဦးက ဆုံးဖြတ်နိုင်ပါသည်

ဟု အင်္ဂလိပ်အစိုးရသို့ အကြောင်း ပြန်ခဲ့လေသည်။

အင်္ဂလိပ်အစိုးရအဖို့ ထိုအကြောင်း ပြန်ကြားချက်ကို လက်ခံစဉ်းစားစရာ မလိုတော့။ စောစောစီးစီးကပင် နယ်စပ်သရက်တွင် စစ်သည်တစ်သောင်းကို သူတို့ စုထားနှင့်ပြီးလေပြီ။ ဧရာဝတီ ဖလော်တီလာ မီးသင်္ဘောကုမ္ပဏီကလည်း သူတို့ စစ်ချီရေးအတွက် ရှိသမျှ သင်္ဘောတွေနှင့် တွဲသမွန်တွေ ငှားထားပြီးလေပြီ။ ထိုတပ်တွေအပေါ် အိန္ဒိယမှ ဗိုလ်ချုပ်ရင်ဒါဂတ် (၁၆၅)က အုပ်ချုပ်၍၊



www.burmeseclassic.com

www.burmeseclassic.com



(မြန်မာနိုင်ငံ၌ အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ်လုပ်ခဲ့ဖူးသော) ဗိုလ်မှူးကြီး စလေဒင်က နိုင်ငံရေးအရာရှိအဖြစ် ဆောင်ရွက်လေသည်။

နိုဝင်ဘာလ ဆယ့်လေးရက်နေ့တွင် အင်္ဂလိပ်စစ်သည်များသည် သင်္ဘောများဖြင့် သရက်မှ ဆန်တက်ကြလေသည်။ စစ်သင်္ဘောကြီးနှစ်စင်း၊ သင်္ဘောကြီးနှစ်ဆယ့်လေးစင်း၊ တွဲသမ္ဗန် နှစ်ဆယ်သုံးစင်းဟူ၍ တစ်တန်းချည်းချီတက်ကြရာ မြစ်ပြင်၌ လေးငါးမိုင်မျှ ရှည်လျားလေသည်။

အင်္ဂလိပ်စစ်အတက်ကို မြန်မာစစ်သည်များ ဟုတ်ဟုတ်ငြားငြား မခံနိုင်ကြ။ ထို့ပြင် မြန်မာပြည်သူများအကြားတွင် သတင်းတစ်ခုသည် ဝင်ရောက်ပျံ့နှံ့နေခဲ့လေသည်။ ထိုသတင်းမှာ အင်္ဂလိပ် စစ်သည်များနှင့်အတူ ညောင်ရမ်းမင်းသားလည်း ပါလာခဲ့သည်ဆိုသော သတင်းဖြစ်လေသည် (၁၆၆)။ အမှန်မှာ ညောင်ရမ်းမင်းသားသည် နှစ်ဦးကပင် ကာလကတ္တား၌ ကွယ်လွန်ခဲ့လေပြီ။ ထိုအကြောင်းကို မြန်မာအများ မသိကြ။ မည်သို့ပင်ဖြစ်စေ ထိုသတင်းသည် အင်္ဂလိပ်စစ်အတက်ကို မြန်မာများ တားဆီးလိုစိတ်နည်းအောင် ဖန်တီးသကဲ့သို့ ရှိလေသည်။

အင်္ဂလိပ်စစ်သည်များသည် အတားအဆီး ကြီးကြီးကျယ်ကျယ် မတွေ့ရဘဲ စစ်ချီနိုင်ခဲ့လေသည်။ သူတို့သည် ဆင်ပေါင်ဝဲခံတပ်ကို ဆယ့်ခြောက်ရက်နေ့တွင်လည်းကောင်း၊ ရွှေချောင်းနှင့် မင်းလှခံတပ်ကို ဆယ့်ခုနစ်ရက်နေ့တွင်လည်းကောင်း၊ ပုဂံဒေသကို နှစ်ဆယ်သုံးရက်နေ့တွင်လည်းကောင်း သိမ်းပိုက်၊ ထို့နောက် မြင်းခြံတွင် တပ်စွဲရုပ်ခံသော လေှသင်းအတွင်းဝန် ဦးရွှေမောင်၏ တပ်ကို နှစ်ဆယ်ငါးရက်နေ့တွင် အောင်နိုင်ခဲ့လေသည်။ နှစ်ဆယ်ခြောက်ရက်နေ့တွင် အင်္ဂလိပ်တပ်ဦးသည် ရွာသစ်ကြီးအောက်အရောက်၊ အထက်မှ အလံဖြူတင်၍ စုန်ဆင်းလာသော မြန်မာမင်းစီးလှေကို တွေ့ကြရသည်။ ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးနှင့် ဝက်မစွတ်ဝန်ထောက် ဦးလတ်တို့သည် ညီလာခံမှ စစ်ပြေငြိမ်းရန် ဆုံးဖြတ်ချက်ကို ယူဆောင်၍ ထိုလှေတွင် လိုက်ပါလာခြင်း ဖြစ်လေသည်။

ဗိုလ်ချုပ် ပရင်ဒါဂတ်တို့အဖို့ စစ်ပြေငြိမ်းရေးသက်သက်ကို လက်မခံ။ သူတို့သည် မန္တလေးအထိ ချီတက်သိမ်းပိုက်လေတော့မည်။ မြန်မာမင်းနှင့်တကွ မြန်မာစစ်သည်များက လက်နက်ချရန်သာ ရှိလေသည်။ လက်နက်ချ





မချက်ကို နိုဝင်ဘာလ နှစ်ဆယ့်ခုနစ်ရက်နေ့ နံနက်လေးနာရီထက် နောက်မကျဘဲ စကားပြန်ရမည် ဖြစ်လေသည်။ အင်္ဂလိပ်တို့၏ တောင်းဆိုချက်ကို ယူဆောင်၍ ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးနှင့် ဝက်မစွတ်ဝန်ထောက်တို့သည် မန္တလေးသို့ ပြန်ခဲ့ကြလေသည်။

အင်္ဂလိပ်စစ်သည်များသည် နောက်တစ်နေ့နံနက် နှင်းမှုန်တွေ တဖွဲဖွဲကျနေသည့်အကြားမှ သင်္ဘောများ ဖြည်းဖြည်းခုတ်မောင်းစေလျက် ဆက်လက်ချီတက်ကြရာ နံနက်ဆယ်နာရီခွဲအချိန်တွင် အဝမြို့ အောက်ကမ်းနား၌ အလံဖြူတင်၍ အသင့်စောင့်ဆိုင်းနေသော မြန်မာမင်းစီး ဖောင်ကြီးတစ်ခုကို လှမ်းမြင်ကြရသည်။ ထိုဖောင်တွင်ရှိနေသော ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးနှင့် ဝက်မစွတ်ဝန်ထောက် ဦးလတ်တို့သည် ဗိုလ်ချုပ်ပရင်ဒါဂတ်ရှိရာ ကူးလာတွေ့ဆုံကာ အင်္ဂလိပ်တို့ တောင်းဆိုချက်အတိုင်း မြန်မာမင်းက ခြွင်းချက်မရှိ လက်ခံကြောင်း ပြန်ကြားလေသည်။ အဝခံတပ်၊ စစ်ကိုင်းခံတပ်၊ သပြေတန်းခံတပ်များမှ မြန်မာစစ်သည်များလည်း လက်နက်ချအပ်ကြလေသည်။

အင်္ဂလိပ်ပြည်သိမ်းတပ်အဖို့ ကိစ္စအဆင်ပြေလေပြီ။ မန္တလေးရောက်ဖို့သာ လိုတော့သည်။ နိုဝင်ဘာလ နှစ်ဆယ့်ရှစ်ရက်နေ့ နံနက်ဆယ်နာရီအချိန်၌ ဂေါဝိန်ဆိပ်ကမ်းသို့ သင်္ဘောများ ဆိုက်ကပ်လာသည်တွင် မန္တလေးမြို့သူမြို့သားတို့လည်း ကမ်းလုံးညွတ် ကြည့်ရှုကြလေသည်။

နေ့လယ်နှစ်ချက်ထိုးလေသော် ဗိုလ်ချုပ် ပရင်ဒါဂတ်သည် မြို့အနေအထားကျွမ်းသော ရောဘတ်ဖလော်တ်လာ မီးသင်္ဘောကုမ္ပဏီကပ္ပတိန် မော်ဂန်ကို လမ်းပြအဖြစ်ထားကာ စစ်သည်များကို တပ်ဝင်းခင်းကျင်းစေလျက်၊ ဘင်ခရာတီးမှုတ်စေလျက် နန်းတော်ရှိရာသို့ အဆုံးသတ် ချီတက်စေလေသည်။ အင်္ဂလိပ်စစ်သည်တွေ နန်းတော်သစ်တပ် အရှေ့ဘက်တံခါးအရောက်တွင် ကင်းဝန်မင်းကြီး ဦးကောင်းနှင့် ဆုံကြရလေသည်။ ကင်းဝန်မင်းကြီးဦးကောင်းသည် စစ်သည်များကို သစ်တပ်အပြင်ဘက် နေရစ်ရန် မှာကြား၍ အခြားမှူးကြီးမတ်ကြီးများနှင့်အတူ ဗိုလ်မှူးကြီးစလေဒင်ကို သီပေါမင်းရှိရာ ရွှေနန်းတော်ဆောင်သို့ သွင်းလေသည်။ ထိုအခါ စလေဒင်သည် ဦးထုပ်ဆောင်းလျက် ဖိနပ်စီးလျက် ဆောင်ဓားကိုင်လျက်သား ဖြစ်လေသည်။ ဒလေဒင်သည် သီပေါမင်းတရားဝင် လက်နက်ချရေး အစီအစဉ်ကို ဆွေးနွေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် တောင်ဥယျာဉ်အတွင်း စံနန်းတော်၌ သိပေါမင်းသည် လက်နက်ချရန် အဆင်သင့် ဖြစ်နေလေသည်။ သိပေါမင်းနှင့်အတူ မိဖုရားနှစ်ဦးနှင့် မိဖုရားမယ်တော် ဆင်ဖြူမရှင်တို့ ရှိနေကြသည်။ သူတို့အပါးတွင် ကင်းဝန်မင်းကြီး ဦးကောင်း၊ တိုင်တားဝန်ကြီး ဦးဖိုးစသော မှူးမတ်တို့လည်း တုပ်ပျပ်ခစားလျက် ရှိနေကြသည်။ နေ့လယ် ဆယ့်နှစ်နာရီ ထိုးလေပြီ။ ဗိုလ်ချုပ် ပရင်ဒါဂတ်သည် ဗိုလ်မှူးချုပ်ဗွိုက် (၁၆၇)နှင့် ဗိုလ်မှူးကြီး စလေဒင်တို့ ခြံရံလျက် စံနန်းတော်သို့ ဝင်လာခဲ့လေသည်။ သူသည် သိပေါမင်းကို ဦးညွှတ်၊ ထို့နောက် လက်ဆွဲနှုတ်ဆက်ပြီးနောက် ဂေါ်ဝီန်ဆိပ်၌ အသင့်ဆိုက်ထားသော သူရိယသင်္ဘောပေါ်သို့ကြွရန် ပြောလေသည်။

သိပေါမင်းအဖို့ အခြေအနေကို လက်ခံခဲ့ရလေပြီ။ သူသည် နန်းတော်မှ ဆင်းကာ၊ မြို့တော်တောင်မျက်နှာ ကျော်မိုးတံခါးမှ ထွက်ကာ ဇီရိုလှည်းစီးကာ မြို့သူမြို့သားများ လမ်းတစ်လျှောက်လုံး ကြည့်ရှုနေသည့်အကြားမှ သူရိယသင်္ဘောပေါ်သို့ တက်ခဲ့လေပြီ။

နောက်တစ်နေ့နံနက်တွင် သူရိယသင်္ဘောသည် သိပေါမင်းနှင့် မိဖုရားများ၊ ကင်းဝန်မင်းကြီး ဦးကောင်းနှင့် မှူးမတ်အချို့၊ ထို့ပြင် အထိန်းတော် အပျိုတော် အချို့ကို သယ်ဆောင်ကာ ရန်ကုန်သို့ စုန်ဆင်းခဲ့လေသည်။

# ၁၁။ လွတ်လပ်ရေးသို့

သိပေါမင်းလည်း ပါလေပြီ။ နိုင်ငံလည်း သူများလက်သို့ ကျလေပြီ။

အဆုံးအရှုံးကား များလှပေသည်။ ရွှေဟောင်း အမွေအနှစ်တွေ၊ သယံဇာတပစ္စည်းတွေ တစ်ပုံချည်းပင်။ နန်းတော်ကစ၍ ကြည့်လိုက်ပါလေ။

မြေနန်းတော်၊ အရှေ့ညီလာခံဆောင် စသော နန်းတော်အဆောက်တွေကို ပြည်သိမ်းတပ်က စားသောက်ရိပ်သာ၊ ကလပ်၊ ဘုရားရှိခိုးကျောင်း၊ နေအိမ် စသည်ဖြင့် မဖွယ်မရာ သုံးစွဲနေ၏။ မြို့ရိုးပတ်လည် အချက်အချာ နေရာကိုလည်း ဘုရင်ခံချုပ်ကို အစွဲပြု၍ ဒပ်ဖရင်တပ်မြို့ဟု အမည်မှည့်ခေါ်ထားသည် (၁၆၈)။ ထိုမျှမကသေး နန်းတွင်းပစ္စည်းများကို တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ အစိုးရအနေဖြင့်စေ ရယူသိမ်းပိုက်လိုစိတ် ရှိကြသည်။

နန်းတော်ထဲတွင်လည်း မှတ်တမ်းပေပုရပိုက်များ၊ အဆင်တန်ဆာ ဆောင်းနားတောင်း ဝတ်လုံများ၊ ကျောက်မျက်ရတနာများကို သီးသီးသန့်သန့် ပံ့ဖြစ်စေ၊ ရောနှော၍ပုံဖြစ်စေ ထည့်ထားသော သေတ္တာတွေ သေတ္တာတွေ အများအပြားရှိသည်။ ထိုအခါ စစ်နိုင်သူတို့ခမျာ အခွင့်သာသလို ရှာကြဖွေကြလေသည်။ တချို့လည်း လိုချင်ရာပစ္စည်းရကြ၏။ တချို့လည်း လိုချင်ရာ မတွေ့ရ၍ ပေပုရပိုက်တွေ၊ အဆင်တန်ဆာတွေကို ရောင်းစားပစ်ကြ၏။

ပေပုရပိုက် အများအပြားမှာမူ အစီအစဉ်ပျက်၊ အခေါက်ပျက်ကာ ကြမ်းပြင်ပေါ်ရောက်၊ ကြမ်းပြင်မှ မြေကြီးပေါ် ဖရိုဖရဲ ပြန့်ကျဲကုန်လေသည်။ ထိုအခါ အမှိုက်ရှုပ်သည်ဆို၍ အလုပ်သမားတွေက မီးရှို့ပစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အဖိုးတန် ပေပုရပိုက်များ အရောင်းခံရ၊ မီးအရှို့ခံရ ဖြစ်နေသည်ကို တောင်ခွင်မင်းကြီး ဦးသိုင်းက ကြည့်မနေနိုင်သဖြင့် (လွှတ်တော်) စာရေးဦးမြကိုလွှတ်၍ ဗိုလ်မှူးကြီး စလေဒင်အား ပြောနိုင်းရလေသည်။ ထိုအခါမှ ပေပုရပိုက် သေတ္တာတွေကို အမွှေအနှောက် ရပ်သွားသည်။ အသားသားပိုင်များလည်း နားပါးလည်သူများခေါ်၍ စစ်ဆေးစေပြီး အချို့ကို မကြာခင်က တည်ထောင်ခဲ့သော ရန်ကုန်ကောလိပ်ကျောင်းဘေးရှိ ဇာနတ် (အထိမ်းအမှတ်အဖြစ် တည်ဆောက်ထားသည်) စာကြည့် ပိဋကတ်တိုက်သို့ ပို့သည်။ အချို့ကို လန်ဒန်ရှိ အိန္ဒိယနိုင်ငံဆိုင်ရာ ဝန်ကြီးရုံးသို့ ပို့သည်။ (၁၆၉)

ထိုအတူ နန်းတွင်း ကျောက်မျက် အရည်ကောင်းကောင်း အချို့ကို ဗိတိုရိယ ဘုရင်မအတွက် ဆို၍ လှူထား၏။ ပစ္စည်းအသေးအချို့နှင့် နန်းဆွဲအုပ်၊ ကွမ်းလောင်းကြီး၊ ကျပ်လျှားမကာန်းကရား၊ နရားခံကွမ်းခွက်စသော မင်းခမ်းတော် ပစ္စည်းများကိုကား လန်ဒန်သို့ ပို့လေသည်။ ထိုပစ္စည်းများအနက် တန်ဖိုးနည်းသောပစ္စည်းကို ပြပွဲခင်း၍ လေလံတင်ပစ်လေသည်။ တန်ဖိုးကြီးသော မင်းခမ်းတော်များကိုမူ ဗိတိုရိယ ဘုရင်မနှင့် ကြင်ရာတော် အယ်လဗတ်မင်းသား (အထိမ်းအမှတ်) ပြတိုက်၌ သိမ်းဆည်းခဲ့လေသည်။ (၁၇၀)

ဤတွင် သူတို့ နန်းတွင်းပစ္စည်းတွေ စိမ်ပုံကိုဖြင့် သိရပြီ။ သူတို့ လက်ရှိနေထိုင် စားသောက်ရာ၊ အပန်းဖြေရာ လုပ်ထားသော နန်းတော်အဆောင်တွေနှင့်စပ်၍ စိမ်ပုံ ကြည့်ကြဦးစို့။ နန်းတော်မှာ မြန်မာမင်းနှင့် ဆက်စပ်နေသဖြင့် သူတို့ ကြာရှည်မထားလို။ နန်းတော်အဆောက်အအုံကို မြန်မာများမြင်တွေ့၍ ဇာတိမာန် တက်ကြွလာမည်ကို ပြည်သိမ်းတပ်က စိုးရိမ်လေသည်။ ထို့ကြောင့် ဖျက်သိမ်းရန် စိတ်ကူးလာသည်။ သို့ရာတွင် ကံကောင်းထောက်မ၍ ဖျက်သိမ်းခြင်းဘေးမှ လွတ်ကင်းသွားလေသည်။ ဖြစ်ပုံမှာ တစ်ထောင့်ကိုးရာ တစ်ခုနှစ်တွင် ဘုရင်ခံချုပ်သစ်ဖြစ်သူ လတ်မင်းကြီး ကာဇင် (၁၇၁)သည် မန္တလေးသို့ ရောက်လာပေ၏။ သူသည် မန္တလေးနန်းတော် အနုလက်ရာများကို ကြည့်၍ မန္တလေးနန်းတော် နောက်ကြောင်းသမိုင်းကို စဉ်းစား၍ အမြော်အမြင်ကြီးစွာဖြင့် အရေးကြီးသော အဆောင်များကို ထိန်းသိမ်းရန် အမိန့်ချမှတ်ခဲ့လေသည် (၁၇၂)။ ထိုအမိန့်အရ တော်စိန်နီ ကြီးကြပ်နေသော





ကမ္ပည်းကျောက်စာဌာန (နောင်အခေါ် ရှေးဟောင်းသုတေသန)က စောင့်ရှောက်ထိန်းသိမ်းရလေသည်။

ဤသည် နိုင်ငံနှင့်ချီ၍ ထုနှင့်ထည်နှင့် ဆုံးရှုံးပျက်စီးပုံသဘော သရုပ်ဖြစ်သည်။ တစ်ခုချင်း တစ်ဦးချင်းအနေ၊ ပုဂ္ဂလိကအနေဖြင့် ဆုံးရှုံးရပုံမျိုးလည်း ရှိပေသေးသည်။ ပမာဆိုသော် တစ်ထောင့်ကိုးရာ ငါးခုနှစ်တွင် အင်္ဂလိပ်အိမ်ရှေ့မင်းသားနှင့် ကြင်ရာတော်တို့သည် အိန္ဒိယနှင့် မြန်မာနိုင်ငံများသို့ တိုင်းခန်းလှည့်လည်လေသည်။ ထိုအခါ သင်္ဘောဖြင့် ဧရာဝတီမြစ် ရှုခင်းကိုကြည့်ရင်း မန္တလေးသို့လည်း ရောက်ခဲ့လေသည်။ ထိုအဖွဲ့တွင် ပန်းချီဆရာတစ်ဦးလည်း ပါလာ၏။ တစ်နေ့သော် ပန်းချီဆရာရှိရာ သင်္ဘောပေါ်သို့ မြန်မာတစ်ဦး လာရောက်တွေ့ဆုံလေသည်။ သူ့ရည်ရွယ်ချက်မှာ မြန်မာစောင်းတစ်ခုကို ရောင်းရန်ဖြစ်လေသည်။ စောင်းသည်ရောင်းတမ်းထဲက မဟုတ်လေ။ (မင်းတုန်းမင်း၏ မိဖွေးတော် အလှူ့ကပ္ပမြို့စား၏သား) ဂီတကျော ဝါသနာထုံသော တပယ်မင်းသားပိုင် ဖြစ်လေသည်။ ထိုစောင်းသည် ကြော့နေ၏။ ပန်းချီဆရာရှေ့တွင် တီးပြသောအခါတွင်လည်း အသံထွက် အလွန်သာ၏။ ထိုပန်းချီဆရာသည် စောင်းမတီးတတ်သော်လည်း တပယ်မင်းသား ပစ္စည်းဖြစ်၍ ဝယ်လိုက်လေသည်။ သို့ရာတွင် လိပ်ပြာမလုံလေ၍လား မသိ−

မြန်မာနိုင်ငံမှာ အမျိုးသားပြတိုက် ရှိလာရင် ပြန်ပို့ပါမယ်။

ဟု မှတ်ချက်ပေးခဲ့လေသည်ဟူ၏။ (၁၇၃)

မြန်မာနိုင်ငံ၏ သယံဇာတပစ္စည်းများကို အင်္ဂလိပ်ကုန်သည်တွေ လက်ဝါးကြီးအုပ်ပုံ ဆိုရဦးမည်။ အဓိက အရေးကြီးသည့် ပစ္စည်းများမှာ သစ်၊ ရေနံ၊ ဓာတ်သတ္တု၊ ဆန်စပါးဖြစ်ကြသည်။

လက်ငင်းအနေဖြင့် ဘိဘိတိစိကုမ္ပဏီ သစ်ကိစ္စကြောင့် မြန်မာနှင့် အင်္ဂလိပ် စစ်ဖြစ်ခဲ့ရသည်ကို တွေ့ခဲ့ရပြီ။ မြန်မာသစ်တောတွေမှာလည်း မြောက်ဘက်ဇန်းမော်ကသာ၊ အရှေ့ဘက်တောင်ငူ၊ အနောက်ဘက် ချင်းတွင်းဒေသမှစ၍ တောင်ဘက် ပဲခူးရိုးမအထိ ပေါလှပေသည်။ အထူးသဖြင့် ပဲခူးရိုးမရှိ ကျွန်းသစ်သည် ကျုံ့မှုကြွမှုနည်းပါး၍ ရာသီဥတုဒဏ် ခံနိုင်သော သစ်စားဖြစ်ရာ နိုင်ငံခြားတွင် ရောင်းပန်းလှပေ၏။ အင်္ဂလိပ် ကိုလိုနီခေတ်တွင်



www.burmeseclassic.com

www.burmeseclassic.com



သစ်ထုတ်လုပ်ရန် အငှားလိုင်စင် အကြီးအကျယ် ရသူများသည်လည်း ဘီဘီ တီစီကုမ္ပဏီ၊ စတီးဘရားသားကုမ္ပဏီများသာ ဖြစ်ကြလေသည်။ (ဦးဘအိုတို့ ကဲ့သို့ မြန်မာကုန်သည်များကား ငွေအရင်းနည်း၍ အသေးအဖွဲ့မျှသာ ရရှာသည်) ထိုအင်္ဂလိပ် ကုမ္ပဏီများသည် အစိုးရသစ်တောဌာနဘက်က သင်ပြီးသားကျွန်း သစ်၊ အခြားသစ်မာတွေကို ခုတ်၊ ဆင်ဖြင့် ကမ်းနားအရောက်ဆွဲ၊ ဖောင်ဖွဲ့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်မြစ်ကြောင်းများမှ ရန်ကုန်၊ မော်လမြိုင်ရှိ သူတို့ပိုင် သစ်စက်များ၌ ခွဲ၏။ ထို့နောက် နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့သည်မှာ တစ်ထောင့်ကိုးရာ သုံးဆယ့်လေးနှစ်မှ တစ်ထောင့်ကိုးရာ သုံးဆယ့်ကိုးနှစ် အထိ တန်ဖိုး သိန်းပေါင်း ၃၂၂ ကျပ်တန်သော ကျွန်းသစ် ၂၂၅၀၀၀တန်၊ အခြားသစ် ၄၂၀၀၀ တန် ဖြစ်လေသည်။

ရေနံကိစ္စ ကြည့်ပါလေဦး။ ကိုလိုနီခေတ်ထဲတွင် ရေနံရှာ၊ ရေနံထုတ် လုပ်ခွင့် အများဆုံး ရထားသူများသည် ဘီအိုစီ၊ အိုင်ဘီပီကဲ့သို့ အင်္ဂလိပ် ကုမ္ပဏီကြီးများသာ ဖြစ်သည်။ မြန်မာ တွင်းစားများမှာမူ ရေနံတွင်း အနည်း အပါးသာ ပိုင်ဆိုင်ကြလေသည်။ ထိုတွင်းများကိုပင် ဘီအိုစီကုမ္ပဏီမျိုးက အငှားရယူကာ နောင်အခါ မိမိလက်သို့ တစ်စတစ်စရောက်အောင် လုပ်ဆောင် ခဲ့လေသည်။

ဘီအိုစီကဲ့သို့ အင်္ဂလိပ် ကုမ္ပဏီမျိုးတွင် တပန်းသာနေသော အချက်လည်း ရှိနေ၏။ တွင်းစားတွေက လက်ဖြင့်သာ ရေနံတူးနိုင်ရသည်။ ဘီအိုစီမှာကား ခေတ်မီ စက်ကိရိယာတွေ၊ ပါရဂူတွေ အပြည့်ရှိလေသည်။ ကုလား မြန်မာ အလုပ်သမားပေါင်း တစ်သောင်းနှစ်ထောင်ခန့် ရှိလေသည်။ ထို့ကြောင့် အင်္ဂလိပ် ရေနံကုမ္ပဏီများသည် ရေနံချောင်းသာမက ရေနံချပ်၊ ချောက်စသည်ဖြင့် တိုးချဲ့ရေနံ တူးနိုင်ခဲ့သည့်အပြင် ရေနံစိမ်းကို ရေနံတင်သင်္ဘောဖြင့် ပိုက်လိုင်း ဖြင့် သန်လျင်၊ ဆီပိုက်ကြီး၊ သိလဝါသို့ပို့ကာ ရေနံဆီ ဓာတ်ဆီ၊ ဖယောင်းချက် ခဲ့ကြသည်။ တစ်ထောင့်ကိုးရာ သုံးဆယ့်ရှစ် သုံးဆယ့်ကိုးနှစ်က ဆိုလျှင် နိုင်ငံခြားသို့—

ရေနံစိမ်း — ၂၆၃၈၀၀,၀၀၀-ဂါလံ

ရေနံဆီ — ၁၂၆၃၀၀,၀၀၀-ဂါလံ





ဓာတ်ဆီ — ၅၀၈၅၀,၀၀၀-ဂါလံ

ဖယောင်း — ၃၅၀၀၀.၅-တန်ချိန်

တင်ပို့နိုင်ခဲ့လေသည်။

ရေနံကဲ့သို့ပင် ငွေ၊ သံဖြူ၊ ခဲ၊ ကျောက်စိမ်း စသော သတ္တုတွင်းများ ကိုလည်း အင်္ဂလိပ်ပိုင် ဘားမားကော်ပိုရေးရှင်းနှင့် မော်ချီး သတ္တုကုမ္ပဏီ (၁၇၄) တို့က အဓိက လုပ်ကိုင်လေသည်သာဖြစ်သည်။ ပတ္တမြား၊ ကျောက်စိမ်း တို့ကိုကား သတ္တုတွင်းသမား အငယ်စားများက လုပ်ကိုင်ကြသည်။

ယခုသော် စတီးဘရားသားကို အရင်းခံထား၍ ရေးချဲ့တော့မည်။ အကြောင်းမှာ မြန်မာနိုင်ငံတွင် စတီးဘရားသား ကုမ္ပဏီ မကိုင်တွယ်သောအလုပ် မရှိသလောက် ဖြစ်သောကြောင့်ပင်။ သွင်းကုန်ထုတ်ကုန် နှစ်ဖက်စလုံး ကုမ္ပဏီကလုပ်သည်။ သွင်းကုန်မှာ ယေဘုယျအားဖြင့် စက်ကိရိယာ၊ မော်တော်ကား၊ ရေခဲသေတ္တာ၊ အထည်အလိပ် စသည်ဖြင့်ဖြစ်လေသည်။ ထုတ်ကုန် မှာလည်း အပုံပင်။ ရေနံတူးဖော်သည့် ဘီပီအိုင်ကုမ္ပဏီမှာ စတီးဘရားသားပိုင် ဖြစ်လေသည်။ သစ်ထုတ်ရာတွင်လည်း စတီးဘရားသားပါလေသည်။ အသက် အာမခံ၊ မီးအာမခံစသော အာမခံသည့် အလုပ်တွင်လည်း စတီးဘရားသား ပါလေသည်။

ထို့ပြင် စတီးဘရားသားက မြင်းခြံ၊ စစ်ကိုင်း၊ မိတ္ထီလာ၊ မြင်းမူ၊ အာလံမြို့များ၌ ဝါစက်၊ ဆီစက်တွေပိုင်သည်။ သရက်၌ ဘိလပ်မြေစက်ပိုင် သည်။ ရန်ကုန်၌ ဆန်စက်ကြီးတွေပိုင်သည်။ တစ်ဖန် ဝါဈေး၊ မြေပဲဈေး၊ စပါးဈေးကိုလည်း စတီးဘရားသားက အခြားအင်္ဂလိပ် ကုမ္ပဏီကြီးများနှင့်ညှိ၍ ကန့်သတ်ထားသည်ဖြစ်ရာ မြန်မာလယ်သမား၊ ယာသမား ကုန်သည်ပွဲစားတို့ သည် ထိုဈေးကို မကျော်လွှားနိုင်ဘဲ ရှိရသည်။

ထိုအခါ စတီးဘရားသားသည် သူ့စက်တွေမှ ဝါ၊ မြေပဲ စပါးတို့ကို ကြိတ်၍ နိုင်ငံခြားသို့ အကြီးအကျယ် တင်ပို့ရောင်းချလေသည်။ အရင်းအနှီး ရှိတန်သလောက်ရှိ၍ အလုပ်ကျွမ်းကျင်သော အိန္ဒိယသား ကုလား ကုန်သည် ကြီးများသည် စတီးဘရားသားကို မမီသော်လည်း နောက်က လိုက်နိုင်သလောက် လိုက်သည်။ မြန်မာများကား အနားမသီနိုင်သလောက် ဖြစ်လေသည်။

တစ်ရံခါက ပွဲစားကြီး ဦးဖိုးသာ၊ သစ်ကုန်သည် ဦးဘအိုတို့မှာ ရေး



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်သူ သုရိယဦးလှဖေ စသူများသည် မြင်းခြံ၌ အစုရှယ်ယာနှင့် ချည်စက်တစ်ခု တည်ကြည့်လေသည်။ ထိုအခါ ချည်ချောချော ရက်နိုင်ရလေအောင် မြန်မာဘက်ကရသော ချည်မျှင်တို့နှင့် မလုံလောက်။ နိုင်ငံခြားမှ တင်သွင်းရသော ချည်မျှင်ရှည်နှင့် စပ်ရက်ရလေသည်။ ထိုချည်မျှင်ရှည်ဝါကို စတီးဘရားသားက တင်သွင်းလေသည်။ ထိုအခါ မြန်မာ့အဝတ်အထည်လည်း ဈေးမကိုက် ဖြစ်လာလေသည်။ ကြာသော် အစိုးရကို ချည်စက်တစ်ခုလုံး ရောင်းပစ်ရသည့်အခြေသို့ ရောက်လေသည်။ အစိုးရထံမှတစ်ဆင့် စတီးက ထိုစက်ကို ပြန်ဝယ်လိုက်လေသည်။ (၁၇၅)

ဤတွင် သွင်းကုန်ထုတ်ကုန်ကို အကျိုးပြုနေသော မီးရထား၊ မီးသင်္ဘောတို့အကြောင်း ဆိုပါဦးအံ့။ တစ်ထောင့်ကိုးရာလေးဆယ်၊ လေးဆယ့်တစ်ခုနှစ်အထိ မြန်မာနိုင်ငံ၌ မီးရထားလမ်း ဖောက်ခဲ့သည်မှာ မိုင်နှစ်ထောင်ရှစ်ရာငါးဆယ်အထိ ရှိလေသည်။ မီးရထား တောက်လျှောက်သွားနိုင်ရန်အတွက် မြစ်ချောင်းကူးတံတားများကိုလည်း ဆောက်လုပ်ရသည်ဖြစ်ရာ ရန်ကုန်နှင့် မြစ်ကြီးနားကို တောက်လျှောက်သွားနိုင်ရန် ဆောက်လုပ်ခဲ့သော စစ်ကိုင်းတံတားလည်း အပါအဝင် ဖြစ်လေသည်။ မီးရထားလမ်းများသည် ယေဘုယျအားဖြင့် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိရာ ဆိပ်ကမ်းမြို့များသို့ စုရုံးသွားနေ၏။ ဆိုလိုသည်မှာ ကုန်များ နိုင်ငံခြား လွယ်လွယ်ပို့နိုင်ရန် အင်္ဂလိပ်ကြီးစိုးသော မီးရထားဌာနဘက်က အထောက်အပံ့ပေးနေသည်ဟူ၍ ဖြစ်သည်။ ထို့ကြောင့် နှစ်စဉ် တန်ချိန်လေးသန်းခန့်ရှိ ကုန်များကို မီးရထားဘက်က သယ်ပို့ပေးခဲ့သည်။ ပြည်တွင်း အရောင်းအဝယ်အတွက် မီးရထားကို အသုံးပြုခြင်းကား နည်းပါးလှပေသည်။ မြန်မာများသည် လှည်းကို ပို၍အသုံးပြုကြသည်။

တစ်ဖန် ရေလမ်းအသယ်အပို့ အဓိက လုပ်ဆောင်နေသော ဌာနသည် ဧရာဝတီ ဖလော်တီလာ မီးသင်္ဘောကုမ္ပဏီ ဖြစ်လေသည်။ ထိုကုမ္ပဏီတွင် တစ်ထောင့်ကိုးရာ လေးဆယ်၊ လေးဆယ့်တစ်ခုနှစ်အထိ သင်္ဘောအစင်းပေါင်း ခြောက်ရာကျော်ရှိ၍ ကမ္ဘာပေါ်၌ သင်္ဘောအများဆုံး ပိုင်သည်ဟု ဆိုရပေမည်။ ကုမ္ပဏီသင်္ဘောများသည် ခရီးသည် ပို့ဆောင်ခြင်း၊ သွင်းကုန်များကို ရန်ကုန်မှ နိုင်ငံအနှံ့ သယ်ယူခြင်း၊ ထုတ်ကုန်များကို ဆိပ်ကမ်းမြို့များသို့ အရောက်ပို့ခြင်းအမှုကို အများဆုံးလုပ်လေသည်။ ဤတွင် မြန်မာလှေများက သယ်ပို့နိုင်





သော ကုန်တန်ချိန်မှာ ဧရာဝတီ မီးသင်္ဘောနှင့်စာသော် ဘယ်လောက်ကမှမရှိ။ ရေကြောင်းဖြင့် သယ်ယူသော ကုန်ချိန်စုစုပေါင်း၏ တစ်ဝက်ကို ဧရာဝတီ မီးသင်္ဘောက သယ်ပို့သည်ဟု ဆိုလေသည်။

စိတ်ဝင်စားစရာ ကိစ္စတစ်ခုကို ထည့်ရပေဦးမည်။ တစ်ထောင့်ကိုးရာဆယ့်သုံးခုနှစ်လောက်က မြန်မာဘက်က ကူးတို့သင်္ဘောကလေးများ ထောင်ကြည့်ခဲ့ဖူးလေသည်။ ထောင်သူသည် စစ်ကိုင်းမှ ငွေကြေးအရင်းအနှီးရှိသူ မနှင်းဆီ (၁၇၆) ဖြစ်လေသည်။ သူသည် ကုမ္ပဏီထောင်၍ မြစ်ဝကျွန်းပေါ်ဘက်၊ အထက် စစ်ကိုင်းဘက်တွင် ကူးတို့သင်္ဘောကလေးများ ပြေးဆွဲစေခဲ့လေသည်။ သို့ရာတွင် ဧရာဝတီ နှစ်ထပ်သင်္ဘောက ကူးတို့သင်္ဘောနောက်သို့ အမြဲလိုက်ကာ မြန်မာဘက်က ငါးမူးဆိုလျှင် သူ့ဘက်က တစ်မတ်နှုန်းလျှော့၍ယူ၊ မြန်မာဘက်က အလကားပို့လျှင် သူ့ဘက်က လက်ဖက်ရည်တိုက်၊ လက်ကိုင်ပုဝါပေးနှင့် ခရီးသည်ရော ကုန်စည်ပါရအောင် အလုအယက် လုပ်ခဲ့လေသည်။ ကြာသော် မနှင်းဆီမှာ အရင်းပြုတ်၍ ကူးတို့သင်္ဘောတွေကို ဧရာဝတီဖလော်တီလာ မီးသင်္ဘောကုမ္ပဏီကို ထိုးအပ်ရသောဘဝသို့ ရောက်တော့သည် (၁၇၇)။ ထိုနည်းတူပင် မော်လမြိုင်ဘက်မှ ဦးနာအောက်သည်လည်း သင်္ဘောပြေးကြည့်ခဲ့ရာ နောက်ဆုံး၌ ဧရာဝတီဖလော်တီလာ မီးသင်္ဘောကုမ္ပဏီကို အလျှော့ပေးခဲ့ရလေသည်။

ဤသည် အင်္ဂလိပ်ကုန်သည်ကြီးများက မြန်မာနိုင်ငံတွင် လက်ဝါးကြီးအုပ်ခဲ့ပုံ အကြောင်းဖြစ်လေသည်။ အင်္ဂလိပ် လက်ထောက် ကုလားအရင်းရှင်များသည်လည်း အခွင့်အရေးသုံး၍ အလတ်စား အသေးစား မြန်မာစီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်ခြင်း၊ မြန်မာလယ်ယာများကို ကွေ့ဖြင့်သိမ်းယူခြင်းကဲ့သို့ မတော်မတရားမှုများကို ကျူးလွန်ခဲ့ကြလေသည်။ ထိုအခါ အင်္ဂလိပ်အစိုးရက မဟာဝန်ရှင်တော်မင်းကြီး ခေတ်အစ၊ ဒုတိယ ဘုရင်ခံခေတ်အလယ်၊ ဘုရင်ခံခေတ်အဆုံး နိုင်ငံခြားသား ကုန်သည်များ၏ အကျိုးစီးပွားကို ပံ့ပိုးပေးခဲ့လေသည်။ လူမှုရေး ပညာရေးကိစ္စများကို ဆောင်ရွက်သည့်တိုင်အောင် မိမိတို့ အုပ်ချုပ်ရေးနှင့် အရင်းရှင်စီးပွားရေးကို အထောက်အကူရရန် အဓိကဖြစ်တော့သည်။

သို့ရာတွင် မြန်မာတိုင်းရင်းသား ဝံသာနုများသည် ငုံ့မခံနေကြပါ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ လွတ်လပ်ခွင့်၊ စီးပွားလွတ်လပ်ခွင့်၊ ပြောဆိုရေးသား စည်းရုံးမှု လွတ်လပ်ခွင့်အတွက် အဖက်ဖက်က ကြိုးပမ်းခဲ့ကြလေသည်။ တစ်နည်းဆို ရသော် ခေတ်ပညာတတ် မြန်မာကျောင်းသားနှင့် လူကြီးများသည် တောင်သူ လယ်သမား အလုပ်သမားများနှင့်တကွ ဗိုင်အမ်ဘီအေ ဗုဒ္ဓဘာသာ ကလျာဏ ယုဝအသင်း၊ ထို့နောက် ဂျီစီဘီအေ မြန်မာအသင်းချုပ်၊ ထို့နောက် တို့ဗမာ အစည်းအရုံးဟူ၍ အဆင့်ဆင့် ဖွဲ့စည်း၍ တညီတညွတ်တည်း အင်အားပြခဲ့ ကြလေသည်။ တစ်ဖန် ကောလိပ်ကျောင်းမှစသော ပညာရေးသပိတ်၊ သာယာ ဝတီနယ်မှစသော လယ်သမားသူပုန်၊ ရေနံမြေမှစသော အလုပ်သမား အရေး တော်ပုံတို့ဖြင့် လှုပ်ရှားခဲ့ကြလေသည်။ တစ်ဖန် ရစ်ပလေကြီးကြပ်သော ဟံသာဝတီတိုက်မှ ဖျို့ကရာနှင့် ဂန္ဓဝင်ကျမ်းများ၊ သူရိယ၊ မြန်မာ့အလင်း၊ ဆယ် သန်းကဲ့သို့ သတင်းစာများ၊ ဒီးဒုတ်၊ ဗန္ဓုလ၊ နဂါးနီကဲ့သို့ ဂျာနယ်များ၊ တိုးတက်ရေး၊ ကြီးပွားရေး၊ ဂန္ဓလောကကဲ့သို့ မဂ္ဂဇင်းများ ရိုက်နှိပ်ထုတ်ဝေ၍ ပညာဗဟုသုတ ဖြန့်ဖြူးဆည်းပူးခဲ့ကြလေသည်။ ထို့နောက် ဒုတိယကမ္ဘာစစ်ကြီး အတွင်း အင်္ဂလိပ်များ ဆုတ်ခွာ၍ ဖက်ဆစ်ဂျပန် မင်းမူသည့်ကာလ၌ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ မြန်မာတိုင်းရင်းသားအသီးသီး ပူးပေါင်းပြီး ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (နောင် အခေါ်–ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်) ဖွဲ့ကာ ဖက်ဆစ် ဂျပန်ကို တော်လှန်ခဲ့ကြလေသည်။ ထိုဖဆပလအဖွဲ့ချုပ်ကပင် စစ်ပြီးခေတ်၌ ပြန်ဝင်လာသော အင်္ဂလိပ်ကို အရေးဆိုခဲ့ရာ တစ်ထောင့်ကိုးရာ လေးဆယ့်ရှစ် ခုနှစ်တွင် လွတ်လပ်ရေး ပြန်လည်ရရှိ၍ ပြည်ထောင်စုမြန်မာနိုင်ငံ ထူထောင်ခဲ့ လေသည်။

ထိုအခါ အိန္ဒိယဘုရင်ခံချုပ်ဖြစ်သူ လတ်မင်းကြီး မောင်ဘက်တန် (ဘုရ)သည် တစ်ထောင့်ရှစ်ရာ ရှစ်ဆယ့်ခြောက်ခုနှစ်က မန္တလေးနန်းတော်– လွှတ်တော်မှ သိမ်းယူသွားခဲ့သော သီဟာသနပလ္လင်ကို နိုင်ငံတော်သမ္မတထံသို့ ပြန်ပို့ပေး၏။ ဖဆပလအစိုးရသည်လည်း ဧရာဝတီ ဖလော်တီလာ မီးသင်္ဘော ကုမ္ပဏီနှင့် သရက်ရှိ ဘိလပ်မြေစက်ရုံကို ပြည်သူပိုင် လုပ်ခဲ့လေသည်။ လယ်ယာမြေနိုင်ငံပိုင် ဥပဒေပြဋ္ဌာန်းပေးခဲ့၍ ပြည်ပဆန်ရောင်းချမှုကို ပြည်သူ ပိုင် လုပ်ခဲ့လေသည်။





ဘိအိုစီ ရေနံကုမ္ပဏီနှင့် ရေနံထုတ်လုပ်ရေးတွင်လည်းကောင်း၊ ဘားမား ကော်ပိုရေးရှင်းနှင့် သတ္တုထုတ်လုပ်ရေးတွင်လည်းကောင်း ဖက်စပ်လုပ်ခဲ့လေ သည်။ ထို့နောက် တစ်ထောင့်ကိုးရာခြောက်ဆယ့်နှစ်ခုနှစ်တွင် တက်လာသော တော်လှန်ရေးကောင်စီသည် ရေနံလုပ်ငန်း၊ သတ္တုလုပ်ငန်းစသော စက်မှုလုပ်ငန်း ကြီးများကို ပြည်သူပိုင် လုပ်ခဲ့လေသည်။ သစ်ထုတ်ရေးလုပ်ငန်းကို ပုဂ္ဂလိက ကုန်သည်များလက်မှ ပြန်လည်သိမ်းယူခဲ့လေသည်။ လယ်ယာမြေနှင့်စပ်၍ လယ်လုပ်သူသာ လယ်လုပ်ပိုင်ခွင့် ရှိစေရမည်ဟူသောမူကို အကောင်အထည် ဖော်ခဲ့လေသည်။

ဝိတိုရိယဘုရင်မနှင့် ကြင်ရာတော် အယ်လဗတ်မင်းသား (အထိမ်းအမှတ်) ပြတိုက်မှ ပြန်လည်ရရှိသော နန်းဆွဲအုပ်၊ ကွမ်းလောင်းကြီး၊ ကျပ်လျားစသော မင်းခမ်းတော်များကိုသာ အမျိုးသားပြတိုက်၌ ခင်းကျင်းပြသခဲ့လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com




## အပိုင်းသုံး

ရေလာသဲလျှင်၊ ခရွှံမဆင်နှင့်။
သေချာမြဲလျှင်၊ မဆွဲမငင်နှင့်။
ရောက်လျှင်၊ အရဲမဝင်နှင့်။

ရှေးစကားပုံ

www.burmeseclassic.com

www.burmeseclassic.com



## ၁။ ဧရာဝတီ၏ စွမ်းအား

စာရေးဆရာ ဓေယျသည် ဧရာဝတီမြစ်နှင့်စပ်၍ အောက်ပါအတိုင်း ရေးခဲ့ဘူးလေသည်။

ဧရာဝတီမြစ်ကြီးမှကား၊ မြောက်မှတောင်ဘက် တည့်တည့်၊ မြန်မာနိုင်ငံဗဟိုကျော၊ ညီညွတ်သော မြေပြင်ကိုဖြတ်၍ စီးသဖြင့် အမှုစအဆုံး လှေသင်္ဘောများ လာနိုင်သဖြင့်၊ လူတို့အတွက် အကျိုးကျေးဇူးများစွာ ပြုပေသည်။

ထိုမြစ်ကြီးတစ်လျှောက်၌ တကောင်းသရေခေတ္တရာ၊ ပုဂံမြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝစသော မြန်မာသမိုင်းကြီးပေါ်ထွန်းလျက် မြန်မာယဉ်ကျေးမှုကြီး ထွန်းကားခဲ့သည်။ အကယ်၍ ဧရာဝတီမြစ်ကြီးသာ မရှိပါမူကား မြန်မာလူမျိုး၊ မြန်မာသမိုင်း၊ မြန်မာယဉ်ကျေးမှုများ ဖြစ်ပေါ်ပြန့်ကားနိုင်မည် မဟုတ်ချေ။ စင်စစ်ဆိုသော် မြန်မာသမိုင်း မြန်မာယဉ်ကျေးမှုဆိုသည်မှာ ဧရာဝတီသမိုင်း ဧရာဝတီယဉ်ကျေးမှုပင် ဖြစ်ပေသည်။ (၁၇၉) မှန်၏။ အပိုင်းတစ်၊ အပိုင်းနှစ်ကို ဖတ်ခဲ့လျှင် ဤသဘော ပေါက်ပေလိမ့်မည်။

သို့ရာတွင် မြစ်ဆိုသည်မှာ လူတို့၏ အကျိုးလည်း ပြုတတ်သည်။ လူတို့ကို အန္တရာယ်လည်း ပေးတတ်သည်။ အောက်တွင်ပါသော နိုးဆော်စာမျိုးကို သတင်းစာများက အခါကာလအားလျော်စွာ ဖော်ပြလေ့ရှိကြသည်။

www.burmeseclassic.com



မြစ်နှစ်သွယ်ရေကြီးမည်

ရန်ကုန်၊ စက်တင်ဘာ ၆

မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာန၏ ယနေ့မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက်အရ ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေသည် ယခုလာမည့် ဒုတိယသီတင်းပတ်အတွင်း ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ် အထက်ပိုင်းတစ်လျှောက်ရှိ မြို့အသီးသီးတို့၏ စိုးရိမ်ရေမှတ်များသို့ တက်လာနိုင်ကြောင်း။

ဧရာဝတီမြစ် အထက်ပိုင်းနှင့် အောက်ပိုင်းတစ်လျှောက်တို့တွင် မြစ်ရေသည် ယခုလာမည့် တတိယသီတင်းပတ်အတွင်း သက်ဆိုင်ရာ မြို့နယ်အသီးသီးတို့၏ စိုးရိမ်ရေမှတ်များသို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားရာ အထက်ဖော်ပြပါ မြစ်ရေကြီးနိုင်သည့် အထူးသတင်းနှင့် ပတ်သက်၍ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း စိုးရိမ်ရေမှတ် ကျော်ရောက်နိုင်မည့် မြို့နယ်များအလိုက် ရေဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ လုပ်ဆောင်ထားကြရန် လူမှုဝန်ထမ်း ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ သတိပေး နှိုးဆော်ထားသည်။ (၁၇၉)

ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများဆိုသည်မှာ ရေကာတာများ တည်ဆောက်ခြင်း၊ ရေလွှဲမြောင်းများ ပြုလုပ်ခြင်းစသည်ဖြင့် ဖြစ်လေသည်။ သတိရသဖြင့် ရှေးက အဖြစ်အပျက်ကို ရေးပြရဦးမည်။ သိပေါမင်း ပါတော်မူပြီး၍ တစ်ထောင့်ရှစ်ရာ ရှစ်ဆယ့်ခြောက်ခုနှစ်ထဲတွင် မန္တလေးဘက်၌ ရေကာတာ ကျိုးပေါက်၍ ရေဘေး အကြီးအကျယ် ကြုံခဲ့ရဖူးလေသည်။ ရေကာတာ တည်ဆောက်ခဲ့သူမှာ မင်းတုန်းမင်း ဖြစ်လေသည်။ မင်းတုန်းမင်းသည် မန္တလေးမြို့ကို တည်စဉ်က ရွှေတချောင်း အနောက်ဘက်ကမ်း မြေနိမ့်ပိုင်း နေရာများတွင် မြေမြို့ရိုး ရေကာတာကြီးပါ ဆောက်လုပ်ခဲ့လေသည်။ ထိုအခါ ရွှေတချောင်း အနောက်ဘက်တွင် နှစ်စဉ် ရေလွှမ်းမိုးခြင်းမှ ကင်းရှင်းသွားလေ၍ လူနေအိမ်ခြေ များပြားစည်ကားလာခဲ့လေသည်။

တစ်ထောင့်ရှစ်ရာ ရှစ်ဆယ့်ခြောက်ခုနှစ်၊ ဩဂုတ်လ ဆယ့်ခြောက်ရက်နေ့ ညနေပိုင်းတွင်ကား မြစ်ရေ အကြီးအကျယ် တက်ခဲ့လေသည်။ မြစ်ရေအရှိန်ကြောင့် ရွှေတချောင်း အရှေ့မြောက်ဘက် ဒေါင့်မှစ၍ တာကျိုးပေါက်လေသည်။ မြစ်ပြင်တစ်ခုလုံးသည် ငါးမိုင်မျှ ကျယ်ပြန့်လာခဲ့ပေ၏။ မြစ်ရေသည် တာအတွင်း မြေမျက်နှာပြင်ထက် ဆယ်ခြောက်ပေခန့် မြင့်နေလေပြီ။

မြစ်ရေတိုး၍ တာကျိုးသည်ကို ထိုစဉ်က အသက် ဆယ်ခြောက်နှစ်အရွယ်ရှိ ရေပန်းတိုက်နေ ရှင်သာမဏေ (နောင် စကင်းဆရာတော် ဦးစန္ဒ) က ကိုယ်တွေ့ကြုံဖူးလေသည်။ ထိုပုဂ္ဂိုလ် အမိန့်ရှိသည်ကို နားထောင်ပါလေ။

ညနေ ၃ နာရီကျော်ကျော် အချိန်မှာ ရေဘေးအော်သံကြားရတယ်။ တာရိုးကျိုးပြီ– မြစ်ရေတွေ ဝင်ကုန်ပြီ’ဆိုတဲ့ အသံတွေ ဆူညံသွားတယ်။ ရေပန်းတိုက် တောင်ဖက်က ဦးပေစီ စေတီတော်ကြီးရဲ့ မြောက်ဖက်မှာ ရေမြောင်းရှိတယ်၊ အဲဒီရေမြောင်းဆီကနေပြီး ရေလုံးကြီးတွေ အတင်းဝင်လာတာပဲ၊ အဲဒီအချိန်တုန်းက အိမ်မြင့်ဆိုလို့ တစ်ခုမှမရှိဘူး၊ တဲအိမ်ကလေးတွေသာရှိတယ်၊ ခေါင်မိုးအထိ မြုပ်ကုန်တယ်၊ ရေသံကြားတာနဲ့ ကျောင်းကုန်းလှည်းတန်းက လူတွေ ကိုယ်ရှိတဲ့ လှည်းပေါ်၊ ကလေးတွေနဲ့ ပစ္စည်းတင်ပြီး အတင်းမောင်းပြေးကြတာပဲ၊ လွှတ်တဲ့လူလဲလွှတ်ရဲ့၊ တချို့လဲ မလွှတ်ဖူး၊ မြတောင်တိုက် တောင်ဖက်မြောက်ဖက်မှာ နေကြရတယ်၊ အဲဒီအခါတုန်းက မြတောင်တိုက် မြောက်ဖက်ကကွင်းမှာ သိပေါမင်းကိုယ်တိုင် မြတောင်ကျောင်းကြီး ရေစက်ချ ထီးဖြူရှစ်နန်းတော် ဆောက်ထားတာရှိတယ်၊ အဲဒီအဆောက်အအုံကို အင်္ဂလိပ်တွေက မဖျက်သေးလို့ ဒုက္ခသယ် တော်တော်များများ ဝင်နေနိုင်တယ်၊ ရေဆိုတာ ဝင်လာရင် သိပ်မြန်တယ်၊ ကျောင်းကုန်းလှည်းတန်းက ဒကာကြီးတစ်ယောက် သူ့မိတ်ဆွေရှိရာ လက်ပန်းပင်လှည်းတန်းကို လှည်းနဲ့အပြေးမောင်းသွားတယ်၊ လက်ပန်းပင်လှည်းတန်းမှာ





www.burmeseclassic.com

www.burmeseclassic.com



ရေက သူ့အရင် ရောက်လာလို့ တစ်ခါ အရှေ့ဖက်မောင်း ရတယ်၊ အနု ၃၄ လမ်းအတိုင်း အရှေ့ကို လှဲမောင်းပြေးလာတော့လဲ ရွှေတချောင်း မရောက်ခင် ရေက ရောက်လာလို့ တော်တော် ဒုက္ခရောက်ရတယ်။ တာကျိုးတဲ့ညက ရေပန်းတိုက် ကျောင်းကြီးအထက်ထပ် ကြမ်းပြင်ပေါ်မှာ ဒို့ အိပ်ကြရတယ်၊ သန်းခေါင်ကျော်တော့ ရေပုတ်သံတွေ လှိုင်းသံတွေ ကြားရပြီး ရေတွေတက်လာတာပဲ၊ ကျောင်းလှေကားကြီးတစင်းလဲ ပြုတ်ပြီး ပါသွားတယ်၊ မကြာဘူး ဧရာတယ်ပိုးသား တကူတပ်ထားတဲ့ လှေတစင်း ကျောင်းနားမျောလာတယ်၊ အဲဒီတော့ ဘုန်းကြီးနဲ့ ဒို့ တက်စီးပြီး လှေကားကြီး လိုက်ရှာကြတာ ရွာဟိုင်းသင်းချိုင်းနားမှာ သွားတွေ့တယ်။

ကျောင်းပေါ်မှာ နေလို့မဖြစ်တော့ဘူး၊ ဒီတော့ အဲဒီည ကျောင်းပေါ်မှာ တက်မအိပ်တော့ဘူး၊ မျောလာတဲ့ တိုင်တွေ ကျောင်းထဲမှာရှိတဲ့ တိုင်ဟောင်းတွေ စုစည်းပြီး ကျောင်းနားမှာ ဖောင်ဖွဲ့နေကြရတယ်၊ အဲဒီဖောင်ပေါ်မှာ ၁၀ ရက်ကျော်ကျော် နေကြရတယ်၊ မြတောင်တိုက်ကြီး အနီးအနားတဝိုက်မှာ ရေဘေးဒုက္ခသည်တွေ ပြေကြပ်နေတာပဲ၊ နောက်ပြီး ကုန်းမြင့်တဲ့နေရာပြတိုင်း ပြတိုင်းမှာလိုပဲ စုနေကြရတယ်၊ တနေ့တော့ လှေကလေးကြုံတာနဲ့ ဈေးချိုကို လိုက်သွားတာ ဈေးချိုကျော်ပြီး လှေဆိုက်ရတယ်၊ ၂၆ လမ်းနဲ့ ၈၃ လမ်းထောင့်အထိ လှေကလေး သွားလို့ရတယ်၊ ဈေးချိုမှာ နှစ်တောင် သုံးတောင် လောက် ရေနက်တယ်၊ အိမ်တော်ရာဘုရား ပရဝုဏ်ထဲမှာလဲ ခေတ်ခြေရင်းထိ ရေတက်နေတယ်၊ မဟာရာမ်ဏိတိုင်းပေါ်တော့ မကျော်ဘူး၊ မိုးကောင်းတိုက်၊ ခင်မကန်တိုက်ကြီးတွေမှာ ရေ ၄ တောင်လောက်ရှိတယ်လို့ ပြောကြတယ်၊ အနောက်ပိုင်း သင်္ဂဇာတိုက်၊ အကောက်ဝန်မင်းတိုက်တွေကတော့ ရေသာဝင်တယ်၊ ကျောင်းအပေါ်ထပ်မှာ သိတင်းသုံးလို့ရသတဲ့၊ ဒို့နားက ဦးပေစီ ဘုရား မဟာရာမ်ဏိတိုင်းကြီး ရေမြုပ်နေလို့ လှေကြီး





တွေလာတဲ့အခါ တိုက်မိသတဲ့၊ တောင်နားက တောင်ခွင်တိုက်ကြီးက အတော်နိမ့်ပုံရတယ်၊ အလယ်ရွှေကျောင်းကြီးရှိတယ်၊ အပေါ်ထပ်မှာ နေလို့မဖြစ်ဖူးတဲ့၊ ကင်းဝန်မင်းကြီး တိုက်ကတော့ အလယ်တိုက်မကြီး အပေါ်ထပ်ကို ရေမရောက်ဖူး၊ သံဃာတော်တွေ အဲဒီမှာ စုနေကြသတဲ့၊ ဘေးအရံကျောင်းတွေကတော့ ရေဟာပန်းဆွဲ ထိနေတာပဲ၊ မင်းကွန်းတိုက် ဘေးမဲ့တိုက်များ ရေမြုပ်ကုန်တယ်၊ ရွှေတချောင်းက လှမ်းကြည့်လိုက်ရင်အနောက်ဖက် တောင်ဖက်၊ မြောက်ဖက် ရေပြင်ကြီးပေါ်၊ ဧရာဝတီနဲ့ တဆက်ထဲပဲ။ (၁၈၀)

အပျက်အစီးကို ဆက်၍ဆိုရသော် လူများ သိုလှောင်ထားသော စပါး၊ ပဲ၊ ပြောင်း၊ ဆေး၊ သစ်၊ ဝါး စသည်ဖြင့် ကုန်ပစ္စည်းလေးသိန်းဖိုးခန့် ရေမြုပ်ပျက်စီးလေသည်။ အိမ်ခြေပေါင်း ရှစ်ထောင်ခန့် ရေနစ်မြုပ်ခဲ့ရာ လေးရာခန့် ရေတိုက်စား မျောပါသွားလေသည်။ လူ အသေအပျောက်ကား နှစ်ဆယ်ငါး ယောက်ခန့် ရှိလေသည်။ (၁၈၁)

ရေကြီးမှုကို လိုအပ်သလို အသုံးပြုတတ်လျှင်လည်း ပြုသလောက် ထိရောက်လေသည်။ ဩဂုတ်လတွင် ရေကြီးသည့်အခါ ပုဂံအနားရှိ ယုန်လွှတ်ကျွန်းသည် ရေမြုပ်နေတတ်လေသည်။ အနှစ်လေးငါးဆယ်လောက်ကတည်းက ထိုကျွန်းမှာ ရေမြုပ်ချည်ပေါ်ချည်နှင့် တည်ရှိခဲ့လေသည်။ နှစ်လခန့်အကြာ ရေကျသွားသော် မြေနုတင်ကျန်ရစ်ကာ စိုက်(ပျိုး)ခင်းအဖြစ် အလွန်အသုံးဝင်လေသည်။ တစ်ခုရှိသည်။ ရေက မြေနုကျွန်းစိုက်ခင်းအတွက် ကျွန်းတစ်ဖက် တစ်ချက်ရှိ မြင်းခြံနယ်နှင့် ပခုက္ကူနယ်စပ်ကြားက လယ်သမား၊ ကိုင်းသမားတို့သည် မြေလု စကားများကြရသည်။ ယုန်လွှတ်ကျွန်း မြေဧရိယာ အကျယ်အဝန်းသည် ၁၄,၀၂၉.၇၂ ဧကရှိ၍ စိုက်ပျိုးနိုင်သော ဧရိယာသည် ၁၈၃၁.၄၉ ဧကရှိလေသည်။ သဲသောင်နှင့် ရေဧရိယာကား ၂၁၉၈.၂၃ ဧကရှိလေသည်။ ထိုမြေများ ပေါ်၌ လက်ငုတ်အဖြစ် မြေပဲ၊ ဆေး၊ ငရုတ်၊ ကြက်သွန်နီ၊ ပဲမျိုးစုံ၊ ဂျုံ၊ စပါး စိုက်ခဲ့သူများသည် ဦးရေတစ်ထောင်ကျော် ရှိလေသည်။ ထိုကြောင့် ရေကျသွားသည့်အခါ သူ့မြေကိုယ့်မြေအလိုက် အဆီးအတားမျက်၊ မြေအကျယ်အဝန်း ပြောင်းကာ အချင်းချင်း ရန်ဖြစ်ရ၊ ရုံးပြင်ကနားရောက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေး ကောင်စီ တက်ပြီးသည့်နောက် ယုန်လွှတ်ကျွန်း အုပ်ချုပ်ရေးအဖွဲ့က စိုက်ပျိုးသူများ အဆင်ပြေစေရန် ပုဂ္ဂလိက စိုက်ပျိုးမှုအစား စုပေါင်းစိုက်ပျိုးမှု ပြုလုပ် စေခဲ့လေသည်။ (၁၈၂)

# မှတ်စု

[ဂဏန်းများသည် စာကိုယ်ကိုညွှန်းသည်]


၁။ ဦးလှ၊ ကချင်ပုံပြင်များ၊ ဒုတိယပုံနှိပ်ခြင်း (မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၅)၊ စာ ၁၇–၂၂။

၂။ V.C Scott O' Connor, The Silken East (London: Hutchinson. 1904), I, 171-175.

၃။ Bombay Burmah (Myanmar) Trading Corporation.

၄။ Steel Brothers & Co, Ltd.

၅။ Sir Harcourt Butler.

၆။ ရွှေဥဒေါင်း၊ တစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ (မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၁)၊ ဒုတွဲ၊ ၃၈–၄၂။

၇။ (က) V.C. Scott O' Connor, I, 178-179
(ခ) "From Mandalay to Bhamo," The Rangoon (Yangon) Times Christmas Number (1921) pp. 54-60.

၈။ "From Mandalay to Bhamo," The Rangoon (Yangon) Times Christmas Number (1921). pp. 54-60).

၉။ (က) "ရွှေစည်းခုံဘုရားပွဲတော်"၊ ဆဋ္ဌမတန်း မြန်မာဖတ်စာ (ရန်ကုန်၊ ပညာရေးဝန်ကြီးဌာန၊ ၁၉၇၈)၊ စာ ၉၈–၁၀၃။




www.burmeseclassic.com

www.burmeseclassic.com



(ခ) သိပ္ပံမောင်ဝ၊ "အညာဘုရားပွဲ"၊ ဝတ္ထုဆောင်းပါးများ၊ စာတွေ့ နိုင်ခြင်း (ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၃)၊ စာ ၁၇၄–၁၈၂။ ဆောင်းပါးနှစ်ခုမှ ညှိ၍ယူသည်။

၁၀။ မင်းသုဝဏ်၊ "ပုဂံပြည်မှာ တစ်နေ့တာ"၊ ပုဂံ၊ တည်းဖြတ်သူ တိုက်စိုးနှင့် မင်းယုဝေ (ရန်ကုန်၊ ပုဂံ စာအုပ်တိုက်၊ ၁၉၆၅)၊ စာ ၁၁၇။

၁၁။ Burmah (Myanmar) Oil Company, Ltd.

၁၂။ Indo-Burma (Myanmar) Petroleum Co, Ltd.

၁၃။ ဒေါ်အမာ၊ အောင်ဇလ ဖိုးစိန် စိန်ကတုံး (မန္တလေး ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၇)၊ စာ ၈၃။

၁၄။ Major Grant Allan.

၁၅။ G.H.M Medd, "On Burmese (Myanmar) Waterways", The Rangoon (Yangon) Times Christmas Number (1921). pp. 10-11.

မှတ်ချက် အင်္ဂလိပ်စာ ဆောင်းပါးမှ ဘာသာပြန်သည်။ ရှုကွက်မှာ အကောက်တောင်ကမ်းပါး၌ တွေ့မြင်ရသော ဆင်းတုများကို ပန်းချီဆရာ ဦးဘစိန် ထုခဲ့သည်ဟူ၍ဖြစ်၏။ ဘထွေး "ဘုန်းကြီးပျံ ပွဲ" ရှုမဝ၊ တွဲ ၃၂၊ မှတ် ၃၈၂ (မတ် ၁၉၇၉) ၆၅ ကြည့်ပါ။

၁၆။ အထက်တန်း မြန်မာနိုင်ငံ ပထဝီဝင် (ရန်ကုန်၊ ပညာရေးဝန်ကြီးဌာန၊ ၁၉၇၅)၊ စာ ၂၈၇။

၁၇။ "အောက်အရပ်မှာ– လ–သုံးတာယ်ထင်ပါရဲ့"၊ သူရိယ ရုပ်စုံသတင်း၊ ၃–တွဲ၊ မှတ် ၁၊ (ဧပြီ ၂၆၊ ၁၉၃၁)၊ ၁၃။

၁၈။ Irrawaddy (Ayarwady) Flotilla Co., Ltd.

၁၉။ သိပ္ပံရွှေလေး၊ "အညာလှေကြီး"၊ အိုးဝေ၊ သတ္တမတွဲ၊ မှတ် ၁ (တဆိုတွဲ၊ မြန်မာ ၁၂၉၉)၊ ၄၉–၅၂။

၂၀။ Rowe & Co.

၂၁။ Gemmel Kennedy & Co, Ltd.

၂၂။ Watson & Sons Ltd.



၂၃။ (က) Burma (Myanmar) Year Book 1930 Directory (Rangoon: K.S.A. Aiyar, 1930),

(ခ) The Rangoon (Yangon) Times Christmas Number (1921), P. 40.

စာမှတ်တမ်းအပြင်၊ စာရေးဆရာ၊ မြသန်းတင့်နှင့် အငြိမ်းစား (တရားရုံးချုပ်) တရားသူကြီး ဦးဘသန်းတို့က ပြောပြသည်။

၂၄။ (က) ဦးသန်းထွန်း၊ အမြင်သစ်ဗမာသမိုင်း (မန္တလေး၊ မြကန်သာစာပေ၊ ၁၉၇၅)၊ စာ ၁၇–၇၇နှင့် ၅၀၀–၅၀၁။

(ခ) ဦးမြင့်အောင်၊ "ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ရွာမှ ကျောက်ခေတ်သစ်လုံး လက်နက်ပစ္စည်းများ ပဏာမလေ့လာချက်"၊ တက္ကသိုလ်သုတေသန စာစောင်၊ ပတွဲ (၁၉၇၉)၊ ၁၁၁–၁၇၅။

(ဂ) ဦးဘရှင်၊ အနော်ရထာအရင်က မြန်မာနိုင်ငံ (ရန်ကုန်၊ ပုဂံ၊ ၁၉၇၁)၊ စာ ၁၉–၅၄)။

၂၅။ (က) ဦးသန်းထွန်း၊ ခေတ်ဟောင်း မြန်မာရာဇဝင် (ရန်ကုန်၊ မဟာဒဂုံစာပေ ထုတ်ဝေရေး၊ ၁၉၆၄)၊ စာ ၈၁–၉၇။

(ခ) ဦးဘရှင်၊ အနော်ရထာအရင်က မြန်မာနိုင်ငံ၊ စာ ၅၇–၆၁။

(ဂ) နိုင်ပန်းလှ၊ "မွန်လူမျိုး"၊ မြန်မာ့စွယ်စုံကျမ်း (၁၉၆၆)၊ ဒသမတွဲ၊ ၄၀၈–၄၁၂။

၂၆။ ဦးသန်းဆွေ၊ "တကောင်းမြို့ဟောင်းတူးဖော် လေ့လာတွေ့ ရှိချက်များ"၊ ပညာပဒေသာ စာစောင်ဆဋ္ဌမတွဲ၊ ပိုင်း ၄ (၁၉၇၁)၊ ၂၀၃–၂၄၅။

၂၇။ (က) ရာဟုလာသံကိစ္စည်း၊ မဟာလူသားစုဒ၊ ဘသောပြန်သူ ပါရဂူ၊ ဒုတိယရိုက်နှိပ်ခြင်း (ရန်ကုန်၊ လောကစာပေတိုက်၊ ၁၉၇၃)၊ စာ ၇။

(ခ) Romila Thapa, A History of India (London: Penguin Books, 1972), 1, 50-66.

(ဂ) A.L Basham, The Wonder That Was India, 3rd rev. ed. (London: Sidgwick & Jackson, 1969); pp 97-98; 142.

၂၈။ A.L. Basham, pp. 234-258; pp. 302-313 နှင့် John Dowson, A Classical Dictionary of Hindu Mythology

www.burmeseclassic.com

www.burmeseclassic.com



and Religion, 10th. ed (London: Routledge, 1961), pp. 360-362.

၂၈။ D.D. Kosambi. The Culture and Civilization of Ancient India in Historical Outline (Delhi: Vikas Publishing House, 1972), pp-108-109.

၂၉။ (က) မင်းကွန်း အရှင်သုန္ဒရာဘိဝံသ ဆရာတော်၊ သီရိလင်္ကာဝိဇ္ဇာရုဘာသာပြန်ကျမ်း၊ (မန္တလေး၊ ဟံသာဝတီ၊ ရက်စွဲမပါ) ပတွဲ။ အမျိုးသားစာကြည့်တိုက်မှ လက်နှိပ်စက်ဖြင့် ပြန်လည်ကူးယူထားသောမူ စာမျက်နှာ ၉၆ နှင့် E.J. Thomas, tr, The Quest of Enlightement (London: Murray, 1950) P. 16 တွင် ကြားခံကြောင်း လာသည်။ ပါဠိဘာသာရေး နိဒါနကထာ၊ မြန်မာဘာသာရေး မာလလင်္ကာရဝတ္ထု၊ ဓိနတ္ထပကာသနီကျမ်းတို့တွင် ကြားခံကြောင်း မလာ။

၃၀။ ဓမ္မပဒပါဠိတော် မြန်မာပြန် ပုဒ်ရေ-၃၉၆ (ရန်ကုန်၊ ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၆၈)၊ စာ ၁၅၅။

၃၁။ Hermann Goetz, India 2nd.ed. (Bombay: Taraporevala, 1964), pp. 40-47.

၃၂။ Edward Conze, Buddhism'ts Fssence and Development (London: Faber & Faber, 1963). Chapters V and V1.

၃၃။ (က) Mulk Raj Anand, "The Nature of Buddhist Art" Buddhism The marxist Approach (Delhi: People's Publishing House, 1970), pp 66-86.

(ခ) Dietrich Seckel, The Art of Buddhism Tr,by Ann E. Keep (N. Y: Crown Publishers 1964), pp.152-201.

၃၄။ (က) Benjamin Rowland, The Pelican History of Art, 3rd rev. ed (London: Penguin Books, 1967), pp.259-261.

(ခ) Dietrich Seckel, pp. 182-184.



(ဂ) ဦးမြ "ဓမ္မပုတီရှပ်မွား ဆင်းတုတော် ဖြစ်ပေါ်လာခြင်းအကြောင်း"၊ ရှေးဟောင်းသုတေသန ဌာနကြားရေးဝန်၏ ၁၉၅၈-၅၉ ခုနှစ်အတွင်း နှစ်ချုပ်အစီရင်ခံစာ (ရန်ကုန်၊ အစိုးရပုံနှိပ်ရေး၊ ၁၉၆၁)၊ စာ ၂၈-၃၇။

၃၅။ (က) G.H. Luce, {The Ancient Pyu,} Burma (Myanmar) Research Society Fiftieth Anniversary, no 2 (1960), pp. 307-321.

(ခ) ဦးဘရှင်၊ အနော်ရထာအရင်က မြန်မာနိုင်ငံ၊ စာ ၇၉-၁၀၂။

(ဂ) ဦးအောင်သော်၊ "နောက်တွေ့ ဗျူပဉ်ကျေးမှု အထောက်အထားများ"၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ်၊ ပ-တွဲ (ဇန်နဝါရီ ၁၉၆၈)၊ ၄၉-၅၉။

(ဃ) G.H Luce, "Dvaravati and old Burmar (Myanmar) The journal of The Siam Society, LILL, pt II (January 1965), 9-25.

(င) ဦးစိန်မောင်ဦး "သရေခေတ္တရာမြို့ဟောင်း"၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ တတိယတွဲ၊ ပိုင်း ၁ (၁၉၆၈)၊ ၁၆၃-၂၁၀။

၃၆။ G.H. Luce, "The Ancient Pyu," pp. 307-321

၃၇။ ဦးကုလား၊ မဟာရာဇဝင်ကြီး (ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၀)၊ ပ-တွဲ၊ ၁၃၅ ၌ သမုဒ္ဒရာဇ်က အေဒီ ၁၀၈တွင် ပုဂံလွတ်ကျွန်းတွင် မြို့ပြတည်ထောင်သည်ဟု ပါသည်။

၃၈။ ယင်း ၁၃၅ - ၁၃၆။

၃၉။ (က) ဦးမြို့ချို၊ မဟာဂီတဓပေါင်းချုပ်ကြီး (ရန်ကုန်၊ ပညာအလင်းပြ၊ ရက်စွဲမပါ)၊ စာ ၁၄၂။

(ခ) မဟာဂီတအသစ်၊ ဒုတိယနှိပ်ခြင်း (ရန်ကုန်၊ သုရိယ၊ ၁၉၂၃)၊ စာ ၁၇၉။

၄၀။ Arthur P.Phayre, History of Burma (Myanmar) (London: Trubner & co, 1883), p.28

www.burmeseclassic.com



၄၁။ ဦးမြ၊ ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော်များ (ရန်ကုန်၊ ရှေးဟောင်းသုတေသနဌာန၊ ၁၉၆၁)၊ ပ-တွဲ၊ ၉။

၄၂။ (က) Charles Duroiselle, "Excavations at Pagan," (Bagan) Annual Report of the Archaeological Survey of India 1926-27 (Calcutta: Govt, of India, 1930), pp164-165.

(ခ) U Mya, "Exploration in Burma (Myanmar)" Annual Report of the Archaeological Survey of India 1934-35 (Delhi, Govt. of India, 1937), pp 51-52.

ထီးဆောင်း(စောင်း) စေတီနည်းတူ ပုဂံရွှေဆံတော်စေတီမှာ အောက်ဝါကားကား အထက်ဝါရှူးရှူး ရှိသည့်အပြင် ရှစ်ထောင့်စေတီလည်း ဖြစ်သည်။

၄၃။ ဦးမြ "ရှေးဟောင်းအိုးခွက် ရုပ်ပွားဆင်းတုတော်များ"၊ ပ-တွဲ၊ ၅၈-၆၀။

၄၄။ Charles Duroicellem "ananda Temple at Pagan (Bagan) Architecture, "Marg. IX (June 1956), 21-38.

၄၄။ (က) မင်းကွန်းအရှင်သုန္ဒရာဘိဝံသဆရာတော်၊ စာ ၉၆ နှင့် E.J. Thomas, p. 16

၄၅။ (က) ဦးတင်လှိုင်၊ "ရာကုမာရ်ကျောက်စာ နိဒါန်း"၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ တွဲ ၁၊ ပိုင်း ၁ (မတ်လ ၁၉၆၆)၊ ၂၁၇-၂၂၉။

(ခ) ဦးကျော်စိန်၊ "ရာဇကုမာရ်ပြသသနာ"၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ တွဲ-၅၊ ပိုင်း-၁၊ (ဇန်နဝါရီလ ၁၉၇၀)၊ ၁၅၉-၁၇၇။

၄၆။ ဦးဖိုးလတ်၊ ရှေးဟောင်းမြန်မာရာဇဝင်နှင့် ယဉ်ကျေးမှု သုတေသန (ရန်ကုန် ပညာနန္ဒ၊ ၁၉၆၂)၊ စာ ၂၉၊ စာ ၁၁၀-၁၁၄။

၄၇။ ဦးအောင်သော်၊ "ပုဂံခေတ် ဗိသုကာနှင့် အနုပညာလက်ရာများ"





ပုဂံရက်သတ္တပတ် (ရန်ကုန်၊ ရှေးဟောင်းသုတေသနဌာန၊ ၁၉၆၁)၊ စာ ၅၈-၆၆။

၄၈။ ဦးသန်းဆွေ၊ သမိုင်းဝင်ပုဂံစေတီပုထိုးများ (ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၅)၊ စာ ၆၁-၆၃။

၄၉။ ဦးရည်စိန်၊ "ရှင်ဒိသာပါမောက္ခ ငြိမ်းချမ်းရေးမစ်ရှစ်အဖွဲ့" နိုင်ငံသမိုင်း သုတေသနစာစောင်၊ ၁ (၁၉၇၇)၊ စာ ၄၁ - ၅၇။

၅၀။ (က) ဦးတင်၊ ကမ္ဘာ့စန္ဒသာရကျမ်း (ရန်ကုန်၊ လယ်တီမဏ္ဍိုင်၊ စာ ၁၉၆၉)၊ စာ ၁၇၅-၁၈၀။

(ခ) မင်းသုဝဏ်၊ "မြင်စိုင်း ရွှေမြေ"၊ စာပေလောက၊ ရှေးသုစော်ကို့နှင့် မင်းသုဝဏ် ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၄၉၊ စာ ၁၂-၁၉။

(ဂ) G.E. Harvey, History of Burma (Myanmar) (London… Frank Cass Co& Ltd, 1967), p.78

ငါးစီးရှင်ကျော်စွာဆိုသော ကာချင်းဟု အစဉ်အလာ ပြောကြသည်။ ငါးစီးရှင်ကျော်စွာ၏ နန်းတက်နှစ်သည် အနည်းငယ် နောက်ကျသော်လည်း ထိုကာချင်းသည် အခါကာလ ဆီလျော်၍ ထည့်သုံးလိုက်သည်။

၅၁။ ဧည့္ဘေဒ လ၊ "ရာဇာဓိရာဇ်အရေးတော်ပုံ"၊ အရေးတော်ပုံ ၅-စောင်တွဲ (ရန်ကုန်၊ သုဓမ္မဝတီ၊ မြန်မာ ၁၂၈၅?)၊ စာ ၃၁၈-၃၂၂။

၅၂။ (က) ရှင်သုရဲ၊ သခင်ထွေး ချေင်း (ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၄၇)၊ စာ-၁၆။

(ခ) ဦးကုလား၊ မဟာရာဇဝင်ကြီး (ရန်ကုန်၊ ဟံသာဝတီ ၁၉၆၀)၊ ၃-တွဲ၊ ၈၈။

၅၃။ Felipe de Brito Y Nicote.

၅၄။ ဦးတင်၊ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း (ရန်ကုန် အစိုးရ ၁၉၆၅)၊ ၃-တွဲ၊ ၂၅၅။

၅၅။ ယင်း ၂၃။

၅၆။ S.W.Cooks, A Short History of Burma (London;

www.burmeseclassic.com



Macmillan, 1918), P 166 တွင် အလောင်းမင်းတရားသည် ကြေးကိုင် ဖြစ်ခဲ့ကြောင်း မှတ်ခဲ့ပါသည်။

၅၇။ ဦးမောင်မောင်တင်၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ရန်ကုန်၊ လယ်တီမဏ္ဍိုင်၊ မြန်မာ ၁၃၂၉)၊ ပ–တွဲ ၂၃။

၅၈။ ဦးဖျော်၊ ပလိပ်စားချင်း (ရန်ကုန်၊ ဟံသာဝတီ၊ ၁၃၆၁)၊ စာ ၅၇။

၅၉။ Henry Brooke.

၆၀။ Captain George Baker.

၆၁။ Ensign Robert Lester.

၆၂။ Reprint from Dalrymple's Oriental Repertory, 1791-7 of Portions Relating to Burma (Myanmar) (Rangoon - yangon) Govt, Printing & Stationery, Burma (Myanmar) 1920, pp.114-121.

၆၃။ Adoniram Judson & Felix Carey:

၆၄။ B.R. Pearn, "Felix Carey & the English Baptist Mission in Burma (Myanmar)" The Journal of the Burma Research Society, XXVII, pt. I (1938), 1-91.

၆၅။ ဦးတင်၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း (ရန်ကုန်၊ အစိုးရ၊ ၁၉၇၀)၊ တ–တွဲ၊ ၁၁၉–၁၂၅။

၆၆။ C.E. Godakumbura, "Relation between Burma (Myanmar) & Ceylen"m journal ofthe Burma (Myanmar) Research Society, XLIX, pt II (December 1966),

၆၆။ (က) ထိုတရုတ် ဘုရားကျောင်းကို မြေဒူးမင်း လက်ထက်က တည်ဆောက်ခဲ့သည်တွင် ဓနုမင်းလက်ထက်၊ ထို့နောက် စစ်ကိုင်းမင်းနှင့် သာယာဝတီမင်း လက်ထက်တို့၌ မီးသင့်ခဲ့ဖူးသည်။ ယခု တွေ့ရသည့်ကျောင်းမှာ သာယာဝတီမင်း လက်ထက်၌ ပြန်ဆောက်သည့် အဆောက်အအုံဖြစ်သည်။ ရွှေကိုင်းသား၊ "တရုတ် မြန်မာ ယဉ်ကျေးမှု ဖလှယ်ရာ ဗိမာန်ဆောင်"၊ ငွေတာရီ မှတ် ၆၃ (စက်တင်ဘာ ၁၉၆၅)။





၆၇–၇၃ ကြည့်ပါ။

၆၇။ Father Sangermano.

၆၈။ Captain Michael Symes.

၆၉။ Michael Symes. An Account to an Embassy to the Kingdom of Ava, 2nd.ed. (London: Wilson & Co., 1800), II, 52-54; 169-170; 347-356,

၇၀။ Captain Hiram Cox.

၇၁။ ဦးမောင်မောင်တင်၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ရန်ကုန်၊ လယ်တီမဏ္ဍိုင် မြန်မာ ၁၃၂၉)၊ ခ–တွဲ ၃၆၆။

၇၂။ Lord Amherst.

၇၃။ Brigadier-General Sir Archibald Campbell

၇၄။ Captain Nonton.

၇၅။ Brigadier - General Cotton.

၇၆။ Arthur P. Phayre, History of Burma (Myanmar) (London: Trubner, 1883), p. 256.

၇၇။ George W. Bird, Wanderings in Burma. (Myanmar) 2nd. ed. (LondonL Simp Kin, Marshall, Hamilton, Kent & Co., 1897), pp. 239-240.

၇၈။ Sulimany.

၇၉။ (က) James Edward Alexander, Travels from India to England Comprehending a Visit to the Burman (Myanmar) Empire (London: Parbury, Allen & Co., 1827), p. 46.

(ခ) Walter Del Mar, The Romantic East (London; Adam & Charles Black, 1906), p.27.

(ဂ) T. Hesketh Biggs, The Shwe Dagon Pagoda (Rangoon-Yangon Hanthawaddy, 1903), pp. 54-55.

(ဃ) ဦးသွင် ရွှေတိဂုံစေတီတော် သမိုင်းချုပ် (ရန်ကုန်၊ ၁၉၆၃)။



www.burmeseclassic.com

www.burmeseclassic.com



စာ ၆၉–၇၀။

ရေထဲကျသွားသော ခေါင်းလောင်းမှာ စဉ့်ကူးမင်း၏ မဟာ ဃဏ္ဍာခေါင်းလောင်း မဟုတ်၊ ရွှေတိဂုံ ရင်ပြင်တော် အနောက်မြောက်ဘက်ရှိ ခေါင်းလောင်းငယ်ငယ်သာ ဖြစ်သည်ဟူ၍ မှတ်ချက်ရှိသည်။

၁၀။ John Crawfurd.

၁၁။ Henry Burney.

၁၂။ Lord Dalhousie.

၁၂။ (က) Commodore Lambert.

၁၃။ Lieut - General Godwin.

၁၄။ Rear - Admiral Austen.

၁၅။ Richard Cobden.

၁၆။ Lord Allenborough.

၁၇။ လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက် မှတ်ပုံ (ရန်ကုန်၊ အစိုးရ၊ ၁၉၁၁) ပ–တွဲ၊ ၅၉။

၁၈။ Arthur P. Phayre.

၁၉။ Zenobia.

၂၀။ (က) W. R. B. Laurie, Our Burmese (Myanmar) Wars (London: Allen & Co, 1885), pp. 309-310.

(ခ) Sir William Lee - Warner, The Life of the Marquis of Dalhousie (London, Macmillan, 1904), II, 19-20.

၂၁။ စာလုံးပေါင်းသည် ကျောက်တိုင်၌ တွေ့ရှိသည့်အတိုင်းဖြစ်သည်။ ကျောက်တိုင် တစ်ခုသည် ၁၉၂၉ ခုနှစ်၌ မကွေးခရိုင် ဝန်ရှင်တော်မင်းကြီးရုံးတွင် ရှိနေခဲ့သည်။ ထိုကျောက်တိုင်ကို ၁၉၆၄ ခုနှစ်တွင်၊ ပညာရေးနှင့် ကျန်းမာရေးတာဝန်ခံဖြစ်သူ ဗိုလ်မှူးကြီးလှဟန်က တွေ့ရှိညွှန်ကြားခဲ့သဖြင့် ဒေါက်တာစိုးတင်က သယ်ဆောင်ကာ အမျိုး





သားပြတိုက်သို့ ပေးပို့ခဲ့လေသည်။ ထိုကျောက်တိုင်တွင် အင်္ဂလိပ်ဘာသာဖြင့်လည်း ကမ္ပည်းထိုးထားသည်။

၂၂။ (က) Albert Fytche, Burma (Myanmar) Past & Present (London: Kegan Paul, 1878), 1,126

(ခ) D.G.E. Hallm ed., The Dalhousie- Phayre Correspondence 1852-1856 (London: O, U. P. 1932). P. XIX; XXX VII-XXX VIII;

၂၃။ (က) Ibid, pp 21-22.

(ခ) လွှတ်တော်ပုရပိုက် အမှတ်အသားအတိုကောက် မှတ်ပုံ၊ ပ–တွဲ၊ ၅၉။

၂၄။ မြကေတု နန်းလေ မှတ်တမ်းများ (ရန်ကုန်၊ နလုံးလှ၊ ၁၉၆၆)၊ စာ ၅၃၆–၅၆၇။

၂၅။ ထိပ်တင်ခွေး၊ ရန်ကုန်ရာဇဝင် (ရန်ကုန်၊ ဘားမင်း သတင်းစာတိုက်၊ ၁၉၅၄)၊ စာ ၆၄။

ဇော်ဂျီ၊ မင်းသုဝဏ်၊ ဦးဘ တည်းဖြတ်သော ကဗျာဥယျာဉ် စာအုပ်တွင်

စီးသာတဲ့ သောင်ရေ
တောင်လေကို မိတ်ဆွေဖွဲ့ပါလို့
ကုက္ကိုလဲ မြောက်ကိုလှဲ့ပါမှ
ပြန်ခဲ့မယ် ညိုညိုသေးရယ်
ဆီးကြိုတော့လေး

ဟူ၍ ပါသည်။

၂၆။ A. Fraser.

၂၇။ Godwin Road.

၂၈။ Judah Ezekiel Storeet.

၂၉။ Commissioner Road.

၁၀၀။ Secretariat.

၁၀၁။ Deputy Commissioner's Office.



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၁၀၂။ Recorder.
၁၀၃။ Bulloch Brothers.
၁၀၄။ Bank of Bengal.
၁၀၅။ Chartered Bank.
၁၀၆။ Surati Bazaar.
၁၀၇။ Balthazar.
၁၀၈။ E. Jones & Co.
၁၀၉။ St. Paul's College.
၁၁၀။ St. John's College.
၁၁၁။ Dioceasn School.
၁၁၂။ Rangoon (Yangon) Chronicle.
၁၁၃။ Rangoon (Yangon) Gazette.
၁၁၄။ Fytche Square.
၁၁၅။ Pegu Club
၁၁၆။ Assembly Rooms
၁၁၇။ D.G.E Hall, p, 142.
၁၁၈။ သက္ကရာဇ် ၁၂၂၀ တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့ အိမ်ရှေ့အိမ်တော် ကျောင်းတော် ဦးဆောင်တွင် ပညာတော်သင် ရွှေဘောင် အင်္ဂလိပ် ဘာသာ အမြောက်သုံးပစ် နည်းစနစ်ထွက်ပုံ မာဒေသာမာတိတ် စာအုပ်ငယ်ထွက်များကို မြန်မာဘာသာ ပြန်ဆိုချက်ဘုရား။ အမျိုးသား စာကြည့်တိုက်၊ ကင်းဝန်မှုရိုက်စု၊ ၆၄၃။
၁၁၉။ ဦးတင်၊ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း ၃–တွဲ၊ ၂၁၁။
၁၂၀။ Albert Fytche.
၁၂၀။ Edward B. Sladen
၁၂၁။ (က) သက္ကရာဇ် ၁၂၃၉ ခုနှစ် အင်္ဂလိပ် သံရောက်စာတမ်းဘုရား။ အမျိုးသားစာကြည့်တိုက် ပုရပိုက် အမှတ် ၆၅၅–၆၅၉။ နှင့် Albert Fytche. II, 253-282.
၁၂၂။ (က) Albert Fytche, II, 2820285.



(ခ) Anil Chandre Banerjee, Annexation of Burmar (Myanmar) (Calcutta: Mukrjee & Brothers, 1944) pp. 245-246.
(ဂ) Maung Htin Aung. "First Burmese (Myanmar) Mission to the Court of St. James's Kinwun Miny's Diaries 1872-74" Journal of the Burma (Myanmar) Research Society, LVII. (December 1974), 14°-15
၁၂၃။ G.A. Strover.
၁၂၄။ Lord Mayo.
၁၂၅။ (က) J.G. Scott, The Burman (Myanmar) His Life & Notions (N.Y. Norton & Co;, 1963), pp. 313.
(ခ) လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက် မှတ်ပုံ ပ–တွဲ၊ ၂၇၅–၂၇၆။
၁၂၆။ (က) ဦးဘရင်၊ "ဟံသာဝတီအစ္စမ္မတ် အကျဉ်း"၊ ဟံသာဝတီစာအုပ်ကတ်တလောက် (ရန်ကုန်၊ ၁၉၆၅) စာ ၁–၂၇။
(ခ) ဦးအောင်၊ ကွယ်လွန်အနိစ္စရောက်ရှိသူ အငြိမ်းစား ကျောက်စာဝန် မင်း မစ္စတာ တော်စိန်ခိုဏ်း အငှားပုတ္တိစာတမ်း၊ အမျိုးသားစာကြည့်တိုက်၊ တိုက်ပိုင်အမှတ် ၈၅၁၈။
၁၂၇။ Maung Htin Aung, 14°-°15.
၁၂၈။ Horace Albert Brown.
၁၂၉။ Ashley Eden.
၁၃၀။ A. Ruston Mac-Mahon, Far Cathay & Farther India (London: Hurst & Blackett, 1893), pp. 147°-°148.
၁၃၁။ Sir Douglas Forsyth.
၁၃၂။ ဦးတင်၊ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ ၃–တွဲ၊ ၂၅၆–၂၅၈။
၁၃၃။ ယင်း။
၁၃၄။ R.B. Shaw.

www.burmeseclassic.com

www.burmeseclassic.com



၁၃၅။ လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက် မှတ်ပုံး ၃–တွဲ၊ ၂၇၉–၂၈၀။

၁၃၆။ J. G. Scitt, Gazetter of Upper Burma (Myanmar) and the Shan States (Rangoon - Yangon' Supdt, Govt. Printing, Burma (Myanmer) 1900), Pt I Vol I - 78-80; 83-84.

၁၃၇။ ဦးဘိုးလှိုင်၊ ဝေသာမင်းကြီး ဦးဘိုးလှိုင် အတ္ထုပ္ပတ္တိနှင့် ရာဇဓမ္မသင်္ဂဟကျမ်း၊ တည်းဖြတ်သူ မောင်ထင်၊ (ရန်ကုန် စပယ်ဦး၊ ၁၉၇၉) စာ ၂၂၀–၂၃၀။

၁၃၈။ မစ္စတာမောင်မှိုင်း၊ "ရာဇဝင်နိဒါန်း"၊ တိုးတက်ရေး၊ မှတ် ၂၇ (ဒီဇင်ဘာ ၁၉၃၅) စာ ၈၃–၈၄။

၁၃၉။ ဦးတင်၊ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ ၃–တွဲ ၂၅၀။

၁၄၀။ (က) ဦးမောင်မောင်တင်၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တ–တွဲ၊ ၅၀၉–၅၁၀။

(ခ) J.G. Scott, Gazetter of Upper Burma (Myanmer) and the Shan States., Pt. I. Vol. I.85.

(ဂ) Correspondence Relating to Burmah (Myanmar) Since the Accession of King Theebaw in October 1878 (London: 1886 pp. 20-21.

၁၄၁။ လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ ၃–တွဲ၊ ၃၀၉။

၁၄၂။ G. Andreino.

၁၄၃။ Patterson.

၁၄၄။ Morgan.

၁၄၅။ (က) လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက် မှတ်ပုံ၊ ၃–တွဲ၊ ၃၃၃–၃၃၅။

(ခ) Correspondence Relating to Burmah (Myanmar) Since the Accession of King Theebaw in October





1878, pp, 25-27

၁၄၆။ Sir Charles Bernard

၁၄၇။ (က) G. E. Mitton, Scott of the Shan Hills (London: Murray, 1935), pp. 17-19.

(ခ) ဦးတင်မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း ၃–တွဲ၊ ၂၂၄–၂၂၅။

၁၄၈။ (က) J. G. Scoot, Gazetteer of Upper Burma (Myanmar) and the Shan States. Pt I. Vot I. 89-90/

(ခ) ဦးမောင်မောင်တင်၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တ–တွဲ၊ ၅၇၅–၅၇၆။

၁၄၉။ ဦးတင်၊ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ ၃–တွဲ၊ ၁၂၈–၁၃၄ နှင့် ၂၂၅–၂၂၆။

၁၅၀။ (က) ယင်း

(ခ) ဒေါက်တာကျော်ဖြိုင်၊ "ထောင်ပန်နီ"၊ မြန်မာနိုင်ငံတော် ပညာသတင်းစာ၊ နဝမသတ်မတွဲ၊ မှတ် ၁၀၊ (ဩဂုတ် ၁၉၃၅)၊ ၃၇၀။

၁၅၁။ (က) ဦးတင်၊ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ ၃–တွဲ၊ ၂၃၆–၂၄၈။

(ခ) ဦးဖိုးကျား၊ သိပေါမင်းပါတော်မူ အရေးတော်ပုံ၊ (ရန်ကုန်၊ မြန်မာ့ဂုဏ်ရည်၊ ၁၉၆၉)၊ စာ ၅၁–၆၃။

၁၅၂။ ဦးတင်၊ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ ၃–တွဲ၊ ၂၄၉–၂၅၀။

၁၅၃။ မောင်ဗိုဆရာသိန်း၊ မြန်မာဇာတ်ပွဲသဘင်နှင့် မြန်မာပြဇာတ်စာအုပ်များ (ရန်ကုန်၊ နှလုံးလှ၊ ၁၉၆၅)၊ စာ ၃၆ နှင့် ၅၈။

၁၅၄။ ဦးစံဝင်း၊ ဖျာပုံမြို့သို့ ယိုးဒယားရာမဇာတ် ရောက်ရှိလာပုံ၊ ဖျာပုံမှ ရသောမှတ်စုဖြစ်သည်။

၁၅၅။ Khrushidji Baliwala သည် Victoria Theatircal Company ကို တည်ထောင်ခဲ့သည်။ ဖာရစီပွဲအကြောင်းကို

(က) Balwant Gargi, "The Parsi Therater," The Illustrated Weekly of India, LXXXIII. 29 (22 July 1962). 32-33.



www.burmeseclassic.com

www.burmeseclassic.com



(ခ) George W. Bird, Wanderings in Burma (Myanmer), pp. 265-266.

(ဂ) ဦးနု၊ မြန်မာသသာဒင်လောက (ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၇)၊ စာ ၉၄။

(ဃ) ဒဂုတ်ပဦးဘတင်၊ ဒဂုတ်ပအသသ (ရန်ကုန်၊ မြန်မာ့ဂုဏ်ရည်၊ ၁၉၅၁)၊ စာ ၂၇-၃၁ ကြည့်ပါ။

၁၅၆။ ယင်း

၁၅၇။ Jules Ferry.

၁၅၈။ Frederic Haas.

၁၅၉။ P.H. Bonvillein.

၁၆၀။ (က) ဦးသန်းထွန်း၊ နယ်လှည့်ရာဇဝင် (ရန်ကုန်၊ နံ့သာတိုက်၊ ၁၆၆၉)၊ တ-တွဲ၊ ၃၃၃-၃၃၆။

(ခ) Correspondence Relating to Burmah (Myanmar) Since the Accession of King Theebaw in October. 1878, pp. 158-159.

၁၆၁။ Ibid., pp. 168-174.

၁၆၂။ Ibid, pp. 169-170.

၁၆၃။ (က) Charles Lee Keeton 3rd, King Theebaw and the Ecological Rape of Burma (Myanmar) (Delhi; Manohar Books Service, 1974), 00. 172-175.

(ခ) I.P. Minayeff, Travels in and Diaries of India & Burma; (Myanmar) Tr, by H. Sanyal (Calcutta: Eastern Trading Co, nd) p. 171.

၁၆၄။ ဦးတင်၊ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း ၃-တွဲ၊ ၂၆၁။

၁၆၅။ Major- General H. N. D. Prendergast.

၁၆၆။ (က) Vi C. Scott O' Connor, I, 309-310.

(ခ) ဦးဖိုးကျော်၊ စာ ၄၆။



၁၆၇။ G. S. White.

၁၆၈။ Fort Dufferin

၁၆၉။ ဦးလှမောင်၊ မြန်မာသိဋ္ဌကတ်တိုက်များ (ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၆)၊ စာ ၃၀-၃၆။

၁၇၀။ မကြိန် "အင်္ဂလန်ရောက် မင်းခမ်းတော်ပစ္စည်းများ" ငွေတာရီ၊ မှတ် ၁၁၁ (နိုဝင်ဘာ၊ ၁၉၆၈)၊ စာ ၅၇-၆၂။

၁၇၁။ Lord Curzon.

၁၇၂။ The Mandalay Palace (Rangoon (Yangon) Ministry of Union Culture, 1963).

၁၇၃။ W. G. Burn Murdoch, From Edinburgh to India & Burmah (Myanmar) (London. Rouledge, nd)., p. 284.

၁၇၄။ Burma (Myanmar) Corporation နှင့် Mawchi Mines

၁၇၅။ ဦးလှ၊ ကျွန်တော် စတီးပွဲစား (မန္တလေးကြီးပွားရေး စာပုံနှိပ်တိုက်၊ ၁၉၇၀) စာ ၃၈-၄၀၊ ၄၆-၄၇။

၁၇၆။ Manekjee Pallonjee. ဒုတိယကမ္ဘာစစ် မတိုင်မီက အောက်လွှတ်တော်အမတ် ဒေါ်အမာ၏ ယောက္ခမဖြစ်သည်။ မနင်းဆိပ် အရပ်က ခေါ်သည်။

၁၇၇။ (က) Who's Who in Burma (Myanmar) Calcutta: Indo-Burma Publishing Agency, 1927), p.44

(ခ) နေမျိုးကျော်တင် သံတော်ဆင့်မင်း၊ "ဗဟုသုတဒီပနီ၊ ကာဝိလက္ခဏာနီဒါနစာတမ်း"၊ စာဆိုတော်မဂ္ဂဇင်း၊ တွဲ ၁၊ မှတ် ၆၊ (နိုဝင်ဘာ ၁၉၃၆)၊ ၃၈။

၁၇၈။ Lord Louis Mountbatten.

၁၇၉။ ဓမယျ၊ စာတိုပေစ (ရန်ကုန်၊ စိန်ပန်းမြိုင်စာပေ၊ ရက်စွဲမပါ)၊ စာ ၁၁၂။ စာလုံးပေါင်းသည် စာအုပ်ထဲတွင် ပါသည့်အတိုင်းဖြစ်သည်။

၁၈၀။ ဦးနန္ဒမာလာဘိဝံသ၊ စံကျောင်းစရာတော် (မန္တလေး၊ ဒေါ်လှစိန်ငြိမ်သားများ စာပုံနှိပ်တိုက်၊ ၁၉၇၂)၊ စာ ၆၄-၆၇။
စာလုံးပေါင်းသည် စာအုပ်ထဲတွင် ပါသည့်အတိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၈၁။ မကြန် "မန္တလေးတာရိုး ကျိုးခဲ့စဉ်က (၁၈၈၆)"၊ ဟံသာဝတီ၊ ၈-၉-၇၄ စာ ၂၊ ၉-၉-၇၄ စာ ၂၊ ၁၀-၉-၇၄ စာ ၂။

၁၈၂။ မင်းသုရိန်၊ "ယုန်လွှတ်ကျွန်း သို့မဟုတ် စုပေါင်းစိုက်ပျိုးမြေ" ရှေ့သို့၊ တွဲ-၇၊ မှတ် ၉ (၁/၁၀/၁၉၆၅)၊ ၂၄-၃၃။

## တိုက်စိုး (၁၉၂၀-၂၀၀၃)

၁၉၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ ရက် (တနင်္လာနေ့)တွင် ဖျာပုံမြို့နယ်၊ သမိန်ထောရွာ၌ မြေပိုင်ရှင် အဖ ဦးဖိုး၀၊ အမိ ဒေါ်ငွေနုတို့ကမွေးဖွားခဲ့၊ အမည်ရင်း ဦးသန်းထွတ်။

၁၉၆၂-၃၆၊ သမိန်ထောရွာ မြန်မာအလယ်တန်းကျောင်း၊ ဖျာပုံအထက တို့တွင် (၉)တန်းအထိ။

၁၉၃၇-၃၈၊ အထက်တန်းကျောင်းသားဘဝတွင် ရန်ကုန်မြို့မကျောင်းမှ ထုတ်ဝေသော သံသယုဝဂ္ဂစင်းတွင် စာစတင်ရေးခဲ့ ပထမဆုံးဖော်ပြခြင်းခံရသော စာမှာ "ချစ်သွေးများသို့" စာမူဖြစ်ပြီး ကလောင်အမည်မှာ သန်းထွတ် (၁၁ ဆင့်/ယ) ဖြင့် ရေးသား။

၁၉၃၈၊ ရန်ကုန်မြို့မ အမျိုးသားကျောင်းမှ (၁၀)တန်း အောင်မြင်သည်။ ၁၉၄၆၊ ရန်ကုန်တက္ကသိုလ်မှ **B.A.**(ဝိဇ္ဇာဘွဲ့) ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန၌ နည်းပြဆရာအဖြစ် တာဝန်ထမ်း။

၁၉၄၇၊ နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်နေစဉ် အင်္ဂလန်နိုင်ငံ လော့ဘရာစက်မှု ကောလိပ် **(Lough-brough Cololege)** သို့ ပညာတော်သင်အဖြစ် အရွေးချယ်ခံရ။

၁၉၄၉၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနဆိုင်ရာ စာကြည့်တိုက်မှူး၊ ၁၉၅၀၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်လက်ထောက်၊ ၁၉၅၁၊ အင်္ဂလန်နိုင်ငံစာကြည့်တိုက်အသင်းမှ **A.L.A** ဘွဲ့ရသည်။ ရန်ကုန်တက္ကသိုလ်လက်ထောက် စာကြည့်တိုက်မှူးအဖြစ် တာဝန်ယူ။

၁၉၅၂ ရာမခရစ်ရှနာမစ်ရှင်အဖွဲ့ စာကြည့်တိုက်ကော်မတီဝင်အဖြစ် တာဝန်ယူ၊ ၁၉၅၃ မြန်မာနိုင်ငံ သုတေသနအသင်း အမှုဆောင်အဖြစ်တာဝန်ယူ၊ ၁၉၅၅၊ အမျိုးသား စာကြည့်တိုက် အထူးအရာရှိအဖြစ် တာဝန်ယူ။

၁၉၅၆၊ ဝိဇ္ဇာဘွဲ့ (ဥပဒေ)ရသည်။ ဥရောပ၌ စာကြည့်တိုက်ပညာဆက်လက်လေ့လာ။

၁၉၆၀၊ ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်၊ ယဉ်ကျေးမှုဇိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူ။ ငွေတာရီအမှတ် (၁) (ဇူလိုင် ၁၉၆၀) မှစ၍ "တိုက်စိုး" အမည်ဖြင့် ဝေဖန်ရေးဆောင်းပါးများ စတင်ရေးသား။

၁၉၆၄၊ အနုပညာစာပေဆိုင်ရာ ဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်။

၁၉၆၅၊ ရန်ကုန်စက်မှုလက်မှုကျောင်း အထွေထွေဌာနမှ ဆရာမ ဒေါ်မြင့်မြင့်သန်း (စာရေးဆရာမ တက္ကသိုလ်မြစိမ်း) နှင့် လက်ထပ်၊ မင်းယုဝေနှင့် တွဲဖက်၍ **မြန်မာစာဓိတ်ဖွဲ့** (ပ-တွဲ) ပထမဦးဆုံးလုံးချင်းစာအုပ်ကို ရေးသား ထုတ်ဝေ။ ၁၉၆၆ **မြန်မာစာဓိတ်ဖွဲ့** (ဒု-တွဲ)

၁၉၆၇ **စာဆိုနှင့်သုတေသီ** (မင်းယုဝေနှင့် တွဲဖက်ရေး) ထုတ်ဝေ။

၁၉၇၀၊ **မင်းနှင့်စာဆို** ကို ထုတ်ဝေ။

၁၉၇၁၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ပညာဌာန (ယခုစာကြည့်တိုက်နှင့် သုတေသနပညာဌာန) စတင်ဖွင့်လှစ်သောအခါ ရည်ညွှန်းဘာသာရပ်ကို အချိန်ပိုင်း ကထိကအဖြစ် ၁၉၈၈ ခုနှစ်အထိ ပို့ချ။

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၂၊ ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် ဆောင်ရွက်၊ **မင်းတုန်းမင်း** ကိုထုတ်ဝေ။

၁၉၇၃၊ **မော်ဘီဆရာသိန်း၊ ဇာတိုး စတားကိုး၊ ဦးဖိုးကျားနှင့် ဝိမိုးမှင်း၊**

၁၉၇၅ **တိုက်စိုးစာ တိုနံ့နံ့ကို** ထုတ်ဝေ။

၁၉၇၆ **ဗုဒ္ဓဘာသာ အနုပညာနိဒါန်း** ထုတ်ဝေ။

၁၉၇၇ မြန်မာနိုင်ငံ သုတေသနအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်။

၁၉၇၈၊ **ချူလီဗေဟာမြင်ကွင်းကို** ထုတ်ဝေ၊ ၁၉၈၀ **ဧရာဝတီ** ကိုထုတ်ဝေ။

၁၉၈၂ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်မှ အငြိမ်းစား ယူသည်။ အငြိမ်းစားမယူမီအထိ အင်္ဂလန်၊ အမေရိကန်၊ ဂျပန်၊ ရုရှား ပြင်သစ်၊ နော်ဝေ၊ ဖိန်လန်၊ အိန္ဒိယ၊ တရုတ်စသည့်နိုင်ငံများသို့ လေ့လာရေးသွားရောက်ခဲ့။ **စန္ဒာတိုးရှိနှင့် အခြားစာတတ်ဝတ္ထုများ** ကို မင်းယုဝေနှင့်တွဲဖက်ထုတ်ဝေ။

၁၉၈၃၊ အငြိမ်းစားယူပြီးနောက်ပိုင်း ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာ ဌာန အချိန်ပိုင်းကထိက၊ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ဝင်၊ စာပေဗိမာန်နှင့် အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဝင်၊ ရန်ကုန်တက္ကသိုလ်သမိုင်းဌာန ပြင်ပစာစစ်၊ မြန်မာ့သမိုင်းအဖွဲ့ဝင် (၁၉၈၅ မှ ယနေ့အထိ) တာဝန်များကို ဆက်လက်ထမ်း ဆောင်၊ **မြန်မာစာပေစာစုစာရင်း** ကို ဦးသော်ကောင်း၊ ဒေါ်စမ်းစမ်းမေတို့နှင့် တွဲဖက်ထုတ်ဝေ။

၁၉၈၆ **ယဉ်ကျေးမှုအထိမ်းအမှတ်များ** ထုတ်ဝေ။

၁၉၉၃၊ ပခုက္ကူဦးအုံးဖေစာပေဆုအဖွဲ့ဝင်ဖြစ်။

၁၉၆၆၊ **မင်္ဂလာပါဆရာမ** အမျိုးသားစာပေ (ဘာသာပြန်ရသ) ဆုရ။

၁၉၈၈၊ ထိုင်းနိုင်ငံ၊ ချူလာလောင်ကောင်းတက္ကသိုလ်၌ မြန်မာယုံကြည်မှုနှင့် အထိမ်းအမှတ်များစာတမ်း (Beliefs and Symbols ion Myanmar Society) ဖတ်၊

၁၉၉၉၊ ပခုက္ကူဦးအုံးဖေ၏ "တစ်သက်တာစာပေဆု" ကို ရရှိခဲ့

၂၀၀၀၊ **စေတီ** အမျိုးသားစာပေ (စာပဒေသာ) ဆုရ။

၂၀၀၀ **မင်္ဂလာနှင့် အခြားအစမ်းစာများ၊ ထိပ်ပြာနှင့် အစမ်းစာများ၊**

၂၀၀၃၊ **ရွှေဝင်စာဆိုပညာရှင်စေတီ** စာအုပ်များထုတ်ဝေ။

အမှတ် (၂၇) ရွှေခင်းသာလမ်း၊ ၃ (ခ) ရပ်ကွက်၊ တောင်ဥက္ကလာပတွင် ဇနီးဖြစ်သူ စာရေးဆရာမ တက္ကသိုလ်မြစိမ်းနှင့် နေထိုင်ရင်း နောက်ဆုံးအချိန်ထိ သမိုင်းဆိုင်ရာ၊ အနုပညာ၊ ဗုဒ္ဓဘာသာနှင့် အက္ခရာဆိုင်ရာစာပေများကိုရေးသားခဲ့ စာပေဆိုင်ရာ သုတေသန လုပ်ငန်းများကိုလည်း ဝေဒနာကိုအန်တုရင်း အပတ်တကုတ် ဆောင်ရွက်ခဲ့၊ ၂၀၀၃ ခုနှစ် မေလ ၄ ရက် ညနေ ၅ နာရီအချိန်တွင် ကွယ်လွန်သည်။

ကွယ်လွန်ပြီးသည့်နောက် **ဝထုနှင့်ရီ** စာအုပ် ထွက်ရှိခဲ့သည်။

*




www.burmeseclassic.com